အုပ် ၁၀၀ မြောက် ရာပြည့်အထိမ်းအမှတ်

# ခင်ဦးခင်ခိုင်

ဆေးတက္ကသိုလ်



သူ့၏ မနက်ဖြန် သင်၏ မနက်ဖြန်

ကျွန်ုပ်၏ မနက်ဖြန်

# ခင်ဦးခင်ခင် (ဆေးတက္ကသိုလ်)

## သူ၏... သင်၏... ကျွန်ုပ်၏... မနက်ဖြန်

စာမူခွင့်ပြုချက်အမှတ် - ၅၃၅/၂၀၀၃ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၅/၂၀၀၃ (၅)

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# [illegible]

(ဆေးတက္ကသိုလ်)


## သူ၏ မနက်ဖြန်

## သင်၏ မနက်ဖြန်

## ကျွန်ုပ်၏ မနက်ဖြန်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ





## စာရေးသူ၏ အမှာစာ

ယခု စာမူကို ရေးသားနေသော သက္ကရာဇ် ၂၀၀၂ ခုနှစ်သည် ကျွန်မ ဝတ္ထုများ စတင်ထုတ်ဝေခဲ့သော ၁၉၅၂ ခုနှစ်မှ စတင် ရေတွက်လျှင် **ဆယ်နှစ်မြောက်** ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ကျွန်မ၏ စာရေးသက်တမ်း **ဆယ်နှစ်ပြည့်သောနှစ်** ဖြစ်ပါသည်။

ထို့အတူ ဤစာအုပ်သည် ကျွန်မ၏ **အုပ်တစ်ရာပြည့်** ဝတ္ထု စာအုပ်လည်း ဖြစ်ပါသည်။ ဖြတ်သန်းကျော်လွှားခဲ့သော ဤကာလများအတွင်း ကျွန်မသည် ချစ်သော စာဖတ်ပရိသတ်ကြီးအား ကိုယ်တတ်နိုင်သမျှ အကောင်းဆုံး ပေးဆပ်နိုင်အောင် အမြဲကြိုးစားခဲ့ပါသည်။ ကျွန်မ၏ စာအုပ်ကို ဖတ်၍ အကျိုးအမြတ် တစ်စုံတစ်ရာ မရှိခဲ့လျှင်သော်မှ စာဖတ်သူတို့ စိတ်အပန်းပြေစေသော ဖျော်ဖြေမှုကို ပေးနိုင်လျှင် ကျွန်မ ကျေနပ်မိမည် ဖြစ်ပါသည်။ ကျွန်မ၏ ညံ့ဖျင်းမှုများ၊ အမှားများကြောင့် ပရိသတ်များ စိတ်တိုင်းမကျခဲ့ရခြင်းမျိုး ရှိခဲ့ပါလျှင်လည်း ဤစာဖြင့် တောင်းပန်အပ်ပါသည်။

ဤဝတ္ထုကို စာပေဝန်ထမ်းတစ်ယောက်၏ **အကြိမ်တစ်ရာမြောက်** ဖန်တီးမှုအဖြစ် ကျွန်မ ရေးနေကျပုံစံမျိုးမှ အနည်းငယ် ခွဲထွက်လျက် ဖန်တီး ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဤစာအုပ်ကို ရေးသားရာတွင် အကြံဉာဏ် အကူအညီ ပေးခဲ့ကြသော ကျွန်မ၏ဆရာ ဒေါက်တာဦးညွန့်သိန်း (တွဲဖက်ပါမောက္ခ၊ သမားတော်ကြီး၊ ဆေးပညာဌာန၊ ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး)နှင့် ကျွန်မ၏ အစ်မ ဒေါက်တာ မလှကြူ (ပထမလက်ထောက်ဆရာဝန်၊ မိခင်နှင့်ကလေးဆေးရုံ၊ တောင်ဥက္ကလာ) တို့အား ကျေးဇူးအထူးတင်ရှိပါသည်။

**ရာပြည့်အထိမ်းအမှတ်**

စေတနာစာပေ

ကျွန်မအား အနုပညာကို ချစ်မြတ်နိုးတတ်အောင် [illegible] ထည့်သွင်း၍ မွေးဖွားပေးခဲ့သော မိဘများ၊ ကျွန်မအား [illegible] ကျောင်းစာသာမက လောကကြီးအကြောင်း သိနားလည်အောင် သွန်သင်ညွှန်ကြား ပြသပေးခဲ့ကြသော ဆရာ ဆရာမများ၊ သင်ဆရာ မြင်ဆရာ ကြားဆရာများ အားလုံး၊ ကျွန်မ၏ ဝါသနာကို ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် မိတ်ဆွေ သူငယ်ချင်းများ၊ ကျွန်မ၏ စာအုပ်များကို အကောင်းဆုံးဖြစ်အောင် အစဉ်တစိုက် ထုတ်ဝေပေးခဲ့သော စိတ်ဥဿုံ ဦးကျော်လှိုင် (စေတနာစာပေ) တို့အားလည်း ကျေးဇူးအထူးတင်ရှိပါသည်။

အထူးသဖြင့် ကျွန်မကို စာပေဝန်ထမ်း တစ်ယောက်အဖြစ် ရပ်တည်ခွင့်ပေးခဲ့သော ကျွန်မ၏ ဝတ္ထုများကို ဖတ်ရှုအားပေးခဲ့ကြသော ကျွန်မချစ်ခင်ရသော စာဖတ်ပရိသတ်ကြီး အားလုံးကို ကျွန်မတသက်တာ အရေးအကြီးဆုံး လူသားများအဖြစ် လိုက်လှဲစွာ ကျေးဇူးတင်ရှိနေမည် ဖြစ်ပါသည်။

ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)





"ဒေါက်တာ့အတွက် ဇာတ်တစ်စောင် ရောက်နေတယ်"

အသည်းခြောက် ရောဂါဖြင့် ဆေးရုံတက်နေရသော လူနာ၏ ဖောင်းကားနေသော ဝမ်းဗိုက်မှ အရည်တွေကို ဖောက်ထုတ်ပေးနေခိုက် သူနာပြု ဆရာမလေးတစ်ယောက်က လာပြောသံကို ကြားရသည်။

ညိုဝါဝါ စေးပျစ်ပျစ်အရည်တွေ အပ်ဖျားမှ တစ်ဆင့် ပိုက်လိုင်းထဲ၊ ထိုမှတစ်ဆင့် ခံထားသော ပုလင်းထဲ စိမ့်မြန်မြန် စီးကျနေတာကို စောင့်ကြည့်နေခိုက်မို့ ညိုက ဘာမှ ပြန်မပြောဖြစ်။

တော်တော်လေးကြာသည်အထိ အရည်စီးဆင်းမှုက ပုံမှန်ဖြစ်နေလျှင် ညိုက ပလာစတာဖြင့် ပိုက်ကို နေသားတကျ ဖြစ်အောင် ကပ်ပေးလိုက်သည်။

"ဒီတစ်ပုလင်းပြည့်ရင် နောက်တစ်ပုလင်းနဲ့ ပြောင်းပြီး ခံမယ်နော် ... ၊ ဒုတိယပုလင်းပြည့်ကာနီးကျတော့ ကျွန်မကို လာခေါ် ... ဟုတ်လား၊ မေ့မနေနဲ့ဦးနော် ..."

လူနာရှင် အမျိုးသမီးက ခပ်ကြောင်ကြောင် မော့ကြည့်ပြီးမှ ခေါင်းညိတ်ပြသည်။ အရောင်အဆင်း ကင်းမဲ့သော သူမ မျက်လုံးတွေကို ကြည့်ပြီး ညို သိပ်စိတ်မချမ်းသာ။ မှာလျှင် မှာသည့်အတိုင်း အတိအကျ လိုက်လုပ်နိုင်လောက်အောင် ဉာဏ်ရည်ဉာဏ်သွေး မပြည့်ဝရှာသည့် ဤအမျိုးသမီးကို အပြစ်မဆိုသာသော်လည်း ညိုက နည်းနည်းတော့ စိတ်ပျက်ချင်သည်။

သူမရဲ့ ယောကျ်ားဟာ ရောဂါကြောင့် စူဖောင်းတင်းကားနေတဲ့ ဝမ်းဗိုက်ကြီးကလွဲလျှင် တစ်ကိုယ်လုံး အရိုးငေါငေါ ထွက်အောင် ပိန်လှီနေပြီ။ ကမ္ဘောဇာန်းရုပ်တောင် ထွက်နေပြီ။ လူနာကို ပြုစုနေသော သူမကိုယ်တိုင်သည်လည်း အရိုးငေါင်းစင်းနဲ့ ပိန်လှီချုံးကျလို့ နေပြီ။

သူတို့နှစ်ယောက်ရဲ့ မနက်ဖြန်ဆိုတာ ဘယ်လိုမျိုးပါလိမ့်။ ရောဂါသက်သာမည့် ဆေးဝါးတွေ ဝယ်သုံးနိုင်ဖို့ နေနေသာသာ ထမင်းနှစ်နပ်စာကိုတောင် အနိုင်နိုင် ရှာဖွေစားနေရသည့် ဘဝ။ ဆေးရုံကပေးသည့် ဆေးနဲ့ အသက်ဆက်နေရသည့် ဘဝ။ သူတို့အတွက် အနာဂတ်ဆိုတာ ဆောင်းနံနက်ခင်းလို မှုန်တိမှုန်ဝါး နိုင်လွန်းလှသည်။

လူနာကို ဗိုက်ထဲက အရည်တွေ ဖောက်ထုတ်ပေးစဉ်က အသုံးပြုခဲ့သော လက်အိတ်ကို ချွတ်လျက် အမှိုက်ပုံးထဲ သေချာထည့်ပြီးလျှင် ဘေစင်မှာ လက်ကို အထပ်ထပ် ဆေးလိုက်





သည်။ လူနာ အသည်းခြောက်ရောဂါ ဖြစ်ရခြင်းအကြောင်းက အသည်းရောင် အသားဝါ ဘီပိုးကြောင့် ဖြစ်ပေရာ လူနာကို အားနာပေမဲ့လည်း လက်အိတ်မစွတ်ဘဲ ကိုင်တွယ်လို့တော့ မရချေ။ အထူးသဖြင့် သွေးတို့ ကိုယ်တွင်းက အရည်တို့နှင့် ထိတွေ့ရမည့် ဝမ်းဗိုက်ထဲက အရည်ဖောက်ထုတ်ခြင်း လုပ်ငန်းမှာ လက်အိတ်က မရှိမဖြစ် လိုအပ်သည်။

လက်ဆေးပြီး တန်းမှာ လှမ်းထားသော လက်သုတ်ပဝါနဲ့ ခြောက်သွေ့အောင် သုတ်လိုက်ပြီးမှ စောစောက စာကိစ္စကို ညိုက သတိရတော့သည်။

"မသူဇာရေ ... စာရောက်နေတယ် ... ဆို"

"ဟုတ်ကဲ့ ... ဒီမှာပါ မမ"

ဒေါက်တာ ခေါ်လိုက် မမ ခေါ်လိုက် ကြုံသလို ခေါ်တတ်သော သူနာပြုဆရာမလေး မသူဇာက ညို့ကို အထက်အရာရှိ တစ်ယောက်လို တလေးတစား ရှိသည့်အပြင် အစ်မတစ်ယောက်လိုလည်း ချစ်ခင်သေးသည်။

စာအိတ်ကို အံဆွဲထဲက ခပ်သွက်သွက် ထုတ်ပေးပြီးလျှင် မသူဇာက ထွက်မသွားသေးဘဲ ညို့ကို အကဲခတ်နေသည်။ နှုတ်ကလည်း 'စာက အထူကြီးပဲ' ဟု ကိုယ့်ဘာသာ ရေရွတ်သလိုလို၊ မေးခွန်းပဲ မေးသလိုလိုနှင့် ညိုများ တစ်ခုခု ပြောလာလေမလားဟု အစ်အောက် သတင်းနှိုက်နေသေးသည်။

"ကိုအောင်စိန့်ကို Aspiration လုပ်ထားတာ သွားကြည့်ပေးလိုက်ဦးနော် ... မသူဇာ၊ သူ့မိန်းမတော့ မှာခဲ့တာပဲ၊ ဒါပေမဲ့ သိတဲ့အတိုင်း ..."

ညိုက စကားဆုံးအောင် မပြောတော့ပေမဲ့ ဘာဆက်ပြောချင်သလဲ ဆိုတာ မသူဇာက သိသည်။ ဗိုက်ဖောက်အရည်ထုတ်ထားသည့် လူနာကို သွားစောင့်ကြည့်ခိုင်းခြင်းဟာ စာဖတ်နေစဉ်မှာ သူမကို အနားမှာ မရှိစေချင်လို့ ပ,ထုတ်တာပဲ ဟုလည်း မသူဇာက သဘောပေါက်သွားသည်။ မကျေနပ်လှသည့် ပုံစံနှင့် ညို့ ရှေ့က လှည့်ထွက်သွားလေသည်။

မသူဇာ ထွက်သွားလျှင် ညိုက စာအိတ်ကို ငုံ့ကြည့်သည်။ စာအိတ်ပေါ်က လက်ရေးက ညို မရင်းနှီးသည့် ယောကျ်ားလက်ရေး။ ခပ်ကြွားကြွားလေး ပြောရမည်ဆိုလျှင် ဒီအသက်အရွယ်အထိ ညို စိတ်ဝင်စားသော ယောကျ်ားလည်း မရှိ။ ညို့ကို စိတ်ဝင်စားသော ယောကျ်ားလည်း မရှိပေရာ ဒီစာဟာ ရင်ခုန်ဖွယ်ရာ စာမျိုးတော့ မဟုတ်တာ သေချာသည်။

သူငယ်ချင်းတွေ လက်ရေး ဆိုလည်း ညိုက သိမည်။ ပြီးတော့ ညို့ သူငယ်ချင်းတွေဟာ တစ်ယောက်နဲ့ တစ်ယောက် သတိတရ စာရေးရလောက်အောင်လည်း မလိမ္မာကြပါဘူး။

ဒါဆိုဘယ်သူလဲ။ သိခဲ့ဖူးသော လူနာတစ်ယောက်ယောက်ဆီကပဲလား။





ကဲ ... တွေးနေ ကြာပါတယ်လေ။ စာကို ဖောက်ဖတ်လိုက်လျှင် အဖြေကို ချက်ချင်းသိရမှာပေါ့။

စာအိတ်အညိုကို ဖောက်လိုက်လျှင် အထဲမှ သီးသန့်စာအိတ်တစ်အိတ်နှင့် စာရွက်ခေါက်အလွတ်တစ်ခု ထွက်လာသည်။ ညိုက အလွတ် စာရွက်ခေါက်ကိုပဲ အရင်ဆုံး ဖြန့်ဖတ်လိုက်သည်။

**မမညို ...**

**ဒီအချိန်မှာ ကျွန်တော့်ရဲ့ ထွက်ပေါက်ဟာ မမညိုပဲ ရှိတော့တာမို့ အလုပ်တွေ မအားမလပ် ဖြစ်နေမဲ့ မမညိုကိုပဲ ဒုက္ခပေးပါရစေ ...၊ ကျွန်တော့်ကို ညာတာနားလည်ပေးနိုင်မယ်မို့လား ... ဟင်၊ ဒီစာကို ရေးနေတဲ့ အချိန်မှာ ကျွန်တော်ဟာ အင်မတန် ဝမ်းနည်းကြေကွဲ နေရပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ...**

ဆက်ဖတ်နေရသော စာလုံးများကို ညိုက သဲသဲကွဲကွဲ မမြင်ချင်တော့။ ဆက်လည်း မဖတ်ရက်တော့။ စာရွက်ကို ခဏခေါက်သိမ်းကာ အိတ်နဲ့ သပ်သပ်ထည့်ထားသော စာရွက်ကို ဖြန့်ဖတ်သည်။

စာအိတ်ထဲက စာက မိန်းကလေးတစ်ယောက်ရဲ့ လက်ရေး။ သေသေချာချာ တိတိကျကျ ပြောရမည်ဆိုလျှင် 'သောတရှံ' ဆိုသည့် မိန်းကလေးတစ်ယောက်ရဲ့ စာ။

သောတရုံ။

ခပ်ဆန်းဆန်း ထိုနာမည်လေးကို ရေရွတ်မိလျှင် ထိုနာမည်ပိုင်ရှင် မိန်းကလေးကို ကိုယ့်မျက်စိရှေ့ ရောက်လာသလို မျိုးပဲ မြင်ယောင်လာသည်။

မမညို —

သောတလေ မမညိုကို သိပ်အားကျတာပဲ။ မမညိုက စာရေးဆရာမ ဆိုတော့ အကြောင်းအရာ အဖြစ်အပျက် တစ်ခုကို လှလှပပ ဖွဲ့နွဲ့ပြီး ရေးနိုင်မှာနော် ...၊ သောတက တခြားအဖြစ်အပျက်တွေကို ရေးချင်တာ မဟုတ်ဘူး၊ သောတနဲ့ ကိုတာတို့ရဲ့ အဖြစ်အပျက်ကိုပဲ ရေးချင်တာပါ။ လူသိရှင်ကြား စာအုပ်ထုတ်ဝေဖို့လည်း မဟုတ်ဘူး။ သောတတို့ နှစ်ယောက်ပဲ ပြန်ဖတ်ပြီး ခံစားချင်တာ။ သောတက စာမရေးတတ်တော့ မမညိုကိုပဲ အားကိုးရတော့မှာပဲ ...၊ သောတတို့ နှစ်ယောက် စတင်ဆုံစည်းခဲ့တဲ့ အချိန်ကာစပြီး အဖြစ်အပျက် တော်တော်များများကို မမညိုက သိထားခဲ့တာ မဟုတ်လား။ တချို့ နေရာတွေမှာ ဇာတ်ကောင်တစ်ယောက်အဖြစ်နဲ့တောင် ပါဝင်ခဲ့သေးတာလေ၊ ဒီတော့ သောတ မရေးတတ်တဲ့ စာတွေကို မမညိုကပဲ ဇာတ်လမ်းဖြစ်အောင် ရေးဖွဲ့ပေးပေါ့ ...။ ပြီးလို့ ဝတ္ထုထုတ်





ချင်လည်း ထုတ် ... မမညို သဘောပါ။ ကိုယ့်ဇာတ်ကြောင်းလေးကို ကိုယ်တိုင် ပြန်ဖတ်လို့ရရင် ကျေနပ်ပြီ ...။

သောတတို့ ဇာတ်လမ်းကို အစကနေပြီး မမညို သိခဲ့ပေမဲ့ တချို့နေရာတွေကျတော့ မသိသေးတာတွေ ရှိမယ်။ ဇာတ်ကွက်တွေ စုံသွားဖို့အတွက် မမညို မသိသေးတာတွေကို သောတက ဖြည့်ပေးလိုက်မယ်။ ဝတ္ထုတစ်ပုဒ် ဖြစ်အောင် ရေးပေးနော် ... မမညို။

ကလေးတစ်ယောက်လို နွဲ့နွဲ့ကလေး ပူဆာထားသော စာကလေးက အဆုံးသတ်ကာ ဝတ္ထုစာမူကြမ်းတစ်ခုလို မပြည့်မစုံ ရေးထားသည့် ဇာတ်ကွက်ကလေးတွေကို ဆက်ရေးထားသည်။ တချို့အဖြစ်အပျက်တွေကို ညို သိ၍ တချို့ကို မသိ။

ဘာပဲဖြစ်ဖြစ် ထိုစာကိုဖတ်လျက် သောတရုံ ဆိုသည့် မိန်းကလေးတစ်ယောက်နှင့် သူမကို အခြေတည်ကာ သိုင်းဝိုင်းဖွဲ့တည်လာခဲ့သော ဇာတ်လမ်းတစ်ပုဒ်ကတော့ ညို့အတွေးထဲမှာ ရုပ်လုံးပေါ်လာခဲ့လေတော့သည်။

တကယ်တော့ ဤဇာတ်လမ်းကို စတင်သူမှာ အစုအသင်းဖွဲ့၍ ခရီးထွက်ရာ၊ စခန်းချရာမှ ဝါသနာထုံသော ညို့အစ်မဝမ်းကွဲ မမအေးပင် ဖြစ်လေသည်။

ဒဂုံတက္ကသိုလ်က လက်ထောက်ကထိက တစ်ယောက်ဖြစ်သော မမအေးဟာ ကျောင်းဆရာမပီပီ လူငယ်တွေနဲ့ တရင်းတနှီး နေတတ်၊ သွားတတ်သည်။ ကလေးတွေ ကိစ္စကို စိတ်ဝင်စားသည်။ သူတို့နဲ့ အတူနေပြီး သူတို့အကျိုးအတွက် တစ်ခုခု လုပ်ပေးနေရတာကို ပျော်နေတတ်သည်။

ဒီနှစ်နွေမှာတော့ မမအေးက ချောင်းသာကို ခရီးထွက်ကြဖို့ အဆိုတင်သွင်းလာလေသည်။

ခါတိုင်း မမအေးတစ်ယောက် ညီအစ်မဝမ်းကွဲတွေနဲ့ သူ့တပည့်မလေးတွေနဲ့ အုပ်စုဖွဲ့ကာ ခရီးထွက်ကြပြီ ဆိုလျှင် ညိုက စိတ်မဝင်စား။ ဘယ်တော့မှလဲ ညို့ကို ခေါ်မရတတ်။





ခေါ်ရစရာအကြောင်းကလည်း မရှိဘူးလေ။ ဆေးကျောင်းသူတစ်ယောက် ဖြစ်သည့် ညိုဟာ အမြဲပဲ စာမေးပွဲတွေ ကျောင်းစာတွေ လူနာတွေနဲ့ လုံးထွေးနေရတာ။ နည်းပါးလှသော ကျောင်းပိတ်ရက်တွေမှာလည်း နောက်နှစ်တက်မည့် အတန်းအတွက် စာတွေ ကြိုသင်ရတာနဲ့ အဒေါ်နဲ့အတူ ဆေးရုံလိုက်ကာ လူနာတွေကို လက်တွေ့ လေ့လာရတာနဲ့ အားလပ်သည်ရယ်လို့မှ မရှိခဲ့ဘဲ။

ဒီတစ်ခေါက်ကတော့ ညို့ဘဝမှာ အအားလပ်ဆုံး အချိန်။ မတ်လကုန်မှာ ညို့ အလုပ်သင်ဆရာဝန် သက်တမ်း ပြီးဆုံးသည်။ တကယ် အလုပ်ဝင်ဖို့ လျှောက်လွှာက မခေါ်သေး။ ကဲ ... လူတစ်ယောက်မှာ ဒီလောက် တာဝန်ကင်းကင်း အနှောင်အဖွဲ့ ကင်းကင်းနဲ့ စိတ်လွတ်ကိုယ်လွတ် နေနိုင်သည့်အချိန် ရှိပါဦးမည်လား။

ထိုအခါ ညို့ဘဝမှာ အတော်ရှားပါးခဲ့သည့် အပျော်အပါး အလည်အပတ်ခရီးတစ်ခု ထွက်ဖို့ ညိုက စိတ်ပါလက်ပါ ဆုံးဖြတ်ဖြစ်ခဲ့လေသည်။

ချောင်းသာသွားသည့် ညိုတို့အဖွဲ့မှာ (ကားမောင်းပို့သည့် မမအေးတို့ ဒရိုင်ဘာ ဦးအံ့မောင်ကလွဲလျှင်) ခုနစ်ယောက် ပါသည်။ ညို ...၊ မမအေးနဲ့ လေးလေးတို့ ညီအစ်မ၊ မမအေး

တပည့်မလေး ယုဝတီနဲ့စုစုစံ၊ လေးလေးရဲ့သူငယ်ချင်း သောတရဲ နဲ့ ခင်ပြုံးချို ...။

မိန်းကလေးငါးယောက်က ရွယ်တူတွေမို့ တစ်တွဲ။ လူကြီးဖြစ်သည့် မမအေးနဲ့ လူကြီး မဟုတ်သေးသည့်တိုင် ဟို ကောင်မလေး ငါးယောက်ထက် အသက်ပိုကြီးကာ သူတို့နဲ့ အနေ အထားချင်း ကွာနေသော ညိုက တစ်တွဲ။

အရွယ်ချင်း မညီပေမဲ့ သူတို့နဲ့ လိုက်ရတာကို ညိုက ပျော်သည်။ မမအေးနဲ့ဆိုလျှင် ကိုယ်က ကလေးတစ်ယောက် လို ဂရုစိုက်ယုယခံရလျက် ကျန် ငါးယောက်ရှေ့မှာကျတော့ လူကြီးတစ်ယောက်လို ဟန်ကြီးတစ်ခွဲသားနဲ့ နေရာရနေသည့် အဖြစ်ကို သဘောကျသည်။

ထိုခရီးစဉ်သည် ညို့အတွက် လေးလေးနှက်နက် တွေးတောဆင်ခြင်စရာ တွေ့လာရစေလိမ့်မည်လို့တော့ ထိုစဉ်က ညို မသိခဲ့သေး။ သောတရဲ့ရဲ့ စာထဲမှာ ထိုစဉ်က ညို သေသေ ချာချာ မသိလိုက်ရသော အဖြစ်အပျက်တချို့ ပါဝင်နေတာမို့ ညိုက အသစ်အဆန်း ပြန်ဖြစ်နေတော့သည်။





ချောင်းသာကမ်းခြေ၏ သဲသောင်ပြင်မွမွသည် နင်း လိုက်လျှင် ခြေမျက်စိမြုပ်အောင် နစ်သည်။ ခြေတစ်ချက်နင်းလိုက်၊ ဲထဲ ကျွံဝင်လိုက်၊ နောက်ခြေတစ်လှမ်း လှမ်းဖို့ နစ်သွားသော ခြထောက်ကို အားစိုက်ပြီး ပြန်ထုတ်လိုက်နှင့် လမ်းလျှောက်ရ ည်မှာ ခဲခဲကပ်ကပ် နိုင်သော်လည်း ပျော်စရာတော့ ကောင်းသား။

လေးလေးနဲ့ မမအေးတို့ ညီအစ်မနှစ်ယောက်ကို ုံထားပြီးမှ သိကျွမ်းလာရတာ ဖြစ်သော်လည်း လူငယ်တွေပီပီ ုတို့တွေက ရင်းနှီးမှု မြန်ပါသည်။ မိန်းကလေးတွေမို့ အချင်း င်း ကျိတ်မနာလိုတာ မသိမသာ ပြိုင်ဆိုင်တာလေးတွေက ွဲရင်ပေါ့လေ။

အထူးသဖြင့်ကတော့ သောတရဲနဲ့ ယုဝတီတို့ပါပဲ။ ံယောက်စလုံးဟာ ကိုယ့်နယ်မှာတော့ ထိတ်ထိတ်ကြဲ နာမည်

ကြီးတွေမို့ အပြိုင်အဆိုင်က များလှသည်။ တစ်ယောက် ဘာလှ
သလဲ တစ်ယောက်က စောင့်ကြည့်ပြီး သူ့ထက်သာအော
ကြိုးစားရတာက အမော။

ညနေ လမ်းလျှောက်ထွက်တာကိုပဲ ကြည့်။ သဲသော
ရေစပ်စပ်မှာ လျှောက်ရမည့်ကိစ္စ တော်ရုံတန်ရုံလောက် ဝတ်လှ
ရပါလျက် နှစ်ယောက်စလုံးက သောင်းကျော်တန်သော ဂါဝန်ရှ
တွေနဲ့။ သောတရုံက ပန်းရောင် ပါးပါးလွလွ ဂါဝန်ရှည် လ
ပြတ်ကလေးကို ဝတ်ထားပြီး ယုဝတီက အစိမ်းနုရောင် ဂါ
ကျပ်ကျပ်မှာ အစိမ်းနုရောင်ခံပေါ် အဖြူပွင့်သေးသေးတွေပါသ
အသားပါးပါးနုနုကို ရှပ်အင်္ကျီပုံပွပွ ချုပ်ထားတာလေး ထပ်
လို့။

သူတို့နှစ်ယောက်က အနုအရွ အလှချင်း ပြိုင်နေသ
အခါ ကျန်သုံးယောက်မှာ အလိုလိုနေရင်း မှေးမှိန်သွားသ
ဖြစ်နေရသည်။ သူတို့လည်း သူတို့ဟာနဲ့ သူတို့ကတော့ အကော
ဆုံး အလှဆုံးဖြစ်အောင် ကြိုးစားထားသည့်တိုင် ဟိုနှစ်ယောက
ဖိတ်ဖိတ်လက်နေသည့် အရောင်အဝါကိုတော့ ဘယ်လိုမှ မ
နိုင်ချေ။

သူတို့ငါးယောက်သား သဲထဲမှာ ခြေထောက်
တစွပ်စွပ် မြုပ်လျက် ကမ်းခြေတစ်လျှောက်သွားရင်း ဘုရား





းကို ရောက်သည်။ ဘုရားလေးရဲ့ အရှေ့မှာ ကျောက်ဆောင်။
မ်းခြေရဲ့ ဒီဘက်ခြမ်းမှာတော့ တစ်ခုတည်းသော ကျောက်ဆောင်
ကြီးလို အလှဆုံးလည်း ဖြစ်သည်။

လှိုင်းပုတ်သဖြင့် ရေမွှားတွေ တဖွားဖွား လွင့်စဉ်နေ
ာ ကျောက်ဆောင်ပေါ်သို့ သူတို့ငါးယောက်သား အပြေးအလွှား
က်ကြသည်။ မညီမညာ ကျောက်စိုင်ကျောက်တုံးတွေ ရေညှိ
ကျိုကျိုတွေကို နင်းဖြတ်လျက် ကျောက်ဆောင်ပေါ်သို့ သူ့ထက်
အလုအယက် တက်ကြပြီးလျှင် ကလေးတွေလို ခုန်ပေါက်
က်ဟစ်နေကြတော့သည်။

"ပျော်စရာကြီးပဲနော် ... သောတလေ တစ်ခါမှ အဖေ
အမေ မပါဘဲ ခရီးမထွက်ဖူးဘူး သိလား ...၊ အခု
သူငယ်ချင်းတွေနဲ့ သွားရတာ လွတ်လွတ်လပ်လပ် ရှိလိုက်
တာ ..."

သောတရုံက လက်နှစ်ဖက်ကို အားရပါးရ ဆန့်ကာ
င်းလေးမော့လျက် အသက်ကို တစ်ဝရှူသွင်းနေသည်။ လန်း
န်းလတ်ဆတ်စွာ တက်ကြွနေသည့် မျက်နှာဝင်းဝင်းလေးကြောင့်
မျက်နှာက ပိုပြီး လှပနူးညံ့နေသည်။

"ခဏနေရင် နေဝင်တော့မှာနော် ... ကြည့်ဦး ...၊ ကောင်း
ကင်ကြီးက ပုစွန်ဆီရောင် တောက်နေတာပဲ ..."

"အောင်မယ်လေး … ဒီလေးလေး အစားပုပ်မကလ
ဘာအကြောင်းပဲ ပြောပြော အစားလေးတော့ ပါရမှ"
"ဟဲ့ … ပုစွန်ဆီရောင်ဆိုတာ တကယ်ရှိတာပဲဟာ
ပြီးတော့ နေဝင်ချိန် ကောင်းကင်ကြီးရဲ့ အရောင်ကို ပု
ဆီရောင်လို့ စာရေးဆရာတိုင်းက တင်စားပြီး ရေးကြတာ

လေးလေးက တစ်ခွန်းမခံ ပြန်ပက်သည်။
ကစ်ကစ် ခန္ဓာကိုယ်လေးနဲ့ လိုက်ဖက်အောင် အစားလ
ပုပ်လှသော လေးလေးဟာ သူ့ကို အစားမက်သည် ပြောလျှင်
နည်းနည်းမှ မခံချင်တတ်ချေ။

"နေဝင်ကာနီး ရှုခင်းက သိပ်လှတာပဲနော် … ယု
ကောင်းကင်ကြီး အရောင်ပြောင်းသွားတာကို တစ်
အခုလို မကြည့်ဖူးဘူး၊ ကောင်းကင်ဆို အပြာရောင် 
တွေကို အဖြူရောင်လို့ပဲ ထင်ခဲ့တာ၊ အခုလို ထိုင်ကြ
လိုက်တော့ ကောင်းကင်ကြီးဟာ တကယ် အရောင်စုံတ
နော်၊ ပြီးတော့ ပန်းချီဆရာတစ်ယောက်က သေသေသပ်
အရောင်စပ်ပေးထားသလိုပဲ …၊ အရောင် တစ်ခုနဲ့တစ်ခု
လိုက်ဖက်ညီလိုက်တာ"

ယုဝတီက ကျောက်ဆောင်အစွန်းမှာ ထိုင်ချလ
ပင်လယ်ပြင်ကြီးဆီ ငေးမောကြည့်ရင်း လှိုက်လှိုက်လှဲလှဲ





ည်။ တကယ်ပဲ နေဝင်လုဆဲ တိမ်တောက်ချိန် ကောင်းကင်
ီးရဲ့ အရောင်နဲ့ ပင်လယ်ပြာပြာ သဲသောင်ဖြူဖြူဖွေးဖွေးတို့ရဲ့
င်ကွင်းက တကယ့်ကို ရှုမငြီးစရာ။

"ဟယ် … ငါတို့ ကင်မရာ ယူခဲ့ရ ကောင်းသားနော် …
ဓာတ်ပုံရိုက်ရအောင် … "

စုစုစံက သတိရသလို ပြောလိုက်လျှင် အဲ့ဒီတော့မှ
န်လေးယောက်သားကလည်း တည်းခိုဆောင်မှာ ကင်မရာ
ထားခဲ့မိသည့်အတွက် တဖျစ်တောက်တောက် ဖြစ်ကုန်တော့
ည်။

"ဟုတ်သားပဲ … ဒီလောက်ကောင်းတဲ့ ရှုခင်းကို အမှီရိုက်
ထားသင့်တာ … "

"နေကဖြင့် ဝင်တော့မယ် …"

"ဟုတ်တယ် … နေဝင်တာ သိပ်မြန်တာပဲနော် …၊ ငါတို့
စရောက်တုန်းက အမြင့်ကြီး ရှိသေးတယ်၊ အခု သစ်ပစ်
တစ်ပင်စာလောက်ပဲ မြင့်တော့တယ် …၊ ခဏနေရင်
ပင်လယ်ထဲ ရောက်သွားတော့မှာ …"

"ပင်လယ်ပြင်ကြီး ကြည့်ရတာ နေလုံးကြီးကို မျိုပစ်လိုက်
သလိုပဲနော် …"

"အောင်မယ် သောတကလည်း ကဗျာဆန်တတ်သားပဲ"

"လူတိုင်းမှာ စိတ်ကူးယဉ်တဲ့ အခါတော့ ရှိတတ်တာ
ပြိုးရဲ့၊ ပြိုးတစ်ယောက်တည်း ကဗျာရူး စာရူး မဟုတ်
ဘူး"

"ကဲ ... ကဲ ... ကဗျာဆန်တာ နောက်ထား၊ လောဝ
ဆယ် အရေးကြီးတာက နေမဝင်ခင် ဓာတ်ပုံရိုက်ဖို့
"ကင်မရာ ပြန်ယူကြမလား ..."

"အခုနေ ယူရင် ပြန်လည်းရောက်လာရော နေလည်း
ရော ဖြစ်ပြီပဲ"

ဒါဖြင့် ဘယ်လို လုပ်ကြမလဲ"

ကောင်မလေး တစ်သိုက် ဟိုဟိုဒီဒီ ကြည့်သ
နောက်နေ့တွင်လည်း ဒီလို နေဝင်ချိန်မျိုး ကြုံရဦးမှာကို သိ
စိတ်မြန်သူတွေပီပီ ဒီနေ့မှ အမိဖမ်းပြီး မရိုက်လိုက်နိုင်
နောက်နေ့တွေကျ နေက မဝင်တော့မှာလိုမျိုး ထင်ကာ သိ
မဲကြီး ဖြစ်နေကြတော့တာ။

"ဟယ် ... ဟိုမှာ ကြည့်စမ်း ... ဟိုမှာ"

သူတို့ရှိရာနေရာနဲ့ တည်းခိုခန်းစုစုတွေဆီကနေ
သွက်သွက် လှမ်းလျှောက်လာသော လူတစ်ယောက်။ သူ
လျှောက်ပုံက သူများထက် ထူးခြားသည်။ လူအများစုက ရှေ့





လျှောက်ကြချိန်မှာ သူကျတော့ နောက်ကိုပဲ တကြည့်ကြည့်။ ပုံစံ
ကြည့်ရတာ သူ့မျက်နှာက ရှေ့မှာမပေါက်ဘဲ နောက်မှာ ပေါက်နေ
သလိုမျိုး။

ရေးကြီးသုတ်ပျာ အလောသုံးဆယ်နိုင်လိုက်တာက
သည်း လွန်ပါရော။ သဲပြင်ထဲမှာ လှမ်းလျှောက်လာပုံက ခြေ
တစ်လှမ်း လှမ်းလို့မှ မဆုံးသေးခင် ဒုတိယတစ်လှမ်း ဆက်လှမ်း
နေပြီ ဖြစ်ပေရာ အဝေးကကြည့်လျှင် ခြေစုံ ခုန်ခုန်ပြီး သွားနေ
သလို ထင်ရသည်။

သူ့လည်ပင်းမှာ တန်းလန်း ချိတ်ဆွဲထားသော
ကင်မရာကြောင့်သာ မဟုတ်လျှင် ထိုလူ့ကို စိတ်ဝင်တစားကြည့်
ဖြစ်စရာ အကြောင်း မရှိချေ။

အခုတော့ သူ့လည်ပင်းမှာ ဆွဲထားသည့် ကင်မရာ
ကြောင့် သူ့ကို ဓာတ်ပုံဆရာပဲလို့ သိနိုင်သွားသည်။ လောလော
ဆယ် အရေးတကြီး ဓာတ်ပုံရိုက်ချင်နေကြချိန်မှာ ဓာတ်ပုံဆရာ
တစ်ယောက်ကို လှမ်းတွေ့လိုက်ရတော့ ရေငတ်တုန်း ရေတွင်းထဲ
ပြုတ်ကျသလို လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြတော့သည်။

"လှမ်းခေါ်လိုက်လေ ... အဲ့ဒီလူက ဓာတ်ပုံဆရာပဲ မဟုတ်
လား ..."

"ဟုတ်ရဲ့လား ... တော်ကြာ မှားနေရင် ..."

"အို ... ဘာမှ မှားစရာ မရှိဘူး ... ကမ်းခြေမှာ ကင်မ
လည်ပင်းဆွဲပြီး သွားနေမှတော့ ဓာတ်ပုံဆရာပဲပေါ့ ..."

"ဟော့ ... ဓာတ်ပုံဆရာ ... ခဏဗျို့"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

အငြင်းအခုန်ဖြစ်သည့် သူတွေက ဖြစ်လို့မဆုံးသေ
ခင် စိတ်မြန်သည့်သူတွေက အော်တန်အော်၊ လက်ခုပ်တီးတန်တီး
လှမ်းခေါ်ပြီးသား ဖြစ်ကုန်ကြပြီ။

သူတို့နားသို့ ဓာတ်ပုံဆရာလေး ခပ်တည်တည်
ရောက်လာလျှင် ...

"ကျွန်မတို့ ဓာတ်ပုံ ရိုက်မလို့ ..."

"ဟို ... ဟိုဒင်းလေ"

အောင်မယ် ... အရေးထဲ သင်းက ခေါင်းကု
နားရွက်ကုတ်နဲ့ ဝဲယားနေလိုက်သေးသည်။

"မြန်မြန်လေး ရိုက်ပေးပါရှင့် ... နေမဝင်ခင် အမှီ"

နေလုံးကလည်း စကိတ်စီးပြီးများ ဝင်ချလာသလာ
မှတ်ရသည်။ ခုနကြည့်တုန်းက အုန်းပင်ထိပ်ဖျားလောက် ရှိမှ
ဆိုလျှင် အခုကျတော့ ပင်လယ်မျက်နှာပြင်ပေါ် မေးတင်နေ





"ရှင် ... အိ ... အ ... လုပ်နေတာနဲ့ပဲ အားလုံး လွတ်
သွားတော့မှာပဲ ... မြန်မြန်ချိန်လေ ... ကျွန်မတို့ အနည်းဆုံး
တစ်ယောက်တစ်ပုံတော့ ရိုက်မိမှဖြစ်မှာ ..."

အတင်းလောဆော်သူက လောဆော်နေလျှင် စဉ်းစား
တွေဝေသလို လုပ်နေသော ဓာတ်ပုံဆရာလေးလည်း မနေနိုင်တော့
ပြီ။ သူတို့ စိတ်ကြိုက် အမူအရာအမျိုးမျိုးနဲ့ ကိုယ်ဟန်ပြနေကြ
သော မိန်းကလေးတွေကို တဖျပ်ဖျပ် ဓာတ်ပုံရိုက်ပေးရှာသာ
ရှိတော့သည်။

ရယ်ချင်စရာတော့ ကောင်းသား။ မိန်းမတွေဟာ
ကိုယ့်ရဲ့ အလှအပကို တော်တော် မှတ်တမ်းတင်ချင်ကြသည်။
ကိုယ်လှဖို့အတွက်ဆို သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ ခါးကော့
ခေါင်းမော့ပြီးတော့ အိုက်တင်လုပ်ဖို့လည်း ဝန်မလေးကြချေ။

"ကဲ ... တော်ပြီ ... တော်လောက်ပြီ၊ ကြည့်လည်း ကြည့်
ကြဦး ...၊ သူတို့ နေကဖြင့် ဝင်သွားတာ ကြာလှပြီ"

ကောင်မလေးတွေက အိုက်တင်တွေ အမျိုးစုံ လုပ်၊
ဓာတ်ပုံဆရာလေးက တဖျပ်ဖျပ်ရိုက်နှင့် ပုံတွေ ဘယ်နှစ်ပုံ ရိုက်
ဖြစ်ကာ အချိန်ဘယ်လောက်ကြာသွားသလဲ ဆိုတာတောင် မသိ
နိုင်တော့ပါ။ တစ်ယောက်က သတိထားမိလို့ တားလိုက်ချိန်မှာ
ကောင်းကင်ယံတစ်ခုလုံး ပြာမှိုင်းမှိုင်း အမှောင်ထုက စိုးမိုးနေပြီ။

"ဘယ်လောက်တောင်မှ မရိုက်ရသေးဘူး … နေဝင်တာကလည်း မြန်လိုက်တာ"

"အေးလေ … တစ်နေရာတည်းမှာပဲ ရိုက်လိုက်ရတယ်၊ ကမ်းစပ်နားတို့ အုန်းပင်တန်းတွေနားတို့တောင် သွားချိန်မရလိုက်ဘူး …"

"အစ်မတို့က မနက်ဖြန် ပြန်ကြတော့မှာလား …"

"ဟဲ့ … ဘာလို့ ပြန်ရမှာလဲ … အခုမှ ရောက်ကာစရှိသေးတာ"

"ဒါဖြင့်ရင် ဘာအရေးလဲဗျာ … နောက်နေ့တွေကျ ထပ်ရိုက်ပေါ့၊ နေဆိုတာ ဒီနေ့ဝင်သွားပြီးရင် ပြန်ထွက်မလာတော့မှာမှ မဟုတ်တာ … ပြန်ထွက်လာပြီ ဆိုရင်လည်း တစ်ချိန်ကျ ပြန်ဝင်သွားတဲ့အခါ ရှိမှာပဲ"

"အောင်မယ် … သူမို့ ပြောတတ်တယ် …၊ ဒီလောက် သိသာနေတာကြီးကို"

"ဒီလောက် သိသာနေတယ် ဆိုပေမဲ့လည်း သတိမမူမိရင် လွတ်သွားတတ်ကြတာမျိုးပါ၊ အစ်မတို့တောင် ကျွန်တော် သတိမပေးရင် မနက်ဖြန် ဓာတ်ပုံ ထပ်ရိုက်လို့ ရသေးတယ် ဆိုတာ မေ့နေမှာပဲ မဟုတ်လား … ဒီနေ့မှ မရိုက်လိုက်ရရင် မဖြစ်ဘူးလို့ ထင်နေကြမှာ မဟုတ်လား"





ဟုတ်တာပြောတော့ သူတို့တွေ မျက်နှာမှုန်ကုပ်ကုပ်တွေနှင့် ငြိမ်နေကြရသည်။

"ဒါဖြင့် မနက်ဖြန်ကျရင် တစ်ခေါက် လာရိုက်ပေးဦး"

"ဟဲ့ … ယုကလည်း ဒီနေ့က လက်ထဲ ကင်မရာ မပါလို့ အရေးပေါ် ရိုက်လိုက်ရတာပဲ … နောက်နေ့ကျ ရိုက်စရာမလိုတော့ဘူးလေ … ကိုယ့်ကင်မရာနဲ့ကိုယ် ရိုက်ရုံပေါ့၊ ဓာတ်ပုံဆရာနဲ့ ရိုက်ရတာ အပိုကုန်တယ်"

အဖွဲ့ထဲမှာ ကပ်စေးအနည်းဆုံး စုစုစံက လေသံညှောင်ညက်ညက်ကလေးနဲ့ ဝင်တားသည်။

"အို … ဘာဖြစ်သေးလဲ … ဓာတ်ပုံဆရာနဲ့ ရိုက်တော့ အယူအဆရော၊ အလင်းအမှောင်ရော ပိုပြီး လှလှပပထွက်တာပေါ့ …"

"ဟုတ်တယ် … သောတလည်း သဘောတူတယ် …၊ ကိုယ့်ဘာသာ ရိုက်တာနဲ့ ဓာတ်ပုံဆရာ ရိုက်ပေးတာ လုံးဝမတူဘူး …"

အမြဲတမ်း အရှေ့အနောက် ဆန့်ကျင်စွာ သဘောကွဲလွဲနေကျ ယုဝတီနဲ့ သောတရုံတို့ နှစ်ယောက်သား ဒီတစ်ကြိမ်မှာတော့ ညှိထားသလို စိတ်ချင်း တိုက်ဆိုင်နေကြသည်။

အင်အားကြီး အဖွဲ့ဝင် နှစ်ယောက် ဖြစ်ကြသော ယုဝတီနဲ့ သောတရုံတို့ သဘောထားချင်း ညီသွားလျှင် ကျန်လူတွေကလည်း မငြင်းသာတော့ပါ။ ပြောရလျှင်တော့ စုစုစံ တစ်ယောက်ကလွဲလျှင် ကျန်နှစ်ယောက်ကလည်း ဓာတ်ပုံဆရာနဲ့ ရိုက်ရင်များ ပိုကောင်းမလား ဆိုသည့် စိတ်ကူးရှိနေကြပေရာ သူတို့အဆိုကို ပြင်းပြင်းထန်ထန် ကန့်ကွက်မည့်သူ မရှိချေ။

"အဲဒီလိုဆိုရင်လေ ... မနက်ဖြန်ကျ တစ်ခေါက်လာခဲ့ပါလား ... ကျွန်မတို့က ချောင်းသာဟိုတယ်မှာ တည်းတာလေ ... အခန်းနံပါတ်က (--)မှာ နှစ်ခန်းဆက်ယူထားတာ မနက်စောစောလေး ရောက်အောင် လာခဲ့ပေး"

"ဟုတ် ... ဟုတ်ကဲ့"

ဓာတ်ပုံဆရာကလည်း အူကြောင်ကြောင်၊ လွယ်ထားသည့် ကင်မရာက ငါးသိန်းကျော်လောက်တန်မည့် အကောင်းစားကြီး။ ပုံစံကြည့်တော့ သွက်သွက်လက်လက်။ လာဘ်မြင် ဈေးခေါ်ကောင်းသည့် လူတန်းစားမျိုးလည်း မဟုတ်၊ သူ့လိုပုံစံမျိုးနဲ့သာဆိုရင် ကမ်းခြေတစ်လျှောက်လည်း ဓာတ်ပုံရိုက်မည့်သူ သိပ်ရမှာ မဟုတ်။ သူ့ကင်မရာကြီးအတွက် အရင်းတောင်မှ ကျေပါသေးရဲ့လား မသိ။





"မနက်ဖြန်အတွက် ချိန်းတာက ထားပါတော့၊ ဒီနေ့ရိုက်တဲ့ပုံတွေအတွက်ရော ငွေချေလိုက်ဦးလေ ... ဒါမှမဟုတ် စရန်ပေးထားလိုက်ပေါ့"

"အင်း ... ဟုတ်သားပဲ၊ ရှင့် ဘောက်ချာစာအုပ် ထုတ်"

"ဘောက်ချာ ..."

"ဩော် ... ဒီလူ တယ်အူကြောင်ကြောင် နိုင်ပါလား၊ ဘောက်ချာဖွင့်ဖို့ စာအုပ်ထုတ်ခိုင်းနေတာလေ"

"ဘောက်ချာ ... ဟို ... ဟိုဒင်းလေ"

မျက်လုံး ကလယ်ကလယ် ခေါင်းတကုတ်ကုတ်နဲ့ ဘာလုပ်လို့ လုပ်ရမှန်း မသိသော ဓာတ်ပုံဆရာလေးကို ကြည့်ကာ မိန်းကလေးတွေက ရယ်ချင်နေကြသည်။

ဒီလူဟာ ဒီနေ့မှ ဓာတ်ပုံဆရာအလုပ်ကို လုပ်မည့် ဓာတ်ပုံဆရာ အသစ်စက်စက်ကလေးပဲ ဖြစ်ရမည်။ ဒါကြောင့်သာ ဘာလုပ်လို့ လုပ်ရမှန်းမသိ အူကြောင်ကျားဖြစ်နေတာ။

"ရှင့်မှာ ဘောက်ချာစာအုပ် မပါဘူးပေါ့"

သွက်လက်သည့် ယုဝတီကပဲ ဦးဆောင်လျက် မေးခွန်းတွေ မေးသမျှ ဓာတ်ပုံဆရာလေးကတော့ ကြောင်တောင်တောင်၊ ကယောင်ချောက်ချား ...။

ကို ရောက်သွားနိုင်သော်လည်း သူ့မျက်နှာကျကမှု ကွက်တိအနေ တော်ပင်။ ဖရိုဖရဲ သူ့ဆံပင်တွေက ခပ်ကြမ်းကြမ်း၊ ခပ်ရှည်ရှည်။ အဖျားစွန်း တစ်ခုနဲ့တစ်ခု အရှည်အတို မညီသော ဆံပင်တွေက ပွယောင်း ရှုပ်ထွေးနေသည်။

သူ့မျက်နှာက အရိုင်းဆန်သည်။ မျက်နှာထားက ရှုတည်တည်၊ ခပ်တင်းတင်း၊ စကားကို သွက်သွက်ပြောတတ်သည့် တိုင် သူ့ပုံစံက မိန်းကလေးချောချောလေးတွေနဲ့ ရင်းနှီးရောဝင် လိုဟန် မရှိ။ လုပ်ငန်းသဘောအရ ဖော်ဖော်ရွေရွေ ဆက်ဆံတာ မျိုးထက် မပို။

သောတရုံက သူ့ကို တစ်ချက်ချင်း အကဲခတ်နေ သည်။ ကြည့်ရင်းကြည့်ရင်း သူ့ရဲ့ ရုပ်ရည်၊ သူ့ရဲ့ မျက်နှာထား၊ သူ့ရဲ့ ပုံစံတွေကို သဘောကျလာမိသလိုလို။

အို ... မဖြစ်သင့်သေးပါဘူး။ အခုမှ စတွေ့ရသည့် ယောကျ်ားတစ်ယောက်ရဲ့ ပုံစံကို သဘောကျနှစ်သက်မိတယ်ဆိုတာ ဖြစ်ကို မဖြစ်သင့်သည့် ကိစ္စ။ သူမ ရူးများနေပြီလား၊ ဒီလောက် တောင် အရှက်မဲ့ရသလား။

ဓာတ်ပုံဆရာနဲ့ ခပ်တည်တည် သွေးအေးအေး ပြောဆိုဆက်ဆံနိုင်သည့် ယုဝတီကို အားကျသလို ဖြစ်မိသည်။ ယုဝတီတို့များ ဘယ်လောက် ရဲတင်းလိုက်သလဲ၊ ဘယ်လောက်





ည်ငြိမ်လိုက်သလဲ။ စိတ်ကစားခြင်း မရှိ၊ ပျော့ပျောင်းတွေဝေ င်း မရှိ။ ကောင်းလိုက်တာ ...။

သောတရုံ မှာတော့ ကျောခိုင်းလှည့်ထွက်သွားသော တ်ပုံဆရာလေးကို ငေးကြည့်ရင်း ရင်ထဲမှာ တစ်ခုခု လိုအပ် စ်ဟာသွားသလိုလို။

သေချာတာ တစ်ခုကတော့ မနက်ဖြန်မှာ အားလုံး က် စေအောင် အိပ်ရာက ထ,ပြီး အလှဆုံးဖြစ်အောင် အချိန် ပြင်ဆင်မိတော့မှာပင်။

မနက်ကျလျှင် အိပ်ရာအစောဆုံး ထ,လျက် အ
ဦးဆုံး ပြင်ဆင်ပြီးသူမှာ သူမ ဖြစ်လိမ့်မည်ဟု သောတရုံ
ထင်မြင်ထားခဲ့သော်လည်း တကယ်တမ်းကျတော့ ယုဝတီကသ
စောနိုးခဲ့လေသည်။

သောတရုံ နိုးလာချိန်မှာ ယုဝတီက မျက်နှာသစ်ပြ
မက ရေမိုးပါ ချိုးပြီးပြီ။ အောက်ခံ ဖောင်ဒေးရှင်း မိတ်ကပ်တော
လိမ်းပြီးပြီ။ အဝတ်အစားတွေလည်း အသင့်ထုတ်ပြီးသွားပြီ

သောတက ခပ်မြန်မြန် မျက်နှာသစ်သည်။ နဂိုထဲ
ချမ်းတတ်သူမို့ ယုဝတီလို စောစောစီးစီးတော့ ရေမချိုးနိုင
ချောင်းသာရေကလည်း အေးကအေးပါဘိနဲ့။ အိမ်မှာသာဆိုလျှ
တော့ အိမ်ဖော်ကောင်မလေး အဆင်သင့် စပ်ပေးထားသေ
ရေအေး ရေနွေးရောသည့် ကြွေကန်ထဲ ဆင်းစိမ်လိုက်ရုံမို့ ပြဿ





တယ်အချိန်ချိုးချိုး ရေမချိုးနိုင်အောင် အေးတာမျိုးကိုမကြုံရ။
ရေအေးရဲ့ ဒဏ်ကိုတော့ သောတရုံက သိပ်မခံနိုင်ချေ။

အလှအပ ပြင်ပြီးချိန်မှာ ကိုယ့်နောက်မှ အိပ်ရာထ,
သူတွေတောင်မှ ဝတ်စားပြင်ဆင်ပြီး အပြင်ထွက်ဖို့ အသင့်
နကြပြီ။ သောတရုံက အဝတ်အစားတောင် မရွေးရသေး။

"သောတရေ မြန်မြန်လုပ် ... ဓာတ်ပုံဆရာတောင် ရောက်
နေပြီ"

ဟင် ... ရောက်နေပြီ ... သောတရဲ့ လက်တွေ
လို တုန်ယင်လာကာ လက်ထဲက အဝတ်အစားတွေ ဟိုဟာ
ကျ ဒီဟာလွတ်ကျ ဖြစ်ကုန်တော့သည်။

"အစောဆုံးလည်း ထ,သေး နောက်ဆုံးမှလည်း ပြီးသေး"

သောတရုံတို့နဲ့ တစ်ခန်းတည်းနေသော မမညိုက
နိုးလေး ပြုံးပြီးပြောသည်။ သောတကတော့ မမညိုကို ပြန်
မပြောအား။ တစ်ဖက်ခန်းရဲ့ရှေ့မှာ ရပ်ကာ စကားပြောနေ
သာ ယုဝတီနဲ့ ဓာတ်ပုံဆရာလေးကိုသာ ပြူးနေအောင်
ကြည့်နေမိသည်။

သူတို့ ဘာတွေ ပြောနေကြပါလိမ့်။ အင်းလေ ...
ပုံဆရာနဲ့ ပြောမှတော့ ဓာတ်ပုံရိုက်ကွက်တွေအကြောင်းပဲ
ပေါ့။

သို့သော် သောတ သိပ်မကျေနပ်ချင်တာ တစ်
ဓာတ်ပုံဆရာနဲ့ စကားပြောဖို့ကိစ္စကို ဘာလို့ ယုဝတီကပဲ ဦးဆေ
နေရတာလဲ ဆိုတာပင်။

ထားတော့ ... မနေ့ကတော့ လူကြီးမပါလို့ လူ
တွေထဲကပဲ ပြောတတ် ဆိုတတ် ချက်ချက်ချာချာ ရှိ
ယုဝတီက ဦးဆောင်လိုက်သည် ဆိုလည်းထား(ဒါတောင် ယု
ထက်စာလျှင် ခင်ပြုံးချိုနဲ့ စုစုစံကပိုပြီး လူကြီးကို သိတတ်နားလ
ရှိသေးသည်) ဒီနေ့တော့ ဟိုဖက်ခန်းမှာဆို မမအေး၊ ဒီဖက်ခန်းမှ
မမညို၊ ဒီလူကြီးနှစ်ယောက် ရှိသည်။ သူ ရှေ့က ဦးဆောင်
မလိုတော့ပြီ။

အခုတော့ မဟုတ်ပါဘူး ... မမအေးက သူတို့
ကို စိတ်မဝင်စားသည့်နှယ် ပင်လယ်ဖက်ရပ်ကာ ငေးလို့ မမညို
ပြင်ဆင်မပြီးသေးသည့် သောတရုံကိုပဲ တစောင့်စောင့်လုပ်
ယုဝတီကသာ ဓာတ်ပုံဆရာနဲ့ ပြောမဆုံးပေါင် တောသုံးတေ
ဖြစ်နေတာ ...။

သောတရဲ့ စိတ်ထဲမှာ သူတို့နား သွားပြီး တစ်
ဝင်ပြောလိုက်ချင်သည်။ သို့သော် ဘာပြောရမှန်း မသိ။ သောတ
ကိုယ်နဲ့ ရင်းနှီးသူတွေကြားမှာ ကလေးကလား စကားတွေ
ရမည်ဆိုလျှင်သာ ပြောတတ်တာ။ လူစိမ်းတွေနဲ့ အတည်ပေ





ရတော့မည်ဆိုလျှင်ကား ခေါင်းထဲက ဘာစကားမှ ထွက်မလာ
ပ။

"ကဲ ... သွားကြမယ်"

"မနက်စာတောင် မစားတော့ဘူးလား"

"အေး ... ဟုတ်သားပဲ၊ မနက်စာ စားရဦးမယ်"

သူတို့ တည်းခိုသည့် ချောင်းသာကမ်းခြေ ဟိုတယ်
မနက်စာကို သူတို့ ဟိုတယ်မှာပဲ အလကားကျွေးသည်။

"ဒါဆိုလည်း သွားကြလေ ... ကျွန်တော် ဒီကပဲ စောင့်
နေပါ့မယ် ..."

"အဲလိုဆို မမအေးတို့ သွားစားနှင့်ကြလေ၊ ယုက မနက်စာ
ကို အများကြီး မစားတတ်ဘူး၊ ရတယ် ... မမအေးတို့သွား
တုန်း ယု ဘာသာ ဒီနားမှာဓာတ်ပုံလှည့် ရိုက်ထားလိုက်မယ်"

မနက်စာ စားတော့မည်ဆိုသည့် ရည်ရွယ်ချက်နဲ့
ဘက်ဆိုင်ဘက် ထွက်သွားကြသူတွေမှာ ယုဝတီရဲ့ စကား
င့် ဆက်သွားရခက်၊ ပြန်လှည့်ရခက်။

လူကြီးဖြစ်သည့် မမအေးနဲ့မမညိုတို့ကတော့ ယုဝတီ
ကျူးကို မကန့်ကွက်ကြတော့။ ဒီအရွယ်တွေကို နေရာတကာ
ပြီး ချုပ်ချယ်ကန့်သတ်နေဖို့လည်း မလိုဘူးဟု ယူဆကြပုံ
ပ်။

လေးလေး၊ ခင်ပြုံးချို့နဲ့ စုစုစံတို့ သုံးယော
ကလည်း လောလောဆယ်မှာ မနက်စာ စားဖို့ကို ပို့ပြီး အ
နေကြပုံပင်။ ခါတ်ပုံဆရာက အပြီးခေါ်ထားတာမို့ အခုချ
မရိုက်လည်း တစ်ချိန်ကျ ရိုက်ရမှာပဲမို့ စိတ်အေးအေး ထာ
ကြသည့် သဘော။

အခုမှ ကျဉ်းထဲ ကျပ်ထဲကို ရောက်သွား
သောတရုံ တစ်ယောက်သာ ရှိသည်။

ပြောရမည်ဆိုလျှင်တော့ သောတရုံကလည်း
လာပြီး မနက်စာ စားသည့် အဖွဲ့ထဲ လိုက်ပါသွားချ
မနက်စာဆိုတာက မစားဖူးသည့်အရာလည်း မဟုတ် ... တ
မှာ နောက်ထပ်စားရမည့်ရက်တွေ အများကြီးရှိသေးတာ

ဓာတ်ပုံရိုက်ရသည့် အခွင့်အရေးကတော့ တ
မှာ နှစ်ခါပြန်မရတော့ ... ဘယ်သူကများ အစောကြီး သွား
ဓာတ်ပုံ အေးအေးဆေးဆေး ရိုက်ခွင့်ကို စွန့်လွှတ်မလဲ၊

ကိုယ်က မလိုက်မနေရ မှတ်လို့ လိုက်သွား
ဟာကို သူများက စည်းဖောက်ဆန့်ကျင်လိုက်တော့မှ သေ
မှာ မချိမဆံ့ အီလည်လည်ကြီး ဖြစ်သွားရသည်။

မမအေးတို့နဲ့ လိုက်ပြီး မနက်စာ စားရမည်
သည် ဘယ်လိုမှ စိတ်ဖြောင့်ချင်စရာ မကောင်းတော့ ...





အောင်လည်း မျက်နှာပြောင် တိုက်လွန်းရာကျသည်။ သူများ
နောက်ဆွဲဖြစ်မည်။ အဲဒီလောက်လည်း မလုပ်ချင်။

မမအေးတို့ အဖွဲ့နောက်သို့ ခြေဒရွတ်ဆွဲကာ လိုက်
ပါသွားရသည့်တိုင် သောတရုံရဲ့ စိတ်က နောက်မှာ ကျန်ခဲ့သည်။
ထမင်းကြော်ကို စိတ်မပါစွာ စားရင်း အခုချိန်လောက်ဆိုလျှင်တော့
ယုဝတီတစ်ယောက် ကမ်းခြေမှာ ဓာတ်ပုံလှလှလေးတွေ တစ်ပုံ
ပြီး တစ်ပုံ ရိုက်နေလောက်မှာပဲဆိုသည့် အတွေးကိုသာ ထပ်ခါတလဲလဲ
တွေးနေဖြစ်တော့သည်။

"ဘောက်ချာ မပါတော့ ဘယ်လိုလုပ်မလဲ ...၊ ရှင့်ကို စရန် ကြိုပေးထားလို့ မရတော့ဘူးပေါ့"

"ရပါတယ်ခင်ဗျ ... စရန် မပေးနဲ့တော့၊ ဓာတ်ပုံရွေးတဲ့ နေ့ကျမှ အကြေပေးတော့"

"ရှင်က ကျွန်မတို့ကို ယုံလို့လား"

ဓာတ်ပုံဆရာလေးရဲ့ မျက်နှာမှာ (ဘယ်သူမှ အဓိပ္ပာယ် ဖော်လို့မရနိုင်သော) အပြုံးတစ်ချက် လှစ်ခနဲ ပေါ်လာသည်။ ထိုအပြုံးက လေပြည်လေးတစ်ချက် ဖြတ်တိုက်လိုက်သလို လှစ်ခနဲ ပေါ်ပြီး လှစ်ခနဲ ပြန်ပျောက်သွားသည့်အခါ သူက ...

"ကိစ္စ မရှိပါဘူး၊ အစ်မတို့ ပုံစံနဲ့ဆိုရင် ပျော်ချင်ပျက်ချင်ရှိ သက်သက်နဲ့ ဓာတ်ပုံခေါ်ရိုက်တာမျိုး မဟုတ်ဘူး ဆိုတာ သေချာပါတယ်၊ ပြီးတော့ ဓာတ်ပုံတွေက အကုန်လှမှာ၊ ဒီပုံမျိုးတွေ ဘယ်မိန်းကလေးမှ အဆုံးရှုံးခံမှာ မဟုတ်ဘူး"

အောင်မယ် ... ဒီလိုတော့လည်း ခပ်ထုံထုံဟု ထင်ထားသော ဓာတ်ပုံဆရာက အသွက်သားပါလား။ ဒီလူကြည့်ရတာ ရုပ်ရည်၊ ဝတ်စားဆင်ပြင်ပုံ၊ သွက်လက်ဖျတ်လတ်သော အမူအရာ၊ တလက်လက် တောက်ပနေသော မျက်လုံး၊ အပြောအဆို ဘာတစ်ခုမှ တုံးအ,ပုံမရ။ သူ့လုပ်ငန်းနဲ့ ပတ်သက်လျှင်သာ မလုပ်တတ် မကိုင်တတ်နဲ့ ခပ်ထုံထုံ၊ ခပ်တုံးတုံးလို ဖြစ်နေတာမျိုးသာ။





"ဒါဖြင့်လည်း မနက်ဖြန် မနက်စောစောကျ တစ်ခေါက် လာခဲ့လေ ... ဘောက်ချာစာအုပ်လည်း ယူခဲ့ပေါ့ ... ငွေတော့ အဲဒီတော့ ရှင်းတာပေါ့ ..."

ယုဝတီက သွက်လက်ဖျတ်လတ်စွာ ဝင်ရှင်းသည်။ ယုဝတီဟာ ခပ်သွက်သွက်၊ ခပ်ထက်ထက် မိန်းကလေးတစ်ယောက် ဖြစ်တာ မှန်ပေမဲ့ ဒီခရီးစဉ်မှာ (အကြီးနှစ်ယောက် ပါသေးလို့လားတော့ မသိ) သူမက ဦးဆောင်စီစဉ်ခဲ့တာဆိုလို့ ဘာတစ်ခုမှ မရှိသေးပါ။ အခုမှပဲ ရှေ့ကနေ ဖျိုးဖျိုးဖျတ်ဖျတ် ဝင်ပြောတတ်နေလိုက်တာ။

သောတရုံ ကတော့ ယုဝတီကို အံ့သြသလိုရှိရင်း တစ်ဖက်ကလည်း ဓာတ်ပုံဆရာလေးကို ခိုးကြောင်ခိုးဝှက် အကဲခတ်နေသည်။ ယောကျ်ားလေး အများစု ဝတ်တတ်သည့် တီရှပ် အဖြူနဲ့ အပြာဖျော့ ဂျင်းဘောင်းဘီကို ဝတ်ထားလျက် အကောင်းစား နီကွန်ကင်မရာကို လည်မှာဆွဲထားသည်။ သူ့ပုံစံက သစ်လွင်သားနားနေတာမျိုးလည်း မဟုတ်၊ ဟောင်းနွမ်းစုတ်ပြတ်နေတာမျိုးလည်း မဟုတ်၊ ပုံမှန်။

ထူးခြားနေတာကတော့ သူ့ရဲ့ ချောမောကြည့်ကောင်းသည့် မျက်နှာ ...။ ခပ်သွယ်သွယ် ရှည်လျားသော မျက်နှာဟာ ဒီထက်နည်းနည်း ပိုသွားလျှင် ချွန်စုတ်စုတ် အဆင့်

"ရှင့်ကင်မရာကြီးက တော်တော်ကောင်းတာပဲနော်၊ ဈေ
တော်တော် ပေးရမယ် ထင်တယ်"

ယုဝတီက အဲဒီလို မဆီမဆိုင် မေးခွန်းတွေလည်
မေးတတ်သေးသည်။ သူ မေးလိုက်ရင် မဆီမဆိုင်ဖြစ်သည့်တို
ဘမင်တကာ စကားရောဖောရော လုပ်ချင်လို့ မေးသည့် ပုံစံလည်
မထွက်။ မျက်နှာထားကိုက လောကကြီးအကြောင်း အခုမှ သိ
ကြိုးပမ်းကာစ ကလေးငယ်တစ်ယောက်လို တကယ် သိလိုစိတ်
ပြင်းပြနေပဟန် အထင်းသား။

သောတ သာဆိုလျှင်တော့ အဲဒီလို ပြောတတ်
မေးတတ်မှာ မဟုတ်ဘူးထင်သည်။ နေ့တစ်ဝက်လောက် ကမ်းခြေ
မှာ ဓာတ်ပုံရိုက်ဖြစ်ကြသည့်တိုင် ဓာတ်ပုံဆရာကို သောတ
ပြောဖူးတာဆိုလို့ ဒီလိုနေရမှာလား ... ဒီဖက်လှည့်ရမှာလား ...





စသည့် အရေးမပါသော အမှတ်ရဖွယ် မဟုတ်သော စကားတစ်ခွန်း
နှစ်ခွန်းမျှသာ ...။

ကိုယ့်ရဲ့ လူမှုဆက်ဆံရေး ညံ့ဖျင်းမှုကို သောတက
ပထမဆုံးအကြိမ် မကျေမနပ် ဖြစ်မိသည်။ သူမသာ ယုဝတီရဲ့
တစ်ဝက်လောက် သွက်လက်ချက်ချာမည် ဆိုလျှင် ခုလောက်ရှိ
ဓာတ်ပုံဆရာလေးနဲ့ ကောင်းကောင်း ရင်းနှီးနေပြီ။

အို ... သိပ်တော့ မဟုတ်သေးပါဘူး။ ဒီဓာတ်ပုံ
ဆရာ တစ်ယောက်ကိုမှ မဖြစ်မနေ ခင်မင်ရောဝင်ချင်နေတာဟာ
သိပ်တော့ မဖြစ်သင့်ဘူး ထင်သည်။ သောတရဲ့ ဆိုတာ ယောကျ်ား
မမြင်ဘူးသည့် လူဝေးသူဝေး ကျွန်းတစ်ကျွန်းက လာတာမှ
မဟုတ်တာ။ မြင်ဖူးရုံမက ယောကျ်ားလေးတော်တော်များများရဲ့
ဝိုင်းဝိုင်းလည် ခံနေရသည့် မိန်းကလေးတစ်ယောက်လည်း ဖြစ်
သေးသည်။ ဒါနဲ့တောင် အခုမှ တွေ့ရသည့် ယောကျ်ားလေး
တစ်ယောက်ကို ... ။

သောတရဲ့ ခေါင်းကို သွက်သွက်လည်အောင် ခါယမ်း
မိလိုက်သည်။ ကိုယ့်အတွေးကိုယ် ရှက်လည်းရှက် အခံရလည်း
ခက်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"သောတ ဘာဖြစ်နေတာလဲ ... နေမကောင်းဘူးလား"

"ရှင် ... မမညို၊ မဟုတ်ဘူး ကောင်းပါတယ် ... ခေါင်းထဲ နည်းနည်း မူးရိပ်မူးရိပ်လို ဖြစ်လာလို့"

ရှေ့က ပြောသည့် ကောင်းပါတယ်ဆိုသည့် စကားခံနှင့် ခေါင်းထဲ မူးရိပ်မူးရိပ် ဖြစ်လာလို့ဆိုသည့် နောက်ဆက်တွဲစကားက မညီ။ ဒါကို ဆရာဝန်တစ်ယောက် ဖြစ်ရုံသာမက ဝါသနာအလျောက် ဝတ္ထုတွေ ရေးသေးသည့် ညိုကတော့ ရိပ်မိလိုက်လေသည်။

သူတို့အဖွဲ့ထဲမှာ နှင်းဆီပန်းလေး နှစ်ပွင့်လို အလှချင်းပြိုင်နေသည့် ဒီမိန်းကလေး နှစ်ယောက်ကို ညိုက တစ်လမ်းလုံးအကဲခတ် စောင့်ကြည့်လာခဲ့တာ။ သူမတို့ နှစ်ယောက်ဟာ ကိုယ့်အလှကိုလည်း ကိုယ်တိုင်သိလျက် သူများထက်လည်း သာချင်ကြသည့် တကယ့် မိန်းကလေးပီသသည့် ကောင်မလေးတွေ (မိန်းမဆိုတာ အပြိုင်အဆိုင် များတတ်သည်၊ မနာလိုဝန်တို ဖြစ်တတ်သည်လို့ လူတွေရဲ့ သတ်မှတ်ချက်ကို အတည်ပြု ထောက်ခံမည် ဆိုလျှင်ပေါ့လေ ... )။

"ခေါင်းမူးတယ် ဟုတ်လား ... ခေါင်းမူးရင် ကျွန်တော့်မှာ ရှူဆေးဘူးပါတယ် ... ယူမလား"

ရှူဆေး ...။ နာမည်ကြားလိုက်တာနဲ့တင် နဂိုက တကယ် မူးတာမဟုတ်သော ခေါင်းက တရစ်ရစ် မူးချင်လာသည်။





သောတရုံက ရှူဆေးနံ့ကို ဘယ်လိုမှ မခံနိုင်။ သူများတွေက ခေါင်းမူးလို့ ရှူဆေးရှူရသည်။ သောတ ကျတော့ ရှူဆေးနံ့ ခံလိုက်တာနဲ့ ခေါင်းမူးပြီး ဖျားချင်စိတ် ပေါက်လာပြီ။ ရင်ထဲက တလှပ်လှပ် တုန်လာပြီ။

သို့သော် ... သို့သော် ... ။ ဒီတစ်ခါတော့ ရှူဆေးက သူ့ထံက ရှူဆေး။ ကိုယ့်ရဲ့ ကျန်းမာရေးအတွက် စိုးရိမ်သမှုနဲ့ အထူးတလည် ထုတ်ပေးမည့် ရှူဆေး။ ဒါကို တန်ဖိုးထားရမည်။ လက်လွှယ်စပယ် ငြင်းဆန်လို့မဖြစ်။ ကိုယ် ဘယ်လောက်ပဲ မလိုချင်သည်ဖြစ်စေ လက်ခံရမည်။ ဒါဟာ အခွင့်အရေးပဲ ...။

သောတရုံ တစ်ယောက် ရှူးရှူးမိုက်မိုက်စိတ်မျိုး ပေါက်နေသည်။ ယောကျ်ားလေးတွေနဲ့ ပတ်သက်လို့ ဘယ်တုန်းကမှ အလေးအနက် ဂရုတစိုက် မရှိခဲ့ဘူးသည့် သောတရုံဟာ ဒီအနံ့ညာတ ဓာတ်ပုံဆရာလေးကျမှ ဘာကြောင့်များ ရင်းနှီးရောဝင်ချင်နေမိတာပါလိမ့်။

"အင်း ... ကောင်းသားပဲ ... ကျေးဇူးပဲနော်"

သူ့လက်ဖဝါးထဲက အငွေ့အသက် နွေးနွေးလေး စီးမျောပျော်ဝင်နေသည့် ရှူဆေးဘူးလေးကို ကမ်းလင့်ယူလိုက်ရသော သောတရဲ့ လက်ဖဝါးလေးဟာ တဆတ်ဆတ် တုန်ခါလို့ နေသည်။

သောတရဲ့အကြောင်းကို သိနေကြသော လေးလေးနဲ့ ခင်ပြုံးချိုက သူ့စိမ်းယောကျ်ားတစ်ယောက်ထံမှ (ကိုယ် အင်မတန် ကြောက်သော) ရှူဆေးဘူးကို လက်ခံလိုက်သည့်အဖြစ်ကို တအံ့တဩ ဖြစ်နေကြသည်။

သူ့ရှေ့မှာတော့ သောတလည်း ရှူဆေးဘူးကို ဖွင့်ကာ တစ်ချက်တော့ စတီသဘော ရှူပြရပါသည်။

အောင်မယ်လေး ... ဆိုးဝါးလိုက်သည့် အနံ့နှယ်။ အခုမှပဲ ခေါင်းက တကယ်မူးသွားတော့တာ။

တော်တော် ဒုက္ခပေးသည့်လူ။ ရှူဆေးဘူး ထုတ်မပေးဘဲ သံပရာသီးတို့ စမုံနက်တို့ ထုတ်ပေးလျှင် အဆင်ပြေဦးမည်။ အခုတော့ သောတ အင်မတန်ကြောက်သည့် ရှူဆေးတဲ့ ...

"နေသာသွားလား ... နေပူထဲ လျှောက်ရလို့ ဖြစ်လိမ့်မယ်၊ ပြီးတော့ တချို့ကျတော့ လှိုင်းတွေတက်လာတာ ဆင်းလာတာ ကြည့်ပြီး မူးတတ်ကြတာလည်း ရှိသေးတယ်"

သူဟာ သိပ်ကို ကြင်နာတတ်သည့် ယောကျ်ားတစ်ယောက်ပဲ၊ သူ့အကြည့်တစ်ချက် နူးညံ့ကြင်နာသော မေးခွန်းတစ်ခုကို နားထောင်ရတာနဲ့တင် ဝေဒနာတွေအားလုံး ပျောက်ကင်းသက်သာသွားလောက်သည်။

"ရပါတယ် ... ကောင်းသွားပြီ"





သောတက ရောယောင်ပေါယောင်နဲ့ သူ့လက်ထဲ ရှူဆေးဘူးကို ပြန်ပေးလိုက်သော်လည်း သူက မယူ ...

"ရတယ် ... ယူထားလိုက်ပါ၊ တစ်ချက်တည်းနဲ့တော့ ဘယ်သက်သာမလဲ ... အပိုင်သာ ယူထားလိုက်"

သောတက သူ့ရှူဆေးဘူးလေးကို ဝမ်းသာအားရ ပြန်ယူထားလိုက်သည်။ ဒီပစ္စည်းလေးဟာ သောတအတွက် အသုံးမဝင်ပေမဲ့ အမှတ်တရတော့ ဖြစ်နိုင်သည် မဟုတ်လား။

အုန်းပင်တစ်ပင်ကိုမှီလျက် ပင်လယ်ဘက်သို့ မမှိတ်မသုန် ငေးကြည့်နေသော ယုဝတီရဲ့ မျက်လုံးတွေထဲမှာ တောက်ပသည့် အရောင်စူးစူးတစ်ခု ရှိနေသည်လို့တော့ သောတက တွေးမိသေးလေသည်။

"ရေဆင်းကူးရတာ အဆင်မပြေပါဘူး … အကျီက ရွှံ့တွေ ပြောင်အောင် ပြန်ဆေးရတာနဲ့ နေလောင်တာနဲ့ အသားတွေ ဆားရည်ထိလို့ ယားကျိကျိ ဖြစ်တာနဲ့ …"

ညအိပ်ရာဝင်ကာနီးမှာ တစ်ကိုယ်လုံးကို အသားလှ ဆီ လိမ်းကျံနေရသော ယုဝတီက တညည်းညည်း တညူညူ ပြောသည်။

ဒီနေ့ ယုဝတီအဖို့ အဆင်ပြေသည့်အရာ သိပ်မရှိချေ။

တစ်မနက်လုံး စိတ်တိုင်းကျ ဓာတ်ပုံတွေ ရိုက်လိုက်ရပေမဲ့ ခပ်ချောချော ခပ်မိုက်မိုက် ဓာတ်ပုံဆရာလေးကို ကိုယ်ကပဲ လူရင်းလုပ်ကာ ဦးဆောင်စကားတွေ ပြော၊ ညွှန်ကြားချက်တွေ ပေးနေပေမဲ့ နောက်ဆုံးကျတော့ ရေပန်းစားသွားတာက သောတရုံ ဖြစ်နေသည်လေ။





ယုဝတီမှာ တစ်မနက်လုံး ဓာတ်ပုံဆရာလေးနား ကပ်ကာ ညွှန်ကြားချက်တွေ ပေးလိုက်၊ မေးခွန်းတွေ မေးလိုက်နဲ့ သိသိသာသာကြီး မဟုတ်သည့်တိုင် ရင်းနှီးမှုရအောင် ကြိုးစား လိုက်ရတာ။ တကယ်တမ်း သူ့ဆီက သိမ်းဆည်းထားစရာ အမှတ်တရ ပစ္စည်းတစ်ခု ရလိုက်တာကျတော့ သောတရုံ … တဲ့။

မနာလိုဝန်တို ဖြစ်သည်ဟု ပြောလျှင် ထိုခံစား ချက်က ပေါ့တန်သွားမည်။ ခန္ဓာကိုယ်ထဲက အစိတ်အပိုင်း တစ်ခုချင်းစီဟာ တဖျပ်ဖျပ် ခုန်ဆွလှုပ်ရှားနေရလောက်အောင်ကို အခံရခက်နေသည်။

ပုံမှန်အတိုင်း ဆိုလျှင်တော့ သာမန် ညောင်ည ဓာတ်ပုံဆရာလေး တစ်ယောက်ကို ယုဝတီလို ဒိတ်ဒိတ်ကြဲ မိန်းကလေးတစ်ယောက်က အထူးတလည် ဂရုစိုက်နေစရာ မလိုပါ။

သို့သော်လည်း ရွယ်တူ မိန်းကလေးတွေ အချင်းချင်း ကြားထဲမှာ ခပ်ချောချော ယောကျာ်းလေး တစ်ယောက်ရဲ့ ဂရု စိုက်ခြင်းကို အခံရဆုံး ဖြစ်ချင်သည့် မိန်းမစိတ်ကလေးက သူမ မှာ အပြည့်ရှိသည်လေ။

အခုတော့ ယုဝတီမှာ နေရင်းထိုင်ရင်း သောတရုံကို အရှုံးပေးလိုက်ရသလို ဖြစ်သွားပြီပေါ့။ ပြိုင်ပွဲတစ်ခုရယ်လို့ အတိ အလင်း ကြေညာပြိုင်ဆိုင်တာမျိုး မဟုတ်သော်လည်း သူတို့အချင်း

ချင်းတော့ သိသည်။ တခြားလူတွေ (အထူးသဖြင့် ဒီကိစ္စမျိုးမှာ ပါးနပ်အကွက်မြင်တတ်သော မမညို) ကလည်း ရိုးတိုးရိတ်တိတ်တော့ သိနေမည် ထင်သည်။

ဒီပုံအတိုင်း နေသွားလို့ကတော့ မဖြစ်သေး။ ယုဝတီဆိုတာ သူများ ဖြတ်ကျော်တက်သွားတာကို ငေးကြည့်ကျန်ရစ်ရမည့် မော်ဒယ်နိမ့်နိမ့် ကားစုတ်တစ်စင်း မဟုတ်ဘူးဆိုတာကိုတော့ ပြဖြစ်အောင် ပြလိုက်ရဦးမည်။





"ညည်းတို့တွေကလည်း အေးအေးဆေးဆေး အနားယူအပန်းဖြေချင်လို့ ခရီးထွက်လာတာကိုများ ဓာတ်ပုံအောက်ဒိုး ရိုက်ဖို့ ထွက်လာကြတယ် မှတ်ဇနလား မသိဘူး၊ တစ်နေ့တစ်နေ့ လွတ်လွတ်လပ်လပ် နေရတာယ်ကို မရှိတော့ဘူး၊ ဓာတ်ပုံပဲ တချောင်းချောင်း ရိုက်နေကြတော့တာပဲ ..."

သည်းမခံနိုင်တော့သည့် မမအေးက ဖွင့်ပြောရလောက်အောင်ပဲ သူတို့တွေက ဓာတ်ပုံရိုက်ပြိုင်ပွဲကြီး ကျင်းပနေသလို အပြိုင်အဆိုင် ဖြစ်နေကြတော့သည်။

"တော်ပါပြီ ... မမအေးရဲ့ ...၊ ဒီတစ်ရက်ပြီးရင် တကယ်တော်ပြီ၊ ဒီတစ်ရက်က Sun Set ရှုခင်းကို အမိရိုက်ကြဦးမလို့ ..."

ဟိုတစ်နေ့က နေဝင်ချိန်ကို ရိုက်ထားကြပေမဲ့ အားရအောင် မရိုက်ဖြစ်လိုက်ကြ။ အဲဒါကြောင့် ဒီနေ့ မကျေပွဲနွှဲကြဖို့ စိစဉ်ထားပြီးပြီ။ တိုတောင်းလျှင်မြန်သော နေဝင်ချိန်လေးအတွင်းမှာ ရိုက်ကာနီးမှ ဘယ်နားကောင်းမလဲဆိုပြီး နေရာလိုက်ရှာနေရလျှင် အချိန်မလောက်မှာ စိုးကြ၍ပင်။

"ဟိုရှေ့က တံတားလေးနားမှာ သွားရိုက်ကြရအောင်"

ထုံးစံအတိုင်းပဲ ယုဝတီက သွက်လက်စွာ ဦးဆောင်လိုက်လျှင် ကျန်သူတွေအားလုံး တရုန်းရုန်း ပါသွားတော့တာပင်။

"ဒီနားမှာ ... ဒီနေရာလေးမှာ ယု အရင်ရိုက်မယ်နော်"

ယုဝတီက တံတားလေးနား ပြေးသွားကာ မော်ဒယ်တစ်ယောက်လို အချိုးတကျ လှလှပပဖြင့် ကိုယ်ဟန်ပြလိုက်သည်။ ဓာတ်ပုံဆရာလေးကလည်း ယုဝတီရဲ့ ပုံကို အကောင်းဆုံးအနေအထား ရအောင် ချိန်လိုက်သည်။ အလင်းရောင်နဲ့ လူဟန်အနေအထား အကောင်းဆုံးရဖို့ ချိန်နေဆဲ ဓာတ်ပုံဆရာလေးက ဖျတ်ခနဲ ခါးဆန့်ရပ်လိုက်ကာ ...

"ဒီနေရာမှာ မရိုက်နဲ့ ... နေရာပြောင်းကြမယ်"

"ဟင် ... ဘာဖြစ်လို့လဲ၊ ဒီနေရာလေး ကောင်းရဲ့သားနဲ့"

"အေးလေ ... သူများက အရိုက်ခံဖို့ အဆင်သင့် ဖြစ်နေပြီဟာကို"





"ခင်ဗျားတို့ ရိုက်ချင်ရိုက် ... မရိုက်ချင်နေ၊ ကျွန်တော်ကတော့ ဒီနားမှာ မနေဘူး ...၊ ရိုက်ချင်သေးရင် ဟိုဘက်လိုက်ခဲ့ ..."

ပြောပြီးတာနဲ့ စကားပြန်တောင် မစောင့်တော့ဘဲ လှည့်ထွက်ချသွားသော ဓာတ်ပုံဆရာရဲ့ လုပ်ပေါက်ကို မိန်းကလေးတွေအားလုံး အံ့အားတသင့်။

ဘယ်လိုဖြစ်တာလဲ။ အပြောအဆို သိပ်မယဉ်ကျေးလှသည့်တိုင် ဖော်ရွေစိတ်ရှည်သော ဓာတ်ပုံဆရာလေးဟာ ချက်ချင်းပဲ အပြောင်းလဲကြီး ပြောင်းလဲကာ ပြတ်သားမာကျောသွားတော့ပါလား။

သို့သော် သူ မာလျှင် စိန်မကုပါဘူး၊ သူ တင်းကပြတ်မည်ဆိုသော စိတ်သဘောမျိုး မထားနိုင်ကြသော မိန်းကလေးတွေမှာ ဓာတ်ပုံဆရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြရတော့သည်။

"ရှင် ... ဘာဖြစ်သွားတာလဲ ..."

ကျောက်ဆောင်တစ်ခုပေါ် နှစ်ယောက်တည်းတက်၍ ဓာတ်ပုံရိုက်ကြစဉ် သောတက အခွင့်ကြုံခိုက် မေးလိုက်တာ ဖြစ်ပါသည်။ သောတရဲ့ မျက်နှာလေးက သိချင်စိတ်ကြောင့် တောက်တောက်ပပ။ သို့သော်လည်း တစ်ဖက်လူ စိတ်ဆိုးသွားမှာ

စိုးသည့်အတွက် မရဲတရဲ၊ သူစိမ်းယောကျ်ားလေး တစ်ယောက်ရဲ့ ကိစ္စကို စိတ်ဝင်တစား ဖြစ်မိသည့်အတွက် ရှက်စနိုးနဲ့ ပါးပြင်လေးက နှင်းဆီရောင် ရဲရဲလေး သမ်းနေသည်။

သောတရဲ့ မျက်နှာကလေးကို ဓာတ်ပုံဆရာလေးက ခပ်ငေးငေး ကြည့်နေလေသည်။ လက်ထဲ ကိုင်ထားသည့် ကင်မရာက မျက်လုံးအထိ မရောက်ဘဲ တစ်ဝက်တစ်ပျက်မှာ တန့်နေသည်။ ကင်မရာ ချောင်းကြည့်ပေါက်နောက်မှာ ရှိနေရမည့် မျက်လုံးတွေက သောတရဲ့ မျက်နှာဆီသို့သာ စူးစူးစိုက်စိုက်။

သူ့ပုံစံဟာ တစ်မျိုးတော့ တစ်မျိုးလေးပဲ။ သောတကို ငေးကြည့်နေသည့် မျက်ဝန်းတွေမှာ နှစ်လိုဖွယ် အရိပ်တစ်မျိုး ပျော်ဝင်နေသည်။ ထိုမျက်ဝန်းမျိုးနဲ့ ဘယ်သူ့ကိုမှ မကြည့်ခဲ့ဖူးဘူးဆိုတာ (သူ့ကိုတစ်လျှောက်လုံး စောင့်ကြည့်လာခဲ့သော) သောတက အာမခံရဲလေသည်။

အို ... သူဟာ သောတကို နှစ်သက်တွယ်တာနေခဲ့ပြီလား။ ထိုအတွေးက သောတကို ရှက်စနိုးလည်း ဖြစ်စေသည်။ ကြည်နူးပီတိဖြင့်လည်း ရင်ကို သိမ့်သိမ့်ခါစေသည်။

သောတဟာလည်း ခပ်ညံ့ညံ့လေး မဟုတ်တာမို့ ယောကျ်ားလေး တစ်ယောက်ရဲ့ မျက်လုံးကို ကြည့်ပြီး သူ့ရင်ထဲကို လှမ်းဖတ်နိုင်သည့် ပညာလောက်တော့ တတ်ကျွမ်းပါသေးသည်။





အစစ်အမှန် ဟုတ်,မဟုတ်ဆိုတာကိုလည်း ဝေဖန်ပိုင်းခြားတတ်ပါသေးသည်။

နှစ်ယောက်သား ကိုယ့်အတွေးနဲ့ကိုယ် ကြည်နူးနေဆဲ ဓာတ်ပုံဆရာလေးရဲ့ မျက်နှာဟာ စောစောကလိုပဲ ပျက်ယွင်းသွားပြန်ကာ ...

"လာ ... လာ ... ဒီကျောက်တောင်ပေါ် မရိုက်နဲ့ ... နေရာပြောင်းမယ်"

သောတက ဖြစ်ရပြန်ပြီဆိုသည့် သဘောနှင့် သူ့ကို စိတ်ရှုပ်ထွေးစွာ လှမ်းကြည့်လိုက်ပါသည်။ ကိုယ့်ရင်ထဲက ကြည်နူးပီတိတွေ အရှိန်အဟုန်ကောင်းကောင်းနဲ့ ရှင်သန်ဖွံ့ဖြိုးလာနေသည့် အချိန်ကျမှပဲ ကောက်ကာငင်ကာ အပြောင်းအလဲ အပြေးအလွှား ဖြစ်သွားရတာကိုလည်း စိတ်လက်တပျက် ဖြစ်သွားရသည်။

"လာလေ ... မြန်မြန်လာ ... ဒီကျောက်ဆောင် အကွယ်ဘက်မှာ ရိုက်မယ် ..."

သူက အရေးတကြီး လှမ်းခေါ်နေသည့် အခါမှာတော့ သောတလည်း မစဉ်းစားနိုင်တော့ချေ။ သူ့နောက်သို့သာ ဖျတ်ခနဲ ပြေးဆင်းလိုက်ပါသွားမိတော့သည်။

"မင်း ... ယုဝတီ မဟုတ်လား ..."

ကိုယ့်ရှေ့ တည့်တည့်သို့ လာရပ်ပြီး နှုတ်ဆက်လိုက်သော လူကြီးကို ယုဝတီက တအံ့တသြ ကြည့်လိုက်မိပါရဲ့။

ဒီလူကြီးကို မြင်ဖူးသလိုလိုလည်း ရှိသည်။ မှတ်လည်း မမှတ်မိ။ ကိုယ်ကတောင် မမှတ်မိဘဲ ရှိနေပါလျက် သူက ကိုယ့်ကို သိနေရုံသာမက အပိုင်အနိုင်ကြီး လာနှုတ်ဆက်လိုက်တာကိုလည်း အံ့သြကာ ရင်ခုန်လာသည်။

သူ့ပုံစံကလည်း ကြည့်ဦးလေ ...။ ကြွေရောင်တောက်နေသည့် ရှပ်အင်္ကျီအဖြူ၊ ပုံကျလွန်းသည့် ဘောင်းဘီ အုန်းခွံရောင်၊ ပြောင်လက်တောက်ပသည့် ရှူးဖိနပ်အနက်ရောင်တို့ဖြင့် အဝတ်အစား ကြည့်လိုက်ရုံနဲ့ အထက်တန်းစား လူကြီးလူကောင်း တစ်ယောက်မှန်း တန်းခနဲ သိသာနေသည်။ ဆံပင်ကို ဂျဲလ်ဆွတ်





ပြီး သေသပ်စွာ ဖြီးသင်ထားတာမို့ ထင်ရှားမြင်သာနေသည့် မျက်ခုံးကောင်းကောင်း၊ မျက်လုံးတောက်တောက်၊ လူကြီး တစ်ယောက်လို ရင့်ကျက်စွာ ပြုံးတတ်သည့် အပြုံးမျိုးရှိသည့် မျက်နှာပိုင်ရှင်မို့ အဝတ်ကောင်း အစားကောင်းတွေ ဝတ်မထားလျှင်တောင် သူရဲ့ အဆင့်အတန်း မြင့်မားမှုကို ထင်ရှားသိသာနေဦးမှာပင်။

ကြည့်ရင်း ကြည့်ရင်း ယုဝတီက သူ့ကို တဖြည်းဖြည်း မှတ်မိလာသည်။ သူဟာ ဖေဖေ့ရဲ့ လုပ်ငန်းတချို့ တွဲလုပ်ခဲ့ဖူးသော ဖေဖေ့မိတ်ဆွေဟောင်း တစ်ယောက်ပဲ ဟုတ်လား။ ဘာတဲ့ ... သူ့နာမည်က ...

"မမှတ်မိဘူးလား ... ကွ၊ ကိုယ့်နာမည် ရန်ပြေလေ ..."

"ဦးရန်ပြေ ..."

ဟုတ်ပြီ ... မှတ်မိပြီ။ နာမည် ကြားလိုက်တော့မှပဲ အသိဉာဏ်တံခါးက လှစ်ခနဲ ပွင့်တော့တာ။

ဦးရန်ပြေကို ယုဝတီ မြင်ဖူးခဲ့တာ လွန်ခဲ့သည့် ငါးနှစ်က နောက်ဆုံးပဲ။ မှတ်မှတ်ရရ သူ နိုင်ငံခြား ထွက်တော့မှာမို့ မိတ်ဆွေတွေကို နှုတ်ဆက်ပွဲလုပ်သည့်နေ့ဟာ ယုဝတီရဲ့ ဆယ့်ငါးနှစ်မြောက် မွေးနေ့။ အဲဒီ နှုတ်ဆက်ပွဲမှာ သူက အမှတ်တရ အဖြစ်ဆိုကာ ယုဝတီကို မွေးနေ့လက်ဆောင် ပေးခဲ့သေး

သည်။ သူ ပေးသည့် မွေးနေ့လက်ဆောင်က နှင်းဆီဖူးပုံ ရွှေလော့ကက်ကလေး။

"ဘာလဲ ... မမှတ်မိသေးဘူးလား ..."

"မှတ်မိပါပြီ ... ဦးရန်ပြေ နိုင်ငံခြား မသွားခင်က ယုကို မွေးနေ့လက်ဆောင်အဖြစ်နဲ့ နှင်းဆီဖူးပုံ ရွှေလော့ကက်လေး ပေးသွားခဲ့သေးတာ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွ ... အင်း အခုနေသာ မင်းကို မွေးနေ့လက်ဆောင် ပေးရမယ်ဆိုရင် အရမ်းလှတဲ့ ရွှေနှင်းဆီပွင့် တစ်ပွင့်ကို ပေးရလိမ့်မယ် ..."

"ရှင် ... ဘာဖြစ်လို့လဲ"

"မင်းက ငါးနှစ်အတွင်းမှာ နှင်းဆီအဖူးလေး ဘဝကနေ အလှတွေ ပြည့်စုံနေတဲ့ နှင်းဆီပွင့်လေးတစ်ပွင့် ဖြစ်လာတာကိုး ... ကွ"

မြတ်စွာဘုရား ... တယ်လည်း ပွင့်လင်း ပြောင်ကျလိုက်ပါလား။ သူမ တစ်သက်မှာ အဲဒီလောက် တိုက်ရိုက်ကျသော ချီးကျူးစကားမျိုး မကြားရဖူးခဲ့တာမို့ ယုဝတီက မျက်နှာ မထားတတ်အောင်ပင် ရှက်သွားရသည်။

သို့သော် အဲ့ဒီလို ရှက်နေသည့် ကြားထဲကပဲ ဦးရန်ပြေလို ဗဟုသုတစုံလင်သည့် လူကြီးတစ်ယောက်ရဲ့ အချီးကျူး





ကို ခံလိုက်ရသည့်အတွက်လည်း ကျေနပ်ပီတိ ဖြစ်နေမိသေးသည်။

ဒီရက်ပိုင်းအတွင်းမှာ ကိုယ့်ဘဝက တဖြည်းဖြည်း နိမ့်လျောကျလာသည်လို့ ယုဝတီက တွေးထင်အားငယ်နေမိတာ။ သောတရုံနဲ့ ယှဉ်လိုက်လျှင် ကိုယ်ဟာ မှေးမှိန် ဘေးရောက်နေရသည့် အဖြစ်။ ထိုအဖြစ်ကို ယုဝတီရဲ့ မာနက ဘယ်လိုမှ လက်မခံနိုင်။ အကြောင်းပြခွင့် မသာလို့သာ အောင့်အည်းသည်းခံနေရတာ။

ဟော ... အခုတော့ အခွင့်သာပြီ။ ဟို ရုပ်ကလေးသာ ရှိပြီး အဝတ်အစား အနေအထိုင်က အစ, အဆင့်အတန်းမရှိသော ခာတ်ပုံဆရာလေးထက်စာလျှင် အဆပေါင်း ထောင်သောင်းချီအောင် အဆင့်အတန်းမြင့်မားသော ဂုဏ်သရေရှိလူကြီးတစ်ယောက်က အလေးဂရုပြုခြင်း ခံရတာဟာ ပိုပြီး ဂုဏ်ယူဖွယ်ကောင်းသည် မဟုတ်လား။

"ဦးရန်ပြေ ချောင်းသာ ရောက်နေတာ ကြာပြီလား"

"ဟုတ်တယ် ... လေးရက်လောက် ရှိနေပြီ၊ မင်းတို့ရော"

"ယုတို့ ရောက်နေတာက သုံးရက်ပဲ ရှိသေးတယ်၊ ဦးရန်ပြေက တစ်ယောက်တည်း လာတာလား"

"တစ်ယောက်တည်းပဲပေါ့ ...၊ ကိုယ် မြန်မာပြည် ပြန်ရောက်တာ တစ်လမပြည့်သေးဘူးလေ ...၊ ဒီရက်အတွင်း ကိုယ့်

နိုင်ငံကို သတိရလို့ အနံ့လျှောက်လည်နေတာ ...၊ ပုဂံလည်း ရောက်ပြီးပြီ၊ ရှမ်းပြည်နယ်ဘက်လည်း လည်ပြီးပြီ၊ ဒါပြီးရင် ငပလီကို ကူးမလားလို့ ... နောက် ရခိုင်ဘက် ဆက်သွားမယ် ...”

“သွားနိုင်လိုက်တာ ...”

“ကိုယ် မြန်မာပြည်က ခွဲသွားတာ ငါးနှစ်လောက် ရှိပြီကိုး၊ ကိုယ့်တိုင်းပြည်က ရှုခင်းတွေကို သတိရတာပေါ့ ...”

“အောင်မယ်လေး ဦးရန်ပြေရယ် ... ယုတို့များ ဒီမှာပဲ နေလာတာပါ ... ဒီအရွယ်အထိ ပုဂံလည်း မရောက်ဖူးဘူး၊ ရှမ်းပြည်နယ်ဘက်လည်း မသွားဖူးဘူး၊ ရခိုင်ဘက်ဆိုတာ တော့ ဝေးရော ...၊ ချောင်းသာတောင် အခုမှ ရောက်ဖူးတာ”

ဦးရန်ပြေက ကလေးတစ်ယောက်ကို ချစ်စနိုး ရယ်မောနေသည့် လူကြီးတစ်ယောက်ရဲ့ ပုံစံမျိုးနဲ့ အားပါးတရ ရယ်ကာ ...

“မင်းက ကလေးပဲ ရှိသေးတာကိုး ယုလေးရဲ့ ...၊ ကလေးတစ်ယောက်ရဲ့ ကြီးပြင်းရှင်သန်မှုနဲ့ လူကြီးတစ်ယောက်ရဲ့ ရှင်သန်မှုက ဘယ်တူနိုင်ပါ့မလဲ ...”

ယုကို စိတ်ရှည်လက်ရှည် စကားပြောနေသော ဦးရန်ပြေကို ယုက တအံ့တသြ ရှိလှပါသည်။





သူနဲ့ ယုဟာ အသက်ချင်း ဆယ့်ခုနစ်နှစ်လောက် ကွာသည်ဟု ယုက ကြားဖူးထားသူ။ သူ နိုင်ငံခြား ထွက်သွားစဉ်ကဆို ယုက ဆယ့်ငါးနှစ်သမီး ပီဘိကလေးလေး။ အဲဒီတုန်းက အသက် သုံးဆယ့်နှစ်နှစ်လောက် ရှိနေသော ဦးရန်ပြေဟာ ယုကို ကလေးတစ်ယောက်လိုပဲ သဘောထားခဲ့တာကို မှတ်မိသေးသည်။

ဒါဖြင့် အခုကျတော့ သူက ဘာလို့များ ယုကို ရွယ်တူတန်းတူလို နေရာပေး ဆက်ဆံနေပါသနည်း။ ယုဟာ အသက်နှစ်ဆယ် ရှိပြီမို့ ကိုယ့်အသက်အရွယ်နဲ့ ကိုယ်တော့ အတော်အတန် လူရာသူရာ ဝင်လာပြီပဲ ထားလိုက်ဦး။ သူ့အတွက် ကျတော့ ယုဟာ ကလေးဖြစ်မြဲ ဖြစ်ဆဲပင်။ အဲဒါကို ဘာဖြစ်လို့များ ယုအပေါ် အရေးတယူ ရှိနေရတာလဲ။

“မင်းတို့ကရော ဘယ်မှာ တည်းတာလဲ ... ဒီ ချောင်းသာ ကမ်းခြေ ဟိုတယ်မှာပဲလား ...”

“ဟုတ်တယ် ... ဟိုနားက အဆောင်မှာလေ ...”

“ကိုယ် ရောက်နေတာ ကြာပြီ ... မင်းတို့ ရောက်နေတာလည်း ကြာပြီ ... ဒါတောင် မဆုံဖြစ်ကြဘူးနော် ...”

“ယုတို့ကတော့ အမြဲတမ်း ကမ်းခြေမှာ ရှိပါတယ် ... ရေဆင်းကူးချင် ကူး ... သောင်ပြင်ပေါ် လမ်းလျှောက်ချင်

လျှောက် ... ဓာတ်ပုံရိုက်တဲ့အခါ ရိုက်နေကြတာပဲ၊ ဦးရန်ပြေသာ အပြင်သိပ်မထွက်လို့ ဖြစ်လိမ့်မယ် ...”

“ဟုတ်တယ်ကွ ... ကိုယ်က ကိုယ့်အခန်းရှေ့မှာ ခုံတစ်လုံးနဲ့ ထွက်ထိုင်ပြီး ပင်လယ်ကို ကြည့်ချင်ကြည့်၊ စာဖတ်ချင်ဖတ် လုပ်နေတတ်တာ ... ဟိုသွား ဒီသွား သိပ်မလုပ်ဖြစ်ဘူး”

“ဒီမှာ ကြာဦးမှာလား ... ကြာမယ်ဆိုရင် ဦးရန်ပြေဆီကို ယုတို့ လာလည်မယ်လေ ... လည်စရာရှိရင်လည်း ပေါင်းပြီး လည်ရတာပေါ့ ...”

ယုက နှုတ်သွက်လျှာသွက် ဖိတ်ခေါ်လိုက်တာကို မမအေးနဲ့ မမညိုတို့က သဘောကျပုံမရချေ။ ဒါပေမဲ့ ဂရုစိုက်လို့ ...၊ ယုလည်း ဒီအဖွဲ့ထဲမှာ လွတ်လပ်သည့် အဖွဲ့ဝင်ပဲဟာ။ ကိုယ့်စိတ်တိုင်းကျ လုပ်ကိုင်လှုပ်ရှားခွင့် ရှိသည်။

“အေးကွာ ... ကြာတော့ ကြာဦးမယ်၊ ကိုယ် ပြဿနာတစ်ခု ဖြစ်နေလို့ ...”

“ပြဿနာ ... ဘာလဲဟင် ...”

မစောင့်နိုင်ကြသော မမအေးတို့တွေက ဆက်ထွက်သွားနှင့်ကြပြီ။ ဦးရန်ပြေက သူများတွေ မကြားစေလိုဟန်ဖြင့် လေသံကို နှိမ့်လျက် ...

“ကိုယ့်ကင်မရာ ပျောက်သွားလို့ကွ ...”





“ကင်မရာ ...”

“ဟုတ်တယ် ... နီကွန်ကင်မရာ ...၊ ကိုယ် နိုင်ငံခြားက ဝယ်လာတာကွ ... မြန်မာပြည်မှာတောင် အဲဒီ မော်ဒယ်က မရောက်သေးဘူးထင်တယ် ... မြန်မာငွေ တန်ဖိုးနဲ့ တွက်လိုက်ရင် ခြောက်သိန်းနီးပါးလောက် ရှိမယ်”

“ဟယ် ... အဲဒါ ဘယ်လိုလုပ်မလဲ၊ ဘယ်လိုဖြစ်ပြီး ပျောက်သွားတာလဲ”

“ကိုယ်လည်း သေချာတော့ မပြောတတ်ဘူးကွ ... ကိုယ့် ရေချိုးခန်း ဝင်နေတုန်း တစ်ယောက်ယောက်က အခန်းတံခါးကို သော့တူနဲ့ ဖွင့်ဝင်သလား၊ ပြတင်းပေါက်က တက်ပြီး ယူသွားသလား မသိဘူး”

“ဦးရန်က မတိုင်ဘူးလား”

သူနဲ့ စကားများများ ပြောလာရသည့်အခါ ‘ဦးရန်ပြေ’ ‘ဦးရန်ပြေ’ နဲ့ ခေါ်ရတာကို ယုဝတီက မောလာပြီ။ အဲဒါကြောင့် အလွယ်တကူ အနေနဲ့ ‘ဦးရန်’ လို့ ဖြတ်ခေါ်လိုက်တာ။ ဒါကို ဦးရန်ပြေကလည်း သတိထားမိသွားပုံရကာ အနည်းငယ် အံ့ဩဟန်ဖြင့် မျက်ခုံးတစ်ချက် ပင့်လျက်ကြည့်လိုက်သည်။ ပါးနပ်သော လူကြီးတစ်ယောက်ပီပီ ဘာမှတော့ မပြော။

"ရဲသော့ မတိုင်ချင်ဘူးကွာ ... တကယ်လို့ လွဲချော်မှု တစ်ခုခု ဖြစ်နေရင် ပြဿနာ ရှင်းနေရမှာ စိုးတယ် ...၊ ဟိုတယ်လုံခြုံရေးတွေကိုတော့ ပြောထားတယ်"

"အဲဒီလောက်နဲ့တော့ ဘယ်ရမလဲ ...၊ သေသေချာချာ စုံစမ်းမှ ရမှာပေါ့ ... ပျောက်သွားတဲ့ ပစ္စည်းတန်ဖိုးက နည်းတာမှ မဟုတ်တာ ..."

"မတွေ့တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ ...၊ ကိုယ်က အေးအေးဆေးဆေး အနားယူချင်လို့လာတာ ... ရှုပ်ရှုပ်ယှက်ယှက်တွေတော့ မဖြစ်ချင်ဘူး ..."

အံ့ဩစရာပဲ။ ခြောက်သိန်းနီးပါးတန်သော ပစ္စည်းတစ်ခု ပျောက်ဆုံးမှုကို ဦးရန်ပြေက မှတ်ဆိတ်ရိတ်ဓားတစ်ချောင်း ပျောက်သလောက်ပဲ သဘောထားနေပုံ ရသည်။

ယုဝတီသာဆိုလျှင်တော့ ကိုယ်က ဘယ်လောက်ပဲ ချမ်းသာနေနေ ကိုယ့်ပစ္စည်းတစ်ခု အလကားနေရင်း ဆုံးရှုံးသွားမှာကို လက်ပိုက်ကြည့်မနေနိုင်ပါဘူး။

"ကဲ ... တော်ပြီ ... တော်ပြီ၊ ကိုယ့်ကြောင့် ကလေး စိတ်ရှုပ်သွားပြီ ထင်တယ် ...၊ အဲဒါကြောင့် ဘယ်သူ့ကိုမှ ဒီကိစ္စ မပြောချင်တာ ...၊ ကိုယ့်ကြောင့် သူများတွေ စိတ်အနှောင့်အယှက် ဖြစ်ရမှာမျိုးတော့ မလိုချင်ဆုံးပဲ ..."





ဘယ်လောက်များ စိတ်သဘောထား ကောင်းလိုက်တဲ့ လူလည်းလို့နော် ... သူ့မှာ ဒီလောက်အဖိုးတန်ကြီး ပျောက်ရသွားတာတောင် မပူပန်ဘဲ သူများတွေ သူ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်မှာကိုပဲ စိုးရိမ်နေသေးသည်။

ကဲ ... ဒီလိုလူမျိုးကိုမှ လူကြီးလူကောင်းလို့ မခေါ်လျှင် ဘယ်လိုလူမျိုးကို ခေါ်တော့မှာလဲ ...။

“ဓာတ်ပုံလေးတွေက လှတယ်နော် ... ၊ ကိုတာရာက တကယ်တော်တာပဲ ...”

သောတက ချီးကျူးလိုက်လျှင် တာရာက ရှက်စနိုးနဲ့ မျက်လွှာလေး ချလိုက်မိပါသည်။

သူ့တစ်သက်မှာ အဲဒီလို ချီးကျူးစကားမျိုး ဘယ်နေရာကမှ မကြားဖူးခဲ့။ ကြားဖူးစရာ အကြောင်းကလည်း မရှိဘူးလေ၊ သူ့တစ်သက်မှာ သူများ ချီးကျူးအထင်ကြီးလောက်စရာ ဘယ်လိုအလုပ်မျိုးကိုမှ လုပ်ခဲ့ဖူးတာမှ မဟုတ်ဘဲ။

ကြိုတောင့်ကြိုခဲ ချီးကျူးစကားမို့ ထင်ပါရဲ့၊ နားဝင်က ဆိမ့်လှသား။

တကယ်တော့ သောတရုံ ဆိုသည့် ကောင်မလေးနဲ့ တွေ့ဆုံမှုသည် သူ့ဘဝမှာ အိပ်မက်အဆန်းဆုံး၊ အလှပဆုံး အဖြစ်အပျက်တွေပါပဲ။





သောတရုံနဲ့ မတွေ့ခင်ကအထိ တာရာရဲ့ ဘဝမှာ အရေးစိုက်မည့်သူ မရှိ၊ အလေးအနက် ထားမည့်သူ မရှိ၊ အထင်ကြီး လေးစားမည့်သူ မရှိခဲ့။

သောတရုံ ကျတော့ (လောကကြီးအကြောင်း ဘာမှ မသိရှာသည့် အဖြူထည်လေးပီပီ) တာရာ့ကိုပဲ တကယ့် လူသိလူတတ် လူတော်ကြီး အမှတ်နဲ့ အထင်ကြီးနေရှာတာ။

တာရာဟာလည်း ယောကျ်ားတစ်ယောက်ပီပီ ပါးနပ်လျင်မြန်မှုတော့ ရှိပါသေးသည်။ သူ့ကို တကယ့် ဓာတ်ပုံဆရာအမှတ်နဲ့ ပတ်သက်နေကြသော ကောင်မလေးအုပ်စုထဲမှာ သောတရုံနှင့် ယုဝတီ ဆိုသည့် နှစ်ယောက်ဟာ သူ့ကို စိတ်ဝင်စားနေကြမှန်း တာရာက ရိပ်မိတာပေါ့။

နှစ်ယောက်စလုံးဟာ သူဌေးသမီး အချောအလှတွေချည်း။ သူ့အနေနဲ့ ချက်ချင်းလက်ငင်း သူဌေးသမက် ဖြစ်ကာ ကြီးပွားချင်သည်ဆိုလျှင် အကောင်းဆုံး ဖြတ်လမ်းတစ်ခုအတွက် ထိုမိန်းကလေး နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးပြီး ကပ်လိုက်နိုင်သည်။

တကယ်လို့သာ ဒီအုပ်စုထဲမှာ ယုဝတီ တစ်ယောက်တည်း ပါလာမည်။ ဒါမှမဟုတ် ယုဝတီနဲ့ တခြား မိန်းကလေး တစ်ယောက် ဖြစ်နေမည်ဆိုလျှင်တော့ တာရာဟာ ရသည့်အခွင့်အရေးကို ယူချင်ယူမိမှာ။

အခုတော့ ... သောတရုံ ဆိုသည့် မိန်းကလေးအပေါ် သူက အခွင့်အရေး မယူချင်၊ မယူရက်။ တကယ့်ကို ဖြူစင်ရိုးသားသော လူတိုင်း လူတိုင်း သူမ,လိုပဲ ဖြူစင်လိမ့်မည်လို့ ယုံကြည်နေရှာသော ဒီမိန်းကလေးကို ဘယ်သူကများ မတရား အနိုင်ယူရက်မှာလဲ။

"သောတတို့က မပြန်ကြသေးဘူးလား"

"ပြန်မှာပေါ့ ... ဘာဖြစ်လို့လဲ၊ ပြန်စေချင်ပြီလား ..."

"ကျွန်တော်ကတော့ ဘယ်ပြန်စေချင်ပါ့မလဲဗျာ ...၊ ဟို ကျွန်တော့်ကို အားပေးကြတဲ့ ဖောက်သည်တွေ ဒီမှာရှိနေလေ အလုပ်ပိုဖြစ်လေပေါ့ ..."

သောတရုံရဲ့ မျက်နှာ တစ်မျိုးလေး ပြောင်းလဲသွားတာမို့ တာရာက စကားကို ပြန်ဖာထေးလိုက်ရခြင်းပင်။ သို့သော် သောတရုံကဖြင့် သတိမူမိပုံ မရ။

"ကိုတာရာက ဒီမှာ နေလာတာ ကြာပြီလားဟင်"

တာရာ မျက်နှာ ပျက်သွားသည်။ သောတရုံကို အမှန်အတိုင်းလည်း အဖြေပေးချင်သည်။ ဖြေလို့ကလည်း မဖြစ်။

ဒီလိုပုံစံနဲ့ ဘယ်လောက်ကြာကြာ နေနိုင်မလဲဆိုတာကိုက တွေးလို့မရသေးချေ။ သူဟာ ယုတ်မာကောက်ကျစ်သောရည်ရွယ်ချက် မပါဝင်ပါဘဲနှင့် ဖြူစင်သော အမျိုးကောင်း သမီးလေး တစ်ယောက်ကို လိမ်ညာလှည့်စားမိသလို ဖြစ်နေပြီ။





တကယ်လို့များ သူ့ရင်ထဲက ဆန္ဒအတိုင်း သူတို့တွေ ဆက်လက်ပတ်သက်ကြဖို့ ရှိလာပြီဆိုလျှင် ထိုလိမ်ညာမှုသားတွေကို ဘယ်လို စီရင်ရပါ့။

သောတရုံ ရှေ့မှာ အမှန်ကို ဝန်ခံလိုက်ချင်စိတ်က ပြင်းပြင်းထန်ထန် ပေါ်လာခဲ့သလို တစ်ဖက်ကလည်း အမှန်ကို ဝန်ခံလိုက်တာနဲ့ တပြိုင်နက်တည်း သူ့အခြေအနေဟာ ချောက်ထဲကို ဦးစောက်ကျွမ်းပစ်ကျသလို ကျဆင်းသွားတော့မည်မှန်း စိုးရိမ်နေမိသည်။

တကယ်တော့ သူဟာ ဘာတန်ဖိုးမှမရှိသူ တစ်ယောက်၊ လူတစ်ယောက်ရဲ့ ဘဝအတွက် အောက်တန်းအကျဆုံး ဖြစ်စေသည့် အလုပ်တစ်ခုကို လုပ်ခဲ့ဖူးသူ တစ်ယောက်။ ဒါကိုသာ သောတရုံ သိသွားလျှင် ...။

"ကိုတာရာ ... ဘယ်လိုဖြစ်နေတာလဲ ...၊ ကြက်ဥအလုံးလိုက် မျိုမိထားတာ ကျနေတာပဲ ..."

"ဘာရယ် ..."

"ကြက်ဥ မျိုမိထားတာလေ ...၊ သောတ ငယ်ငယ်တုန်းကပေါ့ ... အိမ်မှာ ထမင်းချက်တဲ့ ဒေါ်မြမေ ဆိုတာ ရှိတယ်၊ အဲဒီ မိန်းမကြီးကလေ ဟင်းသိပ်ခိုးစားတာ ...၊ တစ်နေ့ကျတော့ အိမ်မှာ ကြက်ဥတွေ ပြုတ်ထားတာကို

သူက ခိုးစားဖို့အလုပ် မေမေက မီးဖိုထဲလည်း ဝင်သွားရော ဘာလုပ်ရမှန်း မသိဘဲနဲ့ ပါးစပ်ထဲ ပစ်ထည့်ပြီး အလုံးလိုက် မျိုချလိုက်တာ ... ပြန်ထုတ်လို့လည်း မရ ... ဗိုက်ထဲကျသွားအောင်လည်း မျိုမချနိုင်နဲ့ လည်ချောင်းဝမှာ နင်ပြီး မျက်ရည်တွေကျ ... တအင့်အင့်နဲ့ ဖြစ်နေရော ... သူ့ မျက်လုံးကြီး ပြူးထွက်ပြီး မျက်နှာကြီး နီရဲဖောင်းအစ်လာတာကိုများ သောတတော့ ခုထက်ထိ မှတ်မိသေးတယ်"

ပြောရင်း သောတရုံက ရယ်နေသည်။ တာရာ့မှာတော့ သူမ,လို လိုက်ပြီး မရယ်နိုင်၊ သောတရုံ ပြောသလိုပါပဲ၊ သူ့အဖြစ်ကလည်း ကြက်ဥတစ်လုံး လည်ချောင်းဝ တစ်နင်နေသလို မျိုချလို့လည်း မရ၊ အန်ထုတ်ဖို့လည်း မစွမ်းသာ။

ကိုယ့်ရဲ့ ကြီးပြင်းရှင်သန်လာရာ ဘဝကို ပထမဆုံးအကြိမ်အဖြစ် စိတ်နာမိတော့သည်။

တာရာဟာ ဖြစ်သလိုနေထိုင်၊ ဖြစ်သလို ရုန်းကန်လှုပ်ရှားနေခဲ့ရသည့် သူ့ဘဝကို ဘယ်တုန်းကမှ စိတ်လည်မပျက်ဖူး၊ အပြစ်လည်း မမြင်ဖူး၊ နောင်တလည်း မရဖူးပါ။ အခုတစ်ကြိမ်ဟာ ပထမဆုံးပဲ ဖြစ်သည်။ ပထမဆုံး ဖြစ်သလို ပြင်ပြင်းထန်ထန်လည်း ရှိလှလေသည်။





"ဟင် ... သောတ ပြောတာကို လိုက်လည်း မရယ်ဘူး၊ ဘာလဲ ... ရယ်စရာ မကောင်းဘူး ထင်လို့လား၊ ရယ်စရာ မကောင်းလည်း ယဉ်ကျေးမှုအနေနဲ့တော့ ရယ်ပေးသင့်တာပေါ့ ..."

"ရယ်စရာ မကောင်းလို့ မရယ်ချင်တာ မဟုတ်ဘူး သောတ ... မရယ်နိုင်တာ ...၊ ကျွန်တော့် အဖြစ်ကလည်း သောတတို့ အိမ်က ထမင်းချက် အဒေါ်ကြီးလိုပဲ တကယ်ဖြစ်နေတာ၊ ကျွန်တော်က သူ့ထက် ပိုတောင်ဆိုးသေးတယ်၊ သူ မျိုချမိတာက အကောင်အထည်ရှိပြီး ဖယ်ရှားလို့လွယ်တဲ့ ကြက်ဥ ... ကျွန်တော် မျိုချမိတာက အကောင်အထည် မရှိဘဲနဲ့ ဘယ်တော့မှ ဖယ်ပစ်လို့ မရနိုင်တော့တဲ့ ဘဝအမှားဆိုတဲ့ အရာ ..."

ဘာတွေလဲ ... သူ ဘာတွေ ပြောနေတာပါလဲ။ သောတက တကယ့်ကို နားမလည်နိုင်။

အတူပါလာသည့် လူတွေအားလုံး ယုဝတီရဲ့ မိတ်ဆွေ ဦးရန်ပြေ ဆိုသည့် လူကြီး တည်ခင်းဧည့်ခံနေသည့် နေ့လယ်စာကို စားသုံးဖို့ ဟိုတယ်စားသောက်ဆိုင် ထွက်သွားကြချိန်မှာ သောတက ကိုယ်နဲ့ မသိသူတစ်ယောက် ကျွေးတာကို မစားချင်လို့ အတင်းပဲ နေခဲ့မိတာ။ အဲဒီလို ကုတ်ကပ်နေခဲ့မိခြင်းရဲ့

အကျိုးကျေးဇူးအဖြစ်နဲ့ ဓာတ်ပုံတွေ လာပေးသော တာရာနဲ့ နှစ်ယောက်တည်း တွေ့ဆုံစကားပြောခွင့် ရခဲ့တာလေ။

ထိုအဖြစ်ကလေးကို သောတက ကြည်နူးပီတိဖြစ်နေသလောက် သူကဖြင့် မချိမဆန့် ရှုံ့တိရှုံ့မဲ့ ရုပ်ကြီးနဲ့ ဘာတွေ ဖြစ်နေတာလဲ။ ယုဝတီကို မတွေ့ရလို့ မကျေနပ်ဖြစ်နေတာလား။

"ယုဝတီ မရှိလို့ ကိုတာရာ ပျင်းနေတယ် ထင်တယ် ...၊ သောတက ယုလို ဝေဝေဆာဆာ ပြောပြီး ကောင်းကောင်း ဧည့်မခံတတ်လို့လေ၊ ဒါပေမဲ့ ခဏတော့ သည်းခံစောင့်နော် ... သူတို့က အခန်းနှစ်ခန်းလုံး သော့ခတ်ပြီး ထွက်သွားတာဆိုတော့ ပိုက်ဆံရှင်းပေးစရာ မရှိလို့ ..."

"ပိုက်ဆံက အရေးမကြီးပါဘူး၊ နောက်တစ်ခေါက် လာယူမှာပေါ့ ... ယုဝတီ မရှိတာလည်း အရေးမကြီးပါဘူး"

သူ့ကိုဆို ကိုယ်နဲ့ ဒါမှမဟုတ် ယုဝတီနဲ့လို့သာ တွဲမြင်ထားခဲ့သော သောတမှာ 'ယုဝတီ မရှိလို့လည်း အရေးမကြီး' ဆိုသဖြင့် တအံ့တသြ ဖြစ်သွားရကာ ကိုယ့်နှုတ်ကိုပင် ကိုယ်မထိန်းနိုင်လိုက်တော့ဘဲ ...

"ဟင် ... ရှင်က ယုကို မဟုတ်ဘူးလား၊ ယု မဟုတ်ရင် ဘယ်သူလဲ ... စုစုစံလား၊ ပြုံးလား ..."





"ဪ ... ခက်တာပဲ ... ကျွန်တော်က အရေးမကြီးတာတွေကိုပဲ ပြောနေတာပါ"

တာရာက စကားကို ခဏရပ်ထားလိုက်သည်။ နောက်ဆက်တွဲ စကားကို ဆက်ပြောသင့် မပြောသင့် တော်တော်လေး အချိန်ကြာအောင် စဉ်းစားနေပြီးမှ အသံခပ်တိုးတိုးဖြင့် ...

"ကျွန်တော့်အတွက် တကယ်အရေးကြီးတာက သောတကို တွေ့ရဖို့ပါ"

အို ... ထင်မှတ်ထားခဲ့ဖူးသော်လည်း ရာခိုင်နှုန်းပြည့်တော့ မမျှော်လင့်ရဲခဲ့သော စကားတစ်ခွန်းကို ကြားလိုက်ရ၍ သောတ ပါးပြင်လေး ရဲရဲနီစွေးကာ ရင်တွေ တလှပ်လှပ် ခုန်သွားရသည်။

တကယ်လို့သာ ထမင်း ထွက်စားသည့် အုပ်စုတွေ ဝရန်းသုန်းကား ဆူညံပူညံဖြင့် ပြန်ရောက်မလာခဲ့ကြဘူးဆိုလျှင် သူတို့နှစ်ယောက်ရဲ့ စကားတွေဟာ ဘယ်အထိ ဆက်ဖြစ်ကြမလဲ မသိနိုင်ပါ။

သောတ ကတော့ အဖြစ်အပျက်ကိုတွေးကာ ကြည်နူးလို့ကိုဖိုလျက် တာရာ ကတော့ ရှေ့ရေးကို ကြိုမြင်ပြီး ရင်ထဲ လောင်မြိုက် ကျွမ်းမြည့်လျက် ...။

"ရော့ ... ရော့ ... ဒီမှာ စာယူထား ... မမအေးက လှမ်းကြည့်နေတာနော် ... အခု မဖောက်လိုက်နဲ့ဦး"

လက်ထဲသို့ စာတစ်စောင် အတင်းထိုးထည့်ပေးပြီး တိုးတိုးတိတ်တိတ် မှာနေသော ယုဝတီ့ကို သောတ,က ဘယ်လိုမှ နားမလည်နိုင်ပါ။

ယုဝတီဟာ ရုတ်တရက်ကြီး ပြောင်းလဲသဘော ကောင်းလာတာ၊ အစက တာရာ့ကို ရင်းနှီးမှုရအောင် ကြိုးစားရာမှ သောတနဲ့ ပြိုင်တော့မလို ရှိနေပြီးမှ အခုကျတော့လည်း သောတနဲ့ တာရာတို့ အဆင်ပြေသွားဖို့ သူကပဲ အားသွန်ခွန်စိုက် ကြိုးပမ်းနေပြန်သည်။ သူ့ပုံစံ ကြည့်ရတာ သောတတို့ အဆင်ပြေ ချစ်မက်သွားကြဖို့အတွက် ကာယကံရှင်တွေထက်တောင်မှ လိုလားနေသေးပုံပင်။





ဒါဟာ ဘာသဘောလဲ။ ယုဝတီဟာ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ချစ်သူစိတ်ချမ်းသာရေးအတွက် ဘာကိုမဆို စွန့်လွှတ်အနစ်နာခံမည့် မိန်းမစားမျိုးလား။ သူမ ရင်ထဲမှာ တကယ့်ကို အဖြူထည်သက်သက်ဖြစ်သော အချစ်စစ် တစ်ခု ပေါ်ထွန်းလာခဲ့တာပဲလား။

ယုဝတီ ပုံစံ ကြည့်ရတာတော့ (ကိုယ်ကိုယ်တိုင်ကလည်း အမြင်မကြည်လင်လှတာမို့လား မသိ) သဘောမနော ကောင်းလျက် အနစ်နာခံတတ်မည့်ပုံ မရပါ။ အပေါ်ယံနဲ့ အတွင်းစိတ် တခြားစီ ဖြစ်နေရင် ဒါမှမဟုတ် အချစ်ကြောင့် ပင်ကိုယ်စိတ်ထားက အပြောင်းအလဲ ဖြစ်သွားရင်တော့ မပြောတတ်ဘူးပေါ့လေ။

ယုဝတီတစ်ယောက်ကတော့ သောတရုံနဲ့ တာရာတို့ နှစ်ယောက်ကြားမှာ အသည်းအသန်ကို ဝင်ကူနေတော့တာပင်။

ကူညီမည့်သူ ရှိတော့လည်း နဂိုကတည်းက ယိုင်ချင်ချင် ဖြစ်သော နှလုံးသားက ဗုန်းဗုန်းလဲကျရုံသာ ရှိတော့တာပေါ့။ ကိုယ့်စိတ်ကိုယ် မနိုင်ရသည့်ကြားထဲ ယုဝတီက တစ်ချိန်လုံး နောက်လိုက် ပြောင်လိုက်၊ တိတ်တခိုး စွပ်စွဲလိုက်၊ သိသိသာသာ တွန်းပို့လိုက် လုပ်နေပေတော့တာကိုး။

မြန်သည်လို့ပဲ ဆိုချင်ဆို၊ အညာလွယ်သည်ပဲ ပြောချင်ပြော၊ မိန်းမ, ဈေးဖျက်သည်လို့ အပြစ်တင်ချင်တင်၊ တာရာနဲ့ စ,တွေ့ပြီး ခြောက်ရက်အတွင်းမှာပဲ သောတက သူ့ကို အဖြေပေးလိုက်မိလေသည်။

ပတ်ဝန်းကျင်က တိုက်တွန်းတာတော့ တိုက်တွန်းတာပေါ့လေ။ သောက ကိုယ်တိုင် ကလည်း ဟန်မှမဆောင်နိုင်တော့တာ။

ကိုယ် တကယ်ချစ်သူ တစ်ယောက်ကို အဖြေပေးဖို့အတွက် ဟန်ဆောင်ထိန်းချုပ်မှုတွေ မလိုအပ်ဘူးဟု သောတ က ထင်ပါသည်။ သူ့ကို သောတ တကယ်ချစ်သည်ဆိုတာ ကိုယ့်ဘာသာ သေချာသည်။ ဒီအဖြေဟာ အခုပေးလည်း ဒါပဲ။ နောက်ထပ် သုံးလေးလလောက် (ဝတ္ထုရေးအရ အိုက်တင်ခံပြီးမှ) ကြာမှ ပေးလည်း ဒါပဲ။ ဘာပဲကွာသွားသလဲဆိုတော့ တမင်သက်သက် အိုက်တင်ခံတတ်တဲ့သူ ဖြစ်တာနဲ့ ရိုးသားဖြောင့်မတ်သူ တစ်ယောက် ဖြစ်တာပဲ ကွာမှာ။

သောတကတော့ ကိုယ့်ချစ်သူအပေါ် ရိုးသားဖြူစင်ချင်တာရယ် ... သူ့ကို စိတ်ချမ်းသာစေချင်သည့် စေတနာရယ်ပဲ ရှိသည်။ အဲဒီအတွက် ချစ်သူက ကိုယ့်ကို အညာလွယ်လွန်းလှ





ချည်ရဲ့လို့ အထင်မသေးလောက်ဘူးဟုလည်း သောတက ယုံကြည်ထားသည်။

အဓိကလိုရင်းက သောတတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြဖို့ပဲ မဟုတ်လား။ ကိုယ် တကယ်မပိုင်သည့် အချိန်တွေကို ကိုယ်ပိုင်ပစ္စည်းလို သဘောထားပြီး ဘာလို့ နေ့ရွှေ့ညရွှေ့ ရွှေ့နေတော့မလဲ။ နောက်ပြီး သောတတို့မှာ အချိန်ကလည်း သိပ်ရှိတာမှ မဟုတ်။ နောက်တစ်ရက် နှစ်ရက်လောက်နေလျှင် သူတို့က ပြန်တော့မှာ။ ပြန်သွားပြီးလျှင် တစ်ယောက်နဲ့တစ်ယောက် ပြန်တွေ့နိုင်မလား မတွေ့နိုင်တော့ဘူးလား ဆိုတာလည်း မသေချာ။ ကဲ ... ဒီမသေချာ မရေရာချင်းတွေကို ရင်ဆိုင်နေမဲ့အစား တော့ သတ္တိရှိစွာ စွန့်စားလိုက်တာက ပိုကောင်းသည် မဟုတ်လား။

"သောတတို့ နှစ်ယောက်က သိပ်လိုက်တာပဲနော် ...
ကိုတာရာကလည်း သောတကို သိပ်ဂရုစိုက်တာပဲ ..."

လူလစ်လျှင် လစ်သလို ယုဝတီက တိုးတိုးလေး ကပ်ပြီး ချီးကျူးတတ်ပြန်သည်။ သူ့စကားက တကယ် စိတ်ထဲက ပါလို့ ပြောတာ ဟုတ်ဟုတ်, မဟုတ်ဟုတ် သောတကလည်း ကျေနပ်လှသည်ပင်။

"ယုကတော့ ကုသိုလ်ရမှာပဲ၊ သောတတို့နှစ်ယောက်ကို အဆင်ပြေအောင် ကူညီပေးခဲ့ရလို့လေ"

"သောတကလည်း ယု ကျေးဇူးကို မမေ့ပါဘူး၊ တွေ့ကာစက ဆိုရင်လေ ယုကို သောတက မာနကြီးတယ် ထင်နေတာ ... သူများကိစ္စလည်း စိတ်မဝင်စားတတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ ဂရုစိုက်တတ်တဲ့ လူမျိုးလို့ ထင်ထားတာ၊ အခုတော့ အထင်နဲ့အမြင် လွဲတာပဲ၊ ယုက သိပ်စေတနာကောင်းတာနော်"

"တခြားနေရာဆိုရင်တော့ ကောင်းချင်မှ ကောင်းမှာပါ"

ကိုယ့်စိတ်ကူးနဲ့ကိုယ် ပြောလိုက်သည့် ယုဝတီရဲ့ စကားကို သောတရုံကတော့ နားမလည်လိုက်ချေ။

ယုဝတီကတော့ ရွယ်တူ မိန်းကလေးချင်း အတူတူထူလှ, အလှသည့် သောတရုံကို ကြည့်ကာ စိတ်ထဲကပဲ ပြုံးနေဖြစ်တော့သည်။





ညို့ တစ်သက်မှာ (ညို မှတ်မိသမျှ) သူစိမ်း တစ်ယောက်နဲ့ ပတ်သက်ပြီး ဒီလောက်အထိ စိတ်မပူပန်ခဲ့ဘူးချေ။ အပေါင်းအသင်းများပြီး လူတကာကို ခင်မင်လွယ်သော၊ သနားကြင်နာတတ်သော ညိုဟာ သူများရဲ့ ပြဿနာတွေကို ကိုယ့်ပြဿနာလိုပဲ ပူပန်တတ်မြဲ ဖြစ်ပေမဲ့ ညို့ရဲ့ ထုံးစံသဘာဝအတိုင်း ဘယ်အရာကိုမှ အလွန်အကျွံ စိတ်မပူတတ်ချေ။ ပြဿနာတစ်ခုဆိုလည်း ခဏနဲ့ပဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတတ်တာမျိုး။

သောတရုံနဲ့ ပတ်သက်သည့် ကိစ္စမှာတော့ ညိုဟာ တကယ့်ကိုပဲ စိတ်ပါလက်ပါ ပူပန်စိုးရိမ်မိတာ။ တစ်ပတ်ကျော်လောက် ခရီးအတူထွက်ပြီး တစ်ခန်းထဲ အတူအိပ်လာခဲ့တာမို့ သောတရုံ အပေါ် ညိုက သံယောဇဉ် ဖြစ်မိသည်။ ကလေးမလေး

ဟာ (သူဌေးသမီးလေးပီပီ) ပေါ့ပေါ့နေ ပေါ့ပေါ့စား ဘာကိုမှ အလေးအနက် မရှိ၊ မသိတတ်တာကလွဲလျှင် စိတ်သဘောထား ဖြူစင်ဖြောင့်စင်းရှာပါသည်။ ညို့ အပေါ်လည်း တလေးတစား အားကိုးယုံကြည်ရှာတာ။

သောတရုံနဲ့ ယုဝတီ နှစ်ယောက်ဟာ ပြိုင်ဘက်တွေလိုမျိုး သိသိသာသာ ယှဉ်တွဲကြည့်လောက်စရာ ဖြစ်နေပေမဲ့ ညို့ အမြင်မှာတော့ အရည်အချင်းက တခြားစီ။ သောတရုံက ရိုးအ, ထုံဖျင်းသလောက် ယုဝတီက လည်ပတ်ပါးနပ်သည်။ နောက်ပြီး ညို စိတ်အထင် အငြိုးကြီးပြီး ရက်စက်တတ်သလိုပင်။

ယုဝတီဟာ သောတရုံကို တာရာ ဆိုသည့် ဓာတ်မုံ ဆရာလေးနဲ့ အောင်သွယ်နေတာ။ ပထမတော့ သူတို့နှစ်ယောက် စလုံးဟာ ကောင်လေးကို ဝိုင်းလုကြတော့မလို အပြိုင်အဆိုင် ဖြစ်ကြတော့ မလိုလို ရှိနေရာက ချက်ချင်း လက်ငင်းပဲ ပုံစံပြောင်း သွားကာ ယုဝတီက ဘေးလူအောင်သွယ်ဘဝကို ရောက်သွားတော့ တာ။

ကောင်လေးက ရုပ်ကလေးချောပြီး စိတ်သဘောထား လေး မဆိုးပေမဲ့ အဆင့်အတန်းတော့ ရှိပုံမရ။ သောတရုံလို မိန်းကလေး တစ်ယောက်နဲ့ဆိုလျှင် ဘဝချင်းက မိုးနဲ့မြေလို ကွာခြားတာ။ သူတို့နှစ်ယောက်ရဲ့ ရှေ့ခရီးဟာ အဆင်ပြေချောမွေ့ဖို့





မလွယ်လှဘူး ဆိုတာ ထိုစဉ်ကတည်းက ညို စိတ်ပူခဲ့ပါသေး သည်။

သို့သော်လည်း သူတို့တွေဟာ ကိုယ်နဲ့ သွေးသား တော်စပ်တာလည်း မဟုတ်၊ နဂိုကတည်းက သိကျွမ်းရင်းနှီးလာ တာလည်း မဟုတ်ရကား ညိုက သူတို့ကိစ္စထဲ ဘာမှ ဝင်မစွက် ဖက်ဖို့ ဆုံးဖြတ်ထားခဲ့ပါသည်။ အဲဒီတုန်းကတော့ သူဌေးသမီးနဲ့ အညတရ ဓာတ်ပုံဆရာလေးတို့ရဲ့ မျှခြေမညီသည့် အချစ်ဇာတ် လမ်း တစ်ပုဒ်ပဲလို့ ထင်ထားခဲ့မိတာကိုး။

ရန်ကုန်ပြန်ရောက်ပြီးမှ မမအေးဆီက နောက်ဆက် တွဲ သတင်းကို ကြားလိုက်ရသည့် အခါမှာတော့ ညို ဘယ်လိုမှ ဘေးထွက်မနေနိုင်တော့။

သူမတို့ သိခဲ့သည့် ဓာတ်ပုံဆရာလေးဟာ တကယ့် ဓာတ်ပုံဆရာမှ မဟုတ်ဘဲ။ ချောင်းသာမှာ နေခဲ့တုန်းက ယုဝတီနဲ့ အသိဖြစ်နေသော ဦးရန်ပြေ ဆိုသည့် လူထံက ကင်မရာကို ခိုးသွားသည့် သူခိုးတစ်ယောက်တဲ့။

ထိုသတင်း ကြားရစဉ်ကဆိုလျှင် ညို့မှာ အံ့သြမှင် တက်ကာ ကျောက်ရုပ်ဖြစ်သွားလားလို့တောင် ထင်မိသည်။ မယုံနိုင်စရာ။ ခပ်ငြိမ်ငြိမ်၊ ခပ်အေးအေး ရှိကတတ်သော။ ဆင်းရဲပေမဲ့ ရိုးသားပုံပေါက်သော တာရာဟာ သူခိုးတစ်ယောက်တဲ့လား။

ချောင်းသာမှာ ညိုတို့ရှိစဉ်က ကင်မရာ တလွယ်လွယ်နဲ့ ဓာတ်ပုံဆရာ ဟန်ဆောင်နေခဲ့သော ကောင်လေးဟာ ညိုတို့ပြန်လာသည့် နေ့မှာပဲ ကင်မရာကို သူ့ ပိုင်ရှင်ထံ ပြန်အပ်လိုက်သည်ဆိုလား။ သက်သေခံ ပစ္စည်းနဲ့ လက်ပူးလက်ကြပ် ဖမ်းမိလိုက်သည်ဆိုလား သိပ်တော့ မရေရာ။

ကိုယ့်အမှားကိုသိပြီး ပစ္စည်းကို ကိုယ်တိုင်ပြန်အပ်တာပဲ ဖြစ်ဖြစ်၊ ဖမ်းမိတာပဲ ဖြစ်ဖြစ် သူများပစ္စည်းခိုးတဲ့လူတစ်ယောက်ဆိုတာ ဘယ်လောက် ကြောက်စရာကောင်းသလဲ။

မိန်းကလေးတစ်ယောက်ရဲ့ အိမ်ထောင်ဖက်ဟာ သာမန်ဆင်းရဲရုံလောက် ဆိုရင်တော့ ဒါဟာ သူ့မိဘတွေပဲ ပူပန်ရမည့် ကိစ္စ၊ ညိုတို့လို ဘေးလူတွေနဲ့ မဆိုင်။ အဲ ... အကျင့်စာရိတ္တ မကောင်းသည့် သူခိုးကြမ်းပိုးတစ်ယောက် ဖြစ်နေပြီဆိုလျှင်တော့ ညိုတို့လည်း လက်ပိုက်ကြည့်နေလို့ မရတော့ချေ။

ကြားသုံးကြား မဝင်ကောင်းဘူးဆိုပေမဲ့ ညိုကတော့ (စွန့်စားစွာ) သောတရုံကို ခေါ်တွေ့ပြီး တာရာ့ရဲ့ သတင်းကို ပြောပြရပါသည်။

သူ့ချစ်သူရဲ့ သတင်းကို ကြားလိုက်ရရော မျက်နှာလေး ဪက်ယွင်းညှိုးမှိန်သွားရှာသည့် သောတရုံရဲ့ ပုံစံကလေးက သနားဖို့ ကောင်းလွန်းလှသည်။





သောတာရုံကို ကြည့်ပြီး ကိုယ်ပြောမိတာ မှားပြီလားလို့တောင်မှ ညိုက နောင်တရချင်နေသည်။ အို ... ဘာတတ်နိုင်မှာလဲလေ။ စောစောစီးစီး သိရလို့ စိတ်ဆင်းရဲရတော့လည်း ခဏပေါ့။ အချိန်မီ မသိလိုက်ရဘဲ အချိန်လွန်သွားတော့မှ ဒုက္ခရောက်မှာ။

“ကဲ ... အဲဒါပဲ သောတ ... မမညိုက သောတနဲ့ သိဟောင်းကျွမ်းဟောင်း မိတ်ဆွေရင်းချာ မဟုတ်ပေမဲ့ ကိုယ့်ညီမအရွယ် မိန်းကလေးတစ်ယောက် ဒုက္ခတွေ့မှာကို မကြည့်ရက်လို့ အမုန်းခံပြီး သတိပေးရတာ”

“မမညိုကို သောတ မမုန်းပါဘူး ... ဒါပေမဲ့ မမညို ပြောတာတွေဟာ အမှားတွေပါနော် ... မှားနေတယ်မို့လားဟင်၊ သောတကို လိမ်နေတာမဟုတ်လား”

ညိုက သောတကို ကြည့်ပြီး စိတ်မကောင်း။ ကိုယ့်သတင်းမှားစေချင်လွန်းလို့ အပြင်းအထန် ဆုတောင်းနေရှာသူလေးကို ဘယ်လိုလုပ်ပြီး အမှန်တွေပါလို့ အာမခံရက်မလဲ။

“သောတ သူ့ကိုချစ်တယ် မမညို၊ မခွဲနိုင်ဘူး၊ သူက သောတတို့လို ချမ်းသာတဲ့လူ မဟုတ်လို့ လူကြီးတွေက သဘောမတူလည်း သောတကတော့ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ပြီးသား ... ဒါပေမဲ့ ... ဒါပေမဲ့ ...”

သောတ အသံလေး တိမ်ဝင်သွားရှာသည်။ ညိုက တော့ စိတ်မကောင်းမိပေမဲ့ ကိုယ့်ဘက်က တာဝန်ကျေသွားပြီ ရယ်လို့ တစ်ဖက်ကလည်း ပေါ့ပေါ့ပါးပါး ဖြစ်မိသည်။

“မဖြစ်သင့်တာ တစ်ခုအတွက် စိတ်အလိုမလိုက်သင့်ဘူး လို့ မမညို ထင်တာပဲကွယ်”

မျက်ရည်ဝိုင်းသော မျက်လုံးလေးတွေကို မကြည့်ရက် တာမို့ ညိုက မျက်နှာကို ခပ်လွှဲလွှဲ လုပ်ထားရပါသည်။

သူ့ချစ်သူ တစ်ယောက်လုံးရဲ့ မကောင်းကြောင်းကို သိသွားပြီးနောက်မှာ ဒီလောက်တော့ ခံစားရရှာမှာပေါ့လေ။ ကိုယ်တိုင် မကြုံဖူးပေမဲ့ စာရေးဆရာမ တစ်ယောက်ဖြစ်သော ညိုဟာ ထိုခံစားချက်ကို ကိုယ်ချင်းစာ နားလည်နိုင်ပါသည်။

သို့သော် ညိုတို့ကတော့ အဲဒီ ခံစားကြေကွဲမှုကို ကျော်လွှန်သွားသည့် အချိန်ကိုပဲ စောင့်မျှော်ရမည်လေ။ မုန်တိုင်း ထန်ပြီးသည့်နောက်မှာ ရာသီဥတုဆိုတာ ပြန်ကြည်လင်လာစမြဲ ပဲ မဟုတ်လား။





“မဟုတ်ဘူး ... မဟုတ်ဘူး ... ဟုတ်ကို မဟုတ်ဘူးကွာ”

တာရာက သွေးရူးသွေးတန်း အော်ဟစ်ပစ်ဖို့သာ တတ်နိုင်လေသည်။

ကိုယ့်ကို စိမ်းကားရက်စက်စွာ ကြည့်နေသည့် မျက်ဝန်းစူးစူးလေးတွေကို ရင်မဆိုင်ရဲ။ အမြဲတမ်း ဖြူစင်ကြည်လင်နေတတ်မြဲသော သောတရဲ့ရဲ့ မျက်ဝန်းတွေမှာ နောက်ကျိ ရှုပ်ထွေးခြင်း၊ စိမ်းကားအေးစက်ခြင်း၊ အထင်သေးခြင်း၊ ဝမ်းနည်း ကြေကွဲခြင်းတွေ ပေါင်းယှက်နေပေရာ ထိုမျက်ဝန်းတွေနဲ့ စိုက် ကြည့်ခံရသူ တစ်ယောက်အတွက် မခံချိမခံသာ ဖြစ်ဖွယ်ကောင်း လှသည်။

အခုနေမှာ အလွန် ကြောက်စရာကောင်းသည့် မကောင်းဆိုးဝါးကြီးတစ်ကောင်နဲ့ ရင်ဆိုင်တွေ့နေရမည်ဆိုလျှင် တောင် သူက ဒီလောက် ကြောက်မိမှာ မဟုတ်ချေ။

“ပြောလေ ... မဟုတ်ဘူးဆိုရင် အထောက်အထား ခိုင် ခိုင်လုံလုံနဲ့ ရှင်းလေ”

သောတရုံက တည့်တည့်လင်းလင်း မေးတော့လည် တာရာ့မှာ ဖြေစရာ မရှိချေ။ မရှိဆို အဖြစ်အပျက်က အမှန်အတိုင် ပဲဟာ။ အစတည်းက ထပ်ရှင်းစရာ မလိုလောက်အောင် ရှင်းလင် ပြတ်သားနေပြီးသား။

တာရာဟာ သူများပစ္စည်းကို မတရားအချော လိုချင်ခဲ့ဖူးသော ... ယူလည်းယူခဲ့ဖူးသော လူဆိုး၊ သူခိုးတစ်ယောက် ပဲ။ ထိုအဖြစ်အပျက်ဟာ အထင်အမြင် လွဲမှားမှုမဟုတ်။ အမှန်ကယ် ဖြစ်ပျက်ခဲ့သော အရာဖြစ်သည်။ နောက်နောင်မှာ သူဟာ ဘယ်လိုပဲ ဆင်ခြင်နေထိုင်သည်ဖြစ်စေ တစ်ကြိမ်တစ်ခါက ကျူးလွန်ခဲ့ဖူ တာကိုတော့ ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ရမှာ မဟုတ်တော့ ချေ။

“ပြောပါ ကိုတာရဲ့၊ ကိုတာ ရှင်းပြတာကို သောတ နား ထောင်ချင်လွန်းလို့ပါ ... ကိုတာ့မှာ အပြစ်မရှိဘူး၊ သူတို့ အထင်မှားကြတာလို့ မမညိုတို့ကို ပြောပြချင်လွန်းလို့ပါ သောတရဲ့ ချစ်သူဟာ အပြစ်ကင်းတဲ့ လူတစ်ယောက်လို့ ဂုဏ်ယူချင်လွန်းလို့ပါ”





ဘယ်လောက်များ သနားဖို့ ကောင်းလိုက်ပါသနည်း။ သူ့ရဲ့ ဖြေရှင်းပြမှုကို အရူးအမူး လိုချင် မက်မောနေရှာသော ...န်းကလေးကို ကြည့်လျက် တာရာ ရင်ထဲမှာ နင့်နေသည်။

ဘယ်သူကများ ကိုယ့်ချစ်သူရှေ့မှာ အဖြူစင်ဆုံး၊ အမွန်မြတ်ဆုံး မဖြစ်ဘဲ နေချင်မလဲ။ ကိုယ့်ရဲ့ ရိုးသားဖြောင့်မတ်မှု၊ ...တန်ဖိုးအားဖြင့် ချစ်သူကို ဂုဏ်မတက်စေချင်ပဲ ဘယ်နေမလဲ။

သို့သော် သူကဖြင့် မတတ်နိုင်တော့ပြီ။ သူ့ရဲ့ ...စ်နွမ်းဆိုးပေမှုဟာ ချစ်သူကို ဂုဏ်နိမ့်စေခဲ့ပြီ။ ချစ်သူရဲ့ နှလုံး ...သားကို နာကျင်ထိခိုက်စေခဲ့ပြီ။ ဒါကို ဘယ်လိုမှ ပြင်ဆင်လို့ ...ရနိုင်တော့။

“ပြောလေ ... ကိုတာရဲ့”

သောတ အသံက ငိုသံပေါက်ရုံမက မျက်ဝန်းတို့ ...လက်ကာ မျက်ရည်တွေပင် အိုင်ဖွဲ့ရစ်သိုင်းလာကြပြီ။ သူ ဘာ ...ပ်ရမလဲ။

တာရာက ဘာမပြော ညာမပြောနဲ့ သောတရှေ့မှာ ...တ်ခနဲ ဒူးထောက်ထိုင်ချပစ်လိုက်သည်။ ခေါင်းကိုလည်း မဖော် ...မ်း ငုံ့ထားလိုက်တော့ရင်း ...

“ကိုယ့်မှာ တကယ်ပဲ အပြစ်ရှိခဲ့ပါတယ် ... ကိုယ် အလို ချင်ဆုံး ပစ္စည်းတစ်ခုအတွက်နဲ့ အဲဒီမကောင်းမှုကြီးကို ကိုယ် တကယ်ပဲ ကျူးလွန်ခဲ့တယ် ... ကိုယ့်မှာ အပြစ်မရှိ

ဘူးလို့ သောတာ စိတ်ချမ်းသာအောင် ကိုယ် ရှင်းမပြနိုင်ပါ ဘူး၊ အဲဒီအတွက် သောတာ ကိုယ့်ကို ကြိုက်တဲ့အပြစ်ပေးပါ"

ကိုယ့်ရှေ့မှာ ဒူးထောက် ခေါင်းငုံ့ကာ ယစ်ပူဇော် ခြင်း ခံရတော့မည့် ယဇ်ကောင် တစ်ကောင်လို လည်စင်းပေးနေ သော တာရာကို သောတာက ကြောင်ငေးကာ ကြည့်နေမိသည်။

သူကဖြင့် ဝန်ခံလိုက်လေပြီ။ သောတာ တစ်ချိန်လုံး (သိသိကြီးနဲ့) မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေမိသော အပြစ်တစ်ခု ကို သူက မှန်ကန်သည်လို့ ဆုံးဖြတ်ချက် ပေးလိုက်ပြီ။

ရင်နာစရာ ကောင်းလိုက်တာ။ တကယ်လို့များ သူက ကြံဖန်လိမ်ညာပြောခဲ့လျှင်တောင် သောတာက မျက်စိမှိတ် လို့ ယုံလိုက်ဦးမည်။ တာရာဟာ အမှန်ကို ဝန်ခံလိုက်တာများ ဘယ်လောက်တောင် ရက်စက်သလဲ၊ ဘယ်လောက်တောင်မှ ငဲ့ညှာထောက်ထားမှု ကင်းမဲ့သလဲ။

သူ့အတွက်တော့ အမှန်ကို ဝန်ခံလိုက်လို့ သက် သောင့်သက်သာ ဖြစ်သွားမည်။ ဝန်ပေါ့သွားမည်။ တာဝန်ကျေ သွားမည်။ သောတာ အတွက်ကတော့ အမှန်ကို (မလိုချင်ပါပဲ) လက်ခံလိုက်ရခြင်း ဆိုသည့် ဝန်ထုပ်ဝန်ပိုးကြီးကို တစ်သက်လုံး ထမ်းပေတော့ပဲ။

"ရှင် ... ရှင် ... ဘာဖြစ်လို့ အမှန်အတိုင်း ဝန်ခံလိုက်ရ တာလဲ"





"တကယ်က သောတာကို ချစ်တယ်လို့ မပြောခင်ကတည်းက ကိုယ့်အကြောင်းကို ဖွင့်ပြောဖြစ်ဖို့ပါ ... သောတာ စဉ်းစားတဲ့ အခါကျရင် ထည့်စဉ်းစားနိုင်ဖို့ပေါ့၊ ဒါပေမဲ့ လူဆိုတာ အတ္တသား မဟုတ်လား သောတာရယ် ... အဲဒီအကြောင်း ကို ပြောလိုက်ရင် သောတာက ကိုယ့်ကို လုံးဝ လက်ခံ စဉ်းစားပေးတော့မှာ မဟုတ်ဘူးဆိုတာ သိနေတယ်လေ၊ နောက်ပြီး သောတာကို ချစ်လိုက်မိကတည်းက ရိုးသားဖို့ ဆုံးဖြတ်ပြီးသားပါ၊ ကိုယ်ယူခဲ့မိတဲ့ ကင်မရာကို သူ့ပိုင်ရှင် ဆီ ပြန်ပေးမယ်၊ နောက်နောင်လည်း ဒီအလုပ်မျိုး ဘယ်တော့ မှ မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တာ ... ကင်မရာ ပြန် ထားတဲ့ကိစ္စ အောင်အောင်မြင်မြင်နဲ့သာ ပြီးသွားရင် ဒီကိစ္စ ဘယ်သူမှလဲ သိစရာ မလိုဘူး၊ သောတာလည်း စိတ် အနှောင့်အယှက် ဖြစ်စရာ မလိုဘူးလို့ပဲ ကိုယ်က တွေးထား တာ၊ မထင်မှတ်ဘဲ ကင်မရာကို တိတ်တိတ်လေး ပြန်သွား ထားတဲ့ အချိန်ကျမှ ပိုင်ရှင်နဲ့ တန်းခနဲ တိုးတော့တာကိုး၊ သူ့ပစ္စည်း ပြန်လာပေးတာပါလို့ ဘယ်ယုံတော့မှာလဲ"

ပြောရင်း တာရာက ကိုယ့်အဖြစ်ကို စိတ်နာလာ သည်။ ပစ္စည်းယူစဉ်တုန်းက အမိမခံရ၊ ရိုးရိုးသားသားစိတ်နဲ့ ပြန်ပေးပါတော့မယ်လို့ ဆုံးဖြတ်ပြီး သွားပြန်ထားသည့် အခါကျမှ အမိခံလိုက်ရတယ်လို့။

"ရှင် ... ပြောစမ်း၊ ရှင်ဟာ တကယ့် သူခိုးလား ... ရှင့် အသက်မွေးဝမ်းကျောင်းက သူများပစ္စည်း ခိုးတာပဲလား"

မျက်နှာကို အက်ဆစ်နဲ့ တစ်ကွက်ချင်း တစ်ကွက်ချင်း အပက်ခံနေရသလို ပူလောင်နာကျင်နေသည်။ ကိုယ့်ကို တစ်လောကလုံးက လူဆိုးသူခိုးအဖြစ်နဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဝိုင်းစွပ်စွဲချင် စွပ်စွဲကြပါစေ ... တာရာက ခံနိုင်သေးသည်။ ကိုယ်အချစ်ရဆုံး လူတစ်ယောက်က အထင်သေး အမြင်သေးစွာ ပြောလိုက်တာကိုတော့ ဘယ်လိုမှ မခံနိုင်ချေ။

"ကိုယ် အမှန်အတိုင်း ဝန်ခံရမလား"

"တော်ပါပြီ ... ဝန်လည်းမခံနဲ့တော့၊ ကြားလည်း မကြားချင်တော့ဘူး၊ ရှင့်လိုလူမျိုးနဲ့လည်း မပတ်သက်ချင်တော့ဘူး"

သောတရုံက ခါးခါးသီးသီး အော်ဟစ်ကာ တာရာ့ရှေ့က ပြေးထွက်ခဲ့ပါသည်။ သူ့ရှေ့မှာ ဆက်နေမိလျှင် သူ့ကို သနားမိလိမ့်မည်၊ ခွင့်လွှတ်မိလိုက်မည်။ အဲဒီအဖြစ်မျိုးကို မရောက်ချင်။ ကိုယ်နဲ့ ဘယ်လိုမှ ဆက်လက် ပတ်သက်ဖို့ မဖြစ်နိုင်တော့သည့် လူတစ်ယောက်အပေါ်မှာ နာကြည်းရင်းစွဲရှိသည့် စိတ်အတိုင်းပဲ ထားချင်တော့သည်။





"ညိုရေ ... အရေးကြီးလို့ မမအေး အိမ်ခဏလာခဲ့ပါဦး"

မမအေးရဲ့ ငိုတော့မလောက် ထိတ်လန့်တကြား ဖြစ်နေသော အသံကို ကြားလိုက်ရတာမို့ ညိုလည်း ဘာမှန်းမသိ အမြန်ဆုံး ပြေးသွားရတော့သည်။

ကံကောင်းပေလို့။ ဒီနေ့အဖို့ ဂျူတီမရှိ။ မနေ့ညက နိုက်ဂျူတီ ဆင်းထားပြီး ဒီနေ့တစ်နေ့လုံး အားလပ်နေတာ။ မမအေးကလည်း ခေါ်ရော ချက်ချင်းလက်ငင်း ထ,သွားလိုက်နိုင်သည်မှာ ဆယ့်ငါးမိနစ်အတွင်းနဲ့ မမအေးတို့အိမ် ရောက်သွားတော့သည်။

တံခါးလာဖွင့်ပေးသည့် လေးလေးရဲ့ မျက်နှာဟာ တော်တော်ပဲ မကောင်း။ အရေးတကြီးကိစ္စ ရှိသည် ဆိုတော့ ဆရာဝန်ပီပီ ညိုက ကျန်းမာရေးကိစ္စအတွက်ပဲ ပူပန်မိသည်။ ကျန်းမာရေးဆိုတော့လည်း သူတို့မိသားစုထဲမှာ လူကြီးဖြစ်သည့်

မမအေးတို့ ဖေဖေနဲ့ မေမေ၊ အထူးသဖြင့် နှလုံးရောဂါအခံရှိသော မမအေး အမေ အန်တီကြီးကိုပဲ ပိုပြီး စိတ်ပူမိတာ။

လေးလေး မျက်နှာမကောင်းတော့ ပိုလို့တောင် ပူသွားရသေးသည်။

"လေးလေး ဘယ်သူ့ဘာဖြစ် ... "

"ညို ... သောတရဲ့အမေ ရောက်နေတယ်"

ညို့မေးခွန်းမဆုံးခင် မမအေးက ဖြေးထွက်လာကာ ပြောလိုက်ခြင်းပင်။ ဒီလောက် အရေးတကြီး ဖြစ်နေသည့်အချိန်မှာ သောတရဲ့ အမေ ရောက်နေတာဟာ ဘယ်လောက်များ အရေးပါလို့လဲ။ ဒီစကားကို ဘာကြောင့် အရင်ဆုံး ပြောထွက်ရတာလဲလို့ ညိုက နားဝေတိမ်တောင် တွေးနေမိပါသေးသည်။

ဧည့်ခန်းထဲကို ရောက်သွားလျှင်ကား ညို့ကို မီးဝင်းဝင်းတောက်မတတ်သော မျက်လုံးတွေနဲ့ စိုက်ကြည့်နေသည့် သောတရဲ့အမေ (ဆိုသူ)ကို တွေ့ရတော့သည်။

"သူလား ... ဆရာမရဲ့ ညီမဝမ်းကွဲဆိုတာ"

"ဟုတ်ပါတယ် အန်တီ"

မမအေးရဲ့ မျက်နှာမှာ အားတုံ့အားနာ စိတ်ရှုပ်ထွေးနေသည့်ပုံ ပေါ်နေသလိုပဲ တစ်ဖက်ကလည်း မခံချင်ဖြစ်ဟန်က အထင်းသား။ သူမလို ဣန္ဒြေသိက္ခာ၊ စည်းကမ်းကလနားနဲ့ နေသည့် ကျောင်းဆရာမတစ်ယောက်ကို အိမ်ပေါ်တက်ပြီး ရန်တွေ့





စော်ကားခံနေရသည့် အဖြစ်ကို မမအေး ခများမနည်းသည်းခံနေပုံ ပေါ်လေသည်။

"ဒီက ကလေးမက သောတနဲ့ တော်တော်ရင်းနှီးတယ် ထင်တယ်"

"ဟုတ်ကဲ့ ... အဲ ... အမှန်အတိုင်း ပြောရရင်တော့ ချောင်းသာသွားတော့မှ သောတရဲ့ကို တွေ့ဖူးတာပါ ... အဲဒီမှာ အတူနေခဲ့တဲ့ ခုနစ်ရက်အတွင်း ရင်းနှီးခဲ့တာပဲရှိပါတယ်"

"ရန်ကုန်ပြန်ရောက်ပြီးတဲ့နောက် တစ်ခါမှ ထပ်မတွေ့တော့ဘူးလား ... လုံးဝ အဆက်အသွယ် ပြတ်သွားတာလား"

သောတရဲ့ရဲ့ အမေက ဘာကိစ္စနဲ့ မေးမှန်းမသိ။ ညိုကလည်း တာရာနဲ့ကိစ္စ ခေါ်တားမိတာကို သူ့အမေရှေ့မှာ ဖွင့်ပြောလိုက်မိမှာ စိုးရိမ်စွာ အနည်းငယ် တွန့်ဆုတ်သွားမိသည်။ ညို တွန့်ဆုတ်သွားတာကို မြင်လျှင် သောတရဲ့ အမေကလည်း တစ်စုံတစ်ခု လိမ်ညာ ဖုံးကွယ်ဖို့ ကြိုးစားနေပြီ အထင်ရောက်လျက် ...

"အန်တီ့ကိုတော့ အမှန်အတိုင်း ပြောပြစေချင်တယ်ကွယ်၊ သမီးရဲ့ အသက်အရွယ် အလုပ်အကိုင် ဂုဏ်သိက္ခာနဲ့ ဆိုရင် ဘယ်စကားမဆို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဖို့သင့်တယ် မဟုတ်လား"

အမျိုးသမီးကြီးရဲ့ သဘောကို နားလည်လိုက်တာမို့ ညိုက နှုတ်ခမ်းလေး တွန့်ကွေးလျက် ပြုံးလိုက်မိပါရဲ့။

ညိုကိုယ်တိုင်ကလည်း လိမ်ညာပြောဖို့ စိတ်ကူးလုံးဝကို မရှိတာပါ။ ဒီကိစ္စမှာ ညို့ဘက်က ဘာမှအလွန်မပါ။ သူတို့သားအမိကြား ပြဿနာတွေ မကြီးကျယ်စေချင်လို့သာ ဖုံးကွယ်သင့်သလောက် ဖုံးကွယ်ပေးရမှာ။

"ကျွန်မတို့ ပြန်ရောက်ပြီးတဲ့နောက် သောတနဲ့ နှစ်ခါတွေ့ပါတယ် ... တစ်ခါက ဗိုလ်ချုပ်ဈေးမှာ ဈေးဝယ်ရင်း အမှတ်မထင်တွေ့တာ ... အဲဒီတုန်းက သူတို့ ... သူတို့နဲ့ အတူ မုန့်တောင် လိုက်စားပါသေးတယ်"

"ခဏလေး နေပါဦးကွယ့် ... သူတို့ဆိုတာ ဘယ်သူတွေလဲ သမီးအပြင် ဘယ်သူပါသေးလို့လဲ"

ညို နည်းနည်းတော့ နှုတ်ဆွံ့အသွားမိသည်။ ကိုယ်က တကူးတက လိမ်ညာတာ မဟုတ်သော်လည်း ထိုစကားကိုဖြင့် မပြောချင်။

အဲဒီနေ့က ဗိုလ်ချုပ်ဈေးသွားတော့ သောတနဲ့ တာရာကို သွားတွေ့တာ ... သူတို့နှစ်ယောက် ချောင်းသာမှာ ဇာတ်လမ်းပြီးခဲ့လောက်ပြီလို့ ထင်ထားခဲ့မိသော ညိုဟာ ဈေးထဲမှာ နှစ်ယောက်တွဲ ပြန်တွေ့ရတော့ အံ့တောင် အံ့သြမိခဲ့သေးသည်။





ကဲ ... အခုတော့ အမှန်ကိုပြောမှ ဖြစ်တော့မည်။ ကိုယ်က စကားတစ်ခွန်း ကျွံခဲ့မိပြီကိုး (ကိုယ်က မကျွံလည်း သံသယရှိနေနှင့်ပြီးသား သူကတော့ မေးကိုမေးမှာပင်)။

"ဟုတ်ကဲ့ ... အဲဒီတုန်းက သောတနဲ့အတူ တာရာပါ ပါတယ်"

ညိုက အမှန်ကို (ဘယ်သူမှ အတင်းစစ်မေးစရာ မလိုပါဘဲ) ဝန်ခံလိုက်တော့လည်း သောတရုံအမေရဲ့ မျက်နှာက သူချောင်ပိတ် အမိဖမ်းကောင်းလို့ အဖြေမှန်ရလိုက်သည့် ပုံစံမျိုးနဲ့ ခပ်ထယ်ထယ် ဖြစ်သွားတော့သည်။

"ဒါဖြင့် အချိန်းအချက်လုပ်ထားပြီး ဆုံကြတာပေါ့"

ကြည့်စမ်း ... သောတရုံရဲ့ အမေဟာ ညို့ကို သူ့သမီး ရည်းစားနဲ့ ချိန်းတွေ့တာကို ပါဝင်ကူညီသည်လို့ စွပ်စွဲနေပြီ။

ညို ထောင်းခနဲ ဒေါသထွက်သွားသော်လည်း လူကြီးတစ်ယောက်နဲ့ ဖက်ပြိုင် ရန်ဖြစ်တာမျိုး မလုပ်ချင်၍ ငြိမ်နေလိုက်ရတာပင်။

"အန်တီ အခုလိုမေးတာ စိတ်မရှိပါနဲ့ သမီးရယ် ... အန်တီ့သမီးလေး ဘယ်မှာရှိတယ်ဆိုတာ သမီး သိမှာပဲ ဆိုတဲ့ စိတ်နဲ့ မေးမိတာပါ"

ညိုက ဘာတွေဖြစ်နေပါလိမ့်ရယ်လို့ နားမလည်စွာနဲ့ မမအေးကို လှည့်ကြည့်မိသည်။

"ဒီလို ညိုရဲ့ … သောတက ဒီနေ့မနက်ကပဲ အိမ်က ထွက်သွားလို့"

"တစ်နေရာရာ အလည်သွားတာမျိုးလား"

"မဟုတ်ဘူး … သူ စာရေးသွားတယ် … သူ့ချစ်သူနောက် လိုက်သွားတာတဲ့"

မမအေးက ညို့လက်ထဲ စာတစ်စောင် ထိုးထည့်ပေးသည်။ အားနာပါးနာနဲ့ပဲ ညိုက ဖတ်ကြည့်လိုက်တော့ စာက ခပ်ရိုးရိုးလေး။ ချစ်သူနောက် လိုက်သွားသည့် မိန်းကလေးတိုင်း ရေးနေကျဖြစ်သော 'သမီးချစ်သူနောက် လိုက်သွားပြီ … လိုက်မရှာပါနဲ့တော့' ဆိုတာလောက်သာ။

"တကယ်လား … သူ တကယ်ပဲ တာရာနောက် လိုက်သွားတာလား … မဟုတ်နိုင်ဘူး ထင်တယ်"

ညိုကိုယ်တိုင် တာရာရဲ့ မရိုးသားသည့် အကျင့်စရိုက်ကို ဖွင့်ပြောထားပြီးမို့ သောတတော့ ရှေ့မဆက်တော့ဘူးလို့ ထင်ထားခဲ့တာ။ အခုတော့ သောတက ရှေ့ဆက်သည့်အပြင် အဆုံးစွန်ထိ ဆိုးဝါးသော အလုပ်ကိုပါ လုပ်ချလိုက်ပြီ။

"အန်တီ သိတယ် … အန်တို့ သမီးဟာ သူတစ်ယောက်တည်းဆိုရင် ဘာမှ ဦးဆောင်တတ်, စီစဉ်တတ်တာ





မဟုတ်ဘူး၊ အခု သူ ယောကျ်ားနောက် လိုက်သွားပုံက သေသေသပ်သပ် အကွက်ချပြီးသားပုံမျိုး၊ အဝတ်အစားတွေကအစ အတော်များများ သယ်သွားတာ … ဒါဟာ တစ်ယောက်ယောက်ရဲ့ ဦးဆောင်ကူညီမှု မပါဘဲ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဒါဖြင့် ထိုဦးဆောင် ကူညီပေးသူဟာ ညိုပဲပေါ့။ သောတရုံရဲ့ အမေက အဲဒီလို စွပ်စွဲချင်ပုံရသည်။

"သမီးတို့ကို အန်တီ အပြစ်မတင်ပါဘူး … လူငယ်တွေဆိုတော့ အချင်းချင်း ရိုင်းပင်းကူညီကြမှာပဲပေါ့ … ဒါပေမဲ့ကွယ် … အန်တီတို့ မိဘတွေဘက်ကလည်း ဝင်ခံစားကြည့်ပေးပါ … ကိုယ့်သမီးလေးကို ဒီလို ကလေကချေ ကောင်လေးတစ်ယောက်လက်ထဲ ထည့်ပေးလိုက်ဖို့ဆိုတာ ဘယ် မိဘက စိတ်ကူးမလဲ … သမီးလည်း စာရေးဆရာမ တစ် ယောက်ပဲ … မိဘတွေဘက်က ခံစားချက်ကို နားလည်တတ်မှာပါ"

ဒုက္ခ … ညို ဘာမှမသိသည့် ကိစ္စကြီးတစ်ခုကို စွပ်စွဲပုံချရုံမက ညို့ဆီကပါ သတင်းမေးနေပြီ။ ညို ဘာမှမသိပါဘူး ဆိုလည်း ယုံမှာမဟုတ်။ သူတို့ကိစ္စကို အားပေးအားမြှောက် မပြုရုံမက တားတောင် တားပါသေးသည် ဆိုတာကိုကား ပိုလို့တောင် ယုံမှာမဟုတ်။ ဒါပေမဲ့ မတတ်နိုင်။ အမှန်ကို အမှန်အတိုင်းပဲ ပြောရမည်ပင်။

"ညိုလည်း သောတ ကိစ္စကို အခု အန်တီပြောမှ သိရတာပါ ... ဒီကိစ္စမှာ ညိုရော မမအေးရော လေးလေးရော မပါတာကတော့ သေချာပါတယ် အန်တီ ... ချောင်းသာက ပြန်ရောက်ပြီးကတည်းက ညိုတို့တွေလည်း သောတနဲ့ သိပ်တွေ့ကြတော့တာ မဟုတ်ပါဘူး၊ သောတဟာ သူ့ဘာသာ တစ်ယောက်တည်း ကျိတ်ကြံစည်သွားတာ ... ဒါမှမဟုတ် တခြားတစ်ယောက်ယောက်ရဲ့ အကူအညီကို ယူသွားတာ ဖြစ်ပါလိမ့်မယ် အန်တီ ... သူ့ရဲ့ တခြား သူငယ်ချင်းတွေဆီ လိုက်စုံစမ်းကြည့်ပါဦး"

"အောင်မယ်လေး ညီအစ်မတွေကလည်း တစ်လေသံတည်းပါလားကွယ် ... ဓာတ်တိုက်ထားတဲ့ အတိုင်းပဲ၊ တခြား သူငယ်ချင်းတွေဆီ အရင်မေးပြီးတော့မှ ဒီကိုရောက်လာတာပါကွယ် ... သမီးနဲ့ ချောင်းသာကို အတူပါသွားတဲ့ ပြူးတောင် ဘာမှမသိရှာဘူး"

ညို ဘာစကားမှ ထပ်မပြောတော့။ သမီးအတွက် ပရိဒေဝမီး တောက်လောင်နေသော မိခင်တစ်ယောက်ကို သနားမိပေမဲ့ ပုထုဇဉ်လူသား ပီပီ ကိုယ့်ရဲ့အစော်ကား အထင်လွဲခံရမှု အတွက် မခံချင်စိတ်ကသာ ပိုကဲနေမိတော့သည်။





ဦးရန်ရဲ့ လက်မောင်းကို ချိတ်တွယ်လျက် ရောက်လာသော ယုကို မမအေးနဲ့ (တိုက်ဆိုင်စွာပဲ မမအေးတို့အိမ်သို့ အလည်ရောက်နေသော) မမညိုတို့က တအံ့တဩ ကြည့်နေတာ မြင်တော့ ယုက ဇမ်းသာအားရ ဖြစ်မိလေသည်။

ကြည့်စမ်း ... ယုဘဝက ဘယ်လောက်များ ဂုဏ်မြင့်ဝင့်ထယ်လိုက်သလဲ။

ဦးရန်ရဲ့ မာစီးဒီးကြီးဟာ မြန်မာပြည်မှာ နှစ်စီးတည်းသာ ရှိသည့် အမျိုးအစား။ တစ်စီးကို နာမည်ကြီး လူကြီး တစ်ယောက်က ပိုင်သည်။ တစ်စီးကို ဦးရန်ပြေက ပိုင်သည်။ ဦးရန်ရဲ့ ကားက ပြောင်လက်တောက်ပသော ငွေရောင်ဖြစ်ပေရာ အရောင်အားဖြင့် ပိုတောင်လှသေးသည်။

ယုနဲ့ တွဲလာသည့် ဦးရန်ကိုရော ကြည့်ဦးမလား။ ကာလပါက်ဈေး သိန်းထောင်ပေါင်းများစွာ ချိပြီးတန်သည့် မာစီဒီး

ကားကြီးကို မောင်းမလာနဲ့ဦး၊ တန်ဖိုးအမြင့်ဆုံး အကောင်းစား အဝတ်အစားတွေကို ဝတ်မလာနဲ့ဦး၊ နောက်ဆုံးပေါ် ရာဒိုရွှေနာရီ ဟဲန်းချိန်း၊ စိန်လက်စွပ်၊ ဆွဲကြိုးတွေ ဝတ်ဆင်မထားနဲ့ဦး ... သူ့ နဂိုပုံဟန်ကိုက အရောင်တဖိတ်ဖိတ်တောက်ကာ လူတကာထက် အမြင့်ဆုံးနေရာတန်းမှာ နေခဲ့ရသူတစ်ယောက်မှန်း သိသာနေ တာ။

ယုရဲ့ ဘဝဟာ ဘယ်လောက်များ အားကျဖွယ် ကောင်းလိုက်မလဲ။ မမအေးနဲ့ မမညိုဟာ အညတရ မဟုတ်ပေမဲ့ ယုရဲ့ တောက်ကြွားထယ်ဝါမှုကို အလေးဂရုထား အထင်ကြီး အားကျမည့်သူတွေ မဟုတ်နိုင်တာ သေချာပေမဲ့ ယုကတော့ မမညိုနဲ့ မမအေးကိုပါ မချန် ကြွားချင်လေသည်။

"ယုနဲ့ ဦးရန်ပြေ အလည်လာကြတာလား"

"အလည်လာတာ မဟုတ်ပါဘူး မမအေးရဲ့၊ ဖိတ်စာ လာပေးတာ"

ဒီလောက်တော့ မညံ့သော မမအေးဟာ နှစ်ယောက် တွဲကြီး (ထူးဆန်းစွာ) ရောက်ချလာလျက် ဖိတ်စာလာပေးတာဟု လည်း ပြောနေလျှင် ဘာဖိတ်စာလဲဆိုတာ သဘောပေါက်လေပြီ။

သဘောမပေါက်နိုင်တာက အသက်အရွယ်ချင်းရော အလုပ်အကိုင် သဘာဝချင်းရော စိတ်သဘောထား ပုံစံချင်း





တခြားစီဖြစ်သော သူတို့နှစ်ယောက် ဘာကြောင့်များ လက်တွဲ ဖြစ်သွားကြသလဲဆိုတာပင်။

"ဘာလဲ အံ့သြနေတာလား ... အံ့သြမယ်ဆိုလည်း အံ့သြ စရာပါပဲ ... ယုတို့က အသက်ချင်း ကွာတာကိုး"

"အသက်ချင်း ကွာတာကို အံ့သြတာမဟုတ်ပါဘူး၊ ယုတို့ ဒီလောက် မြန်မြန်ဆန်ဆန် လက်ထပ်ဖြစ်သွားတာကိုပဲ အံ့သြတာပါ"

"မြန်တယ်လို့တော့ မဆိုသာပါဘူး ... ယုတို့က ဟိုး အရင်ကတည်းက တွေ့ဖူးတာပဲ၊ ချောင်းသာရောက်မှ ပထမဆုံး တွေ့ဖူးကြတာ မဟုတ်ဘူးလေ ... ဦးရန်နဲ့ ယု မိဘတွေကလည်း အစကတည်းက သိပြီးသားပဲ ... ယုတို့ ပြန်တွေ့ကြတာလည်း ရှစ်လလောက်ရှိပြီပဲ"

"ကျွန်တော့် အသက်အရွယ်နဲ့ဆိုရင် အိမ်ထောင်ပြုဖို့ နောက် ကျနေပြီဆိုတာလည်း ပါ,ပါတယ်"

ဦးရန်ပြေက အနေခက်သလို မျက်နှာထားမျိုးနဲ့ ...င်ပြောသည်။ ဟုတ်တော့လည်း ဟုတ်ပေသား။ ယုဝတီက ...အသက်နှစ်ဆယ်ကျော်လေးပဲ ရှိသေးပေမဲ့ ဦးရန်ပြေက သုံးဆယ့် ...နှစ်တောင် ရှိနေပြီ။ ဒီအသက်အရွယ်မျိုးဟာ ကိုယ့်အိမ်ထောင် ကိုယ့်မိသားစုနဲ့ အတည်တကျ နေသင့်သည့် အရွယ်ကို ရောက်ပြီ။

ဘာပဲဖြစ်ဖြစ် ဦးရန်ပြေလို လူတစ်ယောက်က ရွေးချယ်လိုက်သည့် ဇနီးလောင်းသည် ယုဝတီ ဖြစ်နေတာတော့ အံ့ဩစရာ ကောင်းဆဲပင်။

ယုဝတီဟာ ငယ်ရွယ်ရုံတင်မက စိတ်သဘောလည်း မပြည့်ဘူးဟု ညိုက ထင်သည်။ သောတရုံက ပေါ့ပေါ့နေ၊ ပေါ့ပေါ့တွေး ကလေးဆန်သည့် စရိုက်လေး ရှိတာက လွဲလျှင် စိတ်နှလုံး ဖြူစင်ကြည်လင်သည့် တန်ဖိုးလေး ရှိသေးသည်။

ယုဝတီကတော့ ပြိုင်လိုဆိုင်လိုစိတ်ကလည်း ကြီးမား သေးသည်။ အငြိုးအတေးကလည်း ကြီးသေးသည်။ ကောက်ကောက် ကျစ်ကျစ် စိတ်ပုပ်ကလည်း ရှိသေးသည်။ ဟန်ဆောင်မှုယာကလည်း များသေးသည်။ ဒါတောင် ညိုက တစ်ပတ်ဆယ်ရက်လောက်ပဲ အတူနေခဲ့ရတာမို့ အဲဒီလောက် ကာလအတွင်းမှာ လေ့လာအကဲခတ်ရတာ။ ထို့ထက်ပိုပြီး အတူတူနေချိန် ကြာလာလျှင် ပိုဆိုးတာတွေ နောက်တွေ့ချင် တွေ့နိုင်သေးသည်။

အဲဒီလို မရင့်ကျက်သေးသည့် ကလေးတစ်ယောက်ကို ဦးရန်ပြေလို လူကြီးတစ်ယောက်က ဘယ်လိုများ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မိပါလိမ့်။ အင်း ... ညိုတို့ စာထဲမှာ ထည့်ရေးနေသည့် 'ဖူးစာ' ဆိုတာမျိုး ထင်ပါရဲ့။





"မေမေကတော့ တငိုငို တရယ်ရယ်နဲ့ပဲ ... ယုက တစ်ဦးတည်းသော သမီးမို့လား ... ယု အိမ်ထောင်ကျသွားရင် ယောကျ်ားနောက် ထည့်လိုက်ရမှာကို အရမ်းနှမြောနေတာ၊ ဒါပေမဲ့လည်း စဉ်းစားကြည့်ပေါ့ မမရယ် ... ဦးရန်ကလည်း သူ့အိမ်နဲ့သူနေတာ၊ အိမ်ကြီးကလည်း ဟီးနေတာပဲ၊ အဲဒီအိမ်ကြီးကို ပိတ်ပြီး မေမေတို့နဲ့ လိုက်နေဖို့ကျတော့ သူ့ဂုဏ်အဆင့်အတန်းနဲ့ ဘယ်လိုဖြစ်မလဲ ... အဲဒါနဲ့ မေမေက ရယ်စရာတောင် ပြောနေသေးတယ် ... ငါ့သမီးက ဦးရန်ပြေနဲ့ မရဘဲ သောတ ရတဲ့ ယောကျ်ားလိုမျိုး အခြေအမြစ်မရှိ နေစရာမရှိ၊ ယောက္ခမအိမ် ကပ်နေရမဲ့ ခပ်စုတ်စုတ်ကောင်လေးမျိုးနဲ့ ရတာကမှ ကောင်းသေးတယ်တဲ့ ... ဟင်း ... ဟင်း"

ဒီလိုစကားမျိုးကို ရယ်စရာအဖြစ် ပြောနေသော ယုဝတီကို ညို့စိတ်ထဲ ဘယ်လိုမှ မနှစ်မြို့နိုင်။

သူ့ ယောကျ်ားကောင်း ရတာကို ဂုဏ်ယူဝင့်ကြွားချင်တယ်ဆိုလည်း ဝင့်ကြွားပါ။ ဘာမှပြောစရာ မရှိ။ သူများဒုက္ခရောက်တာကို လှောင်စရာ ပြောင်စရာသဖွယ် ပါးစပ်အရသာခံပြောကာ နှိမ်ယှဉ်ဂုဏ်လုပ်နေတာမျိုးကျတော့ မကောင်းလှဘူးဟု ထင်သည်။

"လူတိုင်းကတော့ ကိုယ့်ဘဝကိုယ် မတင်းတိမ်နိုင်ကြတာ ချည်းပဲပေါ့ကွယ် ... ဒါပေမဲ့ အခိကလိုအပ်ချက်ကတော့ ကိုယ်ပိုင်ဆိုင်တဲ့ ဘဝကို တန်ဖိုးထားတတ်ဖို့ပဲ ... ဆင်းရဲသည် ဖြစ်စေ ချမ်းသာသည်ဖြစ်စေ ကိုယ့်ဘဝကို မကျေနပ်လို့ကတော့ လူဖြစ်ကျိုးနပ်မှာ မဟုတ်ဘူး"

မမအေးကတော့ ဘာသဘောနဲ့ ပြောလိုက်မှန်းမသိ။ ညိုကတော့ တစ်ခုခု ပြန်ပြောချင်ပါလျက် ဘာပြောရမှန်း မသိလောက်အောင် စိတ်တိုနေခိုက် မမအေးက ညို့ကိုယ်စား ဝင်ပြောပေးလိုက်တာကိုပဲ ကျေနပ်မိသလိုလို ရှိလေသည်။





ညက ဘယ်အချိန် အိပ်ပျော်သွားမိသလဲ မသိ။ မနက် သောတ အိပ်ရာက နိုးချိန်မှာ နေအတော်မြင့်နေတာကို တွေ့ရလေသည်။

သောတရဲ့ ဘေးက တာရာ အိပ်သည့်နေရာမှာ အိပ်ရာက စန့်စန့်ရန့်ရန့် ခင်းပြီးသား၊ စောင်ခေါက်ပြီးသား၊ ခေါင်းအုံးကို နေရာတကျ ထားပြီးသားလေး တွေ့ရသည်။

ရှက်စရာကောင်းနေမလားပဲ။ အိမ်ထောင်ကျပြီးသည့် တစ်လတာ ကာလအတွင်း သောတက အိပ်ရာက စောနိုးသည့် နေ့ရယ်လို့ မရှိ။ တာရာကသာ နေ့တိုင်း စောစောပြီး နိုးနေတော့တာ။

သောတ နိုးသည့်အချိန်မှာ တာရာက မျက်နှာသစ် ရေချိုးဖို့ ရေဖြည့်ပြီးသား၊ ကော်ဖီဖျော်ပေးပြီးသား၊ မုန့်တစ်ခုခု

စီစဉ်ပြီးသား၊ ထမင်းအိုး တည်ပြီးသား ဖြစ်နေပြီ။ ဟင်းကတော့ မနေ့က အလုပ်ကပြန်ကတည်းက ဈေးဝင်ကာ ဝယ်ခဲ့သော ဟင်းလျာတွေကို လှီးတန်လှီး၊ ကြော်တန်ကြော် လုပ်ထားပြီးသား ဖြစ်ပေရာ ထမင်းကျက်လျှင် ခဏလောက် ပြန်တည်လိုက်ရုံပင်။

သောတက မျက်နှာသစ်၊ သွားတိုက်၊ တစ်ခါတစ်ရံ ရေမိုးချိုးပြီးချိန်မှာ တာရာက ဟင်းချက်ပြီးလုနီး ရှိလောက်ပြီ။ နှစ်ယောက်သား မနက်စာကို အတူစားကြပြီးလျှင် သူက ရေအမြန်ချိုး၊ ထမင်းချိုင့် ကိုယ်တိုင်ထည့်ကာ အလုပ်သွားပြီ။

ညနေ ရုံးကပြန်လာတော့ ဈေးဝယ်လာ၊ နောက်တစ်နေ့ မနက်စာအတွက် ချက်ပြုတ်ပြင်ဆင်၊ သူ့အဝတ်အစားတွေ လျှော်ဖွပ်၊ ရေမိုးချိုးပြီးမှ နှစ်ယောက်သား ညနေစာ အတူစားကြရသည်။

အဲဒီနောက်တော့ တာရာဟာ သောတ မပျင်းရအောင် အမျိုးမျိုး ပျော်တော်ဆက်ရှာပါလေတော့သည်။ ရယ်မောစရာတွေ ပြောလိုက်၊ သူငယ်ငယ်က အဖြစ်အပျက်တွေ ပြောပြလိုက်၊ ပုံတိုပတ်စတွေ ပြောလိုက်၊ အလုပ်ထဲက အဖြစ်အပျက်တွေ (စိတ်ညစ်စရာတွေ မပါ) ပြန်ပြောလိုက်နဲ့ နည်းပေါင်းစုံသုံးကာ ဖျော်ဖြေနေတော့တာ။





သောတ အတွက် တစ်နေ့တစ်နေ့ လုပ်စရာ ဘာအလုပ်မှကို မရှိ။ အိပ်လိုက်၊ ဝတ္ထုဖတ်လိုက်၊ တာရာ ဝယ်ပေးထားတဲ့ သရေစာ မျိုးစုံကို စားလိုက်၊ ရှိစုမဲ့စု ခြံဝင်းလေးအတွင်း လမ်းလျှောက်လိုက်နဲ့ပဲ အချိန်တွေ ကုန်ရမြဲ။

အိမ်မှုကိစ္စတွေကိုတော့ သောတ ပင်ပန်းမှာ စိုးသည်ဟုဆိုကာ တာရာက ပေးမလုပ်။ ပြောသာပြောရတာပါ။ အိမ်အလုပ်တွေ လုပ်ပါလို့ ခိုင်းလျှင်တောင် သောတကလည်း လုပ်တတ်မှာ မဟုတ်။ အိမ်မှာ ခြေမွေးမီးမလောင် လက်မွေး မီးမလောင်ထက်သာသော ဘဝမျိုးနဲ့ နေလာခဲ့ရတာ ဖြစ်သည့် သောတဟာ ထမင်းဘယ်ကလာလဲ စားပွဲပေါ်က အသင့်ခူးထည့်ထားသော ပန်းကန်ထဲက လာတယ်ဆိုတာလောက်သာ သိသည့် အစားထဲက ဖြစ်ပါသည်။

သောတကို ညှဲ့ဖျင်းလှချည်ရဲ့လို့ လှောင်ချင်လည်း လှောင်ကြတော့။ အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်နေခဲ့တာမို့ ပျင်းပျင်းရှိတာနဲ့ တံမြက်စည်း ကောက်လှည်းကြည့်တာတောင် အဆင်မပြေ။ တံမြက်စည်းတုတ်ကို ဘယ်လိုကိုင်ရမလဲ၊ ဘယ်လို လှုပ်ရှားရမလဲဆိုတာကိုတောင် မသိနိုင်တာနဲ့ လက်လျှော့လိုက်ရတော့တာ။

တာရာကဖြင့် အံ့သြစရာတောင် ကောင်းပါရဲ့။ မနက်ငါးနာရီကတည်းက အိပ်ရာက ထ,ကာ ဧယ်ဆက်သလို လုပ်သွားလိုက်သည်မှာ ရှစ်နာရီထိုးလျှင် အလုပ်သွားဖို့ အားလုံး အဆင်သင့် ဖြစ်နေပြီ။

ညနေ ခြောက်နာရီ အိမ်ပြန်ရောက်တော့လည်း လုပ်စရာရှိတာတွေကို ကျွမ်းကျွမ်းကျင်ကျင် သွက်သွက်လက်လက်နဲ့ ဆက်တိုက် လုပ်သွားသည်မှာ ညစာစားပြီး အားလုံးဆေးကြော သိမ်းဆည်းပြီးသည့်အထိပင်။

"ဟော … သောတ နိုးလာပြီလား … ကိုယ် မုန့်ဟင်းခါး ဝယ်ထားတယ် သိလား … မျက်နှာသစ်လိုက်ဦး … ပြန် နွေးလိုက်ဦးမယ်နော် …"

သောတ မျက်နှာသစ်ပြီး ထမင်းစားပွဲဝိုင်းလေးမှာ ဝင်ထိုင်လိုက်တာနဲ့ အငွေ့တထောင်းထောင်း ထ,နေသော မုန့် ဟင်းခါးပွဲက အဆင်သင့်။

သောတရဲ့ မုန့်ပန်းကန်ထဲမှာ ပဲကပ်ကြော်အပြင် ငါးဖယ်ကြော်နဲ့ ဘဲဥတစ်ခြမ်းလည်း ပါသေးသည်။ တာရာအတွက် ပန်းကန်မှာကျတော့ အကြော်လည်း ပါပုံမရ၊ ဟင်းရည်ကလည်း ရွှဲအိုင်မနေဘဲ ဘာတွေနယ်ထားမှန်း မသိ ခပ်လုံးလုံး။

"ကိုတာ … ကိုတာ့ ပန်းကန်မှာ အကြော်ပါရဲ့လား"





တာရာက သောတကို မော့လို့တောင် မကြည့်ဘဲ မုန့်ပန်းကန်ကို ငုံ့ပြီးစားနေရင်း …

"ကိုယ် အကြော်မကြိုက်ဘူး"

"ဟင်းရည်လည်း နည်းနည်းပဲ ဆမ်းတယ်"

"မနည်းပါဘူး၊ အတူတူပဲဆမ်းတာပါ … ကိုယ်က ထမင်း တွေ ထည့်ဖျော်ထားလို့"

"ထမင်းတွေ …"

ဟုတ်ပေသားပဲ … အခုမှ သူ့ပန်းကန်ထဲမှာ အပို ရှိနေသော အရာတွေဟာ ဘာလဲဆိုတာ သောတ သေသေချာချာ တွေ့တော့သည်။

"ထမင်းတွေနဲ့ ဘာလို့ ထည့်နယ်ထားရတာလဲ … မုန့် ဟင်းခါး စားတာများ ထမင်းစားတာမှ မဟုတ်တာ … ဘာတွေမှန်းလဲ မသိ ပွစိပွစိနဲ့ ရွံစရာတောင် ကောင်းတယ်"

သောတက ကိုယ့်ရိုက်ကူးနဲ့ကိုယ် လွှတ်ခနဲ ပြော ထည့်လိုက်ပြီးတော့မှ သူစားမည့် အစားကို ပြောနေမိတာပါလားလို့ သတိရသွားလျက် အားတုံ့အားနာ ဖြစ်သွားရသည်။ တာရာ မျက်နှာ ကွက်ခနဲ ပျက်ယွင်းညှိုးငယ်သွားတာကို တွေ့လျှင် ပိုပြီး တော့တောင်မှ စိတ်မကောင်း ဖြစ်မိလေသည်။

"ကိုယ်က အလုပ်သွားရဦးမယ်လေ ... အလုပ်ထဲမှာကလည်း အလုပ်များရင် များသလို ထမင်းစား နောက်ကျမှာဆိုတော့ အဆာခံအောင်လို့ ထမင်းကြမ်း ထည့်နယ်ပြီး စားထားရတာ"

သောတာကို ဖြေရှင်းချက် ပြန်ပေးသည့် တာရာ့ အသံမှာ အားငယ်သံ၊ အောက်ကျနောက်ကျဖြစ်သည့် အသံမျိုး ပါနေသည်။ သူ့မျက်နှာကလည်း အပြစ်တစ်ခုခု လုပ်မိလို့ ဆရာ့ရှေ့ ရောက်နေသော ကျောင်းသားကလေးတစ်ယောက်ရဲ့ မျက်နှာမျိုး။

မှားပြီ ... ငါ မှားပြီ ... လို့သာ သောတာ စိတ်ထဲကနေ အကြိမ်ကြိမ် အခါခါ ရေရွတ်လိုက်မိသည်။

တာရာ့ကို စိတ်ထိခိုက်အောင်လုပ်မိပြီ။ ထိုအတွေးက သောတာကို နာနာကျင်ကျင် ထိထိရှရှ ဖြစ်စေသည်။

သူ့ခမျာ တစ်နေ့တစ်နေ့ သောတာအတွက် အပင်ပန်းခံလိုက်ရတာ။ သောတာကို အနေအစား မဆင်းရဲအောင် ကြိုးစားဖြည့်တင်းပေးနေရသော်လည်း သူကိုယ်တိုင်ကျတော့ ခြိုးခြံချွေတာနေရတာကိုလည်း သောတာ သိသည့်အခါတော့ သိသားပင်။ သို့သော်လည်း သောတာ သိနေကြောင်း ပြလိုက်လျှင် တာရာ စိတ်မကောင်း ဖြစ်သွားမှာ စိုးတာကတစ်ကြောင်း၊ ကိုယ်တိုင်က





လည်း အလိုက်သင့်လေး နေပြီး အခွင့်အရေး ယူနေရတာကိုပဲ ကျေနပ်နေတာကြောင့် တစ်ကြောင်းတို့ကြောင့် မသိဟန် ဆောင်နေခဲ့တာ။

အခုတော့ ကိုယ်က တစ်ဖက်လူရဲ့ အနစ်နာခံမှုကို အသိအမှတ် မပြုရုံမက နှိမ်ချစော်ကားလိုက်မိပြီ။

"အဲဒါ စားလို့ကောင်းလားဟင်"

သောတာက ကိုယ့်အပြစ်ကို ချေဖျက်ဖို့အတွက် မေးမိမေးရာသဘော မေးလိုက်တာပင်။ တာရာက တွန့်ကြေနေသည့် ပဝါစလေးတစ်ခု လေအဝှေ့မှာ လွန့်လူးလှုပ်ရှားသွားသလို အပြုံးမျိုးနဲ့ ....

"ဗိုက်တင်းအောင် စားရတာပဲ သောတာရယ် ... ကိုယ်တို့အတွက်က စားကောင်းဖို့ထက် ဗိုက်ပြည့်နေဖို့ကသာ အရေးကြီးတာပါ"

"သောတာကို နည်းနည်းကျွေးမလား"

"သောတာပဲ မကြိုက်ဘူးဆို"

"ကိုတာ စားတာကို သောတာက ဘာလို့ မကြိုက်ရမှာလဲ"

တာရာက ဖွဖွလေး ရယ်သည်။ ရယ်လိုက်လျှင် သူ့ရဲ့မျက်နှာဟာ ငေးကြည့်ချင်စရာ ကောင်းလောက်အောင် ချောမောကြည့်ကောင်းသွားတတ်သည်။

"သောတနဲ့ ကိုယ်က တကယ် အဆင့်အတန်း ကွာပါတယ် ကွာ ... အဲဒါကို ကိုယ် အခုမှ ပိုပိုပြီး သိလာရတယ် ... ကိုယ် တစ်ခွတ်ထိုး လုပ်လိုက်တဲ့ အလုပ်တစ်ခုဟာ လူတစ်ဖက်သားကို အရမ်းထိခိုက် နစ်နာသွားစေပါလား ဆိုတာ တွေးမိလေ ပိုပြီး ရင်နာလေပဲ"

"မဟုတ်တာ ... ကိုတာက သောတကို ခိုးတာမှ မဟုတ်ဘဲ၊ သောတ ကိုယ်တိုင်က လိုက်ချင်လွန်းလို့ လိုက်ခဲ့တာ၊ အဲဒီလိုမှ မလုပ်ရင် မေမေတို့က သောတတို့ကို ခွဲပစ်ကော့မှာပဲ ... ကိုတာနဲ့ ခွဲနေရတာထက်စာရင်တော့ ဒီအိမ်ကုပ်လေးထဲမှာ နေရတာက ပိုကောင်းပါသေးတယ်"

"ဒါပေမဲ့ ကိုယ့်ကြောင့် သောတ ဒုက္ခခံနေရတာကို ကိုယ် မကြည့်ရက်ဘူး"

"သောတ ပြောပြီးပါရောလား၊ အခု နေရတဲ့ ဘဝကို သောတ နေသားမကျဘူး၊ ဒုက္ခရောက်တာ မှန်တယ် ... ဒါပေမဲ့ ကိုတာနဲ့ ခွဲရတာထက်စာရင်တော့ ဒီဒုက္ခက ခံနိုင်တဲ့ဒုက္ခ ... သောတ ဘဝမှာ အဆိုးဆုံးက ကိုတာနဲ့ ခွဲရမှာပဲ"

လူကြမ်းလူရမ်း၊ လူတေလူပေ တစ်ယောက် ဘဝနဲ့ နှစ်ပေါင်းများစွာ ရှင်သန်နေထိုင်ခဲ့သည့် ကာလတစ်လျှောက်လုံး





လောကဓံရဲ့ အတုအထောင်း အရိုက်အပုတ်မှန်သမျှကို တာရာက တစ်ချက်မညည်း၊ မျက်ရည်တစ်စက် မကျဘဲ အံ့တင်းပြီး ခံနေနိုင်ခဲ့ဖူးပါသည်။ အခု သောတရဲ့ စကားလေးတစ်ခွန်းကို ကြားလိုက်ရသည့်အခါ တာရာ ဘယ်လိုမှ တင်းမထားနိုင်တော့။ နွေးမြမြ မျက်ရည်တစ်စက်က ပါးပေါ်ဖြတ်စီးကာ အောက်က မုန့်ဟင်းခါး ပန်းကန်ထဲ ပေါက်ခနဲ ကျသွားလေသည်။

လူတစ်ယောက်ကို မျက်ရည်ကျစေသည့် အရာဟာ ကြမ်းတမ်းဆိုးဝါးသော လောကဓံ မဟုတ်၊ နူးညံ့ချိုသာသည့် စကားလေး တစ်ခွန်းမျှသာ ဖြစ်လေသည်။

"ကိုတာ ... ကိုတာ ငိုနေတာလား ... ဟင် ... ဘာဖြစ်လို့လဲ ... သောတ ပြောတာ ဘာမှားသွားလို့လဲ"

"သောတ မမှားပါဘူး ... ကိုယ် ဝမ်းနည်းလို့ပါ ... ကိုယ် တစ်သက်မှာ ဒီလောက် စိတ်လှုပ်ရှားစရာ ကောင်းတဲ့ စကားမျိုး မကြားခဲ့ဖူးဘူး ... ကိုယ့်ကို အခုလို အလေးထားခံရတာမျိုးလည်း တစ်ခါမှ မကြုံခဲ့ဖူးဘူး၊ ကိုယ့်အမေက ကိုယ့်ကို ဟိုးကောင်းကင်ပေါ်က ကြယ်တွေလို အမြင့်ဆုံးမှာ နေရအောင်ဆိုပြီး တာရာလို့ နာမည်ပေးခဲ့တာတဲ့ ... ဒါပေမဲ့ ကိုယ့်ဘဝက လူတကာ ခြေနင်းဖတ်၊ ရွှံ့ဗွက်တွေ ကျောက်တုံးကျောက်ခဲတွေ ... ချွေးချေးပုံတွေ ... ချွေးသေ

ကောင်တွေကို နင်းဖြတ်နေရတဲ့ မော်တော်ကား တာယာတွေလိုပဲကွ ... ကိုယ့်နာမည်စာလုံးပေါင်းရင် ရကောက်နဲ့ မရာပဲ ... ယပက်လက်နဲ့ ယာရမလားလို့တောင် စဉ်းစားမိတဲ့အထိပဲ"

"အို ... ကိုတာကလည်း တကယ်ပဲ ပေါက်ကရ စဉ်းစားတတ်ပါပေရဲ့ ... ဟား ... ဟား"

သောတက စိတ်မကောင်းဖြစ်သွားတာကို ဖုံးကွယ်လျက် ရယ်စရာသဘောမျိုးနဲ့ တဟားဟားပဲ ရယ်ပေးလိုက်သည်။ သောတက ရယ်တော့ တာရာလည်း စိတ်ကြည်လင်လာပုံရကာ အူကြောင်ကြောင် လိုက်ရယ်နေသည်။

"ကိုတာ့ မုန့်ဟင်းခါးကို သောတလည်း စားကြည့်ချင်တယ်"

"ကဲ ... ဒါဆိုလည်း တစ်ဇွန်း မြည်းကြည့်ကွာ ..."

"တစ်ဇွန်းနဲ့ မရဘူး ... ဒီလိုလုပ် ... ကိုတာ့ မုန့်ဟင်းခါး တစ်ဝက်ပေး ... သောတ ပန်းကန်ထဲက တစ်ဝက်ယူ"

"လူလည်မကျနဲ့ကွာ ... သောတ ပန်းကန်ထဲက အကြော်တွေ ကိုယ့်ကိုပေးချင်လို့ အကွက်ထွင်နေတာများ မသိဘူး မှတ်လို့"

"မဟုတ်ဘူး တကယ်ပါ ... သောတ တကယ်စားချင်တာ အကြော်တွေ ဒီလောက်များတာလည်း ဝါးရတာ ပါးညောင်း





တယ်၊ နောက်ပြီး ဘဲဥက ထည့်လိုက်တော့ စေးပျစ်ပျစ်လည်း ဖြစ်သွားသေးတယ် ... မကြိုက်ဘူး ... ကိုတာ ပိုယူလိုက်"

သောတက ဘဲဥဖတ်တွေ၊ ငါးဖယ်တွေကို တွေ့သလောက် ဆယ်ယူကာ (မစားချင်သည့်ပုံနှင့်) တာရာ့ပန်းကန်ထဲ ထည့်ပစ်လိုက်သည်။ ပြီးတော့ တာရာ့ ပန်းကန်ထဲက ငရုတ်သီးမှုန့်ရောင် ရဲနေသော ထမင်းများများ၊ မုန့်ဖတ်နည်းနည်း ရောထားသည့် မုန့်ဟင်းခါးဖတ်တွေကို ကိုယ့်ပန်းကန်ထဲ တစ်ဝက်လောက် မှန်းဆယ်ထည့်လိုက်သည်။

"ဟာ ... ရောကုန်ပြီကွာ ... ဘာလုပ်လိုက်တာလဲ"

"စား ... စား ... ဘာမှ စကားများမနေနဲ့၊ နောက်ထပ် စကားတစ်ခွန်းပြောရင် သောတ ဆက်မစားဘဲ နေလိုက်တော့မှာ"

သောတ မျက်နှာတည်တည်နဲ့ ပြောက်တော့မှ တာရာလည်း သူစားမည့် အစားကို စိတ်ဖြောင့်ဖြောင့် စားဖော်ရတော့သည်။

မနက်စာ စားပြီးတာနဲ့ ထမင်းဘူးလေး ပိုက်ကာ အလုပ်ဆင်းဖို့ ထွက်သွားသော တာရာ့ နောက်ကျောကိုကြည့်ရင်း သောတ မျက်ရည်လည်လာသည်။

ရာပြည့်အထိမ်းအမှတ်
စေတနာစာပေ

အမှန်ကို ဝန်ခံရမည်ဆိုလျှင်တော့ ကြုံတွေ့နေရသော ဆင်းရဲပင်ပန်းမှုတွေကို သောတ,က မခံနိုင်သလောက် ရှိနေပါပြီ။ နေ့တိုင်းလည်း ကိုယ့်အိမ်ကို ပြန်ပြေးဖို့ စဉ်းစားဖြစ်တတ်မြဲ။

ဒါပေမဲ့လည်း တာရာ့ကို ဘယ်လိုမှ မခွဲနိုင်တာ တစ်ခုကလည်း သေချာသည်။ ချစ်သူနဲ့ ခွဲပြီး တစ်ယောက်တည်း ဆက်လက်ရှင်သန်နေရတာထက် စာရင်တော့ ဒုက္ခဆင်းရဲတွေကမှ ခံနိုင်ဖွယ် ရှိဦးမည်။

ဒီလိုနဲ့ပဲ သောတဟာ မနက်ဖြန်တွေကို ခက်ခဲပင်ပန်းစွာ၊ သို့သော်လည်း ပျော်ရွှင်စွာ ဖြတ်သန်းကုန်လွန်နေရတော့မှာ ဖြစ်သည်။





သတို့သားရဲ့ လက်မောင်းကို နွဲ့နွဲ့လေး ချိတ်ဆွဲလျက် ကတ္တီပါကော်ဇော ခင်းထားသည့် လမ်းပေါ် လျှောက်လှမ်းလာသည့် ယုဝတီရဲ့ မျက်နှာဟာ ပြုံးရွှင် တောက်ပလွန်းလှသည်။

သတို့သားကတော့ ရင့်ကျက်တည်ငြိမ်သည့် အရွယ်မို့ မျက်နှာထားက ထူးထူးခြားခြား အပြောင်းအလဲ မရှိ။ သတို့သမီးကသာ သစ်ရွက်လှုပ်တာမြင်လျှင်တောင် ရယ်ချင်တတ်သည့် အရွယ်ကို ကျော်လွန်ခဲ့ပြီးသည့်တိုင် ရင်ထဲက လှိုက်လှဲမြူးကြွနေမှုကို ဘယ်လိုမှ ထိန်းမထားနိုင်သေး။

သတို့သမီးရဲ့ မိဘတွေကလည်း (သမီးကို နှမြောလှပါသည် ဆိုသည့်တိုင်) ကိုယ့်သမီး ယောကျ်ားကောင်းနဲ့ရတာကို ဂုဏ်ယူဝမ်းသာနေဟန်က အထင်းသား။

သူတို့ဘာသာ ပျော်ရွှင် ဝမ်းမြောက်နေကြတာကို
မနာလိုစရာမရှိ၊ ကျေနပ်အားရဖွယ်သာ ရှိသော်လည်း ညို့စိတ်ထဲ
တစ်မျိုးပဲ ဖြစ်နေသည်။

သောတရုံနဲ့ ယုဝတီဟာ ဘဝအကျိုးပေးခြင်း ဆ
ဆင်တူပါလျက် ဘဝချင်းက ဘာကြောင့် ဒီလောက်ကွာခြားသွာ
ရတာလဲ။

သောတကျတော့ ကလေကချေ၊ လူဆိုးသူခိုးလေး
အိမ်ထောင်ကျသွားရပြီး မိဘတွေကလည်း သဘောမတူ။ ခုလော
ဆို ဘယ်နေရာမှာ ဘယ်လိုဒုက္ခမျိုးတွေ ခံစားနေရပြီလဲ မသိ

ယုဝတီကျတော့ တကယ့် လူချမ်းသာ သူဌေးကြီး
တစ်ယောက်ကို လက်ထပ်ပြီး ဘဝက မြင့်မားသွားပြီ။ ညိုတို့
ချောင်းသာ အတူသွားကြစဉ်က အားလုံးဟာ အခြေအနေချင်း
အတူတူပင်။ ဟော ... ဒီကနေ့မှာတော့ တစ်ယောက်တစ်လမ်း
ရောက်သွားကြပြီ။ မနက်ဖြန်ကျလျှင် ထိုလူတွေဟာ တစ်ယောက်နဲ့
တစ်ယောက် ဘယ်လောက်များ ကွာခြားကုန်ကြမလဲ။

ခန်းမဆောင်ရဲ့ ထောင့်စွန်းအကျဆုံး စားပွဲမှာ ခပ်
ကုပ်ကုပ် ထိုင်နေသည့် သောတရုံကတော့ ပွဲထွက်လာသည့်
သတို့သမီး သတို့သား မောင်နှံကို ငေးငေးလေး ကြည့်နေမိလေ
သည်။





သောတရဲ့ တစ်သက်တာမှာ ဘာကို စိတ်ကူးအယဉ်
ဆုံးလဲဟု မေးရလျှင် သတို့သမီးဝတ်စုံ လှလှလေး ဝတ်ပြီး
ကြွကြွရွရွကလေး မင်္ဂလာဆောင်ရမှာကိုပါပဲဟု ဖြေရမှာပင်။

သတို့သမီး ဝတ်စုံဆိုလျှင် မြန်မာဆန်ဆန် ထိုင်မသိမ်း
လေးနဲ့လည်း ကြိုက်သည်။ အနောက်တိုင်းဆန်ဆန် ဂါဝန်ကား
ကားကြီးနဲ့လည်း ကြိုက်သည်။ တစ်ခါတလေများ ကိုယ့် မင်္ဂလာ
ဆောင်ကို စိတ်ကူးယဉ်ကြည့်လျှင် ဘယ်ဝတ်စုံဘက် အလေးသာရ
ကောင်းမလဲ တွေးမရတာမို့ မြန်မာဝတ်စုံနဲ့ ယုဇနဂါးဒင်းမှာ
တစ်ခါ၊ ဂါဝန်ရှည်နဲ့က ဆီဒိုးနားမှာ တစ်ခါ နှစ်ခါခွဲပြီး မင်္ဂလာ
ဆောင်ပစ်လိုက်ရရင် ကောင်းမလားလို့တောင်မှ တွေးဖူးသည်။

ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။ ကတ္တီပါ
ကော်ဇော ခင်းထားသည့် လမ်းမပေါ်မှာ စံပယ်ပန်းတွေက
ဖွေးဖွေးလှုပ်။ သောတက ခင်ပွန်းလောင်းရဲ့ လက်ကို ဖွဖွလေး
တွဲကာ အလှဆုံး သတို့သမီးဝတ်စုံလေးနဲ့ မြန်မာပြည်မှာ
အတော်ဆုံး အလှဖန်တီးရှင် တစ်ယောက်ရဲ့ လက်ရာကြောင့်
သောတရဲ့ မျက်နှာလေးဟာ လှသည်ထက် ပိုလှနေလျက် ဝိုင်း
ကြည့်နေကြသည့် လူတွေရဲ့ကြား ကြော့ကြော့မော့မော့လေး
လျှောက်ရသည့် အဖြစ်ဟာလေ ...။

မင်္ဂလာဆောင် ဆိုတာ မိန်းကလေး တစ်ယောက်အတွက်တော့ အမြင့်မားဆုံးသော မျှော်လင့်ချက်ပါပဲ။ တစ်ပွင့်တည်းသော ပန်းကိုသာ ပန်ဆင်လိုကြသည့် မြန်မာအမျိုးကောင်းသမီးလေးတိုင်းဟာ တစ်သက်မှာ တစ်ခါသာ ဆောင်ရသည့် မင်္ဂလာပွဲကို အကြီးကျယ်ဆုံး၊ အကောင်းဆုံး ဖြစ်စေချင်ကြတာချည်းပင်။ မင်္ဂလာဆောင်ဆိုတာ မိန်းမတစ်ယောက် အတွက်ကျက်သရေ အတင့်တယ်ဆုံး အခမ်းအနား။ ကိုယ့်ဘဝ တစ်လျှောက်လုံးမှာ ဒီတစ်ချိန်ဟာ အလှဆုံးဖြစ်စေချင်တာ မိန်းကလေးတိုင်းရဲ့ ဆန္ဒပဲ ဖြစ်လိမ့်မည်။

အခုတော့ သောတရဲ့ ဆန္ဒတွေဟာ ဘယ်လိုမှ မဖြစ်တော့ပြီ။ ဒါဟာ ကိုယ့်အပြစ်လို့ နောင်တရတာမျိုး မဖြစ်မိသော်လည်း နမြောတသ,သလိုတော့ ရှိမိသားပင်။

မင်္ဂလာမောင်နှံကို ကြည့်ရင်း မျက်နှာလေး ညှိုးနေသော သောတရုံကို တာရာက တိတ်တဆိတ် အကဲခတ်ကြည့်နေမိပါသည်။

ဘယ်လို ယောကျ်ားမဆို ကိုယ့်ချစ်သူကို တင့်တောင့်တင့်တယ် ဖြစ်စေချင်တာပါပဲ။ ကိုယ့်ကြောင့် ချစ်သူရဲ့ ဂုဏ်သိက္ခာမြင့်မားတိုးတက်တာကို ကြည့်ချင်ကြတာပါပဲ။ ချစ်သူရဲ့ ကိုယ်ရောင်ကိုယ်ဝါကို တောက်ပလင်းလက်အောင် ထွန်းညှိပေးချင်ကြတာချည်းပါပဲ။





ထိုအထဲမှ ယောကျ်ားလေးအများစုဟာ ချစ်သူဆန္ဒကို ဖြည့်ပေးနိုင်လောက်သည့် အခြေအနေ ရှိကြသည်။ ရှိအောင်လည်း ကြိုးစားနိုင်စွမ်း ရှိကြသည်။

သူ ကျတော့ ချစ်သူအတွက် ဘာမှ လုပ်မပေးနိုင်၊ ကိုယ့်ချစ်သူ တစ်ယောက်လုံး သူများကို အားကျငေးမောနေသည့် မြင်ကွင်းကို ငုတ်တုတ် လက်ပိုက်ကြည့်နေရသည်။

ပြောရလျှင်တော့ ဒီကမ္ဘာပေါ်မှာ သူ့လောက် ချစ်သူဆန္ဒကို ဖြည့်ဆည်းပေးချင်တဲ့ သူရယ်လို့ ရှိမည်မထင်တော့ချေ။ သူ့ခြေတစ်လှမ်း လှမ်းလိုက်တိုင်း စကားတစ်ခွန်း ပြောလိုက်တိုင်း နောက်ဆုံး အသက်တစ်ချက် ရှူလိုက်တိုင်းဟာ သောတအတွက်ရယ်လို့ပဲ ရည်ရွယ်ချက် ရှိပါသည်။

ဒါပေမဲ့ သူ့အခြေအနေနဲ့ဆိုလျှင် သောတဖြစ်ချင်တာတွေ ဖြစ်အောင် လုပ်ပေးနိုင်ဖို့ နေနေသာသာ အပုံတစ်ရာပုံလျှင် တစ်ပုံတောင် လုပ်ပေးနိုင်ဖွယ်ရာ မမြင် ...။

သောတကို ဆုံးရှုံးလက်လွှတ်လိုက်ရမှာ စိုးရိမ်စိတ်နဲ့ တစ်ဇွတ်ထိုး ဆုံးဖြတ်ခဲ့မိတာ တစ်ခုအတွက် တာရာက အခုမှပဲ နောင်တ အကြီးအကျယ် ရနေတော့သည်။

သူသာ သောတကို ခိုးပြေးကြဖို့ မတိုက်တွန်းခဲ့ဘူးဆိုလျှင် သောတလည်း သူ့နောက် လိုက်လာဖို့ စဉ်းစားမိမှာ

မဟုတ်။ အခုလို မပြည့်စုံခြင်းတွေ၊ ဆင်းရဲခြင်းတွေနဲ့ပဲ နပန်းလုံးရမှာမဟုတ်။ ယုဝတီ လိုပဲ ချောမောအဆင့်အတန်း မြင့်သောသတို့သားကို လက်တွဲကာ ခမ်းနားကြီးကျယ်သည့် မင်္ဂလာပွဲမှာ အလှဆုံး သတို့သမီးလေး အဖြစ်နဲ့ ဂုဏ်ယူဝင့်ကြွားနေနိုင်မှာ။

"ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူး သောတရယ်"

"ဟင် ... စိတ်မကောင်း ... ဘာကို စိတ်မကောင်းဘူးပြောလိုက်တာလဲ"

သောတက နားမလည်နိုင် ဖြစ်နေရှာသည်။

"ကိုယ့်ကြောင့် သောတ ကောင်းကောင်းမွန်မွန် မနေရဘူး၊ တစ်သက်တစ်ခါ ဆောင်ရတဲ့ မင်္ဂလာဆောင်ကို ခမ်းခမ်းနားနား လုပ်ခွင့် မရခဲ့ဘူးလေ ..."

"အောင်မယ်လေး ... ဒါများ ကိုတာရယ် ... ကိုတာ အခု အလုပ်ကြိုးစားနေတာပဲ ... တစ်နေ့ကျ ချမ်းသာလာမှာပေါ့၊ ကိုတာ ချမ်းသာလာတဲ့ အချိန်ကျတော့ သောတတို့ ပြန်ပြီး မင်္ဂလာဆောင်ကြတာပေါ့ ..."

"အဲဒီအချိန်ကျတော့ ကိုယ်တို့ အဘိုးကြီး အဘွားကြီး ဖြစ်နေရင်ကော ..."

"ဖြစ်ပစေပေါ့ ... အဘိုးကြီး အဘွားကြီး မင်္ဂလာမဆောင်ရဘူးလို့ ဘယ်ဥပဒေက ပြဋ္ဌာန်းထားလို့လဲ"





သောတတို့ကတော့ ဘယ်နေမှာမဆို ကလေးဆန်ဆန်ကို တွေးနေတော့တာပါပဲ။

တစ်ခါတလေကျတော့လည်း သူမရဲ့ ကလေးဆန်စွာ တွေးတောမှုလေးဟာ စိတ်လက်ပေါ့ပါးမှုကို ဖြစ်စေသည်။ ရောယောင်ပေါ့ယောင်နဲ့ စိတ်ချမ်းသာစရာ ဖြေသိမ့်စရာ ဖြစ်စေသည်။

ဘာပဲဖြစ်ဖြစ် သောတ အပေါ်မှာ သူ တာဝန်မကျေခဲ့တာကတော့ အမှန်ပဲ။ အဲဒီ တာဝန်မကျေမှုကို အကြွေးတစ်ခု အနေနဲ့ မှတ်ထားပြီး တစ်ချိန်ကျရင်လျှင် အကျေအလည် ပေးဆပ်နိုင်သည် အထိတော့ ကြိုးစားရဦးမှာပင်။

သတို့သမီး သတို့သားကို နှုတ်ဆက်နေသည့် ညို့ မျက်လုံးများတွေက ခန်းမဆောင့်မှာ ခပ်ကုပ်ကုပ် ထိုင်နေသော စုံတွဲတစ်တွဲဆီသို့ တန်းတန်းမတ်မတ် ရောက်သွားသည်။

ဒီခန်းမကြီး တစ်ခုလုံးထဲမှာ အဝတ်အစားအစုတ်ဆုံး၊ အသွေးအရောင် အမွဲဆုံး လူသားနှစ်ဦးကို ပြပါဆိုလျှင် သူတို့ နှစ်ယောက်ကို ပြရမှာပင်။

စိတ်မကောင်းစရာ ကောင်းတာကတော့ ထိုလူ နှစ်ယောက်ဟာ ညို ခင်မင်ရသော သောတရုံတို့ ဖြစ်နေတာ ပါပဲ။

ညိုက သတို့သမီးကို အမြန်ဆုံး နှုတ်ဆက်လိုက်ပြီးလျှင် လူအုပ်ကို နောက်က ကွေ့ပတ်လျက် ခန်းမထဲ ပြန်ဝင်လိုက်သည်။

"သောတရုံ"

"အောင်မယ်လေး"





ကျောခိုင်းထားသည့် သောတရုံက ညို့ခေါ်သံလည်း ကြားလိုက်ရော အလန့်တကြားဖြစ်ကာ ခန္ဓာကိုယ်လေးတောင်မှ တဆတ်ဆတ် တုန်သွားရှာသည်။

ညို့ကိုတွေ့တော့ ပြုံးဖြဲဖြဲ မျက်နှာလေးနှင့် ...

"မမညိုပါလား ... ထင်သားပဲ၊ ဒီပွဲကို မမညိုနဲ့ မမအေး တော့ လာမှာပဲဆိုတာ ... သောတတို့ကို မတွေ့အောင်လို့ ချောင်ထဲမှာ ပုန်းနေတာ"

ပုန်းနေတာတဲ့ ... ဘယ်လောက်များ ကြေကွဲဖွယ် ကောင်းလိုက်တဲ့ စကားလဲ။

တကယ်ဆို သောတရုံလို မိန်းကလေးတစ်ယောက်ဟာ ဒီပွဲမျိုးမှာ ရှေ့ဆုံးကထွက်ပြီး မျက်နှာပန်းပွင့်လန်းနေရမည့် အရေးပေး နှုတ်ဆက်ချင်သူတွေ ဝိုင်းဝိုင်းလည်နေရမည့် သူမျိုး။ အခုတော့ သူ့ခမျာ အိမ်ထောင်ဖက် အရွေးမှားတာနဲ့ပဲ လူတွေနဲ့ ရင်မဆိုင်ရဲရှာ ချောင်မှာ ကုပ်နေရသည့် ဘဝကို ရောက်နေပြီ။

"ပုန်းနေစရာမလိုပါဘူး သောတရယ် ... မမညိုတို့က သောတကို ဘာမှ ဒုက္ခမပေးပါဘူး"

မကျေနပ်တာ တစ်ခုပါပဲလို့ စိတ်ထဲမှ ပြောနေမိသည်။ တကယ်လို့ သောတရုံသာ ညိုနဲ့ ဆွေမျိုးတော်စပ်လျှင်တော့ သူ့မကို ခေါင်းနှစ်ချက် သုံးချက်လောက် ဆင့်ပြီးခေါက်လိုက်ချင် သားပင်။

ညိုရဲ့ အလိုမကျမှုကို သောတရဲ့က ရိပ်မိပုံမရသော်လည်း တာရာကတော့ နားလည်ပုံရကာ မျက်နှာညှိုးညှိုးနဲ့ ခေါင်းငုံ့နေသည်။

"ကဲ … ပြောကြစမ်းပါဦး၊ ဘယ်လိုဖြစ်လို့ ဒီအခြေအနေထိ ရောက်ကုန်ကြတာလဲ"

"အဟဲ … မမညိုပြောလို့ သောတလည်း စိတ်ပေါက်ပေါက်နဲ့ သူ့ကို အဆက်ဖြတ်မလို့ပဲ … ဒါပေမဲ့ ကိုတာက တောင်းပန်တယ်လေ … သောတ မရှိရင် သူ့ဘဝက ဘယ်လိုမှ နေလို့မဖြစ်တော့ပါဘူး ဆိုပြီးတော့ပေါ့ … ဒါနဲ့ သောတကလည်း သနားပြီး … အဟင်း … မမညို ဝတ္ထုတွေထဲကလိုပေါ့"

သောတ စကားကြောင့် ညို့မျက်နှာ ဖြန်းခနဲ ပူနွေးသွားရသည်။ ရင်ထဲမှာလည်း ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလို တွန့်ခနဲ …။

ဘုရား … ဘုရား … ညိုဟာ ကိုယ့်ညီမအရွယ် မလိမ်မိုး မလိမ္မာ မိန်းကလေးတွေကို ကလောင်ဆိုတဲ့ လက်နက်နဲ့ လမ်းမှားရောက်အောင် တွန်းပို့နေမိပြီလား။

တကယ်တော့ လူတစ်ယောက်ရဲ့ အသက်ရှင် နေထိုင်မှုအတွက် အရေးကြီးဆုံးဟာ သူကိုယ်တိုင်သာလျှင် ဖြစ်တာ။ လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ပဲ ချစ်သည်





ပြောပြော၊ ဘယ်လောက်ပဲ အားကိုးမှီခိုရသည်ဆိုဆို တစ်ယောက်မရှိလျှင် တစ်ယောက်က နေလို့မဖြစ်တော့ပါဘူး ဆိုတာမျိုးကတော့ ဟုတ်ကို မဟုတ်ချေ။

ကဲ … ဆိုပါတော့။ ကိုယ့်ဘဝတစ်ခုလုံး ပုံအပ်မှီခိုနေရပါသည်ဆိုသော လူတစ်ယောက် သေဆုံးသွားပြီဆိုသောအခါ ဘယ်သူကများ ပုပ်ပွ ယိုယွင်းနေသော အလောင်းကောင်ကြီးကို ပွေ့ပိုက်ဖက်တွယ်ထားဦးမှာလဲ။ ဘယ်သူကများရော အတူလိုက်သေရဲလို့လဲ။ နောက်ဆုံးတော့ ကိုယ့်လမ်းကိုယ်လျှောက်ရတာပဲ မဟုတ်လား။

ဒီတော့ တစ်ယောက်မရှိလျှင် ဘဝမှာနေလို့ မဖြစ်တော့ပါဘူးဆိုသည့် စကားတွေဟာ ဝတ္ထုထဲ ထည့်ရေးဖို့သာ လှပြီး တကယ်မှာတော့ လုံးဝမဟုတ်ချေ။ အထူးသဖြင့် ယောကျ်ားတွေအတွက်ဆို ပိုလို့တောင် မဟုတ်သေးသည်။

ထိုကိစ္စကို ညို ကိုယ်တိုင်က အယုံအကြည် မရှိသော်လည်း ဇာတ်လမ်းဇာတ်ကွက် လှလှပပဖြစ်စေဖို့ ဝတ္ထုထဲမှာ ထည့်ရေးမိသည်။ ထိုအမှတ်တမဲ့ သုံးစွဲလိုက်သော စကားလုံးတွေဟာ စိတ်ကူးယဉ်တတ်သော မရင့်ကျက်သေးသော အချစ်ကို ကိုးကွယ်တတ်သော ကလေးမလေးတွေအတွက် အမှားကို ကျူးလွန်စေမည့် စကားလုံးတွေ ဖြစ်နေခဲ့ပြီဆိုတော့ ညို ဘယ်လောက် ရှက်မိ နောင်တရမိသလဲ ဆိုတာ ပြောပင် ပြောမပြတတ်။

အင်း ... ကလောင်သွားဟာ ဓားသွားထက် ထက်တယ်ဆိုတာ ဒါမျိုးပြောတာ နေမှာပါပဲ။ နှောင်ဆို ညို ဆင်ခြင်မိဖြစ်တော့မည်။

"အခု နေလို့ ထိုင်လို့ရော အဆင်ပြေကြရဲ့လား ..."

"ပြေပါတယ် ... ရန်ကုန်သမျှထဲမှာတော့ အကောင်းဆုံးပေါ့၊ မမညိုလည်း အသိပဲ ... သောတ ရွေးချယ်လိုက်တဲ့သူဟာ ယုရဲ့ လူလိုမျိုး ဂရိတ်ကြီးမှ မဟုတ်ဘဲ ... ဒါပေမဲ့ ငွေကြေး စည်းစိမ်ကလွဲရင် လူ့ဘဝမှာ တခြားအရေးကြီးတဲ့ အရာတွေ အားလုံး သောတ ရပါတယ် ... ဒါဆို ပြီးတာပဲ မဟုတ်လား"

ကိုယ့်ကို အထင်သေးသော (အထင်သေးသင့်လို့ သေးတာမို့ အပြစ်တော့ မဆိုသာ) သူစိမ်း မိန်းမတစ်ယောက်ရဲ့ ရှေ့မှာ ကိုယ့်အတွက် ပြည့်စုံလုံလောက်စွာ အကာအကွယ်ပေးသော ချစ်သူကို တာရာက ကျေးဇူးတင်လှပါသည်။

ဒါကြောင့်ပဲ သောတရဲ့ဟာ တာရာ့ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်နိုင်သော ဖန်တီးရှင်လေး ဖြစ်လာခဲ့တာ။

"ဒီမင်္ဂလာဆောင်ကိုရော ဘယ်လိုလုပ်ပြီး ..."

"ယုက လာဖိတ်တာလေ ..."

"ယုက ..."





ဘယ်သူမှ မသိကြသော သူတို့နှစ်ယောက်ရဲ့ နေရာကို ယုဝတီက ဘယ်လိုလုပ်ပြီး သိနေရတာလဲ။ ယုဝတီနဲ့သောတရဲ့ဆိုတာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်း အရင်းအချာတွေလည်း မဟုတ်ကြ။

"ဒီလို မမညိုရဲ့ ... သောတတို့ ကိစ္စကို ယုက ကူညီတာလေ ... မေမေက သောတရဲ့ သူငယ်ချင်းတွေ အားလုံးကို ပိုင်တော့ သူတို့ကို အကူအညီတောင်းလို့မှ မဖြစ်တာ၊ မမညို ဆိုလည်း ဒီကိစ္စမျိုးကို အားပေးမှာ မဟုတ်ဘူးလေ၊ ဒါနဲ့ ဘယ်သူ့ အကူအညီ တောင်းရမှန်းမသိ ဖြစ်နေတုန်း ယုနဲ့တွေ့ပြီး ယုက အားလုံး ကူညီလိုက်တာ ..."

ကျေးဇူးရှင်ကြီးပေါ့လေ ... လို့ ညို စိတ်ထဲကပဲ ခပ်ရွဲ့ရွဲ့ တွေးမိတော့သည်။

သောတရဲ့က မမြင်နိုင်သော်လည်း ယုဝတီရဲ့ စိတ်ရင်းကို ညိုက လှမ်းမြင်နိုင်လေသည်။

သောတကျတော့ စုတ်စုတ်ပြတ်ပြတ် လူရာမဝင်တဲ့ ဘဝ ရောက်ပစေပေါ့။ အခက်အခဲကို ကူညီတိုင်းလည်း သူငယ်ချင်းကောင်းလို့ မပြောနိုင်။ ယုဝတီရဲ့ လုပ်ရပ်ကျတော့ ကူညီရာမရောက်ဘဲ သက်သက်မဲ့ ချောက်တွန်းသည့် သဘောမျိုး ဖြစ်သွားပြီ။

အခုလို ခြေလွန်လက်လွန် အချိန်ရောက်မှတော့ ညိုက ဘာမှ ပြောမနေချင်တော့ပါ။ သောတာရော ယုဝတီရောဟာ ညိုနဲ့ သိကြတာ ဘာမှမကြာသေး။ သူတို့နှစ်ယောက် ကိစ္စမှာ ဘယ်သူ့ဘက်မှ လိုက်နေစရာ မလို။

စိတ်ထဲ မခံချင်ဖြစ်မိသမျှကို ညိုက မျိုသိပ် ဖြေဖျောက်ပစ်လိုက်ပါသည်။ လူဆိုတာ ကိုယ့်ဘဝလမ်း ကိုယ်လျှောက်ရတာပါပဲ။ ဘယ်သူ့ကြောင့် မှားသည်ဖြစ်စေ၊ ဘယ်သူ့ကြောင့် မှန်သည်ဖြစ်စေ ကိုယ် ရရှိလိုက်သည့် ဘဝကို ကျေနပ်နှစ်သိမ့်နိုင်ဖို့ပဲ လိုအပ်ပါသည်။

နောက်ဆုံးပေါ် မာစီဒီးကားကြီးပေါ် ယှဉ်တွဲတက်သွားကြသော ယုဝတီတို့ မောင်နှံနှင့် တစ်ယောက်လက်တစ်ယောက်ဆွဲကာ ကားလမ်းမကို ဖြတ်ကူးပြေးသွားကြသည့် သောတရုံတို့ စုံတွဲကို ငေးကြည့်ရင်း ညိုက သူတို့ရဲ့ အနာဂတ်တွေကို စိတ်ကူးပုံဖော် ကြည့်နေမိလေသည်။





"ဒေါက်တာ ညွှ်သည်တွေက တွေ့ချင်လို့တဲ့ ..."

လူနာကလေး တစ်ယောက်ကို စမ်းသပ်စစ်မေးနေသည့် ညိုက သူနာပြု ဆရာမလေး တစ်ယောက်ရဲ့ အကြောင်းကြားသံကြောင့် မော့ကြည့်လိုက်လျှင် အခန်းဝမှာ ရပ်နေသော တာရာနဲ့ သောတတို့ စုံတွဲကို တွေ့လိုက်ရလေသည်။

"ဟယ် ... သောတတို့ပါလား၊ လာလေ ... ကိစ္စရှိလို့လား ... လမ်းကြုံလို့လား"

ညိုက မေးလိုက်လျှင် နှစ်ယောက်သား ချက်ချင်း မဖြေနိုင်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးတုံ့တုံ့ လုပ်နေကြသည်။

ဒီလောက်ဆိုရင်ပဲ ဆရာဝန်လည်း ဖြစ်၊ စာရေးဆရာလည်း ဖြစ်သော ညိုတို့က အကဲဖမ်းတတ်ပါပြီ။ ညားကာစ

ဇနီးမောင်နှံ နှစ်ယောက်ဟာ အသိဆရာဝန်ဆီ ရှက်စနိုးနဲ့ ရောက်လာတာဟာ တခြား ဘာအကြောင်းများ ဖြစ်နိုင်ဦးမှာ လဲ။

"မမညိုနဲ့ နည်းနည်းလောက် ဆွေးနွေးစရာ ရှိလို့"

ညို ထိုင်နေသော စားပွဲရဲ့ ရှေ့တည့်တည့်က ကုလားထိုင်နောက်မှီကို ကျစ်ကျစ်ဆုပ်ကိုင်လျက် မရွံ့မရဲလေး ပြောနေသော သော်တာရုံကို ညိုက အားပေးသလို ပြုံးပြကာ ...

"ထိုင်ဦးလေ ... အေးအေးဆေးဆေး ပြောကြတာပေါ့"

သော်တာက ခုံပေါ်မှာ ငြိမ်ငြိမ်လေး ဝင်ထိုင်သည်။ သူတို့ နေရာကျတော့မှ ညို့ဘေးက ကနွေလေးလေးနှင့် ညို့ရှေ့ စားပွဲပေါ်က စာအုပ်စာတမ်းတွေကို သတိထားမိသွားကြကာ ...

"မမညို လူနာ စမ်းနေတာလား ..."

"အင်း ... မဟုတ်ဘူးကွဲ့ ... လူနာ စမ်းတာတော့ စမ်း တာပဲလေ ... ဒါပေမဲ့ အရေးတကြီး မဟုတ်ပါဘူး၊ မမတို့ ဆေးရုံတွေမှာ လစဉ်ထုတ်တဲ့ Clinical meeting ရှိတယ် လေ ...၊ အဲဒီမှာ အလှည့်ကျ တာဝန်ကျရာ Case ကို တင်ရတယ်၊ ကိုယ့်အတွက် သတ်မှတ်ပေးထားတဲ့ ရောဂါ ဝေဒနာနဲ့ ပတ်သက်ပြီး လူနာကိုလည်း စမ်းသတ်ပြ ရောဂါနဲ့ ဆိုင်တာတွေကို ရှင်းလင်းပြရတာမျိုးပေါ့"





"ဒါဖြင့် အခု ဒီကလေးအကြောင်း မမက စာတမ်း ရေး နေတာပေါ့ ..."

'စာတမ်း ရေးသည်' ဆိုသည့် ကြီးကြီးကျယ်ကျယ် စကားအသုံးအနှုန်းကြောင့် ညိုက ပြုံးမိသွားသည်။

"ကလေးက ဘာဖြစ်တာလဲ ... ဟင်"

"သာလာဆီးမီးယား Thalssaemia လို့ ခေါ်တဲ့ ရောဂါ တစ်မျိုးပေါ့လေ ...၊ သော်တာတို့ အလွယ်နဲ့ နားလည်အောင် ပြောရရင်တော့ သွေးထဲမှာ အောက်စီဂျင်ကို သယ်ဆောင်တဲ့ ဟီမိုဂလိုဘင် ဆိုတာရှိတယ် ...၊ တချို့လူတွေရဲ့ ဟီမိုဂလို ဘင် တည်ဆောက်ပုံဟာ ပုံမှန်မဟုတ်ဘဲ ချွတ်ယွင်းလွဲချော် နေတဲ့အခါ ဒီဝေဒနာသည်တွေ ဖြစ်လာရတာပေါ့ ..."

"သား ရောဂါက သေမှာ ..."

"အို ..."

လူနာ မောင်အောင်သူကလေးက သွက်လက်ချက် ချာစွာ ဝင်ပြောချလိုက်လျှင် အခုမှ တွေ့ဖူးတာ ဖြစ်သည့် သော်တာရုံနဲ့ တာရာတို့ မပြောနဲ့ ကြားဖူးနေကျဖြစ်သော ညိုပင် လျှင် စိတ်မကောင်းဖြစ်သွားရလေသည်။

ကလေးဟာ ဒီဆေးရုံမှာ တက်နေတာ ကြာပြီ။ ဝေဒနာသည်လေး ဖြစ်သည့်တိုင်အောင် မောင်အောင်သူက အလွန်

သွက်လက်ဖျတ်လတ်သည်။ ပုံစံလေးကလည်း အကြောင်းမသိသူ တွေ ကြည့်လျှင် တကယ့်ကို အကောင်းပကတိ။

အသားညိုညို ဝဝတုတ်တုတ် မျက်လုံးပြူးပြူး မျက်တောင်ကော့ကော့လေးတွေနဲ့ အမြဲတမ်း ရွှင်ပြုံးချိုသာနေတတ်ပြီး စကားလည်း တတ်လှသော မောင်အောင်သူလေးကို ဆေးရုံက ဆရာဝန် ဆရာမတွေ အလုပ်သမားတွေသာမက တခြားလူနာရှင် တွေကလည်း ချစ်ကြသည်။

မောင်အောင်သူလေးကလည်း ဆေးရုံအနှံ့ ပြေးလွှား ဆော့ကစားနေတတ်ကာ ဆရာ ဆရာမတွေရဲ့ ပစ္စည်းတွေ ဝိုင်း သယ်ပေးတာတို့ ဆေးထိုးမည်ဆိုလျှင် အဖော်လိုက်ပေးတာတို့ စသည်ဖြင့် ကူညီတတ်သေးတာကြောင့် သူ့ကိုဆို မချစ်သူ မရှိ။

ရှေးဘဝက ဆုတောင်းတစ်ဝက် ကောင်းခဲ့တာမို့ ဒီဘဝမှာ လူတိုင်းရဲ့ အချစ်ခင်ကို ခံရရှာသော်လည်း ကျန်သည့် ဆုတောင်းတစ်ဝက်က မကောင်းတာမို့ မောင်အောင်သူလေးခမျ ဝေဒနာဆိုးတစ်ခု ကပ်ငြိပါလာခဲ့ရှာတာ။

အံ့ဩစရာ ကောင်းတာတစ်ခုက ပါးနပ်ဉာဏ် ကောင်းသော မောင်အောင်သူလေးဟာ သူ့ရောဂါရဲ့ အခြေအနေ ကို သေသေချာချာ သိသည်။ သူ့ရောဂါဟာ လူ့လောကမှ သိပ်ကြာကြာ နေခွင့်မရတော့ဘူး ဆိုတာကိုလည်း သိသည်





အဲ့ဒီလို သိသည့်တိုင် အားမငယ်၊ စိတ်မပျက်၊ မကြောက်ရွံ့။ သူ နေခွင့်ရသည့် ကာလအတွင်းမှာ ဘဝကို ပျော်ပျော်ရွှင်ရွှင် သတ္တိ ရှိရှိ ဖြတ်သန်းနေခြင်းပင်။

အကြောင်းမသိသည့် လူနာရှင်တွေ ဆေးရုံကို အသစ်ပြောင်းလာကြသော ဆေးကျောင်းသားလေးတွေက မေး လျှင် သူ့အသံကြည်ကြည်လေးနဲ့ 'သား ရောဂါက သာလာဆီး မီးယားလေ၊ သာလာဆီးမီးယားဆိုတာ သိကြလား ...၊ သွေးထဲက ဟီမိုဂလိုဘင် မကောင်းလို့ ဖြစ်တာ၊ သားက သေမှာ ...' ဆိုပြီး အမြဲပြောတတ်ရာ နားထောင်ရသူတွေတိုင်း ရင်ထဲ နင့်ရတတ် မြဲ။

ညိုတို့လို အမြဲတွေ့ထိနေရသူတွေကလည်း သူ့စကား လေးတွေကို ဘယ်တော့မှ မရိုးနိုင်။ ကြားလိုက်တိုင်း မျက်ရည် ဝဲချင်လာတတ်မြဲ။

တကယ်တမ်းကျတော့ ဆယ်နှစ်ကျော်ကျော် ရှိသေး သည့် ကလေးလေးတစ်ယောက်ဟာ ညိုတို့တွေထက် အများကြီး တရားပြည့်ဝကာ အများကြီး သတ္တိကောင်းနေခဲ့တာ။ မောင်အောင် သူလေး နေရာမှာ လူကြီးတစ်ယောက်သာဆို မကြာခင် ကြုံတွေ့ ရတော့မည့် ကိုယ့်ရဲ့ သေခြင်းကို ဒီလောက် တုန်လှုပ်ခြင်း ကင်းမဲ့စွာ ရင်ဆိုင်နိုင်မတဲ့လား။

"သားကလည်း ... မဟုတ်တာတွေ မပြောပါနဲ့၊ သား အသက်က ငယ်ငယ်လေး ရှိသေးတာ"

"အန်တီကလည်း သား သိတာပေါ့၊ သား ရောဂါက သာလာဆီးမီးယားပဲဟာ ...၊ ဟိုတစ်လောက သားနောက်မှ ဆေးရုံတက်တဲ့ သားသူငယ်ချင်း တစ်ယောက်တောင်မှ ဆုံးသွားပြီ"

"မမညို ... သူပြောနေတာတွေ တကယ်ပဲလား ... ဟင်"

အောင်သူလေးရဲ့ မျက်နှာမြင် ချစ်ခင်ပါစေဆိုသည့် ဆုတောင်းပြည့်ဝမှုကြောင့် သောတရုံက သူကလေးကို မြင်မြင်ချင်း ချစ်သွားပြီ။ အဲဒါကြောင့်ပဲ သူ့စကားတွေကို မယုံရက်လောက်အောင် ဖြစ်နေရတာ။

"ဟုတ်တယ် ... သောတ အမှန်ပဲ ..."

"အို ... မမညိုတို့ကလည်း ကလေးကို ဒီအတိုင်းပဲ ပြောထားရလား ...၊ သူက ကလေးပဲ၊ ဘာ သိတာမှတ်လို့၊ အခြေအနေမှန်ကို အသိမပေးဘဲ ထားလိုက်ရင် ..."

"မဟုတ်သေးဘူး သောတရဲ့၊ ကလေးဆိုပေမဲ့ သူလည်း လူသားတစ်ယောက်ပဲ ...၊ မမညိုတို့ဟာ လူသားတစ်ယောက်ရဲ့ အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကို လေးစားရမှာပေါ့၊ ကလေးမို့ ကိုယ် လိမ်ချင်တိုင်း လိမ်လို့ရမယ်လို့ သဘော





ထားလို့ ဘယ်ဖြစ်မလဲ ...၊ နောက်ပြီး လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဗီဇစိတ်ချင်း မတူကြဘူး ... တချို့က ကိုယ့်ရောဂါ အခြေအနေကို သိရင် သိပ်ပြီး သွေးပျက်သွားတတ်ကြတယ် ...၊ အဲဒီလို လူမျိုးကိုတော့ ဖုံးဖိထားသင့်ရင် ထားရမှာပေါ့ ...၊ အောင်သူလေးလို ကလေးမျိုးလေးကျတော့ ဖြစ်လာမဲ့ အခြေအနေကို ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်တယ် ...၊ ဒီတော့ သူလို လူမျိုးကို အခြေအနေမှန်အတိုင်း ဖွင့်ပြောထားရင် သူဟာ ကြုံလာမဲ့ ဒုက္ခတွေအတွက် ကြိုတင်ပြင်ဆင်ပြီးသားလည်း ဖြစ်မယ်၊ သူ နေရတဲ့ ရက်ကလေးတွေကိုလည်း တန်ဖိုးထားတတ်ပြီး အကျိုးရှိရှိ အသုံးချနိုင်မယ်လေ"

"သား ... မကြောက်ပါဘူး၊ သေတယ်ဆိုတာဘာမှ မဆန်းဘူး ... နေ့တိုင်း လူတွေ သေနေတာကို သား မြင်ဖူးနေတာပဲ ..."

သောတရုံက အောင်သူလေးကို ဖျတ်ခနဲ ပွေ့ပိုက်လိုက်မိကာ မျက်ရည်တွေ ဝဲလာရသည်။

လောကကြီးကို ရိုးရိုးလေးပဲ ကြည့်မြင်တတ်သည့် ကလေးတစ်ယောက်ရဲ့ စိတ်ထားဟာ ဘယ်လောက်များ ကြည်လင်အေးချမ်းလိုက်သလဲ။ ဘာကိုမှ ပိုင်ဆိုင်မှု မရှိသူမို့ ဘာကိုမှလဲ

မက်မောတွယ်တာစိတ် မရှိ။ အဲဒါကြောင့် ဘာကိုမှလဲ ကြောက်ရွံ့စိုးရိမ်ခြင်း မရှိ။

"ဟိုအရင်တုန်းကလေ ... ကျွန်တော်တို့ သူငယ်ချင်းငပေ ငတေတွေ စုမိတဲ့အခါ သတ္တိကောင်းတယ်ဆိုတာ ဘာလဲဆိုပြီး ပြောဖူးကြတယ် ... တချို့ကောင်တွေက လူအုပ်နဲ့ ကိုယ့်ကို ဝိုင်းချလာတဲ့ကောင်တွေကို တစ်ယောက်တည်း ရင်ဆိုင်ပြီး တိုက်ရဲတာတဲ့။ တချို့ကျတော့ အုံကျင်းတောင့်တောင့်နဲ့ သူဌေးကြီးဆီက ဝင်လုရဲတာမှ သတ္တိတဲ့ ..."

တာရာက ညိုကိုရော သောတရုံကိုရော မကြည့်ဘဲ ပြတင်းပေါက်ကတစ်ဆင့် အပြင်ဘက်ကို ကျော်လွန်ငေးကြည့်ရင်း ခပ်တိုးတိုး ဝင်ပြောသည်။

"အဲဒီတုန်းက ဘယ်သူပြောတဲ့ သတ္တိက အစစ်အမှန်လဲဆိုတာ ကျွန်တော် မဆုံးဖြတ်တတ်ခဲ့ဘူး ... အခုမှပဲ တကယ့် သတ္တိအစစ်ဟာ ဘာလဲဆိုတာ သိတော့တယ် ..."

တာရာက အောင်သူလေးကို သူ့အနားရောက်အောင် ဆွဲယူလျက် ပခုံးကို ခပ်တင်းတင်းဆုပ်ညှစ်ကာ ...

"ဒီကလေးမှာ ကျွန်တော်တို့အားလုံးမှာ မရှိတဲ့ သတ္တိအစစ်အမှန်မျိုး ရှိနေတာပဲ ...၊ မမညို စဉ်းစားကြည့်နော် ...





လူတစ်ယောက်ဟာ မကြာခင်မှာ သေရတော့မယ်လို့ သိရင် ဘယ်လောက် ကြောက်လိမ့်မလဲ ...၊ ဘယ်လောက် သွေးပျက်ချောက်ချားမလဲ၊ ဒီအခြေအနေကို တည်တည်ငြိမ်ငြိမ် ပျော်ပျော်ရွှင်ရွှင်နဲ့ လက်ခံဖို့ဆိုတာ အရမ်းခက်ခဲမှာပဲ၊ ဒီကလေးကတော့ သူ့အခြေအနေကို သိလည်း သိတယ်၊ ကျေကျေနပ်နပ်လည်း လက်ခံတယ်၊ ရဲရဲရင့်ရင့်နဲ့လည်း ရင်ဆိုင်နေတယ်၊ ကဲ ... ဒါ ဘယ်လောက် ရှားပါးတဲ့ သတ္တိကောင်းမှုလဲ ..."

အောင်သူလေးက တာရာ့ကို ငေးမောကြည့်နေသည်။ စိတ်ပါလက်ပါ ပြောနေသော တာရာ့ စကားတွေကို နားလည်သလား ... မလည်သလား ... တော့ မသိ။ သူကိုယ်တိုင်ရဲ့ သူရဲကောင်း ဆန်နေမှုကိုလည်း မသိ။ သူ့ရင်ထဲမှာ အပူအပင်ကင်းမဲ့စွာ ငြိမ်းချမ်းအေးမြမှုတွေပဲ ရှိပေလိမ့်မည်။

"ဟယ် ... သောတပါလား ... ဘယ် လာတာလဲ"

ကိုယ့်လက်ကို ဖျတ်ခနဲ ဆွဲပြီး နှုတ်ဆက်လိုက်သူကို သောတရုံက ကြည့်မိလျှင် မျက်စိပင် ကျိန်းစပ်သွားတော့မလို ဖြစ်မိတာကြောင့် တွန့်ခနဲ ဖြစ်သွားရသေးသည်။

ယုဝတီတို့များ ကိုယ်ရောင်ကိုယ်ဝါတွေ ဖိတ်ဖိတ်လက်အောင် တောက်ပနေလိုက်တာ။ ပုံစံကြည့်ရတာ အိမ်ထောင်သက်တမ်း တစ်နှစ်ကျော်ကျော်လောက် ရှိနေသည့် အိမ်ထောင်ရှင်မ တစ်ယောက်နဲ့တောင် မတူ။ တကယ့် အပျိုပေါက်မကလေးလိုပဲ သားနားတင့်တယ်နေသည်။

"ဆေးလာဝယ်တာပါ"

ယုဝတီနဲ့ ယှဉ်လိုက်လျှင် ကိုယ့်ကိုယ်ကို သိမ်ငယ်သွားသလို ဖြစ်မိသော်လည်း သောတရုံက ဒါကို အမှုထားမနေ





တော့ပါ။ အချစ်တစ်ခုကလွဲလျှင် ဘာမဆို လိုတရ ပြည့်စုံခြင်းနဲ့ ချစ်သူနဲ့အတူ ငြိမ်းချမ်းပျော်ရွှင်စွာ နေနိုင်ခွင့်တို့ကို ကျေကျေနပ်နပ်ကြီး လဲလှယ်ဖို့ ဆုံးဖြတ်ခဲ့ပြီးသားပဲ။

"သောတက မျက်နှာက ပြည့်ပြည့်လေး ဖြစ်လာတယ်၊ လူကလည်း သွက်လက် ရွှင်လန်းနေတာပဲ ...၊ အရမ်းစိတ်ချမ်းသာနေတယ် ထင်တယ်"

ယုဝတီ ပြောမှ သောတရုံက သူမကို အကဲခတ်ကြည့်မိသည်။ သောတရဲ့ မျက်နှာဟာ ပြည့်ပြည့်လေး ဖြစ်နေတယ်ဆိုရင် ယုဝတီရဲ့ မျက်နှာကျတော့ရော ...။

နဂိုကတည်းက (ခေတ်နဲ့ လျော်ညီစွာ) သွယ်သွယ်လျလျလေး ဖြစ်သော ယုဝတီဟာ တောက်ပပြောင်လက်သည့် အဝတ်အစားတွေ ဝတ်ထားသည့် ကြားကပဲ အတော်လေး ပိန်နေတာ သိသာလှသည်။

ခုခေတ် ကောင်မလေးတွေဟာ သူ့ထက်ငါ အပြိုင်အဆိုင် ပိန်သည်ထက် ပိန်ချင်ကြလွန်းလို့ အားကစားတွေ လုပ်၊ အစားကို မစားသလောက် ရှောင်၊ ပိန်ဆေးတွေ သောက်ကြတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ယုဝတီရဲ့ ပိန်နေပုံကတော့ လှချင်လို့ တမင်ပိန်အောင် လုပ်ထားတာမျိုးထက်စာလျှင် အကြောင်းတစ်ခုခုကြောင့် ပိန်နေတာမှန်း သိသာသည်။

"ယုလည်း အိမ်ထောင်ကျပြီးမှ ပိုတောင် စစ်သွားသေးတယ်၊ ကြည့်ရတာ တစ်နေ့ တစ်နေ့ လုဖို့ပဲ လုပ်နေတယ် ထင်တယ် ..."

"မဟုတ်ပါဘူးကွယ် ... ကိုယ်ရေစစ်တာက ..."

ယုဝတီ စိတ်လိုက်မာန်ပါနဲ့ စကားတစ်ခွန်း ပြောမည်လုပ်ပြီးမှ ကိုယ့်စိတ်ကို ပြန်လည်ထိန်းချုပ်လိုက်သလို နှုတ်ခမ်းကို တင်းတင်းစေ့ ခေါင်းလေး မော့ပစ်လိုက်သည်။

"သောတက ဘာဆေး လာဝယ်တာလဲ ... နေမကောင်းလို့လား"

"ဟို ... ဟို ... အားဆေးပါ"

"အားဆေး"

"အင်း ... အိုဘီမင်လေ"

အားဆေးနာမည်ကို ကြားလိုက်တာနဲ့ ယုဝတီက တန်းခနဲ သဘောပေါက်သွားပြီ။ ဒီဆေးက ကိုယ်ဝန်သည် အမျိုးသမီးတွေ အများဆုံး သောက်ကြသည့် အားဆေးပဲ။ ဒါဆိုရင် ...

"သောတမှာ ... ဟို ... ကိုယ်ဝန် ..."

"ဟုတ်တယ် ... သုံးလထဲ ရောက်နေပြီ ..."

"ဘယ်သူနဲ့ အပ်ထားလဲ ... ဟင်"





"ဘယ်သူနဲ့မှ မအပ်ရသေးဘူး ...၊ အခုတော့ မမညိုနဲ့ပဲ ပြထားတာလေ ...၊ မမညိုကတော့ သူ့အသိ သရာဝန်မတစ်ယောက်နဲ့ အပ်ပေးမယ်လို့ ပြောတာပဲ ... သူက မကြာခင် နယ်ပြောင်းချင် ပြောင်းရတော့မှာတဲ့ ..."

"ဟုတ်လား ... အိုဂျီတစ်ယောက်ယောက်နဲ့တော့ အပ်ထားဦးလေ ... သားဦးဆိုတော့ အရေးကြီးတယ်"

"အပ်တော့ အပ်ချင်ပါတယ် ... ခက်တာက ဆေးခန်းမှန်မှန်ပြဖို့ကလည်း သိပ်မှ မလွယ်တာ၊ သောတတို့နေတဲ့ နေရာက ဝေးတော့ မြို့ထဲက ဆေးခန်းကြီးတွေကို ပုံမှန်လာဖို့က သိပ်မလွယ်ဘူး၊ နောက်ပြီး ပိုက်ဆံလည်း အများကြီး အကုန်မခံနိုင်ဘူးလေ၊ ကိုတာကတော့ ပြောပါတယ်၊ ပိုက်ဆံ ကုန်ချင်သလောက်ကုန် သူရှာပါ့မယ်တဲ့၊ အကြွေးတွေ ဘာတွေ တင်ချင်လည်း တင်ပါစေ၊ နောက်မှ ကုန်းဆပ်တာပေါ့တဲ့၊ ဒါပေမဲ့ ယုရယ် ကလေးဆိုတာ မွေးထုတ်လိုက်ရုံနဲ့ ပြီးသွားတာမှ မဟုတ်တာ၊ သူ့ရဲ့ အနာဂတ်အတွက် စောင့်ရှောက်ဖြည့်ဆည်းပေးရမှာတွေက အများကြီး၊ အခုကတည်းက စုစုဆောင်းဆောင်း ရှိထားမှ"

တကယ့်ကို ရင့်ကျက်နေသည့် အိမ်ထောင်ရှင်မကြီး တစ်ယောက်သဖွယ် တွေးတွေးဆဆ ပြောနေသည့် သောတရုံကို ကြည့်ပြီး ယုဝတီ စိတ်မကောင်း ဖြစ်မိသည်။

တကယ်ဆိုတော့ သောတရုံလို မိန်းကလေးမျိုးဟာ အိမ်ထောင်ကျပြီး ကိုယ်ဝန်ဆောင်ရလျှင်လည်း အရေးတယူ ဝိုင်းပြီး ဂရုစိုက်မည့်သူတွေနဲ့၊ အကောင်းဆုံး အိုဂျီထံမှာ အပ်နှံပြီး အကောင်းဆုံး ပြုစုစောင့်ရှောက်မှုကို ခံယူနေရမှာ။ အခုလိုမျိုး ကိုယ်တိုင် အဖော်မပါ ဘာမပါ ဆေးထွက်ဝယ်နေရတာမျိုးတို့ ပိုက်ဆံကုန်မှာစိုးလို့ အိုဂျီနဲ့ မပြနိုင်တာမျိုးတို့ ရှိရမည့်သူမျိုး မဟုတ်။

အရင်ကတော့ သောတရုံကို ဒုက္ခရောက်စေချင် အခက်အခဲ တွေ့ကြုံစေချင်သည့် စေတနာဆိုးမျိုး ရှိခဲ့မိတာ အမှန်ပါပဲ။ သူမဟာ ကိုယ့်ကို ယှဉ်ပြိုင်အနိုင်ယူသွားသူ တစ်ယောက် ဆိုသည့် မထားသင့်သည့် အမုန်းတွေ အာဃာတတွေ ထားခဲ့မိတာ လည်း အမှန်ပါပဲ။

တကယ်လို့ သောတရုံမှာ လိုတရ သူဌေးသမီးလေး ဘဝကနေ ဒုက္ခ သုက္ခတွေနဲ့ ရင်ဆိုင်နေခဲ့ရသည်ဆိုလျှင် ဒါဟာ ယုရဲ့ ပယောဂ ရှစ်ဆယ်ရာခိုင်နှုန်း ပါဝင်သည်လို့ ပြောရမှာပါပဲ။





သောတရုံကတော့ ဒါကို မသိရှာ။ သူမရဲ့ မျက်စိထဲမှာ ယုဝတီဟာ သူမ ဘဝရဲ့ ကျေးဇူးရှင်၊ သူမ နှလုံးသားရဲ့ ကယ်တင်ရှင် သူရဲကောင်းမကြီး ဖြစ်နေတော့တာ။

အခုအချိန်မှာတော့ ယုဝတီက သောတရုံကို ယှဉ်ပြိုင် အနိုင်ယူ ပြချင်စိတ်လည်း မရှိတော့ပြီ။ သောတရုံတစ်ယောက် မွဲတေစုတ်ပြတ်နေချိန်မှာ ယုဝတီတို့ကတော့ အဆင့်အမြင့်ဆုံး ရောက်သွားပြီဆိုသည့် ချီးကျူးထောပနာစကားမျိုးကိုလည်း ကြား ချင်စိတ် လျော့ပါးလာခဲ့ပြီ။

ကိုယ် ရောက်နေသည့် နေရာတစ်ခုကို ကျေနပ် နှစ်သက်ဆဲ ဖြစ်သော်လည်း အရင်လို အရှူးအမူး ခုံမင်နေတာမျိုး မရှိတော့တာက အမှန်ပင်။

"ရော့ ... ဒီမှာ သောတ အတွက် ဆေး"

"နှစ်ပုလင်းတောင် မဝယ်နိုင်ပါဘူး ယုရယ်၊ သောတတို့က တစ်ပုလင်းချင်း ဝယ်တာပါ ... နှစ်ပုလင်းစာ ဆိုရင် အလကား ငွေမြှုပ်ထားရာ ရောက်နေမှာပေါ့"

သောတရုံလို မိန်းကလေးတစ်ယောက်က ဆေး ပုလင်းလေး တစ်ပုလင်းစာကိုတောင် စိစစ်တွက်ချက်နေရသည့် ဘဝကို ရောက်နေပြီတဲ့လား။ ယုဝတီက သောတရုံ အပေါ် သနားကြင်နာစိတ် ကိုယ်ချင်းစာစိတ် မဝင်စဖူး ဝင်မိလေသည်။

"ဒါက ယု လက်ဆောင်ပေးတာပါ သောတရယ် ... သောတတို့ကို ယု ဘာမှ မကူညီဖြစ်တာလဲ ကြာပြီမို့လား ..."

"ဟင့်အင်း ... အဲဒီလိုတော့ မဖြစ်ဘူး ... မပေးပါနဲ့ ယုရယ်၊ သောတ မယူနိုင်ဘူး ..."

သောတရဲ့ ငြင်းနေပုံက အားနာပါးနာ ဟန်ဆောင်ပန်ဆောင် မဟုတ်။ တကယ့်ကို ခါးခါးသီးသီး ဖြစ်နေပေရာ ယုဝတီက နားမလည်နိုင်အောင် ဖြစ်မိလေသည်။

"ဘာလို့လဲ သောတရဲ့၊ ဒီဆေးဖိုးလောက်လေးက မပြောပလောက်ပါဘူး ..."

"ဟုတ်တယ် ... ယုအတွက် မုန့်ဖိုးလောက်ပဲ ရှိတယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကိုတာက သူများဆီက ငွေကြေး အကူအညီယူတာကို မကြိုက်ဘူး ယုရဲ့၊ သောတကို လုံလောက်ပြည့်စုံအောင် မထားနိုင်လို့ သူများဆီက လက်ဖြန့်တောင်းရတယ်ဆိုတဲ့ ဘဝမျိုး အရောက်မခံနိုင်ဘူးတဲ့၊ သူ ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲပါစေ၊ သောတအတွက် သူ့အစွမ်းအစနဲ့ပဲ လုပ်ပေးချင်တယ် ... တဲ့"

ယုဝတီ ရင်ထဲမှာ တစ်မျိုးလေး ဖြစ်သွားရသည်။





အမှန်အတိုင်း ဝန်ခံရလျှင် တာရာ့ကို မြင်မြင်ချင်း စတင်စိတ်ဝင်စားမိသူဟာ သူမသာလျှင် ဖြစ်သည်လေ။ တာရာသာ ရုပ်ချောချော ဓာတ်ပုံဆရာလေး တစ်ယောက် အမှန်စစ်စစ် ဖြစ်ခဲ့မည်ဆိုလျှင် ယုဝတီက ဒီလောက်တောင်မှ အလွယ်တကူ လက်လျှော့စွန့်လွှတ်ပြီး သူများလက်ထဲ တွန်းပို့ပစ်မိမှာ မဟုတ်ပါ။

ဦးရန်ပြေ ဆီက မထင်မှတ်ဘဲ သိလိုက်ရသည့် သတင်းစကားတစ်ခုအရ တာရာဟာ ဓာတ်ပုံဆရာ ဟန်ဆောင်နေသော ကင်မရာ အလစ်သုတ်သမား တစ်ယောက် ဖြစ်မှန်း သိလိုက်ရတာကြောင့်သာ သူ့ကို စိတ်ကုန်ခမ်းသွားရတာ။

ကိုယ်က မလိုချင်ဘူးဆိုမှတော့ ဆတ်ဆတ်ခါအောင် လိုချင်နေသည့် နောက်တစ်ယောက်ထံ ထိုးထည့်ပေးလိုက်ရုံပဲပေါ့။ ကိုယ်နဲ့အပြိုင်အဆိုင် လုပ်ချင်လွန်းသည့် သောတရုံကိုလည်း ပညာပေးရာ ရောက်သွားမည်လေ။

အလစ်သုတ်သမား ကြမ်းပိုး သူခိုးတစ်ယောက်လို့ သိလိုက်တာနဲ့ တခြားမိန်းကလေးတစ်ယောက်လက်ထဲ ထိုးပေးနိုင်လောက်အောင် စိတ်ပျက်သွားမိသော တာရာ့ကို ပထမဦးဆုံး အကြိမ် ပြန်လည် အထင်ကြီး ချီးကျူးလိုက်မိသည်။

တာရာဟာ လူကောင်းတစ်ယောက် မဟုတ်ခဲ့ပေမဲ့ အိမ်ထောင်သည် တစ်ယောက် ဖြစ်သွားခဲ့တဲ့အခါကျတော့ ကိုယ့်ဇနီးသည်အပေါ်မှာ တာဝန်သိတတ်ရှာသားပဲ။

ဒီတစ်ချက်ကတော့ အရမ်းပဲ ချီးကျူးစရာကောင်းသည်။ ယောကျ်ားတစ်ယောက်ရဲ့ တကယ့်တန်ဖိုး အစစ်အမှန်ဟာ ဇနီးမယားအပေါ် ကြင်နာညှာတာတတ်ခြင်းနဲ့ အိမ်ထောင်အပေါ် တာဝန်သိတတ်ခြင်းပဲလို့ ယုဝတီက အဓိပ္ပာယ် သတ်မှတ်ချင်ခဲ့ပြီ။

"ကဲပါ ... ဆေးဖိုး မပေးရရင်လည်း နေ၊ သောတကို အိမ်အထိတော့ ပြန်ပို့ပေးမယ်နော်၊ ဒီလောက်တော့ လုပ်ခွင့်ရှိတယ်မို့လား"

"အဲဒီလိုတော့ မပြောပါနဲ့ ယုရယ် ... သောတက တမင် ကြီးကျယ်တာ မဟုတ်ပါဘူး ... ကိုတာ့အကြောင်းလည်း ယု သိသားပဲ၊ သူ့ဘဝက ချောချောမွေ့မွေ့ မဟုတ်ခဲ့ဘူး လေ၊ ဒီတော့ သူ့ကို သောတက ဆန့်ကျင်လိုက်မယ်ဆိုရင် သူ့ဘဝ အခြေခံ မကောင်းခဲ့လို့ အထင်သေးပြီး မလေး မစား ဆက်ဆံတယ်လို့ ထင်သွားမှာ စိုးတယ်လေ၊ အဲဒါ ကြောင့် သူ ဘယ်လိုပဲ ထားထား ... ဘာပဲ လုပ်စေချင် လုပ်စေချင် သောတကတော့ နားထောင်ပေးလိုက်တာပါပဲ"





ယုက သောတရဲ့ကို ငေးကြောင်ကြည့်နေမိသည်။

အံ့သြစရာ ကောင်းတဲ့ အလိုက်သိတတ်မှုပါပဲ။ သောတရဲ့လို ကလေးဆန်ဆန် ပေါ့ပေါ့တန်တန် နေတတ်သည့် မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ချစ်သူ၊ ကိုယ့်ခင်ပွန်းအပေါ် ဒီလောက်တောင် သိတတ်သတဲ့လား။

တကယ်တော့ အဲဒီလို သိတတ်နားလည်မှုကြောင့်ပဲ တာရာ့ထံက ချစ်ခင်ဂရုစိုက်မှုကို သောတ တန်တန်ရာရာ ရရှိခဲ့တာ ဖြစ်ပေလိမ့်မည်။

"သောတရေ ... သောတ"

အိမ်ကို အပြေးအလွှား ပြန်လာခဲ့သည့် တာရာ့ ခြေလှမ်းတွေက သွက်လက်ပေါ့ပါးလွန်းသည်။ အိမ်နီးနားချင်းတွေက တအံ့တဩ ဝိုင်းကြည့်နေကြတာကို ဂရုမစိုက်နိုင်။ သောတကို တွေ့ချင်စိတ်သည်သာ သူ့အတွက် အရေးပါဆုံးအရာ ဖြစ်နေတော့သည်။

"သောတ ... ဟာ ... ဒီကလေးမ ဘယ်ပျောက်သွားနေတာလဲ"

တာရာက ဖွင့်ထားသည့် တံခါးကတစ်ဆင့် အိမ်ပေါ် တလွှားလွှား ပြေးတက်ခဲ့လိုက်သည်။ စိတ်ထဲကလည်း အိမ်ရှေ့ တံခါးကြီး ဖွင့်ကာ ဘယ်ပျောက်နေမှန်း မသိသည့် သောတရုံကို စိတ်တိုလာသည်။





ဒီလိုပုံနဲ့သာ ဆိုရင်တော့ကွာ ... လူဆိုးရင်လည်း ဝင်လာနိုင်သည်။ သူခိုးလည်း ဝင်လာမှာပဲ ... အဲ သူခိုးကတော့ ဝင်လာလည်း ဘာမှ ခိုးစရာမရှိတာမို့ အရေးမကြီး၊' လူဆိုး၊ လူယုတ်မာတွေ ဝင်လာပြီး လူကို တစ်ခုခု အန္တရာယ် ပေးသွားမှဖြင့် ...။

အိမ်ရှေ့ကနေ အိပ်ခန်းထဲ အဲဒီကမှတစ်ဆင့် ထမင်းစားခန်းအဖြစ် သတ်မှတ်ထားသော အခန်းငယ်။ ဘယ်မှာမှမတွေ့။

တာရာက အိမ်နောက်ဖေးသို့ တဒုန်းဒုန်း ဆင်းချသွားလိုက်သည်။ အိမ်နောက်ဖက်မှာ ရေချိုးဖို့ နေရာတွေ ရှိသည်။ သောတ လုံလုံခြုံခြုံ ရေချိုးလို့ရအောင် ကျူကာရံတွေ ဝယ်ပြီး ပတ်ပတ်လည်ကာရံလျက် မနီမိုးပေးထားတာ။

ထိုရေချိုးခန်းလေးအတွင်းမှာ သောတကို ခွေခွေလေး လဲလျက်သား တွေ့ရလေသည်။ သူမရဲ့ ခန္ဓာကိုယ်အောက်ပိုင်း တစ်ခုလုံးဟာ သွေးတွေ ရွှဲနစ်အိုင်ထွန်းလျက်။

"သောတ ..."

တာရာက အသံကုန်အော်ဟစ်လျက် ပြေးဝင်သွားကာ သောတ ကိုယ်လုံးလေးကို ပွေ့ယူလိုက်ပါသည်။ တုန်လှုပ်ချောက်ချားဖွယ်ရာပင် သောတရဲ့ ခန္ဓာကိုယ်လေးဟာ သူ့လက်ထဲမှာ ပျော့ခွေလျက် ပါလာလေသည်။

"သောတ ... သောတလေး၊ ဘာဖြစ်တာလဲဟင် ... သတိရရဲ့လား ... ကိုယ့်ကို စကားပြောပါဦး သောတရဲ့"

တာရာ့ အသံက ငိုသံပေါက်နေသည်။ ရေစိုစိုသွေးရွှဲရွှဲနဲ့ သောတကို ပွေ့ရင်း ဘာလုပ်ရမှန်းမသိဘဲ ရှိုက်ကာ ငိုကြွေးနေမိတော့သည်။

တာရာ့ရဲ့ အော်သံကြောင့် လာကြည့်ကြသော အိမ်နီးနားချင်းတွေကသာ ရောက်မလာလျှင် တာရာဟာ သောတကို အပြင်ခေါ်ထုတ်မှန်းလည်း သိမှာမဟုတ်။ ဆေးရုံပို့ရမည်လည်း သိမှာမဟုတ်လောက်အောင် ခဏတာ ရူးသွပ်သွားလိမ့်မည်ထင်သည်။





တင့်တယ်ခန့်ညားလှသော ဆရာဝန်မကြီးရဲ့ ရှေ့မှာ ကိုယ်ဟာ ကြွက်စုတ်ကလေးတစ်ကောင်မျှ သေးငယ်သွားသည်ဟု တာရာ ထင်မိလေသည်။

နောက်ပြီး ဆရာဝန်မကြီးရဲ့ ကိုယ့်အပေါ် သနားကရုဏာသက်သည့် အကြည့်၊ ထိုအကြည့်ကို တာရာက ခံယူနိုင်စွမ်း မရှိပါ။ အနှိမ်ခံရလို့ပဲ ဖြစ်ဖြစ်၊ အထင်သေးခံရလို့ပဲဖြစ်ဖြစ်၊ အကဲ့ရဲ့ခံရလို့ပဲ ဖြစ်ဖြစ် သူ့တစ်ကိုယ်လုံး သေးကွေးကျုံ့ဝင်ကာ နောက်ဆုံး အစရှာမရလောက်အောင် ပျောက်ချင်ပျောက်ဆုံးသွားဦး သူက ခံနိုင်သည်။

ဆရာမကြီးရဲ့ မျက်လုံးတွေထဲမှာ ပါလာသော သနားကြင်နာခြင်း၊ အားနာတွန့်ဆုတ်ခြင်းတွေကိုတော့ တာရာက မခံနိုင်ချေ။ ကျေးဇူးပြုပြီး ကျွန်တော်ဟာ လူတကာ သနားစရာ ဖြစ်လောက်တဲ့ ဆုံးရှုံးမှုကို ပိုင်ဆိုင်တဲ့သူ မဖြစ်ပါရစေနဲ့။

"စိတ်တော့ မကောင်းပါဘူး သားရယ် ... ကလေးက ပျက်စီးသွားရှာပြီ"

သောတ ကိုယ်အောက်ပိုင်း တစ်ခုလုံး သွေးတွေ ရွှဲနစ်လျက် ခွေခွေလေးလဲနေတာ တွေ့လိုက်ရတည်းက အထဲက ကလေးဟာ ဘယ်လိုမှ မရှင်နိုင်တော့ဘူး ဆိုတာ တာရာက ခန့်မှန်းမိသလောက် ရှိပြီးသားပါ။ သို့သော်လည်း နားနဲ့ ဆတ်ဆတ်ကြားလိုက်ရသည့်အချိန်မှာ ဘယ်လိုမှ မခံနိုင်။

"သူ ရေချိုးခန်းထဲမှာ ချော်လဲလိုက်တဲ့ အချိန်မှာ ဝမ်းဗိုက်နဲ့ ကြမ်းကို ပြင်းပြင်းထန်ထန် ဆောင့်မိပြီး အထဲက သန္ဓေသား ပျက်စီးသွားတာပဲကွယ့် ... လကလည်းနုသေးတော့ ဘယ်လိုမှ ထိန်းမရဘူးပေါ့ကွယ်"

ခပ်ဖြည်းဖြည်း ပြောနေတဲ့ ဆရာမကြီးရဲ့ စကားတွေဟာ နားထဲ သံရေပူနဲ့ လောင်းချသလို ပူပြင်းလောင်မြိုက်နေစေသည်။

ဆရာဝန်မကြီးကတော့ သိမှာမဟုတ်။ သူမရဲ့ စကားလုံးတွေဟာ လူသားတစ်ယောက်ရဲ့ အသည်းနှလုံးကို ဓားထက်ထက်နဲ့ တစ်ချက်ချင်း မွှန်းသလို ဖြစ်နေလိမ့်မည်ဆိုတာလေ။





တာရာရဲ့ စိတ်မကောင်းမှုဟာ ဇနီးသည် ကိုယ်ဝန်ပျက်တာကို ကြုံသည့် ခင်ပွန်းသည် တစ်ယောက်ရဲ့ ပုံမှန်ခံစားမှုမျိုး မဟုတ်။ ဒါဟာ ငါ့ကြောင့်ဖြစ်ရတာ၊ ငါ့ပယောဂလုံးလုံးလျားလျားပဲ ဆိုသည့် အသိက အလွန်ကြီးမားသော ပူဆွေးသောကကို ဖြစ်စေသည်။

သောတသာ သူနဲ့ မယူဖြစ်ရင် ဘဝကို အခုလိုမျိုး ဆင်းရဲပင်ပန်းစွာ ဖြတ်ကျော်ရမှာ မဟုတ်။ ယုဝတီ ရလိုက်သည့် ယောကျ်ားလိုမျိုး ကိုယ့်ဇနီးသည်ကို မိဘလက်ထက်ကထက်တောင်မှ သာအောင် ထားနိုင်သေးသည့် ယောကျ်ားမျိုးနဲ့သာ ရလိုက်လျှင် ယိုင်နဲ့နဲ့ တဲသာသာ အိမ်မျိုးမှာလည်း နေရမှာမဟုတ်၊ သံတွေ ကျွတ်ကျွတ်ထွက်လျက် ဟိုကကြွ ဒီကကြွ မခိုင့်တခိုင် ကြမ်းပြင်ကို နင်းရမှာလည်း မဟုတ်။ ဖြစ်ကတတ်ဆန်း လုပ်ထားပြီး ရေစိုချောကျိုနေသော ရေချိုးခန်းမျိုးကို သုံးရမှာလည်း မဟုတ်။ ကိုယ်ဝန်ကြီးနဲ့ ရေချိုးခန်းထဲ ချော်လဲသည့် အဖြစ်မျိုးလည်း တွေ့ကြုံရမှာ မဟုတ်။

မျက်ရည်တွေက ထိန်းချုပ်မရစွာ ပါးပြင်ပေါ် စီးကျလာသည်။ သူဟာ အချစ်ရဆုံး သူလေးကို ဒုက္ခတွေ ပင်လယ်ဝေအောင် လုပ်ခဲ့မိပြီ။ ကိုယ့်အတ္တတစ်ခုအတွက် နုနယ်လန်းဆန်းသည့် ဘဝတစ်ခုကို ရိုက်ချိုးဖျက်ဆီးခဲ့မိပြီ။

ရထားတစ်စင်း ဖြတ်မောင်းသွားသည့် အသံတဂျိန်းဂျိန်းကို ကြားရသည်။ ထိုရထားဖြတ်မောင်းသွားရာဟာ သံလမ်းမ မဟုတ်ဘဲ သူ့ရဲ့နှလုံးသားအစုံပေါ်သို့ ဖြစ်သည်ဟု တာရာက ထင်မိလေသည်၊

တကယ်လို့များ သူ့နှလုံးသားကို ရထားဘီးတွေရဲ့ နင်းကြိတ်ဖိခြင်း ခံလိုက်ရလို့ သောတ အကောင်းပကတိ ပြန်ဖြစ်မယ်ဆိုရင် တာရာက ရထားအကြိတ်တောင် ခံလိုက်ချင်သည်။

"ကလေးမလေးက သွေးအားသိပ်နည်းနေတယ်၊ သူ့ပုံစံကြည့်ရတာ နဂိုကတည်းက ကျန်းမာရေး သိပ်ကောင်းပုံမရဘူး၊ အားနည်းပြီး သွေးအားလည်း သိပ်မကောင်းဘူးထင်တယ်"

ဆရာဝန်မကြီးက အပြစ်တင်လိုဟန် မပါဝင်သော်လည်း စွပ်စွဲလိုသည့် ပုံမျိုးနဲ့ ပြောလိုက်တာ ဖြစ်ပါသည်။

"ကျွန်တော် သူ့ကို အားရှိမဲ့ အစာတွေ ကျွေးပါတယ် ဆရာမကြီး၊ ကိုယ်ဝန်ဆောင် အားတိုးဆေးတွေလည်း မှန်မှန်တိုက်ပါတယ်၊ သူကိုယ်တိုင်က အစားပျက် အသောက်ပျက်နဲ့ အားနည်းနေတာပါ"





"အင်း … ဆေးရုံကမဆင်းခင်တော့ လိုအပ်တဲ့ investigation (ရောဂါရှာဖွေစစ်ဆေးမှု)တော့ လုပ်ရမှာပဲ … ကလေးမရဲ့ ပုံစံကို တို့တော့ သိပ်သဘောမကျလှဘူးကွယ်"

ဘုရား … ဘုရား … ဘာတွေများပါလိမ့်။ သိပ်သဘောမကျဘူးဆိုပါလား။

သောတမှာ ရတ်တရက် ကိုယ်ဝန်ပျက်ကျခြင်းအပြင် နောက်ဆက်တွဲ ဘယ်လိုရောဂါတွေများ ရှိနေဦးမှာလဲ။

ဆရာဝန်မကြီးရဲ့ ရုံးခန်းထဲက ပြန်ထွက်လာချိန်မှာ တာရာတစ်ယောက် ကိုယ့်ခြေထောက်တောင် ကိုယ်နိုင်အောင် မသယ်နိုင်တော့ချေ။

"ကိုရင် ... ဆွမ်းထပ်ထည့်ပါဦး ... ဆွမ်းဟင်းလည်း ဘုဉ်းပေးပါ ... ဒါတွေအားလုံး ကိုရင့်အတွက် ချက်ထားတာ"

တာရာက အောင်သူ တစ်ဖြစ်လဲ ကိုရင် အာစရဏ်၏ ပန်းကန်ထဲသို့ ဟင်းတွေ ခပ်ထည့်ပေးရင်း တဖွဖွ ပြောနေရသည်။

ကိုရင်ကလေးကတော့ ဣန္ဒြေကြီးမားစွာနဲ့ ငြိမ်ငြိမ်သက်သက်လေး ဆွမ်းဘုဉ်းပေးနေလေသည်။ သော်တာမှာတော့ အောင်သူလေး ကိုရင်ဝတ်လျှင် ဘာတွေလုပ်ပေးလိုက်မည်ရယ်လို့ အားခဲထားသော်လည်း လက်တွေ့ကျတော့ ထိုင်ကြည့်နေရုံအပြင် ဘာမှမလုပ်နိုင်။

မီးညွန့်လေး တလူလူ တောက်ပနေသော ဆီမီးခွက်ကလေး မီးစာကုန်ခန်းကာ မီးတောက်ငြိမ်းဖို့ နီးကပ်လာသလိုမျိုး အောင်သူလေးရဲ့ အခြေအနေဟာလည်း သိပ်မကောင်းချင်တော့။





ဆရာဝန်တွေရဲ့ ထင်မြင်ချက်အတိုင်းသာဆို သူ့ရဲ့ သက်တမ်းဟာ နောက်ထပ် ခြောက်လလောက်ပဲ ရှိနိုင်တော့မည်။

ထိုအချိန်တွင် အောင်သူ့အဘွားက သူ့မြေးလေးကို ကိုရင်ဝတ်ပေးလိုက်ချင်ပါသည်လို့ ပြောလာသည်။ မမညိုကလေး ဆေးရုံမှာ ရှိကတည်းက မမညိုဆီ သွားရင်း အောင်သူတို့ မြေး အဘွားနဲ့ ခင်မင်နေပြီဖြစ်သော **တာရာနဲ့သောတာရုံတို့က** **အောင်သူ**လေး ရှင်ပြုလျှင် တတ်နိုင်သ**လောက် ပါဝင်ကူညီပါရစေလို့** ခွင့်တောင်းခဲ့ကြတာ။

အောင်သူလေး ရှင်ပြုချိန်ဟာ သောတ ဆေးရုံတက်နေရချိန်မို့ သူတို့တွေ အလှူသာ ထည့်လိုက်နိုင်လျက် ကိုယ်ထိလက်ရောက် ဘာမှမကူညီနိုင်။ အောင်သူ ကိုရင်ဝတ်ပြီး တစ်ပတ်ပြည့်သည့်နေ့ သောတ ဆေးရုံဆင်းတာ နှစ်ရက်လောက် ရှိတော့မှပဲ အိမ်ကို ဆွမ်းစားပင့်နိုင်တော့တာ။

ဒါတောင် သောတရဲ့ ဆန္ဒနဲ့မို့သာ။ တာရာ့ဆန္ဒအတိုင်းဆိုလျှင်တော့ ဒီလောက် အလုပ်များ ပင်ပန်းနေသည့်ကြားထဲ သောတလည်း နေမကောင်းသေးသည့်အခိုက် ဒီကိစ္စတွေ လုပ်နိုင်ဦးမှာ မဟုတ်ချေ။

သောတကတော့ ဘာကြောင့်မှန်းမသိ။ အောင်သူလေးကို အရမ်းပဲ သံယောဇဉ်တွယ်နေမိသည်။ ထိုကလေးရဲ့

ဘဝထဲကို ကိုယ်တိုင်ပါဝင်ပူးကပ်သွားသလို တသားတည်း ခံစားနေမိသည်။ အဲဒါကြောင့်ပဲ သူကလေးရဲ့ နောက်ဆုံးအချိန်တွေကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးနေချင်မိတာ။

အခုလည်း ဆေးရုံက ဆင်းကာစ ဗိုက်ထဲက နာသလိုလို ခေါင်းထဲကပဲ မူးသလိုလို၊ ပျို့ချင် အန်ချင်သလိုလို နေမကောင်းသေးပေမဲ့ ကိုရင်လေး ဆွမ်းစားနေတာကိုကြည့်ပြီး စိတ်ထဲက ကြည်နူးချမ်းမြေ့နေမိတာ။

အင်း ... ကိုရင်လေးဟာ သူ့အကြောင်းသူ သိရက်နဲ့ ဒီလောက် ကြံ့ကြံ့ခိုင်နေနိုင်တာ အံ့သြစရာပဲ။ သူ့နေရာမှာ သောတ သာဆိုရင် အခု စားနေသည့် ထမင်းကို သူ့လို မျိုကျပါ့မလား။ သူ့လိုရော စိတ်ကြည်လင်ငြိမ်းချမ်းနိုင်ပါ့မလား။

ကိုယ့်ကိုယ်ကိုယ် မကြာခင် သေတော့မည့် လူ တစ်ယောက်အဖြစ် တွေးကြည့်နေမိရင်းက ကြက်သီးတွေ ဖြန်းခနဲ ထ,လာသည်။ မဟုတ်သေးပါဘူး။ ဆေးရုံလေး တစ်ပတ်လောက် တက်လိုက်ရတာနဲ့တင် သောတဟာ ရူးကြောင်ကြောင် ဖြစ်သွားပြီ ထင်ပါရဲ့။ ကိုယ် ဆေးရုံတက်သည့် ကိစ္စဟာ အခုဖြစ် အခု ကုသမှုခံယူ၊ အခုပျောက်သည့် ရောဂါမျိုး ဖြစ်ပါလျက် ကိုယ့် ကိုယ်ကိုယ် နာတာရှည်ရောဂါသည်ကြီး ထင်မိနေပြီလား မပြော တတ်။





"ကိုရင် ဆွမ်းဘုဉ်းပေးပြီးရင် တရားလေးဘာလေး ဟောခဲ့ပါဦး"

အပြောင်အပြက် ပြောလိုက်ပေမဲ့ ကိုရင် အာစရက တကယ့်ကိုပဲ အကျအန တင်ပျဉ်ခွေထိုင်လိုက်ကာ တရားဟောပါ တော့သည်။

"ဒကာကြီး ... လောကမှာ အရာတိုင်းဟာ ဖြစ်လာရတာ ပျက်ဖို့ချည်းပဲ ... ဒီတော့ ပျက်တာဟာ အဆန်းမဟုတ်ဘူး၊ မပျက်ရသေးခင်မှာ အကောင်းဆုံးဖြစ်ခဲ့ဖို့သာ အရေးကြီးတာ ... လူတိုင်းအတွက် မနက်ဖြန်ဆိုတာ မသေချာဘူး၊ ကိုယ် အသက်ရှင်နေသရွေ့ ကိုယ်ရတဲ့အချိန်တွေကို တန်ဖိုးထားတတ်ရမယ်"

ဆယ့်နှစ်နှစ်ပဲ ရှိသေးသည့် ကလေးတစ်ယောက် ထံက တရားစကားကို ကြားရတော့ သောတ မျက်ရည်လည်လာ သည်။ လူတိုင်းအတွက် မနက်ဖြန်ဆိုတာ မသေချာဘူးဆိုသည့် စကားလုံးကို စိတ်ထဲက လိုက်ရွတ်ဆိုကြည့်မိရင်း သောတ စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ဖိုဖိုလှိုက်လှိုက်ကြီး ဖြစ်လာတော့ သည်။

"ဒါက ဘယ်ကိုသွားမလို့လဲ ဦးရန်"

ယုရဲ့အသံက ထင်မှတ်ထားတာထက် ပိုပြီး ရူးရှကျယ်လောင်သွားသည်ဟု ထင်ပါသည်။ ယု တစ်သက်မှာ အခုလိုမျိုး ကြမ်းကြမ်းတမ်းတမ်း ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြောဆိုခဲ့ရတာမျိုး မရှိခဲ့။ မိဘတွေက စကားကို ချိုချိုသာသာ သိမ်သိမ်မွေ့မွေ့ တိုးတိုးသက်သာ ပြောရမည်လို့ သင်ပေးထားသည့်အတိုင်း နူးနူးညံ့ညံ့လေးပဲ ပြောတတ်တာ။ အခု ဦးရန်မပြဲနဲ့အိမ်ထောင်ကျမှ ယုဟာ အော်ကျယ်ဟစ်ကျယ် ပြောလား ပြောတတ်ရဲ့၊ စွာလောင်ကျယ်လောင်နဲ့ ရန်တွေ့လား တွေ့တတ်ရဲ့၊ စကားလုံး ရိုင်းရိုင်းတွေသုံးပြီး ကြမ်းရမ်းပြလား ပြတတ်ရဲ့ ဖြစ်လာပြီ။





အခုလောက် ကြမ်းတမ်းလာတာလည်း အလွန်မဟုတ်။ ဒီလောက် ပတ်ကြမ်းတိုက်ပြတာတောင် ဦးရန်ပြေတို့က တစ်ချက်တောင်လှုပ်တာ မဟုတ်ဘူးလေ။

အရင်တုန်းကတော့ မျက်နှာတည်တည်ငြိမ်ငြိမ်နဲ့ ယု ပြောသမျှ ဆိုသမျှ နှုတ်ဆိတ်နားထောင်တတ်သော ဦးရန်ကို သဘောကောင်းလှချည်ရဲ့လို့ ယုက အထင်တကြီး မှတ်ချက်ပေးမိခဲ့တာပါ။

အခုကျ့မှ ဒါဟာ ဦးရန်ရဲ့ 'ပြန်မပြော နားမထောင်၊ လုပ်ချင်ရာလုပ် ဂရုမစိုက်' ဆက်ဆံနည်းဆိုတာ ယု သဘောပေါက်တော့သည်။

ဘယ်လောက်တောင်များ အသည်းယားဖို့ ကောင်းလိုက်သလဲ။ သုံးလေးရက်လောက် ခရီးထွက်မှာကိုများ အိမ်ထဲက ထွက်၊ ကားပေါ်တက်ပြီးတော့မှ ညနေစာ ပြန်မစားတော့ဘူးလို့ ပြောသည့် သဘောလောက်နဲ့ ခပ်အေးအေး ခပ်ပေါ့ပေါ့ ပြောသွားတာမျိုးလည်း ရှိသည်။ ယုကို ကြိုတင်ပြောမထားဘဲ ဧည့်သည်ငါးယောက်လောက်ကို ထမင်းကျွေးဖို့ ခေါ်ချလာတာလည်း ရှိသည်။ ဒီည အလုပ်က စောစောပြန်လာပြီး ညစာကို အပြင်ထွက်စားကြဖို့ စီစဉ်ထားပါလျက် ညနေစာ စားချိန်လွန်လောက်ပါမှ ဒီည ဒင်နာရှိလို့ ပြန်မလာနိုင်တော့ဘူးလို့ ကောက်ခါငင်ခါ ဖျက်ချလိုက်တာမျိုးလည်း ရှိသည်။

အစကတော့ အလုပ်ကြီး အကိုင်ကြီးသမား ကိုယ့်ထက် အသက်အများကြီး ကြီးသည့် သူဌေးကြီးတစ်ယောက်ကို လက်ထပ်ထားမှတော့ ဒီလောက်တော့ သည်းခံပေးရမည်လို့ ယုက နားလည်ပေးမိပါသေးသည်။

ကြာလာတော့ ဦးရန်ရဲ့ လုပ်ရပ်တွေဟာ ဒီလောက်ကလေး မကတော့ဘူးလို့ ယုက မြင်လာသည်။ ဦးရန်ပြေက ယုကို လက်ထပ်ထားပုံမှာ သူပျင်းသည့်အခါ အဖော်လုပ်ဖို့၊ သူ့အနားမှာ ဇနီးမယားတစ်ယောက်ရယ်လို့ ရှိနေဖို့၊ ပွဲလမ်းသဘင်သွားရာမှာ လက်ဆွဲခေါ်သွားနိုင်ဖို့၊ လက်ထပ်တာမျိုးဟု သူထင်လာသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ကိုယ်ပေါ်မှာ အဆင်တန်ဆာ တစ်ခုအဖြစ်နဲ့ နာရီတစ်လုံး ဝယ်ပတ်တာမျိုး၊ ဆွဲကြိုးတစ်ကုံး ဝယ်ဆွဲတာမျိုးလောက်ပဲ ဖြစ်ပေလိမ့်မည်။

အခုလည်း ကြည့် ... ယု လုံးဝမသွားစေချင်သည့်နေရာကို မသွားပါနဲ့လို့ တားထားသည့်ကြားထဲက ဦးရန်က သွားဖြစ်အောင် သွားဦးတော့မည့်ပုံ။

ဒေါ်ထိပ်ထားဦး ဆိုသည့် အမျိုးသမီးဟာ ဦးရန်ကိုမှ ဖူးဖူးမှုတ် အရေးပေးလွန်းတာ သဘာဝကို မကျဘူးဟု ယုက ထင်သည်။





ဒီအမျိုးသမီးဟာ သူမကိုယ်တိုင်လည်း လူကြီးလူကောင်း စာရင်းဝင်နေပြီ ဖြစ်ပါလျက် သူများယောကျ်ားကိုမှ အရှက်မရှိ ပိုးပန်းချင်နေတာဟာ အရှက်မဲ့လွန်းရာကျသည်။

ယုတို့လည်း ယောကျ်ားတစ်ယောက်ကို သဘောကျတတ်တာပါပဲ။ ဟုတ်တိုင်းမှန်ရာ ဝန်ခံရမည်ဆိုလျှင် ယုတစ်သက်တာမှာ တာရာလောက် စိတ်ဝင်စားမိသည့် ယောကျ်ားရယ်လို့ မရှိ။ တာရာဟာ အလစ်သုတ်သမား တစ်ယောက်လို့ သိလိုက်ရချိန်က စိတ်ကုန်သွားသလို ရှိခဲ့သော်လည်း သောတရဲ့ လက်ထဲ အပြီးအပိုင် ထည့်ပေးလိုက်ရချိန်မှာ နှမြောသလိုတော့ ဖြစ်မိသား။

တာရာက သောတရဲ့ အပေါ် သိပ်ကောင်းတာ ... အိမ်ထောင်အပေါ် တာဝန်ကျေပွန်တာ၊ ကြင်နာတတ်တာတွေ တွေ့ရတော့ ငါမှားပြီလို့တောင် နောင်တရချင်မိသေးသည်။

ဒါပေမဲ့ တာရာကို သောတရဲ့ လက်ထဲက ပြန်လုချင်သည့်စိတ်မျိုး ပေါ်မိသလားဆိုလျှင် လုံးဝမပေါ်ဘူးလို့ အာမခံရဲပါသည်။ တာရာဟာလည်း သူ့အိမ်ထောင်နဲ့ သူ၊ ယုကလည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ် တစ်ယောက်ကို တစ်ယောက် ဘာမှ နှောင့်ဖွဲ့နေစရာ မရှိတော့။

ဒေါ်ထိပ်ထားဦး ကျတော့ ဒီလိုဟုတ်ပါ့ရိုးလား။ ဦးရန်မှာ ယုဝတီ ဆိုသည့် တရားဝင် ဇနီးသည့်တစ်ယောက် ရှိနေတာကို ဂရုစိုက်ပုံတောင် မရ။

ကဲ ... ဒီလိုမိန်းမကြီးမျိုးနဲ့ ဦးရန်ကို ယုက နိုးနိုးကပ်ကပ် ပေါင်းစေချင်ပါ့မလား။ စိတ်ပူတော့မှာပေါ့။ စိတ်ပူလို့ ပြောမိတော့လည်း ဦးရန်က သူ့သိက္ခာကို စော်ကားသလေး၊ သူ့အလုပ်ကို နှောင့်ယှက်သလေးနဲ့ အကြောင်းအမျိုးမျိုး ပြတော့သည်။

နောက်ဆုံးတော့ ယုတစ်ယောက်တည်း မိန်းမကြမ်းကြီး ဖြစ်ရကာ ယုတစ်ယောက်တည်းပဲ ရန်လို မောပန်းနေရတော့တာ ...။

"ဦးရန် ... ဘယ်သွားမလို့လဲ ... လို့ မေးနေတယ်လေ"

"ဘယ်သွားသွားပေါ့ကွာ ... အချိန်တန် ပြန်လာရင် ပြီးတာပဲ မဟုတ်လား"

"အချိန်တန် ပြန်လာရုံနဲ့ မပြီးသေးဘူးလေ ... ကိုယ့်မိန်းမကိုလည်း တိုင်တိုင်ပင်ပင် ပြောပြောဆိုဆိုလေးတော့ ရှိဦးမှပေါ့ ... သွားချင်တဲ့နေရာ သွားချင်သလို သွားရအောင် ရှင်က လူပျိုလူလွတ်မှ မဟုတ်တော့တာ"





"ကျွတ် ... မင်းကို လက်မထပ်ခင်တုန်းက ဒီလောက် စွက်စွက်ဖက်ဖက် ပါတတ်လိမ့်မယ်လို့ ထင်ကိုမထင်မိဘူး၊ ကိုယ်လိုချင်တာက ဒါမျိုးမဟုတ်ဘူးကွ ... ကိုယ့်စည်းကိုယ့်ကမ်းနဲ့ ကိုယ်နေပြီး သူများကိစ္စကို မနှောင့်ယှက်မဲ့ မိန်းမမျိုး ... သိတတ် ပါးနပ်တဲ့ မိန်းမမျိုးကိုပဲ လိုချင်တာ"

ကြည့်စမ်း ... ဒါဟာ ဘယ်လောက်စော်ကားလိုက်သလဲ။ ကိုယ် လက်ထပ်ယူထားသည့် ဇနီးမယားကို 'ငါလိုချင်တာ ဒါမျိုးမဟုတ်ဘူး' ဆိုတော့ အဲဒီ မိန်းမဟာ ဘယ်လောက် အခံရခက်လိုက်လိမ့်မလဲ။

သူလိုချင်တာ ယုလို မိန်းမမျိုး မဟုတ်ဘူး ဆိုတာကို မယူခင်က သိပါလား။ ယူပြီးမှတော့ နောင်တရ စကားမျိုး လာပြောမနေသင့်တော့။ ကိုယ့်အမှားဆိုလည်း ယောကျ်ားပီပီသသ ရင်ဆိုင်ရုံပဲ ရှိတော့သည်။

"ယုရယ် ... မင်းအသက်က နှစ်ဆယ့်နှစ်နှစ် ဆိုပေမဲ့ အိမ်ထောင်သည် တစ်ယောက် ဖြစ်နေပြီပဲ၊ သိပ် ကလေးဆန်ဖို့ မသင့်တော့ပါဘူး"

"ဒါ ကလေးဆန်တာ မဟုတ်ဘူး ဦးရန်၊ ဦးရန်ရဲ့ အလုပ်တွေကို နားမလည်ပေမဲ့ ယု အတတ်နိုင်ဆုံး သည်းခံပေး

ခဲ့တယ် ... အခုကိစ္စက ယု ယောကျ်ားကို ကြောင်တောင် နိုက်ခံရတော့မဲ့ ကိစ္စ ... ယု သည်းမခံနိုင်ဘူး"

"ဟာ ... ယု၊ မင်း သိပ်လွန်လာပြီနော် ... ဟိုက သူ့ သိက္ခာနဲ့သူ နေတဲ့ ဂုဏ်သရေရှိ အမျိုးသမီး ... မင်း စိတ် ထင်တိုင်း စွပ်စွဲမနေနဲ့ ... လူဆိုတာ အတွေးအခေါ်မြင့် မားရတယ်ကွ ... အောက်တန်းကျကျ တွေးတတ်တဲ့လူဟာ ဘယ်တော့မှ အထက်တန်းစား ဖြစ်မလာနိုင်ဘူး"

ကဲလေ ... ကဲလေ ... ဘယ်ယောကျ်ားကများ ကိုယ်နှစ်သက်လို့ လက်ထပ်ထားသည့် ဇနီးမယားကို 'အောက် တန်းစား' လို့ မစွပ်စွဲရဲတမယ် ပြောရက်မှာလဲ။ ဒါကိုကြည့်ခြင်း အားဖြင့် ဦးရန်ပြေဟာ ယုကို တန်ဖိုးမထားဘူးဆိုတာ သိသာလှ သည်။

"အို ... ပြောရမှာပဲ၊ ယုက ပြောပိုင်ခွင့်ရှိလို့ ပြောတာ၊ ဦးရန်က ဘာလဲ ယုဘက်က မရှိဘူးပေါ့ ... အံ့ပါရဲ့ ကိုယ့်မိန်းဘက်က မရပ်တည်ချင်တဲ့ ယောကျ်ားမျိုးကလည်း ရှိသေးတယ် ... သောတရဲ့ ယောကျ်ားဆိုရင် သူ့မိန်းမကို ချစ်လိုက်တာ အလွန်ပဲ ... သောတကို ကြင်နာလိုက်တာ ဂရုစိုက်လိုက်တာလည်း ပြောမနေနဲ့ ... ဘာပဲလုပ်လုပ် သောတ အတွက်ချည်းပဲ"





"တောက် ... သောတရဲ့ ယောကျ်ားဆိုတာ ကိုယ့် ကင်မရာကိုခိုးတဲ့ သူခိုးကို ပြောတာမဟုတ်လား ... အံ့ပါရဲ့၊ ကိုယ့်ယောကျ်ားကိုများ သူခိုးကြမ်းပိုးနဲ့ နှိုင်းရ တယ်လို့"

"အဲဒီတုန်းက သူက သူငယ်ချင်းတစ်ယောက် အမေ အသည်းအသန် ဖြစ်တာကို ကူညီချင်လို့ အလွယ်တွေ့တဲ့ ပစ္စည်းကို ယူမိတာပါ၊ ဘာပဲဖြစ်ဖြစ် သောတနဲ့ အိမ်ထောင် ကျပြီးတဲ့နောက် သူ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင် ကျွေးမွေးနေတာပဲ"

"တော်စမ်း ... မင်း ငါ့ကို ဒီလိုကောင်စားမျိုးနဲ့ နှောက် မနှိုင်းနဲ့"

ဦးရန်ပြေ အသံကြီးကို မိုးခြိမ်းသံလို ထွက်ပေါ်လာ သည်။ ယုက ရုတ်တရက်မို့ ထိတ်လန့်သွားသော်လည်း ကိုယ့် ဘက်မှာလည်း စိတ်နာစရာတွေက ရှိနေပေရာ ဖြုတော့ မဖြုလှချေ။

"ဘာဖြစ်လဲ ... နှိုင်းတော့ရော ရှင်ကြီးတောင် ယုကို ဟိုမိန်းမနဲ့ ယှဉ်ပြီး အောက်တန်းကျသလေး ဘာလေးနဲ့ ပြောသေးတာပဲ"

"ဒါက အမှန်အတိုင်းပြောတာပဲ ... မင်း သိထားဖို့က မင်း သိပ်အထင်ကြီးတဲ့ ဟိုသူခိုးကောင်က သောတရုံဆိုတဲ့

ရာပြည့်အထိမ်းအမှတ်
စေတနာစာပေ

သူ့မိန်းမကို တဲကုပ်သာသာ အိမ်နဲ့ထားတာ ... နေပူထဲမှာ လျှောက်ခိုင်းတာ ... မသေရုံကျွေးပြီး အဝတ်ဖြစ်တယ် ဆိုရုံ ဆင်ထားတာ ... ကိုယ်က မင်းကို မြန်မာပြည်မှာ အကောင်းဆုံး စာရင်းဝင်တဲ့ တိုက်နဲ့ ကားနဲ့ အခြွေအရံနဲ့ ထားတာ ... သုံးချင်တာသုံး မကုန်တဲ့ငွေတွေ ပေးထားတာ ... မင်းက တဲကုပ်ထဲ သွားနေချင်သလား ... မဝရေစာ စားပြီး အဝတ်စုတ် ဝတ်ချင်လို့လား ... ကိုယ်သိပါတယ်ကွာ ... မင်းအိမ်ထောင်ပြုတဲ့ ရည်ရွယ်ချက်က မိဘလက်ထက်ကထက် သာအောင် နေချင်တဲ့ ဆန္ဒလည်း ပါတယ်မဟုတ်လား"

ဦးရန်ပြေက သိပ်ကို စော်ကားလွန်းလာပြီ။ ခက်နေတာက သူပြောတာတွေကလည်း မှန်သင့်သလောက် မှန်နေပေရာ ယုမှာ ပစ်ပစ်ခါခါ ငြင်းထုတ်လို့ မရဘူး ဖြစ်နေပြန်သည်။

ယုဝတီရဲ့ စိတ်ထဲကတော့ သူမ အထင်တကြီး လက်ထပ်ခဲ့သော ဦးရန်ပြေကို အထင်သေး စိတ်နာချင်လာခဲ့လေပြီ။





"ဟယ် ... ကိုတာရာ ... အလုပ်မသွားဘူးလား"

စိတ်ရှုပ်ရှုပ်နဲ့ သောတရုံတို့ အိမ်ဘက်ကို ကားမောင်းထွက်လာခဲ့သော ယုဝတီက ခေါင်းငိုက်စိုက်ကျလျက် လျှောက်လာသည့် တာရာ့ကို တွေ့လိုက်ရတာမို့ ကားရပ်ပြီး နှုတ်ဆက်လိုက်ခြင်းပင်။

တာရာ့ မျက်နှာကို ကြည့်လိုက်တာနဲ့ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာ သိသာသည်။

တာရာဟာ အပင်ပန်း အဆင်းရဲခံနေကျလူမို့လား တော့ မသိ။ ဘယ်လောက် အလုပ်ပင်ပန်းပင်ပန်း မျက်နှာပျက်သည်ရယ်လို့ မရှိချေ။ ချစ်သူနဲ့ အတူနေရတာမို့ လောကကြီး တစ်ခုလုံးဟာ သူ့အတွက် ပျော်စရာအတိ ပြီးနေသလို အမြဲပဲ ရွှင်မြူးတက်ကြွနေတတ်တာ။

အဲဒီလို လူတစ်ယောက် မျက်နှာ ဒီလောက်ပျက်နေပြီ ဆိုရင် ဒါဟာ တခြား အခက်အခဲကြောင့် မဖြစ်နိုင်၊ သူ့ချစ်သူနဲ့ ပတ်သက်လို့ပဲ ဖြစ်ရမည်။

"ကိုတာရာ ဘာဖြစ်တာလဲ ... သောတ နေမကောင်းဘူး လားဟင်"

ပြုံတော့မည့် မိုးလို ညို့မှိုင်းနေသော တာရာ့မျက်နှာက အလန့်တကြား မော့လာသည်။ ဒီမျက်လုံး၊ ဒီနှုတ်ခမ်းတွေကို ကြည့်ရုံနဲ့ သူမရဲ့ ခန့်မှန်းချက် မှန်သွားပြီဆိုတာ ယုဝတီက သိလိုက်နိုင်လေသည်။

"ဟုတ်တယ် ... သောတ နေမကောင်းဘူး"

"နေမကောင်းဘူးဆိုတာ ဘာဖြစ်တာလဲ ... ဖျားတာလား၊ ထိခိုက်ဒဏ်ရာ တစ်ခုခု ရတာလား ပြောပါဦး"

ယု ဘယ်တုန်းကမှ မနှစ်သက်ခဲ့သော မိန်းမ တစ်ယောက်အတွက် ဒီလောက် ပျာလောင်ခတ်အောင် ပူပန်မိလိမ့်မည်လို့ ကိုယ့်ဘာသာပင် မထင်မိချေ။ ကြည့်ရတာ ယုဟာ သောတရုံကို ချစ်လွန်းလို့ ပူပန်တာမျိုးမဟုတ်။ ယု လိုချင်ပါလျက် မရခဲ့သော ဘဝလေးကို ရနေသူ တစ်ယောက်အဖြစ်နဲ့ အထင်ကြီး အားကျစွာ ထိုဘဝလေးမှာ တည်မြဲနေစေချင်တာမျိုးပဲ ဖြစ်လိမ့်မည်။





"ယုဝတီ ... ခင်ဗျား ဘာလို့ ဒီလောက်စိတ်ပူနေရတာလဲ၊ ဘာတွေ သိထားလို့လဲ"

"ယု ဘာမှသိလို့ မဟုတ်ဘူး ... ရှင့်မျက်နှာကို ကြည့်ရတာ အရမ်းပဲ စိုးရိမ်ထိတ်လန့်နေတဲ့ပုံ ဖြစ်နေလို့"

တာရာ့မျက်နှာမှာ ချက်ချင်းပဲ မျက်ရည်တွေ ဝိုင်းလာသည်။

ဘုရား ... ဘုရား ... သူ ငိုတော့မှာလား။ ကြမ်းတမ်းကြံ့ခိုင်သော ယောကျာ်းလေးတစ်ယောက်ဟာ လမ်းမလယ်ကောင် လူပေါင်းများစွာ ရှေ့မှာ ကလေးတစ်ယောက်လို ငိုချလိုက်တော့မှာလား။

"ကျွန်တော် ရူးတော့မယ် ယုဝတီ ... သောတမှာ ..."

"ကိုတာရာ ကျွန်မ ကားပေါ် မြန်မြန်တက်လိုက်၊ နို့မို့ရင် လဲကျတော့မယ်"

တကယ်ပဲ ဒူးတွေညွှတ်ခွေကျတော့မတတ် ဖြစ်နေသော တာရာဟာ ယုဝတီ စကားကို နားထောင်လျက် သူမကားပေါ် ခပ်မြန်မြန် တက်လိုက်ရပါသည်။

သူစိမ်း မိန်းမတစ်ယောက်နဲ့ နီးနီးကပ်ကပ် မနေချင်ပေမဲ့ ဒီအချိန်မှာ မတတ်နိုင်။ သူ့ရင်ထဲ ကျပ်ခဲပြွတ်သိပ်နေသော ဝေဒနာစကားတို့ကို ဖွင့်ထုတ်နိုင်မည့်သူဆိုလို့ ယုဝတီတစ်ယောက်ကိုသာ တွေ့သေးသည်။

အခုအချိန်မှာ သူ့ရဲ့ ရင်ဘတ်ကြီး တစ်ခုလုံးဟာ ဒဏ်ရာတွေနဲ့ ပြည့်ကျပ်လျက် တစ်စစီ အက်ကွဲပဲ့ထွက်တော့မတတ် ဖြစ်နေပြီ။ ဒီနေ့ တစ်နေ့ကို အသက်ရှင်လျက် ဖြတ်ကျော်နိုင်ဖို့ဆိုလျှင် တစ်ယောက်ယောက်ထံမှာ ရင်ဖွင့်ချလိုက်မှ ဖြစ်တော့မည်။

"ကျွန်တော် တစ်ခုလောက် ပြောချင်တယ် ... ယုဝတီ နားထောင်ပေးနိုင်မလား"

အရေးထဲ ယုက ကိုယ့်ဘာသာကိုယ် အတွေးချော်ကာ ရင်ထဲ ထိတ်ခနဲ ခုန်သွားရသေးသည်။ နောက်တော့မှ မတွေးကောင်းတာတွေလို့ ကိုယ့်ကိုယ်ကိုယ် ရှက်စွံ့စွာ ပြန်လည်ချေဖျက်ပစ်လိုက်သည်။

"နားထောင်ပေးမှာပေါ့ ... ဒါဆို ယု အိမ်ကိုပဲ မောင်းလိုက်မယ်နော်"

"ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး ... အိမ်ကိုမမောင်းနဲ့၊ အိမ်ကိုပြန်လို့ မဖြစ်သေးဘူး"

ဒါဖြင့် ကိစ္စက သောတရုံ သိလို့ မဖြစ်သည့် ကိစ္စပေါ့ ...။ ဘာတွေများပါလိမ့်။ သိပ်ကြီး အခြေအနေဆိုးသော ပြဿနာများ ဆိုလျှင်တော့ ယုလည်း ဖြေရှင်းပေးတတ်မှာမဟုတ်။ ဘုရား သိကြားမလို့ ငွေရေးကြေးရေး အကူအညီလိုတာလောက်ပဲ ဖြစ်ပါစေ။





"ဘယ်ကို မောင်းရမှာလဲ"

"လွတ်လွတ်လပ်လပ် စကားပြောလို့ရတဲ့ နေရာမျိုးကို မောင်းဗျာ... ဝိုစရာရှိရင်လည်း လွတ်လွတ်လပ်လပ် အော်ငိုလို့ရမဲ့ နေရာမျိုးကိုပေါ့"

မြတ်စွာဘုရား ... အော်ငိုဦးမည်တဲ့ ...။ ယုက ခပ်လန့်လန့်ဖြစ်လာကာ ရိုးရိုး စားသောက်ဆိုင်တွေကိုပင် ခေါ်မသွားရဲတော့ချေ။ မတော်တဆ ဆိုင်ထဲမှာ အော်ဟစ်ငိုလျှင် သူက သူ့အပူနဲ့သူဆိုတော့ အကြောင်းမဟုတ်။ ယုက ကြားထဲက မျက်နှာ ဘယ်သွားထားရမှန်း သိမှာမဟုတ်တော့။

နောက်ဆုံးတော့ တာရာ့ကို ယု မိဘတွေ ပိုင်သော ခြံသို့ပဲ ခေါ်လာခဲ့လိုက်ရတော့သည်။

ဒီခြံက ဖေဖေ အချောင်ရလို့ ဝယ်ထားသည့် ခြံ။ နေဖို့လည်း စိတ်မကူး၊ လုပ်ငန်းတစ်စုံတစ်ရာလည်း မလုပ်ဘဲ အံစောင့်အဘိုးကြီး တစ်ယောက်ပဲထားကာ ဒီအတိုင်းပစ်ထားခဲ့တာ။

လွန်ခဲ့တဲ့ တစ်လလောက်ကမှ ဒီခြံထဲမှာ ဂိုဒေါင်တစ်လုံးဆောက်ကာ ပစ္စည်းတချို့သိမ်းဖို့ ဦးရန်ပြေက စိတ်ကူးရကာ ဒီခြံကို ပြန်ရောက်ဖြစ်ပေလို့။ မဟုတ်ရင် ဒီခြံ ဘယ်နားမှာ ရှိသလဲဆိုတာတောင် ယုက မှတ်မိချင်မှ မှတ်မိမှာ။

"ကဲ ... ဒါ ယုဝတီခြံပဲ၊ ရှင် ပြောချင်တာ လွတ်လွတ်လပ်လပ်သာ ပြော"

"ကျွန်တော် ပြောချင်တာ မဟုတ်ဘူး၊ ကျွန်တော် ငိုချင်တာ ... ကျွန်တော် ရင်ကွဲအောင် တအားငိုလိုက်ချင်တယ် ယုဝတီရယ် ... အဲလိုဆိုရင် ကျွန်တော့်ရင်ထဲက အပူတွေ ထွက်ပေါက်ရသွားမလားပဲ"

"ပြောလေ ... ရှင်ပြောချင်တာတွေ ရှိရင် အားရပါးရ ဖွင့်ပြောလိုက် ... ယု နားထောင်ပေးမယ်"

ကိုယ့်အဖြစ်က စိတ်ရှုပ်လို့ မြစ်ကမ်းဘေး သွားထိုင်မိပါတယ်၊ သပွတ်အူ မျောလာတာနဲ့ ကြုံရတယ်ဆိုတဲ့ အဖြစ်မျိုးပဲလို့ ယုဝတီက တွေးမိသည်။ သို့သော်လည်း ကိုယ် သံယောဇဉ်ရှိခဲ့ဖူးသော ယောကျ်ားတစ်ယောက်ရဲ့ အခက်အခဲကို မျှဝေခံစားပေးခွင့်ကိုလည်း လက်မလွှတ်နိုင်ပြန်။

"သောတလေ ... သောတမှာ ကုလို့မလွယ်တဲ့ ရောဂါတစ်ခု ဖြစ်နေပြီဗျ"

"ဟင် ... မြတ်စွာဘုရား ... ကုဖို့မလွယ်တဲ့ ရောဂါ"

"သူ့ရောဂါက Non Hodgkin's Lymphoma လို့ခေါ်တဲ့ ပြန်ရည်ကျိတ်ကင်ဆာတဲ့"

"ဘာရယ် ... တစ်ခါမှ မကြားဖူးဘူး"





"လူ့ခန္ဓာကိုယ်ထဲမှာ သွေးလိုပဲ လှည့်ပတ်နေတဲ့ အရည်တစ်မျိုး ရှိတယ်၊ အဲဒါကို ပြန်ရည် ... အရပ်အခေါ်နဲ့ သားငံရည်လို့ ခေါ်ကြတယ် ... အဲဒီအရည်တွေဟာ ခန္ဓာကိုယ်အနှံ့မှာ အကျိတ်လေးတွေအဖြစ်နဲ့ ဆုံကြတယ်၊ အဲဒီအကျိတ်လေးတွေကနေ ဆဲလ်တွေ ပွားပွားပြီး ကင်ဆာဖြစ်လာတာတဲ့"

"ကင်ဆာ ... အဲဒီကင်ဆာက ဟို ... အသက်အန္တရာယ်"

ကင်ဆာလို့ အမည်တပ်နိုင်သည့် ရောဂါဝေဒနာတစ်ခု ရှိသွားပြီဆိုတာနဲ့ အဲဒီလူဟာ သေလူလို ဖြစ်သွားပြီမို့ ယုဝတီက မမေးရက် မေးရက်နဲ့ မေးကြည့်လိုက်ရတာပင်။

"ကင်ဆာဆိုမှတော့ဗျာ အသက်ရှင်ဖို့ ဘယ်လွယ်လိမ့်မလဲ ... ရောဂါအနုအရင့် ဖြစ်တဲ့ အကျိတ်အရေအတွက် ကျန်တဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ထိခိုက်မှုအပေါ် မူတည်ပြီး အနေးနဲ့အမြန်တော့ ..."

တာရာ့အသံ တိမ်ဝင်သွားသည်။ ချစ်သူရဲ့ သတင်းဆိုးကို ဘယ်သူကများ ပြောထွက်ရက်မှာတဲ့လဲလေ။

"ကုလို့ရော ရမလားဟင် ... တချို့ ကင်ဆာတွေကျတော့ ခွဲစိတ်ထုတ်လို့ အမြစ်ပြတ်သွားတာမျိုးလည်း ရှိတတ်တာပဲ"

ယုက တတ်သလောက် မှတ်သလောက် အားပေးကြည့်သော်လည်း တာရာက ခေါင်းကိုသာ တွင်တွင် ခါလေသည်။

"သူ ရောဂါဖြစ်တဲ့ နေရာက ခန္ဓာကိုယ် အနှံ့အပြားမှာရှိတတ်တဲ့ အဖုအလုံးလေးတွေမှာ ဖြစ်တာ ... လည်ပင်းမှာ ရှိမယ် ... ချိုင်းကြားမှာ ရှိမယ် ... ရင်ပတ် ဝမ်းဗိုက်ပေါင်ခြံနေရာအနှံ့မှာ ရှိနေတာ ... နေရာအတည်တကျရှိတာလည်း မဟုတ်ဘူး ... ဘယ်နားက အကျိတ်မှာရောဂါရှိနေမှန်းလည်း မသိဘူး ... ခွဲစိတ်ထုတ်လို့ကတော့ဘယ်လိုမှ မရဘူးတဲ့"

"အို ... ခွဲလို့မရလည်း ဓာတ်ကင်တာတို့ ဆေးသွင်းတာတို့နဲ့ ကုရင် ရနိုင်ပါတယ်"

ကိုယ်နဲ့ မရင်းနှီးလှသော ရောဂါနာမည်ဆန်းဆန်းတစ်ခု ဖြစ်လာပေမဲ့ ကင်ဆာမှန်လျှင် ခွဲထုတ်လျှင် ထုတ်၊ မထုတ်လျှင်လည်း ဓာတ်ကင်၊ ဆေးသွင်းကုသတာမျိုး လုပ်ရမှာပဲဟု ယုဝတီက ရမ်းသမ်းပြောလိုက်တာပင်။

"ဟုတ်တယ် ... ကုလို့ရသမျှနည်းနဲ့ကတော့ ကုရမှာပဲ၊ ဒါပေမဲ့ ဆရာဝန်မကြီးက သေချာအောင် ဆေးမကုခင်ရောဂါအခြေအနေကို သေချာအောင် ထပ်စစ်ရဦးမယ်တဲ့။





အခုက သွေးစစ်တာ ... ဓာတ်မှန်တို့ စီတီရိုက်တာတို့နဲ့ သူတို့ စမ်းသပ်စစ်ဆေးလို့ ရတာကိုပဲ ကြည့်ပြောရသေးတာ၊ ဒါပြီးရင် ကြီးလာတဲ့ အဖုတွေကို အသားစယူပြီး စစ်ရဦးမယ်၊ ချဉ်ဆီဖောက်ပြီးတော့လည်း စစ်ရဦးမှာတဲ့ ...၊ သောတက သိပ်နာရှာမှာပဲဗျာ ... ကြောက်လည်း ကြောက်ရှာမှာပဲ ... ဟီး ... ဟီး ..."

ပြောရင်းဆိုရင်း တာရာက ဟီးချလျက် ငိုပါတော့သည်။ ယုမှာ သူ့ကိုလည်း မချော့တတ်၊ ဘာလုပ်ရမှန်းလဲ မသိ။ ဒီကြားထဲ ကိုယ်ပါ ငိုချင်လာကာ မျက်ရည်လေး ကလည် ကလည် ဖြစ်လာရတော့သည်။

"သိပ်လည်း စိတ်မပူပါနဲ့ ကိုတာရာရယ် ... ဒီရောဂါမျိုး ယုလည်း တစ်ခါမှ မကြားဖူးဘူး ... ကြည့်ရတာ သိပ်အရေးမကြီးတဲ့ ရောဂါမို့ လူတွေက သိပ်ထည့်မပြောတတ်ကြတာ ဖြစ်ချင်ဖြစ်နိုင်ပါတယ် ... ကုလို့ပျောက်ချင်ပျောက်သွားမှာပါ ..."

"ကျွန်တော်တို့သိတဲ့ ရောဂါသည် ကလေးလေးတစ်ယောက် ရှိတယ်ဗျ ... အဲဒီကလေးလေးက မကြာခင် သေတော့မှာ ... သောတကလေ တစ်နေ့ တစ်နေ့ အဲဒီကောင်လေးကိုပဲ တွေးပြီး သနားနေတာ၊ အခုနေများ သူလည်း အဲဒီ

ကောင်လေးနဲ့ ဘဝတူပဲဆိုတာ သိလိုက်ရရင် ဘယ်လို နေမလဲ မသိဘူး ...”

ပြောရင်း ရင်ထဲ တစ်ဆို့လာကာ ရှိုက်သံက ပီပီ ပြင်ပြင်တောင် မထွက်ချင်တော့။ ရင်ထဲ ပေါ့သွားမလားလို့ ဖွင့် ပြောလိုက်မိတာပေမဲ့ ပြောလိုက်ရတာသာ အဖတ်တင်လျက် ရင်ထဲ က ခံစားချက်ကတော့ သဲတစ်မှုန်စာမျှပင် လျော့မသွားခဲ့ချေ။

“ဒီအကြောင်း သောတရော သိသွားပြီလား ...”

“မသိသေးဘူး”

“ဒါဖြင့် ကိုတာ့ရာက ဘယ်လိုလုပ် သိနှင့်ရတာလဲ ...”

“အမှန်က သောတမှာ ရောဂါ ရှိနေတာကို နှစ်ယောက် စလုံး သိခဲ့ကြတာ မဟုတ်ပါဘူး၊ သူ့လည်ပင်းမှာ အဖု လေး တစ်လုံး ထွက်လာတာရယ် ... မစားချင် မသောက် ချင်တာတို့ မောပန်းလွယ်တာတို့ ပိန်လာတာ ကိုယ်ငွေ့ငွေ့ ပူပြီး ဖျားတာ ဗိုက်ထဲက တစ်ချက်တစ်ချက် အောင့်တာ၊ ကိုယ်လက်ကိုက်ခဲတာ အဲဒါလောက်တော့ ရှိတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က သူ့မှာ ကိုယ်ဝန်ရှိလို့ ဒါမျိုးတွေ ဖြစ်တာပဲ ဆိုပြီး ခပ်ပေါ့ပေါ့ပဲ နေခဲ့မိတာ ...”

“အဲဒါတွေက ကိုယ်ဝန်ကြောင့်လည်း ဖြစ်နိုင်တာပဲ၊ ဆရာဝန်တွေ မှားများ မှားသလား”





ကိုယ့်ထက် ပညာအများကြီးတတ်ကြသော ဆရာဝန် ကြီးတွေကို မစော်ကားချင်ပေမဲ့ ဒီအချိန်မှာ သူတို့ရဲ့ စမ်းသပ်မှု မှားယွင်းသွားပါသည် ဆိုတာကိုပဲ လူနာရှင်တိုင်းက လိုချင်မျှော် လင့်ကြတာလေ။

“လက်နဲ့ စမ်းသပ်ပြီး ခန့်မှန်းရုံဆိုရင်တော့ မှားချင် မှား နိုင်မယ် ...၊ ဒါပေမဲ့ အခုက ဆရာဝန်တွေအများကြီး အကြိမ်ကြိမ် စမ်းပြီးပြီ ... သွေးဖောက်စစ်တာ၊ ဓာတ်မှန် ရိုက်တာ လိုအပ်တာတွေ အတော်များများလည်း စစ်ဆေး ပြီးသွားပြီ”

“ဘယ်လိုလုပ်ပြီး အဲဒါတွေ စစ်ကြည့်ဖို့ သတိရသွားတာ လဲ ...”

ကိုယ့်ရောဂါကို ကိုယ့်ဘာသာ လိုက်ရှာယူရသလား လို့ ယုက ကရုဏာဒေါသောနဲ့ မေးလိုက်မိတာပင်။

“ခင်ဗျား မသိသေးဘူး ထင်တယ် ... လွန်ခဲ့တဲ့ တစ်လ လောက်က သောတ ရေချိုးခန်းထဲမှာ ချော်လဲပြီး ကိုယ်ဝန် ပျက်ကျသွားတယ် ...”

သာမန်အချိန်မျိုး ဆိုလျှင်တော့ ယောကျာ်းလေး တစ်ယောက် အနေနဲ့ ဒီကိစ္စမျိုးကို သက်တူရွယ်တူ မိန်းကလေး တစ်ယောက် ရှေ့မှာ ပြောဖို့ ရှက်နေမိမှာ အမှန်ပဲ။ သို့သော်

ဒီအချိန်မျိုးမှာတော့ ဘယ်အကြောင်းကြောင့်မှ ရှက်ဖို့ စိတ်ကူးမဝင်တော့ပြီ။

"ဘာရယ် ... သောတရဲ့ ကိုယ်ဝန် ပျက်ကျသွားတယ် ဟုတ်လား၊ ယုလည်း မသိလိုက်ရပါလား ..."

"ယုဝတီတို့ကို ဒုက္ခမပေးချင်လို့ပါ ... အဲဒီလိုဖြစ်တော့ သူ ဆေးရုံတက်ရတယ်လေ၊ ဆေးရုံရောက်တော့ ဆရာဝန်တွေက ထုံးစံအတိုင်း တစ်ကိုယ်လုံးကို စမ်းသပ်စစ်ဆေးကြည့်ရင်းနဲ့မှ သူ့အခြေအနေကို ရိပ်မိကုန်ကြတာ ..."

"ဒါဖြင့် သောတကတော့ သူ့ကိုယ်သူ ရောဂါသည်လို့ မထင်သေးဘူးပေါ့"

"အဲဒါ ခက်တာပေါ့ဗျာ ... သောတကို အသိပေးရမလား မပေးရဘူးလား ဆိုတာ ကျွန်တော် မဆုံးဖြတ်တတ်ဘူး၊ မဆုံးဖြတ်ရဲဘူး ..."

တာရာ့ ကိုယ်စား ယုကလည်း ဝင်စဉ်းစားကြည့်သည်။ သောတရဲ့ကို အသိပေးတာနဲ့ မပေးတာ ဘယ်ဟာက ပိုအကျိုးကျေးဇူးကောင်း ရနိုင်မလဲ။

"မမညိုကတော့ တစ်ခါ ပြောဖူးတယ်"

အကြာကြီး ငြိမ်သက်နေပြီးမှ တာရာက အိပ်မက်က လန့်နိုးလာသည့် ပုံစံနဲ့ ထ,ပြောသည်။





"ဖြစ်လာမဲ့ အခြေအနေကို အမှန်အတိုင်း ကြိုပြောထားရင် ကြုံလာမဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်မယ်၊ နေခွင့်ရသမျှကာလတွေကိုလည်း တန်ဖိုးရှိရှိ အကျိုးရှိရှိ အသုံးချနိုင်မယ် ... တဲ့၊ ဖွင့်ပြောလိုက်ရင် ကောင်းမယ်ထင်ပါရဲ့လေ ..."

"ကောင်းမယ်ထင်ရင်လည်း ဖွင့်ပြောလိုက်ပေါ့ ... ယုလည်း လိုက်ခဲ့ပြီး ဝိုင်းကူပြောပေးပါ့မယ် ..."

တာရာက ယုဝတီကို ကျေးဇူးတင်စွာ ကြည့်လိုက်သည်။ လိုတစ်မျိုး မလိုတစ်မျိုးနဲ့ စိတ်ထား သိပ်မမှန်ဘူးဟု သူ ထင်မိသော ယုဝတီကို ဒီတစ်ကြိမ်တော့ အထင်တကြီး အားကိုးမိလေသည်။

တာရာ့ကို ကျောခိုင်းလျက်သား အနေအထားနဲ့
အိပ်နေသော်လည်း တာရာ့ထံက တလှုပ်လှုပ် တရွရွ နေမထိ
ထိုင်မသာ လူးလွန့်လှုပ်ရှားနေမှုကို သောတက ခံစား သိရှိနေ
သည်။

တကယ်တော့ ဘယ်သူကများ ကိုယ့်ခန္ဓာကိုယ်ထဲမှာ
ကင်ဆာရောဂါကြီး ရောက်ရှိနေပြီလို့ သိရလျှင် သွေးအေးအေးနဲ့
နေနိုင်တော့မှာလဲ။ ပူလောင်နေပြီပေါ့။ ကြောက်ရွံ့စိုးရိမ်နေပြီပေါ့
ဘယ်အချိန်များ သေမင်းဟာ သူ့ရဲ့ အေးစက်တဲ့ လက်ကြီးတွေနဲ့
ငါ့ကို အမှောင်ထုထဲ ဆွဲခေါ်သွားတော့မလဲလို့ တထိတ်ထိတ်
တုန်လှုပ်နေမိပြီပေါ့။

သို့သော် သောတ ကတော့ ဘာမှမဖြစ်သလိုမျိုး
မကြောက်ရွံ့ မပူပန်သလိုမျိုး ဟန်ဆောင်နေခဲ့ရပါသည်။





ဒါဟာ အတော်ခက်ခဲသည့် ကိစ္စတစ်ရပ်ပါပဲ။
အကယ်ဒမီ မင်းသမီးလည်း မဟုတ်သည့် သောတဟာ ရုပ်ရှင်
ရိုက်နေတာ မဟုတ်သော တကယ့် သေဆောကြီးတစ်ခုကို မတုန်
မလှုပ် ဟန်ဆောင်ပြရခြင်းဟာ ဘယ်လောက်တောင် ခက်ခဲလိုက်
သည် မှတ်ပါသလဲ။

ဘာပဲဖြစ်ဖြစ် သောတကတော့ ဟန်ဆောင်ခဲ့ရသည်။
သောတမှ ဟန်ဆောင်မကောင်းနိုင်လျှင် သောတထက် ပိုပြီး
အခြေယိုင်နဲ့နေပြီ ဖြစ်သော တာရာ ဗုန်းဗုန်းလဲကျသွားတော့မှာ။

သောတရဲ့ အနာဂတ်ရေးအတွက် တာရာဆိုသည့်
လူတစ်ယောက်ကို မှီကိုးတွယ်ဖက်ထားဖို့ အရေးတကြီး လိုအပ်
သည်။ ကိုတာမှ သောတ အနားမှာ မရှိလျှင် မဖြစ်၊ ကိုတာမှ
သောတကို မပြုစုလျှင် မဖြစ်။ ကိုတာမှ သောတကို အားမပေးလျှင်
မဖြစ်။ အဲဒီလိုဆိုတော့ ကိုတာ တစ်ယောက် အရင်ဆုံး ယိုင်လဲ
မသွားရအောင် သောတက တပြန်တလဲ ထောက်ကန်ထားပေး
ရပေမှာပေါ့။

စိတ်ထဲရှိတာကို ဘယ်တော့မှ မဖုံးဖိ၊ မကွယ်ဝှက်
တတ်သည့် သောတဟာ ဒီတစ်ကြိမ်တော့ ဘယ်လိုခွန်အားတွေရဲ့
ပံ့ပိုးမှုကြောင်း မသိ၊ ကိုတာ့ ရှေ့မှာ ကောင်းကောင်းကြီး ဟန်
ဆောင်ပြနိုင်ခဲ့လေသည်။

သောတရဲ့ ရောဂါအကြောင်း ကြားလိုက်ရလျှင် ကြားလိုက်ရချင်း ခေါင်းထဲမှူးဝေ မျက်စိတွေ ပြာမိုက်ကာ လဲကျသွားချင်မတတ် ဖြစ်သွားရသော်လည်း သောတက ချက်ချင်းပဲ ဟန်ဆောင်ထိန်းချုပ်လိုက်နိုင်ပါသည်။ လောလောဆယ်မှာ ကိုယ့်ထက် သနားစရာကောင်းနေတာက ကိုတာ ... ပဲလေ။

ကြားလိုက်ရသည့် ရောဂါအကြောင်း သိပ်မသိနားမလည်ဟန် မကြောက်လန့် မစိုးရိမ်ဟန် ဆောင်လိုက်သောအခါ ကိုတာလည်း အနည်းငယ်တော့ စိတ်ပေါ့ပါးသွားပုံ ရသည်။ ဒါဟာ သောတအတွက် အရှုံးထဲက အမြတ်ပါပဲ။

သူ့ခမျာ သောတ သိလျှင် အရမ်းကြောက်သွားမှာကိုလည်း စိုး၊ အသိမပေးဘဲ ထားလိုက်လျှင်လည်း မတရားရာရောက်မှာစိုးလို့ ဒွိဟဖြစ်နေခဲ့ရပုံပင်။ အခုလိုကျတော့ သူလည်း ပြောသင့်တာ ပြောလို့ ပြီးသွားသည်။ သောတကလည်း မပူမပင်ဆိုတော့ ကိုတာ့အတွက် အနည်းငယ် ဖြေသိမ့်စရာ ရတာပေါ့။

အမှန်က ထိုရောဂါအကြောင်း သူတို့ထက်စာလျှင် သောတက ပိုသိနေတာကို တာရာရော ယုဝတီပါ မသိကြ။ သောတတို့ မျိုးရိုးထဲမှာ အဲဒီရောဂါနဲ့ တစ်ယောက် ဆုံးသွားခဲ့ဖူးတာ ရှိလေရာ ခရေစေ့တွင်းကျ မဟုတ်သည့်တိုင် ဘာမှ မသိသူတွေထက်စာလျှင်တော့ သောတက ကြိုတွေးလို့ရသည်။





Lymph ဟုခေါ်သော ပြန်ရည် ဆိုသည့် အရည်တစ်မျိုးဟာ သွေးတွေ သွေးကြောထဲမှာ လှည့်ပတ်နေသလိုမျိုး သူတို့လည်း သူတို့အကြောထဲကနေ ခန္ဓာကိုယ်တစ်ခုလုံးကို လှည့်ပတ်နေကြတာ။ အဲဒီလို လှည့်ပတ်နေရာမှာ ရထားလမ်းတွေ တစ်ခုနဲ့တစ်ခု ပေါင်းဆုံ ခွဲဖြာထွက်ရာ ဘူတာရုံတွေနဲ့ ခပ်ဆင်ဆင်တူသည့် Lymph node ဟုခေါ်သော အရင်းအမြစ် အဖုအလုံးလေးတွေကလည်း နေရာအနှံ့မှာ ရှိသည်။ ပြန်ရည်တွေဟာ ထိုအကျိတ်လုံးလေးတွေထဲ ဝင်တန်ဝင်၊ ထွက်တန်ထွက်နဲ့ လှည့်လည်သွားလာနေကြတာ။

သောတရဲ့ ရောဂါက ထိုအကျိတ်အဖုလေးတွေမှာ ကင်ဆာဆဲလ်တွေ ပွားများပြီး အကျိတ်တွေ ရောင်ရမ်းကြီးထွားလာသည့် ရောဂါ။ ခန္ဓာကိုယ်အနှံ့က အကျိတ်တွေ ကြီးထွားလာသောအခါ သူနဲ့ နီးစပ်သည့် ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို ဖိမည်။ ကင်ဆာမြစ်တွေဟာ နီးစပ်ရာ ကိုယ်တွင်းအင်္ဂါတွေထဲ ထိုးဖောက်ဝင်ရောက်သွားမည်။ အဲဒီမှာ ရောဂါလက္ခဏာအမျိုးမျိုးပြကာ နောက်ဆုံး သေဆုံးရတော့တာ။

ဒါတွေကို သိနေသည့် သောတက ကိုယ့်ခန္ဓာကိုယ်ကြီးထဲမှာ တဖြည်းဖြည်းနဲ့ ဘာတွေဖြစ်ပျက်ပြောင်းလဲနေသလဲဆိုတာ မြင်ကြည့်နိုင်ကာ တစိမ့်စိမ့် ကျောချမ်းကြောက်ရွံ့လာခဲ့ပါပြီ။

ကိုတာကတော့ သူ တတ်နိုင်သလောက် ဆေးကုပေးမည်။ ပျောက်ကို ပျောက်စေရမည် … တဲ့။ ဒါဟာ သူတကယ်ပဲ ယုံကြည်လို့ ပြောနေတာလား။ သောတ စိတ်ချမ်းသာအောင် နှစ်သိမ့်နေတာလား မသိနိုင်။ သောတ ကတော့ သူ တကယ် ယုံကြည်နေတာပဲ ဖြစ်ပါစေလို့ ဆုတောင်းမိတာပါပဲ။ အနည်းဆုံးတော့ သောတ နေထိုင်ခွင့်ရသည့် ကာလအတွင်း ကိုတာ့ကို မျှော်လင့်ချက်ကလေးနဲ့ ပျော်ရွှင်နေတာပဲ ကြည့်ချင်သည်လေ။





"ကိုယ် ဘယ်လိုမှ မနေနိုင်တော့ဘူး သောတရာ … သောတကို အငှားကားနဲ့ ဆေးရုံပို့ တဖတ်ဖတ်နဲ့ သွားလာလှုပ်ရှား၊ ပင်ပင်ပန်းပန်းနဲ့ ဝေဒနာ ခံနေရတာကို မကြည့်ရက်နိုင်တော့ဘူး"

ဆေးရုံသွားပြပြီး အိမ်ပြန်ရောက်တာနဲ့ တစ်လမ်းလုံး ထိန်းချုပ်အောင့်အည်းထားရသမျှ တာရာက သွန်ချဖွင့်ဟလိုက်တော့သည်။

အငှားကား ဆိုတာတောင် သူ့အတွက် မနည်းစီစဉ်ရတာ။ ဆေးရုံရောက်တော့လည်း သောတ ခမျာ သက်သောင့်သက်သာ မရှိ။ ဘာမှ အရေးမပါ၊ အရာမရောက်။ မလည်ဝယ် မချက်ချာသည့် တာရာ့ နောက်သို့ တကောက်ကောက်လိုက်ကာ ပင်ပန်းရရှာသည်။

တာရာက သနားလွန်းလို့ တစ်နေရာက တစ်နေရာ အကူးမှာ ပွေ့ချီမတတ် ဂရုစိုက်ခဲ့သော်လည်း ပင်ပန်းတာကတော့ ပင်ပန်းတာပင်။

တကယ်လို့ သောတမှာ ဒီရောဂါ ဖြစ်ကိုဖြစ်လာခဲ့သည်ပဲ ထားဦး၊ သူ့မိဘတွေ လက်ထဲမှာသာဆို အခုလိုမျိုး ဆင်းရဲဒုက္ခကို ဘယ်ခံရပါလိမ့်မလဲ။ သွားတာ လာတာကအစ သက်သောင့်သက်သာ ရှိမှာ။ အခုလိုမျိုး လူတွေအများကြီး ကြားထဲ တိုးဝှေ့စောင့်ဆိုင်းနေရတာမျိုးလည်း ရှိမှာမဟုတ်။

အို ... ဘယ်နေရာမှာ မဆိုပါပဲ။ လိုတာမှန်သမျှ ချက်ချင်းလက်ငင်း အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်သည့် သူ့လို ကောင်နားမှာ ရှိနေတာ သောတ အတွက် နစ်နာလိုက်သည့် ဖြစ်ခြင်း။

"ဘာလို့လဲ ကိုတာရဲ့ ... သောတက သွားနိုင်လာနိုင်ပါ တယ်၊ ရောဂါသည် ဆိုပေမဲ့ ဒီလောက်လည်း အခြေအနေ မဆိုးသေးပါဘူး"

"ရောဂါအခြေအနေကြောင့် ပြောတာမဟုတ်ဘူး၊ သက် သောင့်သက်သာ မရှိတာကို ပြောတာ၊ ဘယ်သူမဆို နေမကောင်းဖြစ်ရတဲ့ အချိန်မှာ ဇိမ်ရှိရှိလေး နေချင်ကြ မှာပဲ ..."





"ဒါက ကိုတာ့ အမြင်ကိုး၊ သောတ အမြင်ကျတော့ တစ်မျိုး၊ နေမကောင်းဖြစ်နေတဲ့အချိန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်နေမှ စိတ်တက်ကြွတယ်၊ ကိုယ့်ကိုယ်ကိုလည်း လူမမာ ကြီး တစ်ယောက်လို ထင်မနေတော့ဘူးပေါ့ ..."

ဟုတ်တာ မဟုတ်တာ အပထား၊ တာရာ စိတ်ချမ်း သာအောင် ပြောပေးရင်းနဲ့ပဲ ကိုယ့်စကားကိုယ် အလိုလို ယုံကြည် ကာ သောတလည်း သတ္တိတွေ ကောင်းလာပြီ။

တကယ်ပါပဲ ... အခုအချိန်မှာ သောတဟာ သူ့ လောကကြီးထဲက ထွက်ခွာဖို့ အမိန့်ကျထားသူတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို တည်ငြိမ်စွာ လက်ခံနိုင်ပြီ။ လောကကြီးထဲမှာ နေရမည့် ရက်အနည်းအများဟာ သောတအတွက် အရေးမကြီး တော့။ ကိုယ်နေရသည့် အချိန်လေးအတွင်းမှာ ချစ်သူနဲ့ ပျော် ပျော် နေနိုင်ဖို့ပဲ စဉ်းစားမိတော့သည်။

သောတက တစ်နေ့နဲ့တခြား စိတ်ပေါ့ပါးသွက်လက် လာချိန်မှာ ကိုတာကတော့ စိတ်ဖိစီးကာ အဘိုးကြီးအိုလေးလိုပဲ ကုပ်ချိမှုန်မှိုင်းနေတော့သည်။

"သောတ ကတော့ မစဉ်းစားမိဘူးပေါ့ ... ကိုယ်ကတော့ တကယ်လို့ သောတသာ ကိုယ်နဲ့အတူ မနေခဲ့မိရင် ဒီလို

အချိန်မျိုးမှာ အစစ အဆင်ပြေနေမှာပဲလို့ မတွေးဘဲကို မနေနိုင်ဘူး"

"အဆင်ပြေမယ် ဟုတ်လား ... ကိုတာ ပြောချင်တာက သက်သောင့်သက်သာ အသက်ထွက်ရတာနဲ့ ပင်ပင်ပန်းပန်း အသက်ထွက်ရတာကို ပြောတာလား"

"သောတကလည်းကွာ ပြောလိုက်ရင် တစ်တစ်ခွခွပဲ"

"ဟုတ်တယ်လေ ... ဒါ အမှန်ပဲ၊ သောတ ရောဂါက သက်ဆိုးရှည်မှာမှ မဟုတ်ဘဲ၊ မိဘလက်ထဲမှာ ချမ်းချမ်းသာသာ နေရတော့ရော မသေဘဲ နေမှာမို့လို့လား ..."

"ကဲကွာ ... သေမှာချင်း အတူတူဆိုရင်တောင်မှ ..."

တာရာက ဆက်မပြောရက်တော့သလို စကားကို ရပ်ပစ်လိုက်လျှင် သောတကပဲ ချွဲချွဲနွဲ့နွဲ့ပုံစံနဲ့ သူ့လက်မောင်းကို မှီတွဲ၊ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်ကာ ...

"သေမှာချင်း အတူတူဆိုရင် ကိုတာ့လက်မောင်းကို မှီပြီး ကိုတာ့ ရင်ခွင်ထဲမှာပဲ သေမှာပေါ့၊ လူတစ်ယောက်ဟာ ကိုယ့်အချစ်ဆုံးသူရဲ့ ရင်ခွင်ထဲမှာ သေခွင့်ရတာလောက် ကံကောင်းတာ ရှိဦးမလား"

"သောတရယ် ..."





"တကယ်ပြောတာ ကိုတာရဲ့ ... သောတ နားမှာ ကိုတာ ရှိနေရင် ဘာမဆို ရင်ဆိုင်ရဲတယ် ..."

"ဒါပေမဲ့ ကိုယ်က ရင်မဆိုင်စေချင်ဘူးကွာ ...' သောတ ဒုက္ခရောက်နေတာကို ကြည့်ပြီး အရမ်းရင်နာတယ်၊ ကိုယ့်ဆန္ဒကတော့လေ သောတကို ကိုယ့်အိမ်ကိုယ်ပြန်ပြီး ..."

"ဘာ ... ဘာ ... ကိုတာ ဘာပြောလိုက်တယ် ..."

"ဒီလိုပါ ... သောတ မိဘတွေဆိုရင် ကိုယ့်ထက် အဆပေါင်းများစွာ ဂိုပြီး သောတကို ဂရုစိုက်နိုင်လိမ့်မယ်လို့၊ အဲဒီတော့ သောတကို အိမ်ပြန်ပို့ရရင် ကောင်းမလားလို့"

"ဩော် ... ကိုတာက ဒီလိုလား ... သောတကို အကောင်းပကတိ ရှိတုန်းကတော့ ပေါင်းချင်ပြီး ရောဂါသည်လည်းဖြစ်ရော အဖေ အမေလက်ထဲ ပြန်ထိုးထည့်ချင်တယ်ပေါ့"

တာရာ့မျက်နှာ ဖြန်းခနဲ ပူနွေးသွားသည်။ သူ့ရဲ့စိတ်ရင်းစေတနာ အမှန်က သောတအတွက် သက်သက်ပါ။ သူ ပင်ပန်းဆင်းရဲခံရတာကို တစ်စက်ကလေးမှ မမှုပေမဲ့ သောတကို ဒုက္ခ မခံစေချင်တာကြောင့်သာ ရင်ထဲက နှလုံးသားကို ခွဲထုတ်ပေးလိုက်ရတာနဲ့ ခပ်ဆင်ဆင်တူသော အလုပ်မျိုးကို လုပ်ရမှာ။

သူ့ဘက်က စေတနာအရင်းခံနဲ့ ပြောလိုက်တာပေမဲ့ သောတအနေနဲ့က အထင်လွဲစရာ ဖြစ်သွားပြီ။ ဒါကို သောတ နားလည်အောင် ဘယ်လိုရှင်းပြရပါ့မလဲ။

တာရာ့ မျက်နှာ ပျက်ယွင်းညှိုးငယ်သွားတာကို ကြည့်ပြီး သောတ ကတော့ ရယ်ချင်နေသည်။

ကိုယ့်ချစ်သူ ကိုယ့်ခင်ပွန်းသည်ရဲ့ အကြောင်းကို သောတက ဘယ်မသိဘဲ နေပါလိမ့်မလဲ။ သူဟာ သောတကို ချစ်လို့၊ သောတ ပင်ပန်းဆင်းရဲခံရမှာ စိုးလို့ သူ့ရင်ကို အကွဲခံပြီး အိမ်ပြန်ပို့မှာ။

သောတသာ သူ့အနားမှာ ရှိနေရင် တာရာဟာ ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲခံရပါစေ လိုအပ်သမျှကို ကြိုးစားဖြည့်ဆည်းပေးဖို့ အသင့်ဆိုတာ သောတ အသိဆုံး။

ဒါပေမဲ့ သောတက အဲဒီလို မယုံမကြည်လေသံနဲ့ စကားနာထိုးမှပဲ ကိုတာက ငြိမ်မှာလေ။ မဟုတ်လျှင် သောတ အိမ်ပြန်ပို့ရေး အစီအစဉ်ကြီးကို တကျတကျကြွကြွ ရေးဆွဲလိမ့်မည်။

သောတသာ အိမ်ပြန်ရောက်သွားလျှင်တော့ မိဘတွေက နွားနို့နဲ့ ရေဆေးကာ ကိုတာနဲ့ အဝေးဆုံးဖြစ်အောင် ခွဲပစ်ကြတော့မှာ။ ကိုယ့်မိဘတွေရဲ့အကြောင်း ကိုယ် အသိဆုံး။





သူတို့တွေဟာ သောတကို ဝေဒနာသည်ဆိုပြီး ထောက်ထားငဲ့ညှာကြမှာလည်း မဟုတ်။ သူတို့ အရှက်ကို ခွဲသည့် သမီးရယ်လို့ ပြစ်ဒဏ်ခတ်ဖို့ကိုပဲ အဓိကထားကြမှာ။

ဒီအချိန် ရောက်မှတော့ ဒုက္ခဆင်းရဲ အမျိုးမျိုးခံကာ လက်တွဲလာခဲ့သော ချစ်သူနှင့် မခွဲနိုင်တော့ပါ။ သောတမှာ ဖြတ်သန်းကျော်လွှားဖို့ မနက်ဖြန်တွေ သိပ်ကျန်တော့တာ မဟုတ်။ ကိုယ် ပိုင်ဆိုင်ခွင့်ရသည့် ရှားရှားပါးပါးသော နေ့ရက်လေးတွေကို ချစ်သူနဲ့အတူပဲ ကုန်ဆုံးချင်ပါသည်လေ။

"ယု ရောက်လာတာနဲ့ အတော်ပဲ ... ဒီနေ့ သောတ ဆေးရုံ စ,တက်ရမှာလေ ..."

"သိတယ်လေ ... သိလို့လည်း တမင် လာခဲ့တာပေါ့"

ကိုယ့်ကိစ္စမှာ ယုဝတီက မဆီမဆိုင် ဝင်ကူညီနေ ရတာကို တာရာက သဘောတော့ မကျချင်။ သို့သော်လည်း သောတ ပျော်သွားတာကို တွေ့သည့်အခါ မကန့်ကွက်ရက်တော့ ပြန်ချေ။

ကိုယ်က ဘာမှလဲ ဖြည့်ဆည်းပေးနိုင်တာ မဟုတ် ပါဘဲ နေရာတကာ လိုက်ကန့်ကွက်နေလျှင် သောတရဲ့ အဆင် ပြေမှုထက် ကိုယ့်ရဲ့ အတ္တမာနကိုသာ ရှေ့တန်းတင်လွှန်းရ ရောက်တော့မှာပေါ့။





"ယုက အရမ်း စေတနာကောင်းတာပဲနော် ... သောတတို့ ကို ဟိုးအစကတည်းက တောက်လျှောက် ကူညီလာတာ အရမ်းကျေးဇူးတင်ဖို့ ကောင်းတာပဲ"

သောတက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ပြောနေလျှင် ယုဝတီက မျက်နှာ ဘယ်လိုထားရမှန်း မသိတော့ ချေ။

အခုနောက်ပိုင်း ကူညီနေတာတွေဟာ ရင်ထဲက စေတနာအစစ်အမှန် ဖြစ်ပေမဲ့ ဟိုးအစပိုင်းက ကူညီခဲ့တာတွေက တော့ 'ငါ့ကို ဖြိုင်ချင်တဲ့သူ ဒုက္ခတွေ့ပါစေ' ဆိုသည့် စေတနာ ဆိုးနဲ့ ဖြစ်ခဲ့သည့်အကြောင်း ကိုယ့်ဘာသာပဲ သိသည်လေ။

"မလိုပါဘူး ... ယု သုပ်ပေးရတာဟာ ဘယ်လောက်မှလဲ မကြီးကျယ်ပါဘူး သောတရယ် ..."

"အို ... ယုအတွက်ကတော့ အသေးအဖွဲ ဖြစ်ချင်ဖြစ်မှာ ပေါ့ ... သောတ အတွက်ကတော့ မိဘတွေနဲ့လည်း ရင် မဆိုင်ရဲ အပေါင်းအသင်းတွေနဲ့လည်း အတွေ့မခံရဲတဲ့ အချိန်မှာ ယုနဲ့ မမညို ရှိလို့ သောတအတွက် တော်သေး တာ၊ မမညို နယ်ပြောင်းသွားတုန်းကများ သောတလေ အရမ်းအားငယ်တာပဲ ... ယု ရှိနေပေလို့သာ"

ကိုယ့်ကို ရိုးရိုးသားသား အားကိုးယုံကြည်ရှာသူလေးကို ယုဝတီက သနားလွန်းလှသဖြင့် သောတ ကိုယ်လုံးလေးကို ဆွဲပွေ့ထားလိုက်မိသည် အထိပါပဲ။

"ကဲ ... သူငယ်ချင်းတွေ အလွမ်းသယ်မနေကြနဲ့ ... ဆေးရုံသွားရမယ်လေ၊ ဒီနေ့ပဲ ဆေးစသွင်းရမှာ၊ စောစောသွင်းပြီးတော့ စောစော အနားရတာပေါ့"

တာရာက လောဆော်လိုက်တော့မှ နှစ်ယောက်သားလူချင်းခွဲကာ ကားပေါ် တက်နိုင်တော့သည်။

တစ်လမ်းလုံးလည်း တာရာက ငြိမ်သက်လာသလောက် သောတ ကတော့ အခုမှ ခရီးထွက်ဖူးသည့် ကလေးငယ်လေး တစ်ယောက်ပမာ ရွှင်လန်းတက်ကြွစွာ စကားတွေဖောင်ဖောင်ကြဲလာသည်။ သောတရဲ့ ပုံစံဟာ ဆေးရုံတက်ဖို့သွားနေသည့် လူနာတစ်ယောက်နဲ့ကို မတူ။

ယုဝတီကတော့ အခြေအနေကို ကြည့်ကာ လိုအပ်လာလျှင် စကားဝင်ထောက်ပေးပြီး မလိုအပ်လျှင်တော့ ခပ်ငြိမ်ငြိမ်။

သောတကို တာရာက ဂရုစိုက်တာတွေ မြင်ရလျှင် ယု စိတ်ထဲ တစ်ခါတစ်ခါ အချဉ်ပေါက်ချင်သည်။ ဖြစ်နိုင်လျှင် သောတရဲ့ ပင်ပန်းမှုရော သောတရဲ့ ရောဂါကိုရော သောတရဲ့ ဘဝကိုရော ကိုယ့်ဘဝတစ်ခုလုံးနဲ့ လဲပေးပစ်လိုက်ချင်သည်။





"ယုကို ပြောပြရဦးမယ် ...၊ တစ်ခါက သောတ ပြောဖူးတဲ့ သာလာဆီးမီးယား ရောဂါသည် မောင်အောင်သူလေးဆိုတာလေ ... အဲဒီ ကလေးလေး ဆုံးသွားပြီ ... သိလား"

"အို ..."

အောင်သူလေးကို အားကျပြီး သူ့မဘဝရဲ့ အားမာန်တွေကို မွေးမြူတည်ဆောက်ယူရတာပါလို့ သောတ တစ်ခါပြောဖူးသည်။ အခု အောင်သူလေး မရှိတော့သည့်အခါ သောတ တစ်ယောက် ဘယ်လိုများ ခွန်အားတွေ မွေးမြူရမှာပါလိမ့်။

"ကိုတာက အဲဒီကိစ္စကို ဖုံးထားချင်သေးတယ်၊ လွန်ခဲ့တဲ့ သုံးရက်လောက်မှ သောတက အလှူလုပ်ချင်လို့ ကလေးဆေးရုံက ကလေးတွေကို ဆုန်ပြုတ်တိုက်ဖို့ သွားလှူတာလေ၊ အဲဒီတော့မှ အသိဆရာမ တစ်ယောက်က ပြောတာ ..."

"သနားပါတယ်နော် ..."

"အင်း ... သနားဖို့လည်း ကောင်းတယ်၊ အားကျဖို့လည်း ကောင်းတယ် ယုရဲ့ ...၊ အမှန်ကတော့ လူတိုင်းဟာ ကိုယ် မွေးကတည်းက ဘယ်နေ့သေရမယ်ဆိုတဲ့ သေမိန့်ကျပြီးသားပါပဲ ... တစ်ခုပဲ ကွာတာက ရောဂါတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ရှာတွေ့သွားတဲ့ လူကျတော့ ဘယ်နေ့

သေရမလဲဆိုတာ မှန်းလို့ရသွားတယ်၊ ရောဂါ ရှာမတွေ့သေးတဲ့ သူတွေကတော့ သူတို့ကိုယ် သူတို့ ဘယ်တော့မှ မသေကြတော့မှာလိုပဲ ပျော်လို့ ရွှင်လို့လေ၊ တကယ်ကျတော့ ကိုယ် သေမယ့်နေ့ကို ကြိုသိခွင့်ရတဲ့သူတွေဟာ ကြိုမသိဘဲ သေရတဲ့ လူတွေထက်စာရင် အများကြီး ကံကောင်းတယ်၊ သူတို့တွေဟာ မနက်ဖြန်ကို ပိုင်ဆိုင်ရတော့မှာ မဟုတ်ဘူး ဆိုတဲ့ အသိနဲ့ ဒီနေ့ကို အကောင်းဆုံးဖြစ်အောင် အသုံးချ နေထိုင်သွားလို့ ရတယ်၊ ကြိုမသိရတဲ့ သူတွေကျတော့ လုပ်စရာ ရှိတာတွေကို မနက်ဖြန်မှ လုပ်မယ်၊ သန်ဘက်ခါမှ လုပ်မယ်နဲ့ ရွှေ့ဆိုင်းရင်း မလုပ်ဖြစ်ဘဲ ဆုံးရှုံးသွားရတာမျိုး ရှိတယ်၊ သူတို့က ပိုပြီး သနားစရာ ကောင်းမနေဘူးလား ...”

“တော်ပါတော့ သောတရယ် ... ယု ကြောက်ကောင်ကြောက်လာပြီ၊ အဟင်း ... အိမ်ပြန်ရောက်ရင်တော့ ဆပ်စရာရှိတဲ့ အကြွေးတွေ ဆပ်ဦးမှပဲ ...”

ယုဝတီက ရယ်စရာပြောပြီး သူမဘာသာ ရယ်လိုက်သည်။ သို့သော်လည်း သူမရဲ့ ရယ်သံဟာ ခြောက်ကပ်ကပ် ဖြစ်နေတာကိုတော့ ကိုယ်တိုင်ပဲ သတိထားမိလေသည်။





လက်ကောက်ဝတ်က သွေးကြော တစ်ကြောထဲ ထိုးစိုက်ထားသည့် အပ်ဖျားနဲ့ ဆက်ထားသည့် ပလပ်စတစ်ပိုက်ပျော့လေးထဲ တစ်စက်ချင်း စီးကျနေသော ဆေးစက်တွေကို သောတက မမြင်ဖူးသလို ငေးစိုက်ကြည့်နေမိသည်။

သောတဟာ ငယ်ငယ်လေးကတည်းက ဆေးထိုးရမှာ အလွန်ကြောက်တတ်ပြီး ကိုယ်တိုင်ကလည်း ဆေးထိုးစရာ မလိုလောက်အောင် ကျန်းမာခဲ့တာ။ ဆေးသွင်းမယ့် သွင်းရတော့လည်း ကင်ဆာဆေးတွေ ... တဲ့။

ကိုယ့်ကိုယ်ထဲ တစိမ့်စိမ့် စီးဝင်သွားသည့် အရာတွေဟာ ခန္ဓာကိုယ်ထဲက တစ်နေ့တခြား ပွားများလာသော ကင်ဆာဆဲလ်တွေကို သတ်ဖြတ်ပစ်မည့် ဆေးတွေတဲ့လား။

အခု သွင်းနေသည့် ဆေးတွေရဲ့ အာနိသင်ကလည်း ပြင်းလွန်းလှတာမို့ မတော်တဆ သွေးကြောပိတ်ဆို့ကာ သွေးကြောထဲကနေ အသားထဲ ရောက်သွားလျှင် ဆေးရည်နဲ့ ထိတွေ့သည့်နေရာက ဆဲလ်တွေ သေသွားနိုင်တာမို့ ပိုက်တစ်လျှောက် ဆေးရည်ချောချောမောမော ကျရဲ့လား၊ သွေးကြောထဲ ဖြောင့်ဖြောင့်မှ စီးဝင်ရဲ့လားဆိုတာကို ဆရာဝန်မလေး တစ်ယောက်က မကြာခဏ စစ်ဆေးပေးသည်။

သွေးကြောထဲ ရောက်နေသည့် အပ်ဖျားလေး နေရာလွဲသွားမှာ စိုးတာမို့ လက်ကို မလှုပ်ရဲဘဲ ငြိမ်တောင့်ထားရတာ ကြာတော့ လက်တွေက ထုံကျဉ်လာသည်။ ကိုယ့်လက်ကြီးကို ကိုယ့်ဘာသာ မြင်နေရသော်လည်း စိတ်ထဲမှာ ထိုလက်ဟာ ကိုယ်နဲ့ သက်ဆိုင်ပတ်သက်သည် မထင်။ တခြားလူ တစ်ယောက်ရဲ့ လက်ကြီး ကိုယ့်ဘေး လာချထားသလိုပင်။

"လက်ချောင်းလေးတွေကို နည်းနည်းတော့ ကွေးချည် ဆန့်ချည်လုပ်ပေးဦး မမရဲ့၊ ဆေးက အကြာကြီး သွင်းရမှာ ဆိုတော့ တောင့်တောင့်ကြီး နေရရင် အရမ်းညောင်းတယ်"

မထင်မှတ်ဘဲ စကားသံတစ်ခု ထွက်ပေါ်လာတာမို့ သောတက လှည့်ကြည့်လိုက်လျှင် ဘေးခုတင်မှာ ထိုင်နေသည့် ကောင်မလေး တစ်ယောက်ကို တွေ့ရလေသည်။





ကလေးမလေးက အသက် ဆယ့်လေးနှစ်လောက် ရှိမည်။ ကိုယ်လုံးလေးက ခပ်သွယ်သွယ်ထဲက ဖြစ်သော်လည်း ရောဂါသည် တစ်ယောက်လို ပိန်လှီမနေ။ ဆံပင်တွေ ကျွတ်ကာ ခေါင်းတုံးလေးနဲ့ ဖြစ်နေသော်လည်း အသားညိုညို မျက်လုံးဝိုင်းဝိုင်း ပါးကွက်ကျားလေးနဲ့ သူမ မျက်နှာဟာ ချစ်ဖို့ကောင်းသည်။

"သမီးနာမည်က ချိုသက်ဖြူပါ၊ ဒီဆေးရုံရောက်နေတာ ကြာပြီ၊ ဆေးရုံအကြောင်းရော၊ ဆေးတွေအကြောင်းရော ကောင်းကောင်း သိနေပါပြီ"

"ဆေးရုံတက်နေတာ ကြာပြီ ဟုတ်လား၊ ဘာဖြစ်လို့လဲ ဟင် ..."

"လူကီးမီးယားလေ ... သွေးကင်ဆာပေါ့"

အို ... သောတက အလန့်တကြား မျက်လုံးကို မှိတ်လိုက်လျှင် အောင်သူလေးရဲ့ မျက်နှာက အာရုံထဲ ဖျတ်ခနဲ ဝင်လာသည်။

ဒီလောက် ငယ်ရွယ်ပြီး အပြစ်ကင်းစင်သည့် ကလေးလေးတွေမှာမှ ဘာ့ကြောင့် ရောဂါဆိုးတွေက ကပ်ငြိမှေးတွယ်နေရတာပါလိမ့်။ သူတို့လေးတွေဟာ ဒီဝေဒနာတွေ ခံစားရလောက်အောင် ဘယ်လိုပြစ်မှုမျိုးတွေများ ကျူးလွန်မိခဲ့ကြသေးလို့လဲ။

ဖြစ်မဲ့ဖြစ်တော့လည်း ဒီကလေးတွေထက် အသက်အများကြီး ပိုကြီးပြီး မကောင်းမှု ဒုစရိုက်တွေ အကုသိုလ်တွေနဲ့ ပြည့်နေသည့် လူကြီးတွေသာ ဖြစ်လိုက်ကြပါလား။ ကလေးတွေဟာ အပြစ်ကင်းရှင်း ဖြူစင်ကြပါသေးသည်။ သူတို့တွေနဲ့ ဒီရောဂါဆိုးတွေဟာ မတန်ပါဘူး။

"မမနာမည်က သောတရဲ့ နော် ... လူနာ မှတ်တမ်းထဲမှာ ချိုသက် ကြည့်ထားတယ်"

ဆေးရုံမှာ နေလာရတာကြာပြီမို့ ဆေးရုံပါး ဝနေပြီဖြစ်သော ကလေးမလေးက သောတကို သွက်သွက်လက်လက် မိတ်ဖွဲ့နေသည်။ ခဏကြာလျှင်ကား သောတတို့နှစ်ယောက်သား ညီအစ်မတွေလို ပေါင်းစည်းညီညွတ်သွားကြပြီ။

"မမလို ရောဂါမျိုးတော့ ချိုသက် မတွေ့ဖူးသေးဘူး၊ ချိုသက်ရဲ့ ရောဂါကတော့ လုံးဝပျောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ အခုတော့ ဆေးတွေသွင်းလိုက်၊ ဓာတ်ကင်လိုက်နဲ့ဆိုတော့ ကောင်းသလို ရှိနေတာပေါ့၊ ဒါပေမဲ့ မကောင်းပါဘူး၊ ဘယ်တော့မှ အကောင်းပကတိ ပြန်မဖြစ်နိုင်ဘူး ... သေရင်သာ သေသွားမှာ ..."

"အဲဒါကို ... အဲဒါကို ကြိုသိရက်နဲ့ ချိုသက် ဘယ်လိုနေသလဲ ... ဟင်"





ချိုသက်ဖြူရဲ့ အမေက မကြားရက်သလို တစ်ဖက်သို့ လှည့်သွားသည်။ ကိုယ့်သမီးတစ်ယောက်ထဲမှာ သေလောက်သည့် ရောဂါဆိုးကြီး ကျရောက်နေပြီဆိုတာ သိနေရသော မိခင်တစ်ယောက်ရဲ့ စိတ်နှလုံးဟာ ဘယ်လို နေမလဲ။ သောတက ချိုသက် အမေရဲ့ နေရာမှာ ကိုယ့်မေမေကို အစားထိုး မြင်ကြည့်နေမိသည်။

"ဒီလိုပဲ နေရတာပေါ့ မမရယ် ... အစကတော့ ကိုယ့်အကြောင်း ကိုယ်သိလိုက်တဲ့ အချိန်မှာ အရမ်းဝမ်းနည်းပြီး တအားကြောက်တာပေါ့၊ နောက်ကျတော့ ကုရင်ပျောက်မလား ပျောက်မလားဆိုတဲ့ မျှော်လင့်ချက်လေးထားရင်း အခုတော့ ဘာကိုမဆို ရင်ဆိုင်ရဲပြီလေ"

အောင်သူ နောက်ထပ် တစ်ယောက်ပါလား။ သူကလည်း သေမင်းကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပြီတဲ့။

အန္တရာယ်ကို ရင်မဆိုင်ရသေးခင်မှာသာ တွေးတောစိုးထိတ်နေတတ်လျက် တကယ့် အန္တရာယ်ကြားထဲ ရောက်သွားသည့်အခါမှာတော့ ဘာကိုမှ မမှုတော့တာဟာ လူတွေရဲ့ ဇီဝသဘာဝစိတ်ပဲလား။ ဒါမှမဟုတ် ဒီကလေးတွေကပဲ ပါရမီထူးကို ရရှိနေကြတာလား။

"ဒီဆေးရုံမှာပဲ ချိုသက်နဲ့အတူ တက်တဲ့ သူငယ်ချင်း တစ်ယောက် ရှိတယ် ... မမရဲ့၊ နွယ်နီဝင်းတဲ့၊ သူကကျ တော့ ချိုသက်တို့လို အသက်အန္တရာယ်ရှိတဲ့ ရောဂါမျိုး မဟုတ်ဘူးလေ ...၊ သွေးအားနည်းတာ သက်သက်ပဲ၊ သွေးလာသွင်းလိုက် ပြန်သွားလိုက်ပေါ့၊ သွေးသွင်းပြီးရင် သူက လူကောင်းဖြစ်သွားပြီ၊ အခု နွယ်နီက ဆေးရုံက ဆင်းသွားပြီး သီလရှင် ဝတ်နေတယ်၊ ချိုသက် အတွက် လည်း ကုသိုလ် ဆက်ပေးတဲ့ သဘောတဲ့"

"သူကျတော့ ကံကောင်းတာပေါ့နော် ... တို့ရော ... အင်းလေ ... ချိုသက်လို ကလေးတောင်မှ ဟရားရှိသေး တာ တို့လည်း သွေးကြောင်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

စိတ်ဆိုတာ လျှော့ထားလိုက်တော့လည်း အပေါ့ပါး သား။ လူဆိုတာ သေမျိုးချည်းပဲ ခပ်ရိုးရိုးလေး တွေးလိုက်နိုင်လျှင် ကျန်တာတွေက ဘာမှ မထူးဆန်းပါ။

လူတစ်ယောက်ရဲ့ ဖြစ်တည်မှုဟာ တကယ်တော့ ရိုးရိုးရှင်းရှင်းလေးပဲ။ အမိဝမ်းတွင်းမှာ သန္ဓေတည်မည်၊ မွေးဖွား ကြီးပြင်းမည်။ ကျောင်းတက်၊ စာကျက်၊ အလုပ်လုပ်၊ အိမ်ရာ ထူထောင်၊ သားသမီးတွေမွေး၊ တရားခံမှုလုပ်၊ နောက်တော့ သေဆုံးကြ။





စက်ဝိုင်းတစ်ခုလို ပုံမှန်လည်ပတ်နေသော လူ့ဖြစ်စဉ် ကြီးမှာ တချို့ စက်ဝိုင်းတွေက ဖြည်းဖြည်းမှန်မှန်နဲ့ အပြည့်လည် ပတ်ကြသည်။ သောတတို့ကျတော့ မြန်မြန်ဆန်ဆန်နဲ့ တစ်ဝက် လောက်ပဲ လည်ပတ်ခွင့် ရသည်။ ဒါပဲ ကွာတာ။

ဒီတော့ ကိုယ်ဟာ လူ့လောကထဲမှာ ခဏပဲ နေခွင့်ရတာပါလားလို့ ဝမ်းနည်းနေစရာ မလို။ လူဖြစ်လာခွင့် ရပြီး ကိုယ့်စိတ်ကြိုက် အသက်ရှင်ခွင့် ရနေတာကပဲ ကျေနပ်စရာ ကောင်းလှပါပြီလေ။

"ကိုတာရာ ... ရှင် ဘယ်တွေ လျှောက်သွားနေတာလဲ ဟင် ... အလုပ်ကလည်း ခွင့်ယူထားတယ်ဆို၊ အဲဒါများ သောတအနားမှာ မနေသေးဘူး"

ဆေးရုံဝင်ပေါက်ရှေ့မှာ လူချင်းဆုံမိလျှင် ယုဝတီက ဆီးပြီး အပြစ်တင်လိုက်ပါသည်။

အမှန်ကတော့ တာရာ့ကို အပြစ်တင်ချင်တာ မဟုတ်။ အိမ်မှာကတည်းက ပေါက်ကွဲခွင့် မရခဲ့သည့် ဒေါသတွေကို ဒီမှာ လာပြီး ဖောက်ခွဲပစ်တာ။

တစ်နေ့တခြား ပိုပိုမှန်းလာသော ယုရဲ့ယောက်ျား ကြီးကို ဒီနေ့မှာတော့ အခါးသီးဆုံး အမုန်းဆုံးပင်။

ဦးရန်ပြေ့ မျက်နှာကို မကြည့်ချင်တော့လို့ ဆေးရုံကို ရောက်လာရတာဖြစ်သော ယုဝတီက တာရာ့ကို တွေ့တာနဲ့





သူလည်း ယောက်ျားမျိုးနွယ်ဝင်ပဲ ဆိုသည့် အတွေးနဲ့ ဒေါသ ထွက်လာတာ။

တာရာကလည်း သောတ နားမှာ မနေလေသော အခါ ကိုယ်တိုင်ပဲ ပစ်ထားခံလိုက်ရသူလိုမျိုး ခါးခါးသီးသီး ခံစားမိတော့တာ။

"ယုဝတီရယ် ... ဒီအချိန်ကြီး သူ့ကို ထားခဲ့ချင်ပါ့မလား ဗျာ ... ခင်ဗျား သူငယ်ချင်းက ကျွန်တော့်ကို အတင်းခိုင်း နေတာ"

"ဘာခိုင်းတာလဲ"

"ဟုတ်တယ် ... သူ လုပ်နေတာတွေက ကျွန်တော့်အတွက် တော့ အဓိပ္ပာယ်မရှိဘူး၊ ဒါပေမဲ့ သူကျတော့လည်း သူ့ အဓိပ္ပာယ်နဲ့သူဗျ၊ ဘဝတူအချင်းချင်း စကားပြောနေရတာ ရိုင်းပင်းကူညီနေရတာကိုပဲ ကျေနပ်နေရှာတယ်လေ၊ အခု ဆိုရင် သူက ကျွန်တော်နဲ့တောင် သိပ်စကားမပြောချင် တော့ဘူး၊ ကျွန်တော်က လူကောင်း၊ သူက ရောဂါသည် ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ခံစားချက်ချင်း အမြင် ချင်း မတူဘူးလို့ ထင်နေပုံပဲ၊ သူ့ခုတင်နီးနားက ဘဝတူ ရောဂါသည်တွေနဲ့ စကားပြောနေရတာကိုပဲ ပိုကျေနပ် နေတဲ့ ပုံ ..."

"ဒါတော့ ဟုတ်မယ် ... ကိုယ်က နေမကောင်းတဲ့အခိုက်မှာ ကျန်းမာနေတဲ့ သူတွေ မြင်ရတာ သိပ်မုန်းစရာကောင်းတာကိုး၊ ဘာပဲပြောပြော ရှင့်ကို သောတ မနာလိုဖြစ်မှာပဲ"

"နောက်ပြီး လူတွေကို ကူညီချင်စိတ်လည်း အရမ်းများလာတယ်။ ဆေးရုံထဲမှာလည်း လျှောက်သွားပြီး အားပေးစကားပြောလိုက်၊ တောက်တိုမယ်ရ ကူလုပ်ပေးလိုက်ပဲ၊ ပြီးတော့ဗျာ သူ့အမေအိမ်က ပါလာတဲ့ လက်ဝတ်လက်စားတွေကို ကျွန်တော်က မသုံးစေချင်ဘူး၊ အဲဒါကို သူ့ဟန်းချိန်းတစ်ခုကို ဘေးခုတင်က လူနာကောင်မလေးရဲ့အမေကို ပေးပြီး အရောင်းခိုင်းလိုက်တယ်တဲ့၊ ရတဲ့ပိုက်ဆံနဲ့ ဆေးဖိုးမတတ်နိုင်တဲ့ လူနာတစ်ယောက်အတွက် ဆေးဝယ်ပေးတယ်တဲ့လေ ..."

"ဒါတော့ ပြောမနေပါနဲ့တော့ ကိုတာရာရယ် ... သူလည်းသူ့ရောဂါ သူ သိနေတာပဲ၊ ရတဲ့အချိန်လေးအတွင်းမှာကောင်းမှုကုသိုလ် လုပ်ချင်ရှာမှာပေါ့၊ လူတွေဟာ ဘုရားတရားနဲ့ အလှူအတန်းကို သာမန်အချိန်တွေမှာသာ မေ့ချင်မေ့မယ် ... ဒီလိုအချိန်မျိုးကျတော့ တအားကို လုပ်တော့တာပဲ"





"သူတို့မှာ အချိန်မှ မရှိတော့တာပဲ ..."

"ဒါပေမယ့် ယုတို့မှာရော အချိန်ဘယ်လောက် ရှိသေးတယ်ထင်လို့လဲ၊ အင်း ... ဘာပဲဖြစ်ဖြစ် သောတက သူနေရတဲ့အချိန်လေးအတွင်းမှာ စိတ်ချမ်းသာရှာပါတယ်လေ ..."

ဒီအမျိုးသမီး ဘာစကားမျိုး ပြောလိုက်တာပါလိမ့်လို့ တာရာက စိတ်မပါ့တပါ တွေးမိသည်။ သူမ ပြောပုံအရဆိုလျှင် သူမက စိတ်မချမ်းသာရဘူးဆိုသည့် သဘောလား။

"ကျွန်တော် ခဏ သွားလိုက်ဦးမယ်"

"နေဦးလေ ... ကိုတာရာရဲ့၊ ယု လိုက်ပို့ပေးပါ့မယ်၊ အခုသောတဆီ အရင်သွားကြရအောင် ... အပြန်ကျ လိုက်ပို့မှာပေါ့ ... ယု ပို့ပေးတော့ အသွားအပြန် မြန်တာပေါ့"

ယုဝတီရဲ့ ကားကို မစီးချင်ပေမဲ့ အသွားအပြန် မြန်တာပေါ့ဆိုသည့် စကားတစ်ခွန်းနဲ့တင် တာရာက သူမနဲ့လိုက်ဖို့ ဆုံးဖြတ်လိုက်မိလေသည်။

အိမ်ရှေ့က ကားဆိုက်သံ၊ တံခါးဖွင့်သံ၊ ပိတ်သံ၊ အိမ်ပေါ်ထပ်သို့ တက်လာသည့် ခြေသံ တဒုတ်ဒုတ်ကို ကြားရပြီးလျှင် ယုရဲ့ အိပ်ခန်းနဲ့ မျက်နှာချင်းဆိုင်က အခန်းတံခါး ဖွင့်သံ ပိတ်သံတို့ကို ဆက်တိုက်ကြားလိုက်ရသည်။

အိပ်ရာထဲကနေ ယုဝတီက နှုတ်ခမ်းလေး မဲ့ကျေးပစ်လိုက်မိပါရဲ့။

အခု ဘယ်အချိန်ရှိပြီလဲ။ ဒီအချိန်ဟာ ယောကျ်ားကောင်းတစ်ယောက် အိမ်ပြန်ရောက်ရမဲ့ အချိန်မဟုတ်တာတော့ သေချာသည်။

**သူဟာ ယုကို ရှိတယ်လို့တောင် စိတ်ထဲမထင်တော့။ ယုတို့နှစ်ယောက် အတူနေသည့် အိပ်ခန်းထဲကို ဝင်မအိပ်တာတောင်**





ကြာပြီ။ သူ့ဘာသာ ပြန်ချင်သည့်အချိန်မှ ပြန်လာပြီး ယု မသိရလေအောင် (သူ့အထင်) သူ့အတွက် သီးသန့်ပြင်ဆင်ထားသည့် အခန်းထဲ ဝင်အိပ်တော့တာ။

ယုကလည်း ဦးရန်ပြေရဲ့ အသွားအလာကို စစ်ဆေးမေးမြန်းခြင်း မပြုတော့ ... မေးချင်စိတ်လည်း မရှိတော့။ ယုကို မြင်လိုက်ရလျှင် အနှောင့်အယှက် ဒုက္ခတစ်ခုကို တွေ့လိုက်ရသလိုမျိုး ရှုံ့မဲ့ပျက်ယွင်းသွားသော ဦးရန်ပြေရဲ့ မျက်နှာကြီးကို မမြင်ချင်။ သူ့ကိုမြင်ရလျှင် အထင်သေးစိတ် ရွံရှာစိတ်တွေက ဘယ်လိုဘယ်လို ဖြစ်ပေါ်လာကြမှန်းကို မသိ။

ယုဟာ ကိုယ့်စိတ်တိုင်းကျ တည်ထောင်ခဲ့သော အိမ်ထောင်တစ်ခုကို ဒီလောက် မြန်မြန်ဆန်ဆန်ကြီး စိတ်ကုန်သွားလိမ့်မည်ဟု ထင်ကိုမထင်ခဲ့ပါ။ ဦးရန်ပြေလို လူတစ်ယောက်နှင့် နေရလျှင် ယု သိပ်ပျော်လိမ့်မည် ထင်ထားခဲ့တာ။ ချမ်းချမ်းသာသာ နေရမည်။ ယု ဘာလုပ်လုပ် ခွင့်လွှတ်အလိုလိုက်နေမည့် ခင်ပွန်းကို ရလိမ့်မည်ဆိုသည့် အတွေးတွေနဲ့ပေါ့။

တကယ်တော့ ယုဟာ သိပ်မိုက်ခဲ့တာပါပဲ။ ငယ်ငယ်တုန်းက ဆပ်ပြာပူဖောင်းလေးတွေကို တမက်တမော လိုက်ဖမ်းခဲ့တုန်းက မိုက်မဲမှုမျိုးဟာ အသက်နှစ်ဆယ်ကျော်လာသည့်အထိ ပျောက်ပျက်မသွားခဲ့။

ယုဝတီက အိမ်သာ ထ,သွားရင်း အရှေ့ဘက်ခန်းက အသံပလံတွေကို နားထောင်ကြည့်သည်။ အောင်မယ် ... ဟိုလူကြီးကတော့ အခုပဲ ပြန်ရောက်သည် ... အခုပဲ အပူအပင်ကင်းကင်းနဲ့ အိပ်ပျော်သွားပြီ။

အင်းလေ ... သူကတော့ ဘာကိုမှ အလေးအနက်ခေါင်းထဲ မထားသူကိုး။ သူသိတာက သူလိုချင်တာရဖို့။ သူ့စိတ်တိုင်းကျဖြစ်ဖို့ သူ့အတွက်ကို အစာကျွေးနိုင်ဖို့ပဲ။

လောကကြီးမှာ ရယူဖို့ တစ်ခုတည်း သိတဲ့သူဟာ ပေးဆပ်လိုသူထက်စာရင် ပိုပြီး တာဝန်ကင်းသည်။ အပူအပင်လည်း ကင်းသည်။

တကယ်လို့များ ယုသာ သောတလို ရောဂါဝေဒနာတစ်ခု ကပ်ငြိနေမယ်ဆိုလျှင် ဦးရန်ပြေတစ်ယောက် ဘယ်လိုများနေမှာပါလိမ့်။

သောတကိုဆို သနားကြင်နာလွန်းလို့ ကလေးလေးတစ်ယောက်လို ရင်ခွင်ထဲမှာ အမြဲပွေ့ပိုက်ထားလိုက်ချင်ပုံနှင့် တာရှာကို မြင်ယောင်သည်။ ဦးရန်ပြေတို့ကတော့ ဝတ္ထုရားအရ စိုးရိမ်မည်ဆိုလျှင်တောင် အဲဒီလောက်အထိ လှိုက်လှဲသော အကြင်နာကိုတော့ ပေးနိုင်မှာမဟုတ်တာ သေချာသည်။





ဟွန်း ... လူလိမ်ကြီး။ သင်းကို ယူမိတာ အရမ်းပဲ မှားယွင်းသွားပြီလို့ အတိအကျ သိမိသည့်နေ့ဟာ သိပ်တောင် မကြာသေး။

ဒီအရင်ကာလတွေတုန်းကတော့ ဦးရန်ပြေဟာ သူ့ရဲ့ ပင်ကိုယ်ဟန်ဖြစ်သော ခပ်တည်တည် ခပ်ထယ်ထယ် ဟန်ကြီးနဲ့ ဖုံးဖိထားခဲ့တာကြောင့် ယုဟာ အလွန်ကြီးမားသည့် အမှားအယွင်းကြီး တစ်ခုကို ကျူးလွန်မိတာတောင်မှ တော်တော်နဲ့ သိခွင့်မရ။

တကယ်လို့သာ ဦးရန်ပြေဟာ နိုင်ငံခြားမှာ အိမ်ထောင်ကျခဲ့ဖူးသည့် မုဆိုးဖိုတစ်ယောက် ဖြစ်သည်ဆိုလျှင် ယုက သူ့ကို လက်ထပ်ချင်မှ လက်ထပ်မိလိမ့်မည်။

ယုဟာ သွားမပါချင်နေ ကားပါလျှင်ပြီးရော ဆိုသည့် ငွေကို ငမ်းငမ်းတက် မက်မောတတ်သည့် မိန်းမစားမျိုးထဲမှာ မပါဝင်ပါ။ ယုကိုယ်တိုင်ကလည်း ယောကျ်ားယူမှ ချမ်းသာရမည့် သူမျိုး မဟုတ်ပေရာ ဦးရန်ပြေရဲ့ ချို့ယွင်းချက်တွေကိုသာ သိခဲ့လျှင် ငွေမျက်နှာနဲ့ ချေဖျက်ပစ်နိုင်လေမှာတော့ မဟုတ်ပါ။

ဒါပေမဲ့ ယုဟာ ကိုယ့်အပြစ် ကိုယ်ခံရတာပါပဲ။ သောတကို ယှဉ်ပြိုင်အနိုင်လိုချင်စိတ်နဲ့ မစဉ်းစားမဆင်ခြင် ဆုံးဖြတ်ခဲ့မိသော အပြစ်ဝန်ကို အခုမှ ထမ်းနေရတာ။

စိတ်တိုနေလို့ပဲလား မသိ။ တော်တော်နဲ့ အိပ်မရ။ အိပ်မပျော်တိုင်း ဆီးပဲ ခဏခဏ ထ,သွားနေရသည်။ ဆီးသွားရဖန်များတော့ ဆီးအောင့်ချင်သလိုတောင် ဖြစ်လာပြီ။

မုန်းစရာကောင်းလိုက်သည့် လူကြီး။ သူ့မှာ အရင်က မိန်းမရှိခဲ့ဖူးတာကို ခွင့်လွှတ်နိုင်သည်ပဲ ထား၊ အခုလည်း ယုဇကားကို နားမထောင် သွားချင်ရာသွား၊ လုပ်ချင်ရာလုပ်နေသေးတာကိုတော့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်။

ယုက သူ့ကို တဖြည်းဖြည်း ခါးသီးစိတ်နာလာသလို ဦးရန်မြေကလည်း ယုကို စိတ်ပျက်နေပါပြီ။

ဒီလိုနဲ့ပဲ ယုတို့နှစ်ယောက်ဟာ မကြာခဏ တစ်ယောက်တစ်ခန်းစီ ခွဲအိပ်ရင်းကနေ ကြာလာလျှင် သူစိမ်းပြင်ပြင်တွေလို ဖြစ်သွားကြလိမ့်မည် ထင်ပါရဲ့။





ဆရာဝန်ကြီး ရုံးခန်းထဲက ပြန်ထွက်လာသည့် တာရာရဲ့ မျက်နှာဟာ ငရုပ်ဆုံထဲထည့်ပြီး ထုထောင်းခြင်းခံထားရသလို ရှုံ့မဲ့ပုံအက်လို့နေသည်။

တကယ်လို့များ သူ့နှလုံးသားကို မြင်နိုင်မည်ဆိုလျှင်တော့ မျက်နှာထက် အခြေအနေ ပိုဆိုးနေတာကို တွေ့ရမှာပင်။

“ကိုတာရာ ... ဘာတဲ့လဲဟင် ... ဆရာဝန်ကြီးက ဘာတွေပြောလိုက်သလဲ”

တာရာက ယုဝတီရဲ့ အမေးကို ချက်ချင်း မဖြေနိုင်သေးဘဲ အသက်ကို ဝဝရှူသွင်းနိုင်ဖို့ ပင်ပင်ပန်းပန်း ကြိုးစားနေရသေးသည်။

“သောတရဲ့ ရောဂါက ကုသမှုခံနေတဲ့ကြားထဲက ပိုပိုဆိုးလာတယ်တဲ့၊ ကင်ဆာဆဲလ်တွေက ရိုးတွင်းချဉ်ဆီအထိ ပျံ့သွားပြီး ချဉ်ဆီကနေ ထုတ်ပေးနေတဲ့ ပစ္စည်းတွေ

နည်းလာတယ်တဲ့၊ အဲဒီအတွက် သွေးထွက်တာတို့ ရောဂါပိုး မကြာခဏဝင်ပြီး အဖျားကြီးတာတို့ ဖြစ်လာတာတဲ့၊ တကယ်လို့ သွေးထဲအထိ ရောဂါပိုးတွေ ပျံ့သွားရင် နဂိုကလည်း ကိုယ်ခံအား မကောင်းထားတော့ အရမ်းဆိုးဝါး သွားနိုင်တယ်တဲ့"

တာရာက စကားကို ခဏရပ်ကာ နောက်ထပ် စကားလုံးတွေ ပြောထွက်ဖို့ ခွန်အားကို မွေးမြူနေရသေးသည်။

ဆရာဝန်ကြီး ပြောလိုက်တာတွေကတော့ အများကြီး။ တချို့စကားလုံးတွေကျတော့ ဆေးပညာဆိုင်ရာ စကားလုံးတွေမို့ သူ နားမလည်တာပါသည်။ မမှတ်မိလိုက်တာတွေလည်း ပါသည်။ သူ သိတာ တစ်ခုကတော့ သောတရဲ့ အခြေအနေဟာ ဘယ်ဟာမှ အကောင်းမပါဘူး ဆိုတာကိုပင်။

"ကင်ဆာဖြစ်တဲ့ node တွေက ဂိုက်ထဲမှာလည်း ရှိတယ်တဲ့၊ အဲဒါကြောင့် အစာအိမ်ထဲမှာ သွေးထွက်တာတို့၊ ဗိုက် အရမ်းအောင့်တာတို့၊ စားပြီးသမျှ ပြန်အန်တာတို့ ဖြစ်တာတဲ့၊ သိပ်အခြေအနေဆိုးလာရင် ဗိုက်ခွဲပြီးတော့ဟောင် မှ အဲဒီ node တွေကို ဖယ်ပစ်ရနိုင်တယ်တဲ့ ... ဘေလုံးက လည်း ကြီးနေတယ်တဲ့ ... ဒါကြောင့် ဗိုက်ကြီး ဖောင်းနေ တာလေ ... အဲဒါလည်း လိုအပ်ရင် ခွဲထုတ်ရမှာပဲတဲ့"





"ဗိုက်ဖောင်းနေတာက အသည်းကြီးနေလို့ မဟုတ်ဘူးလား၊ အဲဒါကြောင့် အသားဝါတောင် ဝါလာလို့ မနေ့ကပဲ ဆရာကြီး ပြောတယ်လေ"

"အသည်းကလည်း ကြီးတာပဲ ... ပြီးတော့ အဲဒီ ပြန်ရည် ကြောတွေထဲက အရေးအကြီးဆုံး အကြောတစ်ခုက ကင်ဆာဆဲလ်တွေနဲ့ ပြည့်ပြီး ပိတ်သွားလို့ အရည်တွေက ပုံမှန်မလှည့်ပတ်နိုင်ဘဲ ဗိုက်ကြီး ဖောင်းနေတာလည်း တွေ့တယ်မို့လား၊ အရည်တွေ စုပ်ကြည့်တော့ ဖြူနှစ်နှစ် အရည်တွေ ထွက်လာတာလေ ... အဲဒီအခြေအနေဟာ ကုသဖို့ မလွယ်တော့တာကို ပြတာတဲ့"

"ဟုတ်ရဲ့လား ကိုတာရယ် ..."

ကြားရသမျှတွေက တစ်ခုမှ သက်သာဖွယ် မရှိ။ အကုန်လုံး အဆိုးတွေချည်းပဲမို့ ယုက ယုံတောင် မယုံချင်တော့ပြီ။ သောတ ဖြစ်နေပုံက ရန်သူတစ်ယောက်က နစ်နာစေချင်လွန်းလို့ မကောင်းတာတွေချည်း သူမ ခန္ဓာကိုယ်ထဲ စုထည့်ပေးလိုက်သလို ဖြစ်နေပြီ။

"အဟုတ်တွေပဲ ... သူ့ရောဂါ အမျိုးအစားက highly aggressive လို့ ခေါ်တဲ့ အဆိုးဆုံး အမျိုးအစားထဲမှာ ပါတယ်၊ ပြီးတော့ ဆဲလ်တိုက်ပ် ဆိုလားကွာ ဘယ်လို

ဆဲလ်ပုံစံနဲ့ ဖြစ်သလဲဆိုတာ ကြည့်တော့လည်း နာမည်တော့ မမှတ်မိတော့ဘူး ... အဲ အဆိုးဆုံး အမျိုးအစားပဲတဲ့၊ အဲဒါ ဖြစ်နေတယ်တဲ့ ..."

"ဒါကြောင့် ဆေးတွေသွင်းရင်းနဲ့ကို မကောင်းလာဘဲ ရောဂါ ပိုဆိုးဆိုးလာတာ ဖြစ်မှာနော် ..."

သောတကို ပထမဆုံးအကြိမ် ဆေးရုံတင်ပြီး ဆေးသွင်းကုသတုန်းက အခြေအနေ သိပ်မဆိုး။

နောက် နှစ်ပတ်နားပြီး ဒုတိယ cycle အဖြစ် ဆေးတစ်ကြိမ် ထပ်သွင်းသည့် အချိန်မှာ လူက သိသိသာသာ ချုံးကျသွားခဲ့တာ။

ကင်ဆာဆဲလ်တွေကို သတ်သည့် ဆေးဝါးတွေမို့ သူတို့ကိုယ်တိုင်ရဲ့ အာနိသင်တွေကလည်း ပြင်းထန်လှပေရာ ပထမဆုံး ခေါင်းက ဆံပင်တွေ ကျွတ်လာသည်။ အားနည်းပြီး မကြာခဏ အဖျားဝင်တတ်လာသည်။ ခန္ဓာကိုယ်အနံ့က မကြာခဏ သွေးယိုစီးတတ်သည်။ ပါးစပ် တစ်ဝိုက်မှာ မှတ်စရုလို အနာတွေ ပေါက်လာတာကလည်း ဘာဆေးလိမ်းလိမ်း မပျောက်။

"သွင်းရတဲ့ ဆေးတွေ ကိုယ်တိုင်ကလည်း မကောင်းတဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်စေတာပဲတဲ့၊ ဟာ ... သောတရယ် သိပ်ကံဆိုးတာပဲ"





တာရာက ဆေးရုံကြမ်းပြင်ပေါ် ပစ်ထိုင်ချလိုက်ကာ မျက်နှာကို လက်ဝါးနဲ့ အုပ်ထားလိုက်သည်။ ထိုလက်ဝါးရဲ့ အောက်မှာ မျက်ရည်တွေ ရှိနေလိမ့်မည်ဟု ယုဇ တွေးကြည့်လိုက်မိပါရဲ့။

"ဒါဖြင့် ယုတို့ ဘာဆက်လုပ်ရမလဲ ... ဟင်"

"လိုအပ်တဲ့ ကုသမှုတွေကတော့ ဆက်တိုက် လုပ်ရမှာပဲ၊ ဒီတစ်ခုအတွက် ဒါလုပ်၊ နောက်တစ်ခုအတွက် ဟိုဟာလုပ်၊ အဲဒီလိုနဲ့ လိုက်လိုက်ပြီး ကုရမှာပဲ။ သောတတော့ သိပ်ခံစားရရှာမှာပဲ ... ယုဝတီရယ် ကျွန်တော် အမှန်ပြောတာပါ၊ သောတရဲ့ ဝေဒနာတွေကို နှစ်ဆပွားပြီး ကျွန်တော့်ကိုယ်ထဲ ထည့်ပေးလိုက်လို့များ သောတဆီမှာ ရောဂါပျောက်မယ်ဆို ကျွန်တော် ဘယ်လောက်ပဲ ခံရ ခံရ ခံမှာပါ"

ယုံပါသည်။ တာရာ တကယ် ပြောနေသည်ဆိုတာ ယုဝတီ တကယ်ပဲ ယုံကြည်လိုက်ပါသည်။ တကယ်ချစ်တတ်သည့် သူတွေဟာ ချစ်သူရဲ့ ဒုက္ခကို ကြည့်နေရတာထက်စာလျှင် ကိုယ်တိုင်ပဲ ခံစားပေးလိုက်ချင်ကြမှာ သိပ်သေချာတာပေါ့။

"ယုဝတီရယ် ... ဒီအချိန်မှာ ကျွန်တော့်မှာ တိုင်ပင်စရာ ဆိုလို့ ယုဝတီတစ်ယောက်ပဲ ရှိတယ်၊ ကိစ္စတစ်ခု ကျွန်တော် တိုင်ပင်ပါရစေ"

အိမ်ရှေ့က ကားဆိုက်သံ၊ တံခါးဖွင့်သံ၊ ပိတ်သံ၊ အိမ်ပေါ်ထပ်သို့ တက်လာသည့် ခြေသံ တဒုတ်ဒုတ်ကို ကြားရပြီးလျှင် ယုရဲ့ အိပ်ခန်းနဲ့ မျက်နှာချင်းဆိုင်က အခန်းတံခါး ဖွင့်သံ ပိတ်သံတို့ကို ဆက်တိုက်ကြားလိုက်ရသည်။

အိပ်ရာထဲကနေ ယုဝတီက နှုတ်ခမ်းလေး မဲ့မကွေးပစ်လိုက်မိပါရဲ့။

အခု ဘယ်အချိန်ရှိပြီလဲ။ ဒီအချိန်ဟာ ယောကျ်ားကောင်းတစ်ယောက် အိမ်ပြန်ရောက်ရမဲ့ အချိန်မဟုတ်တာတော့ သေချာသည်။

**သူဟာ ယုကို ရှိတယ်လို့တောင် စိတ်ထဲမထင်တော့။ ယုတို့နှစ်ယောက် အတူနေသည့် အိပ်ခန်းထဲကို ဝင်မအိပ်တာတောင်**





ကြာပြီ။ သူ့ဘာသာ ပြန်ချင်သည့်အချိန်မှ ပြန်လာပြီး ယု မသိရလေအောင် (သူ့အထင်) သူ့အတွက် သီးသန့်ပြင်ဆင်ထားသည့် အခန်းထဲ ဝင်အိပ်တော့တာ။

ယုကလည်း ဦးရန်ပြေရဲ့ အသွားအလာကို စစ်ဆေးမေးမြန်းခြင်း မပြုတော့ ... မေးချင်စိတ်လည်း မရှိတော့။ ယုကို မြင်လိုက်ရလျှင် အနှောင့်အယှက် ဒုက္ခတစ်ခုကို တွေ့လိုက်ရသလို မျိုး ရှုံ့မဲ့ပျက်ယွင်းသွားသော ဦးရန်ပြေရဲ့ မျက်နှာကြီးကို မမြင်ချင်။ သူ့ကိုမြင်ရလျှင် အထင်သေးစိတ် ရွံရှာစိတ်တွေက ဘယ်လိုဘယ်လို ဖြစ်ပေါ်လာကြမှန်းကို မသိ။

ယုဟာ ကိုယ့်စိတ်တိုင်းကျ တည်ထောင်ခဲ့သော အိမ်ထောင်တစ်ခုကို ဒီလောက် မြန်မြန်ဆန်ဆန်ကြီး စိတ်ကုန်သွားလိမ့်မည်ဟု ထင်ကိုမထင်ခဲ့ပါ။ ဦးရန်ပြေလို လူတစ်ယောက်နှင့် နေရလျှင် ယု သိမ်ပျော်လိမ့်မည် ထင်ထားခဲ့တာ။ ချမ်းချမ်းသာသာ နေရမည်။ ယု ဘာလုပ်လုပ် ခွင့်လွှတ်အလိုလိုက်နေမည့် ခင်ပွန်းကို ရလိမ့်မည်ဆိုသည့် အတွေးတွေနဲ့ပေါ့။

တကယ်တော့ ယုဟာ သိပ်မိုက်ခဲ့တာပါပဲ။ ငယ်ငယ်တုန်းက ဆပ်ပြာပူဖောင်းလေးတွေကို တမက်တမော လိုက်ဖမ်းခဲ့တုန်းက မိုက်မဲမှုမျိုးဟာ အသက်နှစ်ဆယ်ကျော်လာသည့်အထိ ပျောက်ပျက်မသွားခဲ့။

"ပြောလေ ..."

"အခုလို အခြေအနေမှာ ကျွန်တော်နဲ့ နေရင် သောတ အရမ်း ဒုက္ခရောက်မယ်နော်၊ ကျွန်တော် ဘယ်လောက်ပဲ ကုသပေး ကုသပေး သောတ အတွက် လိုအပ်သလောက် ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်မယ် မထင်ဘူး ..."

ဒါကိုတော့ ယုလည်း မြင်မိသားပင်။ မပြောရက်လို့သာ မပြောရသော်လည်း တာရာဟာ သောတကို အကောင်းဆုံး ပြုစုကုသမှုပေးနိုင်မှာ မဟုတ်ဘူး ဆိုတာ ယုက တွေးမိပြီးသား။

သောတအတွက် စေတနာ အစစ်အမှန်နဲ့ ယုက ကူညီပေးချင်ပေမဲ့ အဲဒီလောက်များသည့် ငွေကြေးအထောက်အပံ့ကို မာနခဲ တာရာက လက်ခံမှာ မဟုတ်ပြန်ချေ။

"သောတကို သူ့မိဘဆီ ပြန်အပ်လိုက်ရင် ကောင်းမလားလို့၊ သူ့ကို ဆေးကုမပေးချင်လို့ မဟုတ်ပါဘူး ... ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော့်မှာ ငွေသိပ်မရှိတော့ဘူး ... သောတကို ပြုစုရတာ တစ်ဖက်ဆိုတော့ ပိုက်ဆံထွက်ရှာဖို့လည်း အချိန်မရှိဘူး ... ကျွန်တော့်လို ဇာလေ ကြမ်းပိုးကို ဘယ်သူကမှလဲ ယုံကြည်ပြီး ငွေချေးကြမှာ မဟုတ်ဘူး ...ဒါပေမဲ့ ကျွန်တော်လိုကောင်မှာ ငွေမရှိရင် ဘယ်ကမှ ရှာဖို့မလွယ်ဘူးလေ၊ သောတကို ဆေးကုဖို့က လည်း ငွေတော်တော် လိုမှာဆိုတော့ ..."





ပြောနေရင်းကနေ သူ့သဘောထားကို နားလည်ပါ့မလားလို့ တွန့်ဆုတ်ဆုတ် ဖြစ်သွားပုံလေးက သနားစရာ။

"ယု နားလည်ပါတယ် ကိုတာရယ် ...၊ သောတအပေါ် ကိုတာ ဘယ်လောက် စေတနာထားလဲ ဆိုတာ အားလုံး သိပါတယ် ... မတတ်သာလွန်းလို့ လုပ်ရမယ်ဆိုတာလည်း သိပါတယ် ... ဒါပေမဲ့ ကိုတာ အခုလို လုပ်လိုက်တဲ့အတွက် ပိုတောင် အဆင်ပြေချင် ပြေသွားဦးမယ် ... သောတရဲ့ မိဘတွေက သူတို့သမီး နေမကောင်းတဲ့အချိန်မှာ စိတ်ဆိုးတာတို့ မကျေနပ်တာတို့ကို ဖျောက်ပြီး ကိုတာ့ကို လက်ခံသွားလိမ့်မယ်လို့ ထင်တယ် ..."

"အဲဒီလို ဖြစ်လာရင်တော့ အကောင်းဆုံးပဲပေါ့ဗျာ ... သောတ စိတ်ချမ်းသာသွားရတာပေါ့၊ သောတ စိတ်ချမ်းသာဖို့ဆိုရင် သူ့မိဘတွေကို ကျွန်တော် ခြေသလုံးပဲ ဖက်ရ ဖက်ရပါ ..."

ချစ်သူအတွက် ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ရှိနေတတ်သူတွေကို သူရဲကောင်းဘွဲ့တံဆိပ်သာ ပေးအပ်ရမည်ဆိုလျှင်တော့ ထိုဆုကို တာရာက ပထမဆုံး ရလိမ့်မည်ထင်သည်။

"မဖြစ်ဘူး … မဖြစ်ဘူး … သူ မသွားရဘူး၊ သူ သွားရင် သောတကို မေမေတို့က ပြန်ခေါ်သွားကြမှာ၊ သူနဲ့ အပြီး ခွဲပစ်မှာ … ကိုတာ့က ဘာလို့ ဒီလောက် အ,ရတာလဲ"

"ကိုတာ့က အားလုံး အဆင်ပြေအောင်လို့ပါ … သောတ မိဘတွေကလည်း ဒီအချိန်ကျမှတော့ ခွဲလား ခြမ်းလား လုပ်ကြတော့မှာ မဟုတ်ပါဘူး …"

"ယု မသိပါဘူး … မေမေနဲ့ ဖေဖေက သူတို့စိတ်မှ သူတို့စိတ် … တစ်ခါတလေ သောတ ငယ်ငယ်တုန်းက ဖျားနေရက်နဲ့ ကစားမက်ပြီး ပေရေညစ်ပတ်နေတော့လေ ဖေဖေက အတင်းဆွဲပြီး ရေတွေ လောင်းပစ်တာ … အဲဒီတုန်းက ဘွားဘွား ရှိသေးတယ် … ဘွားဘွားက သောတ ထပ်ဖျားမှာစိုးလို့ ဝင်တားတာ မရဘူး၊ နောက်ကျတော့ သောတ





ဖျားလိုက်တာမှ သတိတောင် လစ်တယ်၊ ကဲ … ကိုယ့် သမီးရဲ့ အသက်အန္တရာယ်ကိုတောင် မမှုဘဲ သူတို့ လုပ်ချင်ရာကို လုပ်တတ်ကြတာ …"

"ဒါပေမဲ့ အခုနဲ့က …"

"ပြောလိုက်ပါ ယုရဲ့ … အခုက သောတဟာ မကြာခင် သေတော့မှာ … သေကာနီး လူတစ်ယောက်ရဲ့ ဆန္ဒကို လိုက်လျောကြမှာပဲလို့ ဟုတ်တယ်မို့လား"

ယုဝတီက မပြောရက်စွာ နှုတ်ဆိတ်နေလိုက်ရသည်။ သောတက သူမကိုယ်သူမ သေလူတစ်ယောက်လို အေးအေးဆေးဆေး လက်ခံနိုင်လိုက်ပေမဲ့ ယုဝတီတို့ တာရာတို့ကတော့ စကားထဲ ထည့်ပြောရတာတောင် ရင်နာလှလေသည်။

"ကိုယ့်အိမ်အကြောင်း ကိုယ် အသိဆုံးပါ ယုရယ် … ဒီအချိန်က စ,ပြီး ကိုတာ့ကို သောတ မတွေ့ရတော့ဘူး"

"အဲဒီလိုဖြစ်ရင်လည်း မပူပါနဲ့ သောတရဲ့၊ ယုတစ်ယောက်လုံး ရှိပါသေးတယ်၊ သောတတို့ကို ယု ဘယ်လိုကူညီခဲ့သလဲ … အခုလည်း ကူညီဦးမှာပေါ့ …"

သောတက ယုဝတီ လက်ကလေးကို ဆွဲကိုင်ကာ တစစ်စစ် ရယ်မောလိုက်သည်။

"မမက အရမ်းပျော်နေတယ် ထင်တယ် ... ဘာဖြစ်လို့လဲ၊ အဖေ အမေတွေ လိုက်လာကြတော့မှာမို့လား၊ အစ်ကိုလေးက သွားခေါ်နေတာလား"

ဘေးခုတင်ကနေ လှမ်းကြည့်နေသည့် ချိုသက်ဖြူက လှမ်းမေးလျှင် သောတက တဆတ်ဆတ် တုန်သွားကာ ...

"မဟုတ်ပါဘူး ... သူတို့နဲ့ ကိုတာ မတွေ့ရပါစေနဲ့လို့ တောင်မှ ဆုတောင်းရဦးမှာ ... ချိုသက် ... မမကို ဝိုင်းဆုတောင်းပေးပါ ... ကိုတာနဲ့ အိမ်ကလူတွေ မတွေ့ပါစေနဲ့လို့ ..."

မေးလိုက်မိသည့် ချိုသက် ခမျာ ပြူးကြောင်ကြောင်လေးနဲ့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားရသည်။

ယုကတော့ ဆံပင်တွေ အတော်များများ ကျွတ်ကာ ဟိုတစ်ကွက် ဒီတစ်ကွက် ပြောင်နေသော သောတရဲ့ ခေါင်းလေးကို ခပ်ဖွဖွလေး ပွတ်သပ်ချော့မော့နေမိသည်။

"မပူပါနဲ့ ... အားလုံး အဆင်ပြေသွားမှာ ... လောကကြီးဟာ သောတ ထင်သလောက် မဆိုးတတ်ပါဘူး ..."

"တကယ်လား ... ယုရော ကိုယ့်စကားကိုယ် အကြွင်းမဲ့ ထောက်ခံယုံကြည်သလား ..."





ခက်ပြီ ... သောတ စိတ်ချမ်းသာအောင် အလွယ်နဲ့ ပြောလိုက်တာသာ ဖြစ်လျက် ကိုယ်ကတော့ တကယ် ယုံကြည်တာ မဟုတ်သော ထိုစကားကို ယုက မထောက်ခံရဲပါ။

လောကကြီးဟာ တကယ့်ကို ပြက်ရယ်ပြုနိုင်တာ။ ဘာမဆို လိုတ,ရနေသော ယုကျတော့ မေတ္တာအကြင်နာကို မရ၊ ချစ်ခြင်းမေတ္တာတွေ အလျှံပယ် ပိုင်ဆိုင်နေသည့် သောတကျတော့လည်း လောကကြီးထဲမှာ ကြာရှည်နေခွင့်မရ။

"တွေ့လား ... ယုကိုယ်တိုင်လည်း မယုံကြည်ပါဘူး ... မဟုတ်လား ... သောတ စိတ်ချမ်းသာအောင် ပြောတာပဲ မဟုတ်လား ..."

ယုက သောတကို ငေးကြည့်နေမိသည်။ ကမောက်ကမ, နိုင်လှသော လောကကြီးရဲ့ ကျီစယ်မှုတွေဟာ ဒီလောက်နဲ့ပဲ အဆုံးသတ်ပါစေတော့ ...။

အခြေအနေ မဟန်ဘူး ဆိုတာ သိလျှင် ယုက အသာလေး တိမ်းရှောင်နေလိုက်သည်။

သောတရဲ့ ကြိုတင်မျှော်လင့်ထားသလိုပါပဲ၊ တာရာ အကြောင်းကြားတော့မှ သောတအကြောင်း သိကြသော လူကြီးတွေဟာ စေတနာနဲ့ လာအကြောင်းကြားသော တာရာ့ကိုပဲ ရန်သူကြီးတစ်ယောက်လို ဆက်ဆံကြပြန်သည်။

တာရာတစ်ယောက် သောတ အနား ကပ်ဖို့မဆိုထားနဲ့၊ ဆေးရုံထဲအထိတောင် လိုက်လာခွင့် မရရှာတော့ပါ။

"ဆင်းမယ် ... ဆေးရုံက အခုချက်ချင်း ဆင်းမယ်၊ ကိုယ်ပိုင်ဆေးခန်းမှာ ပြောင်းကုမယ် ..."

ဖေဖေက တတွတ်တွတ် ရေရွတ်မဆုံး ... မေမေက အနီးပတ်ဝန်းကျင်ကို မနှစ်မြို့သည့် မျက်လုံးများဖြင့် ကြည့်ရှုနေသည်။





သောတ ကတော့ မလိုက်ချင်။ ကိုယ့်အနီးအနားခုတင်က လူနာတွေအားလုံးဟာ သောတနဲ့ ရင်းနှီးနေကြပြီ။ ရောဂါအမျိုးအစားချင်း ထပ်တူကျသည် မဟုတ်သော်လည်း ခပ်ဆင်ဆင်တွေချည်းပဲမို့ တစ်ယောက် အတွေ့အကြုံကို တစ်ယောက်က ပြောပြ၊ သူ့ခံစားချက် ငါ့ခံစားချက် ဝေမျှကြ၊ အချင်းချင်းအားပေးကြနဲ့ စည်ကားသိုက်မြိုက်လှတာ။

ဝေဒနာသည် တစ်ယောက်ကို စိတ်ဖြေရာ ရစေချင်လျှင် သူတစ်ယောက်တည်း သီးသန့်ခွဲထုတ်ထားတာမျိုးထက် ဘဝတူချင်း ပေါင်းသင်းခွင့် ပေးထားတာက ပိုအကျိုးရှိမည်။ လူဆိုတာ ကိုယ်နဲ့ဘဝတူတွေကို တွေ့ရမှ စိတ်ဖြေသာရာရမည်။ စိတ်အားတက်ကြွမှုကို မွေးမြူနိုင်မည် မဟုတ်လား။ ကိုယ့်ထက်သာလွန်ပြည့်စုံသူတွေကြားထဲမှာ ဘဝရပ်တည်နိုင်ဖို့ အားမာန်ကို ဘယ်လိုလုပ်ပြီး ရှာဖွေမလဲ။

"မလိုက်ချင်ဘူး ဖေဖေ ... သောတ ဒီမှာနေရတာ ပျော်တယ် ..."

"ဘာ ... ဒီလို လူနာတွေ အများကြီးကြားထဲမှာ ဖြစ်သလိုနေရတာကို ပျော်သေးတယ် ဟုတ်လား ... သမီး စိတ်မှမှန်သေးရဲ့လား ..."

"မှန်ပါသေးတယ် မေမေ ... သမီးရဲ့ ရောဂါမျိုးကတော်ရုံတန်ရုံနဲ့ ဦးနှောက်တွေ အာရုံကြောတွေကို မထိခိုက်

နိုင်ပါဘူး ... သမီးရဲ့ ပတ်ဝန်းကျင်က ပစ္စည်းကောင်းတွေ မရှိပေမဲ့ လူကောင်းတွေ ရှိတယ် မေမေ၊ သမီးရဲ့ ရောဂါကို ရင်ဆိုင်ဖို့ အကောင်းဆုံး ခွန်အားတွေကို ပေးနိုင်တဲ့သူတွေ ရှိတယ် ..."

"မဟုတ်နိုင်တာ ... သူတို့လည်း သမီးလိုပဲ ဝေဒနာသည်တွေ မဟုတ်လား ... တချို့ဆို အခြေအနေတောင် အတော်ဆိုးနေပြီ ... သူတို့ကိုကြည့်ပြီး ပိုတောင် စိတ်ချောက်ချားစရာကောင်းသေးတယ် ..."

"အဲဒါက မေမေတို့ အထင်ကိုး ... အင်းလေ ... လူကောင်းပကတိ တစ်ယောက်နဲ့ ဝေဒနာသည်တစ်ယောက်ရဲ့ အတွေးချင်းကတော့ ဘယ်တူမလဲ ... သမီးတို့အတွက်ကျတော့ လူနာတစ်ယောက်စီဟာ ကိုယ့်ဝေဒနာကို အံကြိတ်ခံရင်း သူတို့ကိုယ်ထဲက ရောဂါကို တွန်းလှန်တိုက်ခိုက်တဲ့ ခွန်အားတွေ ထွက်ပေါ်လာကြတယ် ... အဲဒီအခွန်အားတွေဟာ နီးစပ်ရာ ခုတင်တစ်ခုတစ်ခုချင်း ဆက်သွယ်မိပြီး စည်းဝိုင်းကြီး တစ်ခုလို ဖြစ်လာတယ်၊ ငယ်ငယ်က သမီးတို့ မစာဥ, ကစားကြသလိုပဲ ကိုယ့်ဝိညာဉ်ကို ရောဂါဆိုး လက်ထဲကနေ ဝိုင်းကာကွယ်ပေးနေကြတယ်လို့ သမီး စိတ်ထဲ ခံစားရတယ် ... အဲဒါမျိုးက ဘဝတူ ဝေဒနာသည်တွေဆီကပဲ ရနိုင်တာ ... လူကောင်းတွေဆီက မရနိုင်ဘူး"





စကားတွေ ဆက်တိုက်ပြောလိုက်ရတာမို့ သောတက အင်အားတွေ ကုန်ခမ်းပြီး မောဟိုက်လာသည်။ အနားတွေ ပေါက်နေသည့် နှုတ်ခမ်းတစ်ဝိုက် ခြောက်သွေ့လာတာမို့ ဘေးခုတင်က လူနာအမျိုးသမီးတစ်ယောက်က ရေဆွတ်ထားသည့် ဂွမ်းစ,လေးနဲ့ သုတ်ပေးနေသည်။

ဒီလိုပါပဲ ... တာရာ အပြင်သွားလျှင် လူနာစောင့်မဲ့စွာ ကျန်ရစ်သည့် သောတကို ဘေးခုတင်တွေက သန်သန်မာမာ သွားလာနိုင် လူနာတွေက ဝိုင်းပြီး စောင့်ရှောက်ပြုစုကြတာ။ သောတ ကျန်းမာနေသည့် အခါကျတော့လည်း သူတို့လိုအပ်လျှင် ပြန်ပြုစုတာပေါ့။ ထိုအပြန်အလှန် နားလည်ဆက်နွယ်မှုကို အခုမှ ရောက်ချလာသော မေမေတို့ကတော့ ဘယ်လိုမှ သဘောပေါက်နိုင်မည် မထင်။

"ရတယ် ... ရတယ် ... ကျွန်မ လုပ်ပေးလိုက်မယ်"

ဟောကြည့် ... မေမေက သူ့သမီးကို တခြား မိန်းမတစ်ယောက် ပြုစုမှာစိုးလို့ ဝင်လုလိုက်ပြီ။ သို့သော် အစ, မို့လား မသိ။ မေမေလုပ်ပုံက မညင်သာ။ ဂွမ်းကို ရေဆွတ်ရာမှာ ရေအနည်းအများ ကွက်တိမဖြစ်တာမို့ ရွှဲအိုင်နေသည့် ရေတွေက ပါးပြင်ပေါ် ဖြတ်စီးကျလာသည်။ အနာရှိသည့် နှုတ်ခမ်းကို ပွတ်တိုက်ရာမှာလည်း အားပြင်းတာမို့ အနာတွေက ပွန်းပဲ့ကုန်သည်။

"သမီး ဘာပဲပြောပြော မေမေတို့ သမီးကို ဒီလိုနေရာမှာတော့ မထားနိုင်ဘူး ... အထူးကုဆေးရုံကြီးပေါ်မှာ စပါယ်ရှယ်ခန်းနဲ့ ထားရမှာပဲ ..."

"ဒီမှာလည်း သမီးလိုသမျှ ပြည့်စုံနေတာပဲ မေမေရယ်"

"အို ... ဒါပေမဲ့ ဆရာဝန်တွေက ပိုဂရုစိုက်အောင်ပေါ့"

"မေမေ မသိလို့ပါ ... ဆရာဝန်တွေရဲ့ ဂရုစိုက်မှုက ဘယ်နေရာမှာမဆို အတူတူပါပဲ ... ဒီမှာလည်း ဆရာဝန်တွေဟာ လူနာတွေအပေါ် လိုလေသေးမရှိ ဂရုစိုက်ပြီးသားပါ"

"အို ... ဘာပဲဖြစ်ဖြစ် နေရထိုင်ရတာ ပရိုက်ဗေစီ ရှိဦးမှ၊ လူတွေအများကြီးနဲ့ ရောနှောနေရတာ မလွတ်မလပ်နဲ့"

သောတက ဘာပဲပြောပြော မေမေတို့ကတော့ နား မဝင်ချေ။ သူတို့ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် စီစဉ်ကာ ဆေးရုံက လက်မှတ်ထိုးပြီး သောတကို ခေါ်ဆင်းချလာခဲ့သည်။ ချက်ချင်းပဲ ဒီဆေးရုံက ဆရာဝန်ကြီး ထိုင်သော ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုသို့ ပြောင်းဝစ်လိုက်သည်။

အိမ်ကို ကိုတာ သွားအကြောင်းကြားလိုက်ပြီ ဆိုတာ သိကတည်းက ဘာတွေဆက်ဖြစ်တော့မည်ဆိုတာ ကြိုတင်ခန့်မှန်းပြီးသား ဖြစ်နေသည့် သောတ ကတော့ စိတ်ကို အဆုံးစွန်အထိ လျှော့ချထားပြီးခဲ့လေပြီ။





"သောတ နေကောင်းတယ်မို့လားဟင် ..."

"အင်း ... အခုတလောတော့ ဆေးအာနိသင် ပြလာလို့လား မသိဘူး ... ဆံပင်တွေ ပိုကျွတ်လာတာကလွဲရင် လူက လန်းလန်းဆန်းဆန်း ပိုရှိလာသလိုပဲ ..."

"ကောင်းတယ် ... သိပ်ကောင်းတာပဲ၊ ဒါဆိုရင် ကျွန်တော် စွန့်လွှတ်ခဲ့ရကျိုး နပ်ပြီပေါ့ ..."

ယုဝတီက တာရာ့ကို စိတ်မကောင်းစွာ ကြည့်မိပါသည်။ သောတကို တာရာ သေလုအောင် တွေ့ချင်နေမည်ဆိုတာ ယုက သိသည်။ သို့သော်လည်း သူ့ခမျာ သောတ နေကောင်းသည် ဆိုသည့် သတင်းစကားလေးလောက်နဲ့သာ ဖြေသိမ့်နေရရှာတာ။

သောတကို တာရာ ဘယ်လောက်ချစ်ရှာသည်ဆိုတာ ယု အသိဆုံးပဲမို့ အခုလို အခြေအနေမျိုးမှာ သူ ဘယ်လောက်

အနေရခက်လိမ့်မည်ဆိုတာကိုလည်း ကိုယ်ချင်းစာကြည့်လို့ရလေသည်။

"ကျွန်တော့်ကို သနားတဲ့ မျက်လုံးနဲ့ မကြည့်ပါနဲ့ ယုဝတီ၊ ကျွန်တော် ဘာမှဖြစ်မနေပါဘူး … သောတ အဆင်ပြေတဲ့အတွက် ကျေနပ်နေတာပါ …၊ ဒီလိုအချိန်မျိုးမှာ ကိုယ့်အတ္တထက် ကိုယ့်ချစ်တဲ့သူ အဆင်ပြေဖို့ပဲ ဦးစားပေးရမှာပဲလေ …"

"ဒါပေမဲ့နော် … သောတ မိဘတွေက လွန်ကိုလွန်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ရှင်ဟာ သူတို့သမက် ဖြစ်နေပြီပဲ … နောက်ပြီး သောတကလည်း နေမှမကောင်းတဲ့ဟာ၊ ဆေးရုံကို လာတွေ့တာလောက်တော့ ခွင့်ပြုဖို့သင့်တာပေါ့ …"

နေ့တိုင်း ဆေးရုံရှေ့မှာ ထိုင်စောင့်လျက် သောတကိုတွေ့ခွင့်ရဖို့ တမျှော်မျှော် စောင့်နေရှာသည့် တာရာ့အဖြစ်ကို ယုက ဘယ်လိုမှ မကျေနပ်နိုင်။ သောတရဲ့ မိဘတွေဟာ တဆိတ်တော့ ရက်စက်လွန်းသည် ထင်သည်။ သူတို့သမီးကလည်း အပျိုလေးမှ မဟုတ်တော့တာ၊ အိမ်ထောင်ကျလို့ ကလေးတစ်ယောက်တောင် ရနိုင်သည့် အခြေအနေ ရှိခဲ့ပြီးပြီ။ တာရာဆိုတာကလည်း သူတို့သမီးအပေါ် ကောင်းလွန်းသည့် ခင်ပွန်းပဲ။ နောက်ပြီး တာရာ အကြောင်းကြားလို့သာ သောတကို သူတို့





ပြန်တွေ့ခွင့်ရတာ။ ဒီလောက်တော့ ပစ်ပစ်ခါခါကြီး လုပ်ဖို့မကောင်း။

"ဒါကတော့ သူတို့တွေရဲ့ ဆုံးဖြတ်ချက်အတိုင်းပါပဲ …၊ ကျွန်တော်ကတော့ သူတို့အိမ်ကို လိုက်သွားပြီး အကြောင်းကြားလိုက်ကတည်းက အားလုံးကို အရှုံးပေးပြီးသားပါ"

"ရှင်ကတော့ ဟုတ်တာပေါ့ …၊ သောတကကျတော့ရော သူကရော ရှင့်ကို မတွေ့ဘဲ နေနိုင်လိမ့်မယ် ထင်လို့လား"

တာရာက မျက်စိကို စုံမှိတ်ပစ်လိုက်ပါသည်။ လူတစ်ယောက်ဟာ ကိုယ့်အချစ်ဆုံးသူရဲ့ ရင်ခွင်ထဲမှာ သေခွင့်ရတာလောက် ကံကောင်းတာ ရှိဦးမလား … တဲ့၊ သောတ တစ်ခါက ပြောဖူးသည့် စကား။

တကယ်လို့ သောတရဲ့ အချစ်ဆုံးလူဟာ သူပဲဖြစ်နေခဲ့ဆိုလျှင် သောတဟာ ဘဝရဲ့ နောက်ဆုံးအချိန်မှာ ဆန္ဒပြည့်ဝသွားခွင့်မှ ရပါဦးတော့မလား။

"ကိုတာ … ရှင့်ကို အစက သောတ အတွက် သိတတ်အနစ်နာခံတတ်လွန်းလို့ ယုက အထင်ကြီးမိတယ် … အခုတော့ ရှင်လည်း အတ္တသမားပဲ …"

"ဗျာ … အတ္တသမား … ဟုတ်လား၊ ယုဝတီ ဘယ်လိုပြောလိုက်တာလဲ …၊ တကယ်လို့ ကျွန်တော်သာ အတ္တသမား

ဆိုရင် သောတ ဘာဖြစ်ဖြစ် ကျွန်တော့်နားက အခွဲမခံဘဲ ထားလိုက်မှာပေါ့ ...”

“ဟုတ်တယ် ... ထားသင့်တယ် ... ရှင့်သိရဲ့လား၊ သောတ နေချင်တာကလည်း အဲဒီလိုမျိုးပဲ ... သူ့မိဘတွေထားတဲ့ အထူးကု ဆေးခန်းကြီးထဲက တန်ကြေးအမြင့်ဆုံး သီးသန့်ခန်းကြီးထဲမှာ အထီးကျန်နေချင်တာ မဟုတ်ဘူး ... ရှင်က ကိုယ့်ကိုယ်ကိုယ် ချစ်သူကောင်းစားရေးအတွက် အနစ်နာခံတဲ့ သူရဲကောင်းကြီး လုပ်ချင်တာနဲ့ပဲ သောတဟာ နောက်ဆုံးအချိန်တွေမှာ ချစ်သူနဲ့ ခွဲခွာရတဲ့ဒုက္ခကို ခံစားနေရတယ် ... ဒါ တရားသလား”

“ယုဝတီ ... ကျေးဇူးပြုပြီး ဒီစကားမျိုးတွေ မပြောပါနဲ့ဗျာ၊ ကျွန်တော် ဒီလိုနေနိုင်ဖို့ မနည်းအားတင်းထားရတာပါ၊ သောတအတွက် စိတ်ချမ်းသာဖို့ လိုအပ်တယ် ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ အကောင်းဆုံး ဆေးဝါးတွေနဲ့ အပြည့်စုံဆုံး ပြုစုစောင့်ရှောက်မှုကို မရဘဲနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာကို ကျွန်တော် မေ့ထားလို့ မရဘူး ...၊ ကျွန်တော် မထားနိုင်တဲ့ အခြေအနေမျိုးမှာ သောတကို ထားနိုင်မဲ့ သူ့မိဘတွေ လက်ထဲမှာပဲ သူ့ကို အပ်ထားရမှာပဲ ...”





တာရာက ငိုတော့မလို အသံမျိုးနဲ့ ပြောနေရင်း ဆက်လက်ရပ်တည်နိုင်စွမ်း ကင်းမဲ့သွားသည် ထင်ပါရဲ့။ ယုရှေ့ကနေ အရူးတစ်ယောက်သဖွယ် ပြေးထွက်သွားလေသည်။

သူဟာ ဘယ်လောက်များ သွေးရူးသွေးတန်းနိုင်နေသလဲဆိုလျှင် ခြံဝအရောက်မှာ အပြင်က ပြန်လာသည့် ဦးရန်ပြေ့ကားနဲ့တောင် တိုက်မိတော့မလို ဖြစ်သွားသေးသည်။

ဦးရန်ပြေတို့များလည်း ဘယ်လောက်တောင် ကိုယ်ချင်းစာစိတ် ကင်းမဲ့လိုက်သလဲဆိုလျှင် အဲဒီလောက်ကလေး ရှောင်တိမ်း ဘရိတ်အုပ်လိုက်ရတာကိုပဲ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်နေပုံနဲ့ မျက်နှာကြီး တင်းနေတော့သည်။

"ယုကို ပြန်ပြီး သတင်းမေးရဦးမယ် ... ယု ကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ အားနည်းနေသလိုပဲ၊ နေရော ကောင်းရဲ့ လား ..."

ကိုယ်က လူမမာစစ်စစ် ဖြစ်နေသည့်တိုင် သူများကို ဂရုစိုက်နိုင်သေးသည့် သောတရုံကို ယုက ချီးကျူးချင်သည်။

အခုတလော နေလို့ထိုင်လို့ မကောင်းလှတာတော့ အမှန်ပင်။ လူက အလိုလိုနေရင်း နုံးချိကာ မောပန်းနေတတ်တာ ကို ယု သတိထားမိတာ ကြာပြီ။

"ဟိုတလောက ယု ပြောဖူးတာလေ ... အချိန်မဟုတ်ပဲ သွေးဆော့ အများကြီး ဆင်းတယ်ဆိုတာ ... အဲဒါရော ပျောက်သွားပြီလား ..."

"ပျောက်သွားပြီ ... တစ်ခါတလေ နည်းနည်းလောက်ပဲ ရှိတော့တယ် ..."





ပထမတော့ မပြောဘဲ ထားလိုက်မည်လို့ စဉ်းစား ထားသော်လည်း သောတကို စိတ်အပြောင်းအလဲ ဖြစ်စေချင်သည့် စေတနာကြောင့် ယုက ရှက်စနိုးလေးပြုံးကာ ...

"အဲဒါမျိုးဖြစ်ဖို့လည်း မရှိတော့ဘူး သောတရဲ့ ... အခု ယုမှာ ကိုယ်ဝန်ရှိနေပြီ ..."

"ဟင် ... တကယ် ..."

"တကယ်ပေါ့ ... နှစ်လထဲ ရောက်နေပြီ"

"ကောင်းလိုက်တာနော် ... ဦးရန်ပြေကတော့ ပျော်နေမှာပဲ"

သောတရုံကတော့ သူ့ရဲ့ခင်ပွန်း တာရာနဲ့ နှိုင်းယှဉ်ကာ ဦးရန်ပြေလည်း ပျော်နေလိမ့်မည်လို့ ထင်နေရှာပုံရသည်။

ယုလည်း အစက ဒီလိုပဲ ထင်မိတာပါ။ အေးစက်နေခဲ့သော ယုတို့ရဲ့ အိမ်ထောင်ရေးဟာ ဒီကလေးရှိလာတာကြောင့် ပြန်လည် နွေးထွေးအသက်ဝင်လာလေမလားလို့ စိတ်ကူးယဉ်မိ သေးသည်။

တစ်ခါ အိမ်ထောင်ကျဖူးပြီး မုဆိုးဖို ဖြစ်ခဲ့ဖူးတာ ကို အသိမပေးဘဲ ထားခဲ့သော၊ ယု မပတ်သက်စေချင်သည့် မိန်းမတွေနဲ့ ရောနှောပတ်သက်နေတတ်သော၊ ဦးရန်ပြေကို ခွင့်လွှတ် ကြည့်ဖို့ ယုက စဉ်းစားခဲ့ဖူးတာပါ။ သောတတို့ရဲ့ အဆင်မပြေမှု ကို တွေ့ရတော့ အဆင်ပြေနိုင်ပါလျက် မပြေဘဲ ဖြစ်နေရသည့် ကိုယ့်ဘဝကို ပြုပြင်ပြောင်းလဲကြည့်ဖို့ စိတ်ကူးပေါ်လာခဲ့ရတာ။

သို့သော်လည်း ဦးရန်ပြေရဲ့ ဆက်ဆံမှုကဖြင့် ပုံမှန်ပင်။ သူဟာ ယုကို လူသားတစ်ယောက်အနေနဲ့ တန်ဖိုးမထားတော့တာကို တဖြည်းဖြည်း သိလာရလျှင် ယုကလည်း ပြေလည်ငြိမ်းချမ်းကြဖို့ စိတ်ကူးအိပ်မက်ကို ချေဖျက်ပစ်လိုက်တော့သည်။

အခုတော့ဖြင့် ယုဟာ မနက်ဖြန်မှာ ဘာဖြစ်လာမည်ဆိုတာကို မတွေးတော့ဘဲ နေတတ်သည့် အကျင့်ကို ရလာခဲ့ပြီ။ ယုအတွက် လုပ်စရာဟာလည်း များများစားစား မရှိ။ မျှော်လင့်စရာလည်း သိပ်မရှိ။

"သောတ ... တစ်ခုစဉ်းစားမိတယ်၊ ယုကို ပြောရင်တော့ သဘောကျပါ့မလား မသိဘူး ..."

"ပြောသာပြောပါ ... ယု သဘောကျမှာပါ"

"တကယ်လို့များ ယု ကလေးမမွေးခင် သောတ သေသွားခဲ့ရင်လေ ..."

"အို ... မပြောကောင်းတာတွေ ... သောတကလဲ ..."

"ဘာလဲ ... ယုက သောတကို မသေနိုင်ပါဘူးလို့ လိမ်မလို့လား ... သောတက အရယ်သန်တယ်နော်၊ ဟာသတွေ သိပ်မပြောနဲ့ ..."

'ဟာသ'တွေ ဆိုသော်လည်း သောတ မျက်ဝန်းလေးက ကြေကွဲမှုတို့ဖြင့် ငြိမ်သက်ငေးစိုက်နေသည်။





"အစကတည်းက သောတ သိပါတယ် ... ဖေဖေ မေမေတို့ကို အကြောင်းကြားလိုက်ရင်တော့ သောတနဲ့ ကိုတာ့ကို ခွဲပစ်တော့မှာပဲ ဆိုတာ၊ အခုကြည့်လေ ... ကိုတာဟာ သောတကို တွေ့ချင်ရက်နဲ့ တွေ့ခွင့်ရတော့မှာ မဟုတ်ဘူး၊ သောတလည်း ဒီတစ်သက် ကိုတာ့ကို တွေ့ခွင့်ရတော့မှာ မဟုတ်ပါဘူး ..."

"မဟုတ်တာတွေ မပြောပါနဲ့ သောတရယ် ... အချိန်တွေ အများကြီး ရှိပါသေးတယ် ... အပြောင်းအလဲဆိုတာ အများကြီး ဖြစ်နိုင်တာပဲ ..."

"အဲဒီအထဲမှာ သောတ မိဘတွေရဲ့ အဆုံးအဖြတ်ကတော့ ပါမှာမဟုတ်ဘူး ... ဒီဘဝအတွက်တော့ ကိုတာ့ကို တွေ့ရဖို့ လက်လျှော့လိုက်ပါပြီလေ ...၊ ဒါပေမဲ့ နောင်ဘဝဆိုတာ ရှိခဲ့ရင် ကိုတာ့ကို ပြန်တွေ့ချင်သေးတယ်၊ အဲဒါကြောင့်လေ ..."

စကား မဆက်နိုင်ဘဲ မောနေရှာသည့် သောတရဲ့ နှုတ်ခမ်းတစ်ဝိုက်ကို ယုဝတီက ရေဆွတ်ထားသည့် ဂွမ်းစ,လေးနဲ့ တို့သုတ်ပေးလိုက်ရပါသည်။

"ယု ကြိုက်ချင်မှတော့ ကြိုက်မယ်၊ သောတလေ ... ယု ဗိုက်ထဲမှာ ပြန်ပြီးဝင်စားပါရစေ ... ယုရဲ့ သမီးလေးအဖြစ်နဲ့

လောကကြီးထဲကို ပြန်ဝင်လာချင်ပါတယ် ... လက်ခံမလား
ဟင် ..."

"သောတရယ် ..."

အကြောပြိုင်းပြိုင်း ပေါ်နေသည့် သောတရုံရဲ့ ပိန်လှပ်လှပ် လက်ကလေးကို တင်းတင်းဆုပ်ကိုင်ရင်း ယုဝတီက မချိတင်ကဲ ညည်းညူလိုက်မိပါရဲ့။

တစ်ခါက ချောင်းသာကမ်းခြေကို အပျော်ခရီးထွက်ရင်း ယောကျ်ားလေး တစ်ယောက်ကို အပြိုင်အဆိုင် စိတ်ဝင်စားခဲ့ရာက အတွင်းကျိတ်ပြိုင်ဘက်တွေ ဖြစ်ခဲ့ရသည့် မိန်းကလေးနှစ်ယောက်ကြားမှာ ဒီလို ပတ်သက်မှုမျိုးတွေ ရှိလာလိမ့်မည်လို့ ဘယ်သူက ထင်မှာလဲ။

"နော် ... ယု၊ သောတ လာခဲ့မယ်နော်"

"လာခဲ့ပါ သောတရယ် ... ယု အကောင်းဆုံး မွေးမြူမှာပါ"

အနာတွေ ဗရပွနဲ့ သောတရဲ့ နှုတ်ခမ်းလေးမှာ တောက်တောက်ပပ အပြုံးလေးတစ်ခု ပေါ်လာနိုင်ရှာသေးလေသည်။





သောတနဲ့ တာရာတို့ ခိုးပြေးဖို့ စီစဉ်တုန်းက ညစ်ထေးသော စိတ်နှလုံးဖြင့် စွန့်စွန့်စားစား ကူညီခဲ့ဖူးသည့် ယုံက ဒီတစ်ကြိမ်မှာတော့ ဖြူစင်သန့်ရှင်းသည့် နှလုံးသားဖြင့် ဒုတိယအကြိမ် စွန့်စားရပြန်လေပြီ။

မကြာခဏ သွင်းနေရသည့် ကင်ဆာဆေးတွေကြောင့် သောတရဲ့ ကိုယ်ခံစွမ်းအားက တဖြည်းဖြည်း ကျဆင်းလာပြီ။ ထိုအခါ ရောဂါပိုးတွေက ခန္ဓာကိုယ်ထဲ အလွယ်တကူ ဝင်ရောက်ကာ သွေးထဲအထိ ပျံ့နှံ့ပြီး Septicaemia ခေါ် သွေးအဆိပ်တက်သည့် ဝေဒနာကို ခံစားနေရရှာပြီ။

သောတရဲ့ ဝေဒနာက ဆိုးတာမို့ ရိုးရိုး လူနာခန်းထဲမှာ ထားလို့မရတော့ချေ။ ICU ခေါ် အထူးကြပ်မတ် ကုသခန်းထဲသို့ ရွှေ့ကာ တစ်ကိုယ်လုံး စက်တွေတပ်ဆင်လျက် ပိုးသတ်ထားသည့် ပတ်ဝန်းကျင်မှာပဲ မပြတ်စောင့်ကြည့်ကုသရတော့သည်။

ကိုယ်ပိုင်အခန်းထဲမှာ မထားရတော့တာမို့ အိမ်က လူလည်း စောင့်ခွင့်မရှိပါ။ စပါယ်ရှယ်နာ့စ် တစ်ယောက်သာလျှင် ပိုးသတ်ထားသော ဝတ်စုံဝတ်လျက် ဝင်စောင့်ခွင့်ရှိသည်။

ထိုအခြေအနေကို ယုက အခွင့်ကောင်းယူခဲ့တာ ဖြစ်ပါသည်။ သူနာပြုဆရာမလေးနဲ့ ညတာဝန်ကျ ဆရာဝန်မလေးကို အကျိုးအကြောင်း ရှင်းပြတောင်းပန်ကာ ထိုအခန်းထဲသို့ တာရာ့ကို တိတ်တိတ်ကလေး ခေါ်သွင်းခဲ့ရတာ ဖြစ်သည်။

မီးထိန်ထိန်လင်းအောင် ထွန်းထားသော်လည်း တိတ်ဆိတ် ခြောက်သွေ့လှသော အခန်းထဲသို့ တံခါးဖွင့်ကာ ဝင်သွားလျှင် အဲယားကွန်းအအေးဓာတ်ကြောင့် စိမ့်အေးနေသည့် အခန်းက တာရာ့နှလုံးသားကို ဆုပ်ချေဖိနှိပ်ပစ်လိုက်သည်။

သောတ ...

သူချစ်ရသည့် မိန်းကလေးဟာ ခုတင်ပေါ်မှာ လူတစ်ယောက် ရှိနေသည် မထင်ရလောက်အောင် ပါးလှပ်သော ခန္ဓာကိုယ်လေးနဲ့ ငြိမ်သက်စွာ လဲလျောင်းနေရှာသည်။

တာရာက အခန်းထဲ ဆက်မဝင်ဖြစ်သေးဘဲ နေရာမှာ ခြေစုံရပ်ကာ ကိုယ့်ရှေ့ကမြင်ကွင်းကို ကြောင်တောင်ငေးကြည့်နေမိသည်။





သောတရဲ့ ပုံစံဟာ ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားနေရသည့် လူနာတစ်ယောက် ဆိုတာ သိသာစေသည်။ ခေါင်းက ဆံပင်တွေဟာ အားလုံးနီးပါး ကျွတ်လျက်၊ အသားရောင်က သွေးအားနည်းနေတာကြောင့် ဖြူဖတ်ဖတ် ဖြစ်နေရသည့်ကြားထဲ Jaundice ဝင်ကာ ဝါကျန့်ကျန့်ဖြစ်နေသည်။ ခန္ဓာကိုယ်က အရိုးပေါ် အရေတင် ပိန်ကပ်လျက် ဝမ်းဗိုက်နေရာက မသိမသာ ဖောင်းနေသည်။

ဒါဟာ သေဆုံးကာနီး လူတစ်ယောက်ရဲ့ ပုံစံပဲလို့ အထူးပြောစရာ မလိုဘဲ သိနိုင်သည်။

ရင်နာစရာကောင်းလှတာက ထိုသေခါနီး လူနာဟာ သူ့ရဲ့ တစ်ဦးတည်းသော အချစ်ရဆုံးလူသား ဖြစ်နေတာပင်။

တာရာ ဆိုသည့် လူသားတစ်ယောက်ရဲ့ ဘဝဟာ တကယ့်ကိုပဲ မှောင်အတိ ပိတ်ဖုံးနေခဲ့ဖူးတာပါ။ အားပေးဖေးမမည့်သူ မရှိ၊ ကြင်နာဂရုစိုက်မည့်သူ မရှိ၊ အမှောင်ကမ္ဘာထဲ လွင့်ချင်တိုင်း လွင့်မျောနေရသော ဒြပ်မဲ့ဝိညာဉ် တစ်ခုမျှသာ။

ထိုဘဝထဲသို့ သောတရဲ့ ဆိုသည့် မိန်းကလေး ဝင်ရောက်လာခဲ့ခြင်းဟာ အလွန်ထိန်လင်းတောက်ပသော အလင်းတန်း တစ်ခု ဖြာထွန်းလာခဲ့သလိုပါပဲ။ သောတရဲ့ မည်သော အလင်းတန်းကလေးဟာ သူ့ဘဝရဲ့ တစ်ခုတည်းသော အဆင်တန်ဆာလည်း

ဖြစ်သည်။ သူ့ရဲ့ တစ်ခုတည်းသော ပိုင်ဆိုင်မှုလည်း ဖြစ်သည်။ သူ့ဘဝအတွက် အဖိုးထိုက်တန်ဆုံးသော ရတနာလည်း ဖြစ်သေးလေသည်။

အခုတော့ဖြင့် ထိုအလင်းတန်းလေးဟာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားတော့မည်။ သူ့ဘဝအတွက် အရေးအပါဆုံးသော လူသားတစ်ယောက် သူ့အနားက ပျောက်ဆုံးသွားတာကို ဘာမှမလုပ်နိုင်ဘဲ ငုတ်တုတ် လက်ပိုက်ကြည့်နေရတော့မည်။

တာရာက သောတ ခုတင်နားကို တဖြည်းဖြည်း တိုးရွှေ့သွားကာ ခုတင်ဘေးမှာ အသံမကြားအောင် ရပ်လိုက်သည်။

အတော်ကြာအောင် ငြိမ်သက်နေပြီးလျှင် သောတရဲ့ လက်တစ်ဖက်က တစ်ခုခု ဖမ်းဆုပ်ချင်သလိုမျိုး မြောက်တက်လာသည်။

အရိုးပေါ်အရေတင် ပိန်လှပ်နေသောလက်ကလေးကို ဆွဲယူလျက် ရင်ခွင်မှာ ပွေ့ပိုက်ထားရင်း တာရာက ငိုချင်နေသည်။

အများကြီး ရှိတဲ့သူ တစ်ယောက်အတွက် တစ်ခုလောက် ဆုံးရှုံးရတာက တော်သေးသည်။ သူ့လို တစ်ခုတည်းရှိသူ တစ်ယောက်အတွက် ထိုတစ်ခုတည်းကိုပဲ ဆုံးရှုံးလိုက်ရတာက တော့ မခံမရပ်နိုင်ဖွယ်ပဲ ဖြစ်တော့သည်။





"သောတ ..."

တာရာက တီးတိုးခေါ်ငင်လိုက်လျှင် သူကိုင်ထားသော လက်ကလေး လှုပ်လာကာ သူ့လက်ကို ရှိစုမဲ့စု အင်အားလေးနဲ့ ဆုပ်ညှစ်လိုက်ရှာသည်။

သူ ရောက်နေတာကို သောတ သိသွားပြီ ထင်သည်။ ဒီလိုဆိုရင်တော့ အချစ်ဆုံးသူရဲ့ ရင်ခွင်ထဲမှာ နေသွားခွင့်ရသည့်အတွက် သောတ ကျေနပ်လိမ့်မည် ထင်ပါရဲ့။

တာရာက ဘာစကားမှ မပြောဘဲ သောတကိုသာ ညလုံးပေါက် ထိုင်ကြည့်နေသည်။ မျက်တောင်တစ်ချက် ခတ်လိုက်ချိန်မှာ သောတကို မမြင်ရမှာစိုးလို့ မျက်တောင်မှ ခတ်ဖြစ်ရဲ့လားတောင် မသိ။

"သောတတို့ အိမ်ပြန်ကြမယ် ..."

မနက် အရုဏ်တက်ချိန်လောက်မှာ သောတထံက (မနည်းအာရုံစိုက် နားထောင်မှ ကြားရလောက်သည့်)အသံ ဖျော့ဖျော့ကလေး ထွက်ပေါ်လာသည်။

"အိမ် ... ဟုတ်လား ..."

"အင်း ..."

သိပြီ ... သောတဟာ သူတို့အတူနေထိုင်ခဲ့ကြသည့် အိမ်စုတ်ကလေးကို တမ်းတနေတာပဲ။ ပြည့်စုံခြင်းတွေ ဘယ်

လောက်ပဲ ရှိရှိ ပျော်ရွှင်ခြင်းရှိသည့် နေရာကိုသာ ပြန်သွားချင်နေတာ။

"သွားကြမယ် ... သွားမယ်နော် ... ကိုယ် သောတကို ခေါ်သွားမယ် သိလား၊ ပြီးတော့ ကိုယ်တို့နှစ်ယောက် တစ်သက်လုံး အတူနေမယ်နော် ..."

"ပျော်စရာကြီး ..."

ကျလုလု မျက်ရည်ပေါက်ကို တာရာက အံခဲပြီး ထိန်းထားလိုက်ရပါရဲ့။ သောတက သူ့ကို မြင်ချင် မြင်နေရမှာ။

"ဟုတ်တယ် ... ပျော်စရာကြီး ..."

"ကိုတာ ... သောတကို အောင်သူနဲ့ ချိုသက်တို့ လာခေါ်နေတယ် ..."

လွန်ခဲ့သည့် နှစ်ရက်ကပဲ ချိုသက် ဆုံးသွားခဲ့ပြီဆိုတာ သိထားခဲ့တာမို့ တာရာက ဆတ်ဆတ်တုန်သွားသည်။

မဟုတ်ပါစေနဲ့ ... မဖြစ်ပါစေနဲ့၊ ဒါဟာ စိတ်စွဲလမ်းပြီး ထင်ယောင်ထင်မှား မြင်တာတွေပဲ ဖြစ်မှာပါ။

"လိုက်သွားရမလားဟင် ..."

"မလိုက်သွားနဲ့လေ သောတရဲ့ ... သောတက ကိုယ်နဲ့ အတူနေမှာ မဟုတ်လား ..."





"မရတော့ဘူး ... **သောတက သွားရတော့မှာ ... သော**တ အတွက် မနက်ဖြန်တွေ ကုန်သွားပြီ၊ ဆက်နေလို့ မရတော့ဘူး ... ဒါပေမဲ့ မပူနဲ့ ကိုတာ ... သောတ ကိုတာ့ဆီ ပြန်လာခဲ့မယ်၊ ယုရဲ့ ဗိုက်ထဲမှာ ပြန်ဝင်စားပြီး ပြန်လာခဲ့မယ်"

သောတမျက်နှာက ဝေဒနာခံစားနေရသလို တစ်ချက်တစ်ချက် ရှုံ့မဲ့သွားသော်လည်း များသောအားဖြင့်တော့ အတိတ်ကာလထဲမှာ စီးမျောလိုက်ပါနေရသလို နှုတ်ခမ်းလေးတွေက ဖျော့တော့တော့ ပြုံးနေကြလေသည်။

ICU ရဲ့ တိတ်ဆိတ်အေးစက်နေသော အခန်းလေးထဲမှာ ...

သောတရုံက အပြုံးယဲ့ယဲ့ကလေးနဲ့ မျက်စိစုံမှိတ်ကာ ငြိမ်သက်လျက် ...။

တာရာ ကတော့ သောတရုံရဲ့ လက်ကလေးကို တင်းတင်းဆုပ်ကိုင်ကာ ချစ်သူမျက်နှာလေးကို မျက်တောင်မခတ်တမ်း စိုက်ငေးကြည့်ရှုလျက် ...။

ယု ပြသနေသော အိုဂျီဆရာဝန်မကြီးက ယုမှာ CA Cervix ဟုခေါ်သော သားအိမ်ခေါင်းကင်ဆာ ဖြစ်နေပြီဟု အခိုင်အမာ အတည်ပြုပေးလိုက်ချိန်မှာ ယုက မတုန်လှုပ်တော့။

သေခြင်းတရားဟာ ဘာလဲဆိုတာ ယုက သေသေချာချာ သိခဲ့လေပြီ။ လူတစ်ယောက်အတွက် တကယ် အရေးကြီးသည့် အရာဟာ သေခြင်းတရား မဟုတ်၊ မသေခင် အချိန်ကလေးမှာ ဘယ်လိုနေထိုင် ရှင်သန်သွားရမလဲ ဆိုတာပဲ ဖြစ်သည်။

ယုက မတုန်လှုပ်သော်လည်း မေမေကတော့ မိုးကြိုးပစ်ခံရသလိုမျိုး ထိတ်လန့်တုန်လှုပ်သွားကာ ...

"ဒေါက်တာရယ် ... သေချာရဲ့လား၊ ကျွန်မ သမီးလေးက ငယ်ငယ်လေး ရှိသေးတာ ... ကင်ဆာဆိုတာက အသက်ကြီးမှ ဖြစ်ကြတာ မဟုတ်ဘူးလား ..."





"ရောဂါဆိုတာ ဘယ်အရွယ်မှ ဖြစ်ရမယ်လို့ ပုံသေသတ်မှတ်ထားတာ မရှိပါဘူး၊ ဖြစ်ချိန်တန်ရင် ဖြစ်ကြတာပါပဲ၊ ဗုဒ္ဓဘာသာ အယူအဆနဲ့ ဆိုရင်တော့ ကံ, ကံ၏အကျိုးပဲပေါ့"

"အဲဒီရောဂါက ကုရင် ပျောက်မှာလား ... ဟင်"

"ကင်ဆာရောဂါတစ်ခုကို ကုရင် လုံးဝပျောက်မယ်လို့တော့ ဘယ်သူမှ အာမခံချက် မပေးနိုင်ပါဘူး၊ ဒါပေမဲ့ သားအိမ်ဆိုတာမျိုးက သူ့ဘာသာ သီးသန့်တည်ရှိနေတာ ဖြစ်တဲ့အတွက် စောစောသိလို့ စောစော ကုသမှု ခံယူလိုက်ရင် လူကောင်းပကတိလို နှစ်ပေါင်းများစွာ နေသွားနိုင်တာမျိုးလည်း ရှိပါတယ်"

"ဒါဆို မျှော်လင့်ချက် ရှိသေးတာပေါ့နော်"

မကြာသေးခင်ကမှ သောတ ဆုံးထားသည့်အဖြစ်ကို တုန်လှုပ်ချောက်ချားမဆုံး ရှိနေဆဲဖြစ်သော မေမေက ယုအတွက် နေမထိ ထိုင်မသာအောင် ပူပန်နေရှာသည်။

ယုကဖြင့် (ဘယ်ကရလာသည့် ခွန်အားတွေကြောင့်လည်းတော့ မသိ) ကြုံလာရမည့် အခြေအနေကို ရင်ဆိုင်ရမှာ သိပ်မကြောက်ရွံ့တော့ချေ။

"မျှော်လင့်ချက် အများကြီး ရှိပါတယ်"

"ဝမ်းသာလိုက်တာ ဒေါက်တာရယ် ..."

"ဒါပေမဲ့ ခက်နေတာက သူ့မှာ ကိုယ်ဝန်ရှိနေတော့ ဒီကလေးကို ဆက်ထားသင့် မထားသင့်ဆိုတာက..."

"အို ... ကလေးကို ဆက်ထားနေရင် ဆေးကုဖို့ နောက်ကျနေမယ် မဟုတ်လား ... ထားလို့ ဘယ်ဖြစ်မှာလဲ ... သမီးအသက်ထက်တော့ ဘာမှ ပိုအရေးမကြီးပါဘူး"

မေမေက အလောသုံးဆယ် စကားဖြတ်ပြောလိုက်တာကို ယုက ရယ်ချင်လှသည်။ မေမေဟာ ကာယကံရှင် မဟုတ်ဘဲနဲ့များ ဘာလို့ သူများကိစ္စကို ဝင်ဆုံးဖြတ်ပေးချင်ရတာလဲ။

"မဟုတ်သေးဘူး မေမေ ... မေမေ့သမီးဖြစ်တဲ့ ယုက မေမေ့အတွက် အရေးကြီးသလို ယုရဲ့ ကလေးလေးကလည်း ယုအတွက် အရေးကြီးတယ် ... ယုကလေးကို မဖျက်ဆီးဝံ့နိုင်ဘူး ..."

ယုက ခပ်အေးအေး ပြောလိုက်လျှင် မေမေ့မှာ ဆရာဝန်မကြီးရဲ့ ရှေ့မှာပါလား ဆိုတာကိုတောင် မေ့လျော့လျက် ယုကို မျက်လုံးကြီး အပြူးသားနဲ့ ဝုန်းခနဲ လှည့်ကြည့်ကာ ...

"အမိဗျာယ် မရှိလိုက်တာ ... အခုမှ လူတောင် မဖြစ်သေးတဲ့ လသားကိုယ်ဝန်နဲ့ လူကြီးအသက် ဘယ်ဟာက အရေးကြီးသလဲ ..."





"အရေးကြီးမှု မကြီးမှုဆိုတာ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ခံစားချက်ပေါ် မူတည်ပြီး အပြောင်းအလဲ ရှိတတ်တာမျိုးပဲ မေမေ၊ တရားသေ သတ်မှတ်ထားလို့ မရပါဘူး ..."

"သမီး မေမေ့ကို သေအောင်မလုပ်နဲ့နော် ... သမီးသာ တစ်ခုခုဖြစ်ရင် မေမေ သေလိမ့်မယ်"

မေမေက အသည်းအသန်ကြီး ဖြစ်နေတာမို့ ယုက လောလောဆယ်တော့ ဘာမှ အချေအတင် ပြောမနေတော့ပါ။

ဘာပဲဖြစ်ဖြစ် ယုရဲ့ ကိုယ်ဝန်ကို ယုက အထိအခိုက် အတိမ်းအစောင်း မရှိအောင် မွေးမြူရမှာပင်။

ဒီကလေးဟာ ယုရဲ့ကလေး။ ယုရဲ့ သွေးဖြစ်တာမို့ မဖျက်ဆီးရက်တာလည်း ပါသည်။ ပြီးတော့ သူကလေးကို ယု တစ်ယောက်တည်း ပိုင်တာမဟုတ်။

သောတ မဆုံးခင်က မျှော်လင့်ခြင်းကြီးစွာနဲ့ ပြောသွားခဲ့သည့် စကားကို ယုက ဘယ်လိုမှ မေ့မထားနိုင်ပါ။

သူ သေသွားပြီးသည့်အခါ ယုထံမှာ ပြန်ဝင်စားပါရစေ ... တဲ့။ လူဝင်စားဆိုတာ တကယ်ဖြစ်နိုင်တာ မဖြစ်နိုင်တာတွေကို ဖယ်ထား၊ သောတရဲ့ စကားလေး တစ်ခွန်းတည်းနဲ့တင် ယု ဗိုက်ထဲက ကလေးဟာ သောတ တစ်ယောက် လူ့ဘဝထဲ တစ်ခါ ပြန်လည်ဝင်ရောက်လာသည့် ကလေးပဲလို့ ယုက ယုံကြည်နေပြီ။

ကဲ ... ပြောကြစမ်းပါဦး၊ ယု သံယောဇဉ်ရှိသော လူသားတစ်ယောက်ရဲ့ ဝိညာဉ်ကို ယုက သတ်ဖြတ်ပစ်ရက်ပါ့မလား။ ယုကို အားကိုးတကြီး တွယ်မှီလာချင်သည့် သူတစ်ယောက်ကို ပစ်ပစ်ခါခါ မောင်းထုတ်ပစ်ရက်ပါ့မလား။ သောတသာ ပြန်ဝင်စားလာခဲ့လျှင် ယုက ကောင်းကောင်း ဂရုစိုက်-မွေးမြူပါမည်ဟု ကတိပေးထားခဲ့သေးတာ မဟုတ်လား။

ဒီကလေးကို ယု ရအောင်မွေးမည်။ ဘယ်လောက်ပဲ ဆိုးဝါးသည့် အကျိုးဆက်တွေ ဖြစ်ပေါ်လာပါစေ ... ယုကြောင့် သူကလေး မပျက်စီး မဆုံးရှုံးစေရ။ ဒါဟာ သောတအတွက် ယုရဲ့ အတတ်နိုင်ဆုံး ပြန်လည်ပေးဆပ်ခြင်းပင်။





ရန်ကုန်ဆေးရုံကြီး အောက်ဆုံးထပ်က ကင်ဆာဆောင်သို့ လှမ်းဝင်လိုက်လျှင် ဝင်လိုက်ချင်း အထဲက ထွက်လာသည့် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ဆုံလိုက်ရသည်။

မတွေ့ကြသည့် နှစ်လလောက်အတွင်းမှာ တာရာဟာ အံ့ဩစရာကောင်းလောက်အောင် ပြောင်းလဲသွားသည်။ နဂို သေးသေးသွယ်သွယ် ရှိသည့် ခန္ဓာကိုယ်ဟာ ပိန်ချုံးကျုံလျက် ပါးရိုးတွေက ငေါ်ထွက်နေသည်။ မျက်ကွင်းတွေက ချိုင့်ဝင်ကာ မုတ်ဆိတ်ကျင်စွယ်တွေက မျက်နှာတစ်ခုလုံး ဖုံးလွှမ်းလျက်။

တစ်ချိန်က သူ့ကို စိတ်ကူးယဉ်ခဲ့ဖူးသော မိန်းမတစ်ယောက်ကတောင် နှစ်လအတွင်းမှာ မမှတ်မိတော့လောက်အောင် ပြောင်းလဲသွားသည့် တာရာ့ကို ယုဝတီက အံ့သည်းဩသနားလည်း သနားမိပါရဲ့။

သူ့ခမျာ ပိုင်ဆိုင်စရာဆိုလို့ ဒီချစ်သူလေး တစ်ယောက်ပဲ ရှိတာ။ ဒီလူကိုမှ ဆုံးရှုံးလိုက်ရပြီဆိုလျှင် သူ့ဘဝမှာ ပိုင်ဆိုင်စရာ ဗလာနတ္ထိပဲ ဖြစ်ကျန်တော့မှာ။

အို ... မဟုတ်သေးပါဘူး။ သူ့မှာ အားလုံး လက်လွှတ်ဆုံးရှုံးရတာ မဟုတ်။ ကံကြမ္မာက ဖန်တီးပေးလိုက်သည့် နောက်ဆုံး လှည့်ကွက်ကလေးတစ်ခု ကျန်နေသေးကြောင်း တာရာ့ကို ပြောပြရမည်။ သူ့အတွက် ဖြေသိမ့်စရာ အလှပဆုံးသော လှည့်ကွက်လေးတစ်ခုလေ။

"ကိုတာ ... ဒီကို ဘာလာလုပ်တာလဲ ..."

"သောတ မဆုံးခင်က ပြောဖူးတယ်၊ ကင်ဆာရောဂါသည်တွေဟာ သိပ်သနားစရာ ကောင်းတယ်တဲ့၊ ဘယ်တော့မှ ပြိုင်လို့ မနိုင်မဲ့ စစ်ပွဲတစ်ခုမှာ သေမင်းနဲ့အပြိုင် တိုက်ခိုက်နေရတာတဲ့၊ ပိုပြီး သနားစရာ ကောင်းတာက ကုမရတဲ့ရောဂါသည်တွေဆိုပြီး ပစ်ပယ်ခံလိုက်ရတဲ့ သူတွေတဲ့၊ အဲဒီလူတွေကို သူကိုယ်တိုင် စောင့်ရှောက်ကူညီချင်ပေမဲ့ မတတ်နိုင်တော့လို့ သူ့ကိုယ်စား စောင့်ရှောက်ပေးပါတဲ့လေ ... ကျွန်တော်က ပိုက်ဆံ သိပ်မရှိလို့ ငွေကြေး အကူအညီတော့ မပေးနိုင်ဘူး ... ကျွန်တော် တတ်နိုင်သလောက် သူတို့ကို ပြုစုပေးတယ် ... အားပေးနေတာလေ"





"သိပ်ကောင်းတဲ့ လုပ်ရပ်ပဲ ... ယုလည်း အားကျတယ်၊ ယုလည်း ကူညီချင်တယ် ..."

"ကောင်းတာပေါ့၊ ကျွန်တော် တွေ့ရတဲ့ တချို့ ရောဂါသည်တွေဆိုရင် မိသားစုတွေ အထူးသဖြင့် လင်ယောကျ်ားတွေကပေါ့၊ ရောဂါရှိမှန်း သိလို့ စွန့်ပစ်သွားကြတယ်၊ ဒီရောဂါမျိုးက အချိန်ကုန် ငွေကုန်ခံပြီး ကုရတာ မဟုတ်လား၊ ကုလို့ ပျောက်ဖို့လည်း မလွယ်ဘူးလေ၊ ဒီတော့ တာဝန်မယူချင်ကြတော့ဘူး၊ တချို့ဆို လူနာတစ်ယောက်တည်းပဲ ဘာမှမရှိတော့တဲ့ အိမ်ကလေးမှာ ဖြစ်သလိုနေပြီး သနားတဲ့ လူတွေက ပေးကမ်းတာလေးနဲ့ စားနေရတာ ..."

"ဒီလောက်ဆိုးတဲ့ အဖြစ်တွေ ရှိတယ် ဟုတ်လား ..."

"မအံ့သြနဲ့ ယုဝတီ ... တကယ်ရှိတာ၊ တချို့ယောကျ်ားတွေများဆို ရောဂါသည် မိန်းမကို ပစ်ပြေးရုံတင်မကဘူး၊ ကလေးတွေကိုပါ ပစ်ထားခဲ့သေးတယ်၊ တချို့ မိန်းမတွေကျတော့လည်း ရောဂါသည် ယောကျ်ားကို ဆေးရုံမှာ ပစ်ထားပြီး နောက်အိမ်ထောင် ပြုသွားတာ ရှိတယ်၊ အဘိုးကြီး အဘွားကြီးတွေကျတော့လည်း သားသမီးတွေက ဆေးရုံတင်ပစ်ခဲ့ပြီး လာမကြည့်တော့တာတွေရောပေါ့ ..."

လောကကြီးဟာ ဒီလောက်တောင် ဆိုးဝါးရသလား လို့ ယုက တအံ့တသြပဲ ဖြစ်မိတော့သည်။

ယုမှာ ကင်ဆာဖြစ်နေပြီ ဆိုတာ သိကတည်းက ဂရုစိုက်စောင့်ရှောက်ဖို့ ဝေးစွ၊ တာဝန်ယူပြုစုရမှာစိုးလို့ မိဘအိမ် အတင်းပြန်ခိုင်းခဲ့သော ဦးရန်ပြေကို ဆိုးလှပြီမှတ်နေတာ။

တာရာ ပြောပြသည့် ဝေဒနာသည်တွေထက်စာလျှင် ယုကမှ ဆီးကြိုစောင့်ရှောက်မည့် မိသားစု ရှိသေးသည်။ လိုအပ်သည့် ဆေးဝါးကုသမှု ဘာမဆိုလုပ်နိုင်သည့် ငွေကြေးဥစ္စာကို ပိုင်ဆိုင်သေးသည်။ ယုရဲ့ ဘဝက အဆုံးစွန်အထိ မဆိုးသေးပါဘူး။

"သူတို့ထက်စာရင် သောတက အများကြီး ကံကောင်းပါတယ်နော်၊ သူ့မှာ ရောဂါ ဝေဒနာတစ်ခုတည်းပဲ ရင်ဆိုင်တိုက်ခိုက်ရတာ၊ ဆင်းရဲခြင်း အထီးကျန်ခြင်း၊ အားငယ်ခြင်း ခိုကိုးရာမဲ့ခြင်း ဆိုတာတွေကို မကြုံလိုက်ရဘူး ..."

"တကယ် ကြုံနေရတဲ့ လူတွေအတွက် ယုတို့ ဘာလုပ်ပေးနိုင်မလဲ ..."

"ကိုယ်တတ်နိုင်သလောက် ပြုစုစောင့်ရှောက်မှုပေါ့ဗျာ၊ ကျွန်တော်ကတော့ ကိုယ် သိသလောက် စောင့်ရှောက်မှု လိုအပ်နေတဲ့ ဝေဒနာရှင်တွေကို အိမ်တိုင်ရာရောက် လိုက်ကြည့်တာပဲ၊ ပြီးတော့ တတ်သလောက် မှတ်သလောက်





အားပေးတယ်၊ သူတို့လိုတဲ့ အကူအညီပေးတယ်လေ ... လူတိုင်းကို သောတလိုပဲ အားမာန်အပြည့်နဲ့ နောက်ဆုံးနေ့အထိ ရှင်သန်သွားစေချင်တယ် ... ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့် စိတ်ချလုံခြုံမှုအပြည့်နဲ့ နေသွားရစေချင်တယ် ...၊ ငါ့ကို ဂရုစိုက်မဲ့လူ ရှိပါသေးလားလို့ ကျေနပ်မှု ရသွားစေချင်တယ်၊ ကျွန်တော် ထင်တယ်၊ တကယ်လို့ ကျွန်တော့်ကြောင့် ကင်ဆာရောဂါရှင် တစ်ယောက်ဟာ နွေးနွေးထွေးထွေး စိတ်ချမ်းချမ်းသာသာနဲ့ နေထိုင်သွားနိုင်မယ်ဆိုရင် တမလွန်က သောတလည်း ကျေနပ်နိုင်မှာပဲလို့ ..."

ချစ်သူကို သေသွားပြီးသည့် နောက်မှာတောင် အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်သေးသော တာရာရဲ့ ချစ်တတ်လွန်းသည့် နှလုံးသားကို ယုက ဘယ်လိုချီးကျူးဂုဏ်ပြုရမှန်းပင် မသိနိုင်တော့ချေ။

ဝါးကြမ်းခင်း ယိုင်နဲ့နဲ့လေးတွေကနေ တစ်လှမ်းချင်း သတိထား ဆင်းသက်လာရသော ယုဝတီကို တာ့ရာက ဖေးဖေးမမ တွဲယူလိုက်ပါသည်။

ဒါဟာ အစ်ကိုတစ်ယောက်က ညီမတစ်ယောက်ကို ဖေးမစောင့်ရှောက်ခြင်းမျိုးလည်း ဖြစ်ချင်ဖြစ်မည်။ ယုဝတီရဲ့ ဝမ်းကြာတိုက်အတွင်းမှာ မြုပ်နှံထားသော သူ့ရဲ့ နှလုံးသားအမြုတေလေးကို အကာအကွယ် ပေးတာမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်လေသည်။

ဆေးရုံကနေ ခွဲစိတ်ကုသမှု ခံယူပြီး ပြန်ဆင်းလာသည့် မကေသီ ဆိုသော လူနာမိန်းကလေးကို သူတို့နှစ်ယောက်က အိမ်ပြန်ပို့ပေးတာပင်။

တိုက်တိုက်ဆိုင်ဆိုင် မကေသီဟာလည်း ယုလိုပဲ CA Cervix ရောဂါသည် တစ်ယောက်ပင်။ အလုပ်အကိုင်ကို





ကုန်သည်ဟု စာရင်းပေးထားသော ထိုမိန်းကလေးမှာ တရားဝင်အိမ်ထောင်လည်း ရှိပုံမရ။ အသက်က နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးသည်။

ဆေးရုံကနေ သားအိမ်ထုတ်ပြီး ပြန်ဆင်းရမည့်အချိန်မှာ လာကြိုမည့်သူ မရှိ။ အဖော်လည်း မပါသည့် သူမကို တာရာနဲ့ ယုတို့ကပဲ တာဝန်ယူပြီး အိမ်ပြန်ပို့ပေးရတာ။

သူမရဲ့ ပုံစံဟာ ရောဂါကို အားမာန်သတ္တိအပြည့်နဲ့ ရင်ဆိုင်တိုက်ခိုက်မည့် ပုံလည်းမရ။ ဆောက်တည်ရာမဲ့ ကြောက်ရွံ့နေပုံလည်း မပေါ်။

အရာရာကို စိတ်ဝင်စားမှု ခံစားတုံ့ပြန်မှု ကင်းမဲ့နေတော့သလို မတုန်မလှုပ်ပင်။

"ဒေဝနာသည်ချင်း အတူတူ ကြောက်နေတဲ့ လူတွေကမှ တော်ဦးမယ်၊ ဒီအမျိုးသမီးရဲ့ ပုံစံကိုတော့ ကျွန်တော် သဘောမကျဘူးဗျာ ... လောကကြီးကို အရှုံးပေးထားလိုက်သလိုပဲ"

"ဒါလည်း သူ့အတွက် ဖြေသိမ့်နည်းတစ်ခုတော့ ဖြစ်မှာပါ ... လူတွေဟာ အခက်အခဲနဲ့ ရင်ဆိုင်လာရတဲ့အခါ တစ်ယောက်တစ်မျိုး ထွက်ပေါက်ရှာတတ်တာပဲ ... နည်းလမ်းချင်း တူဖို့တော့ မလွယ်ဘူးပေါ့ ..."

"ကျွန်တော် ဖြစ်စေချင်တာက ဟိုတလောက ကျွန်တော်တို့ ဆေးတွေ သွားပေးတဲ့ ဒေါ်အေးမေလို ငါဘယ်တော့မှ မသေနိုင်ဘူးလို့ လွဲမှားယုံကြည်နေဖို့ မဟုတ်ဘူးလေ၊ အဆုတ်ကင်ဆာ ဖြစ်နေတဲ့ မကြူကြူလိုလည်း အမြဲငိုယိုကြောက်ရွံ့နေဖို့ မဟုတ်ဘူး၊ ကိုယ်နေရမဲ့ ရက်ဟာ နည်းနည်းလေးပဲ ရှိတော့တယ် ဆိုတာကိုလည်း သိရမယ်၊ အဲဒီနေ့တွေကို အကျိုးရှိအောင် ဘယ်လိုအသုံးချမယ်ဆိုတာကိုလည်း သိရမယ်၊ အဲဒီလိုမျိုးပေါ့ ..."

"လောဘမကြီးနဲ့လေ ကိုတာရယ် ... လူတိုင်းဟာ စိတ်ဓာတ်အခြေခံချင်း တူကြတာမဟုတ်ဘူး ... ဒီတော့ တုံ့ပြန်ပုံချင်းလည်း ကွဲမှာပဲ"

"ယုဝတီ ကတော့ တကယ်တော်တယ်နော်၊ ကျွန်တော် အမှန်အတိုင်း ဝန်ခံရရင် ယုဝတီကို စတွေ့တုန်းက ခပ်ပေါ့ပေါ့ သူဌေးသမီး တစ်ယောက်ပဲလို့ အထင်မကြီးခဲ့မိဘူး ... အခုကျတော့ ယုဝတီရဲ့ စိတ်ဓာတ်နဲ့ အတွေးအခေါ်ကို အရမ်းလေးစားမိတာပဲ ... ပြောသာ ပြောရတာ ကျွန်တော်သာ ခင်ဗျားနေရာမှာ ဆိုရင် ခင်ဗျားလောက် တည်ငြိမ်နိုင်မယ် မထင်ဘူး"





"အဲဒီလိုတော့လည်း မဟုတ်ပါဘူးလေ ... ယုလည်း စိတ်ချောက်ချားနေရမဲ့ အချိန်တွေအတွက် ထွက်ပေါက်တစ်ခု ရှာတဲ့သဘောပါ၊ ယု တကယ် ချီးကျူးတဲ့သူ တစ်ယောက် ရှိတယ် ... သိလား၊ အမေရိကားက တင်းနစ်မယ် တစ်ယောက်ပေါ့၊ သူ့နာမည်က ကော်ရီနာ မိုရာရူ (Corina Morariu) တဲ့။ သူက လူကီးမီးယား ဖြစ်နေတာလေ၊ ဒါပေမဲ့ သူ့ရဲ့ သွေးကင်ဆာရောဂါကို အန်တုပြီး တင်းနစ်ချန်ပီယံဖြစ်အောင် ကြိုးစားနေတာ၊ ပြိုင်ပွဲတစ်ခုမှာ ကမ္ဘာ့ချန်ပီယံနဲ့ တွေ့တော့ သူ ရှုံးသွားခဲ့တယ်၊ ဒါပေမဲ့ သူ့ကို အားပေးတဲ့ ပရိသတ်တွေအတွက်တော့ စိတ်ဓာတ်ရေးရာအရ သူ နိုင်သွားတယ်တဲ့။ ဓာတ်ရောင်ခြည်ပေးပြီး ကုသမှုခံနေရတဲ့ ကြားထဲက ပြိုင်ပွဲတစ်ခုမှာ ကမ္ဘာ့ချန်ပီယံနဲ့ သူတင်ကိုင်တင် ပြိုင်နိုင်ခဲ့သေးတာဟာ ဘယ်လောက် ချီးကျူးဖို့ကောင်းလဲ ..."

"အေးပျာ ... လူတိုင်းဟာ မနက်ဖြန်မှာ ဘယ်လိုအဆိုးတွေကြုံရမလဲဆိုတာကို ကြိုမတွေးဘဲ ကိုယ်နေရတဲ့ ကာလအတွင်းမှာ အကောင်းဆုံးနေထိုင်သွားချင်တဲ့ စိတ်ရှိနေကြရင် သိပ်ကောင်းမှာပဲ"

"အဲဒီလို နေသွားနိုင်ဖို့က သတ္တိအပြင် မျှော်လင့်ချက်လည်း ရှိဖို့လိုတယ်ထင်တယ်"

"ယုရဲ့ မျှော်လင့်ချက်က ဘာလဲ"

ဘုရားရေ ... သူက ယုကို 'ယု' လို့ ခေါ်လိုက်တာပါလား။ အမှတ်မထင် ပြောင်းလဲသွားမှုဟာ မဖြစ်စလောက်လေးပေမဲ့ ယု ရင်ထဲမှာတော့ နွေးခနဲ။

"ယုရဲ့ မျှော်လင့်ချက်က သမီးလေးပေါ့"

အာလ်ထရာဆောင်း ရိုက်ကြည့်ပြီးပြီမို့ သမီးလေးမှန်း သိနေပြီဖြစ်သော ဗိုက်ထဲက ကလေးလေးကို ငုံ့ကြည့်ကာ ယုက ခပ်ပြုံးပြုံး ပြောလိုက်သည်။

"ဟိုတလောကလေ ကိုယ်ဝန်နဲ့ သားအိမ်မှာ ကင်ဆာဖြစ်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ဗိုက်ခွဲပြီး သားအိမ်ထုတ်လိုက်တာ ကလေးလေးပါ တစ်ခါတည်း ပါလာတယ် သိလား၊ ယု ပြနေတဲ့ အိုဂျီမမက ပြောတာ၊ သားအိမ်ထဲမှာ ကလေးလေးက အကောင်အထည်တောင် ပေါ်နေပြီ၊ ယုလေ သနားလွန်းလို့ အိပ်တောင်မပျော်ဘူး သိလား၊ ကလေးလေးဟာ အသက်ရှိနေပြီဆိုရင် လူ့လောကထဲ ဝင်ခွင့်တောင် မပေးဘဲ မောင်းထုတ်ခံလိုက်ရတဲ့ အဖြစ်ကို အပြစ်တင်မှာပဲ ထင်တယ်၊ ယုကိုလည်း ကိုယ်ဝန်ဆက်





မဆောင်ဘဲ ခွဲစိတ်ကုသခံဖို့ မမအိုဂျီကရော မေမေကရော ခဏခဏ တိုက်တွန်းတယ်၊ ယုက ဘယ်လက်ခံမလဲ ... ဒီကလေးက သာမန်လည်း မဟုတ်ဘူး၊ သောတရဲ့ကိုယ်ပွားလေးလေ ... ယု ဘယ်အဆုံးရှုံး ခံနိုင်မလဲ"

သူမရဲ့ ဗိုက်ကလေးကို ကြည်ကြည်နူးနူး ငုံ့ကြည့်နေသော ယုဝတီကိုကြည့်ရင်း ထိုကလေးလေးဟာ ကိုယ်နဲ့လည်း သက်ဆိုင်ပတ်သက်နေသည် ဆိုသည့် အတွေးနဲ့ တာရာ့ရင်ထဲ လှုပ်ရှားလာသည်။

ဆန်းတော့ အဆန်းကြယ်သားနော် ...။ ကိုယ်နဲ့ ဆွေမျိုးလည်း မတော်စပ်။ ကိုယ့်ဇနီးလည်း မဟုတ်။ ဘယ်လိုမှ မပတ်သက်သည့် အမျိုးသမီးတစ်ယောက်ရဲ့ ကိုယ်ဝန်ဟာ ကိုယ်နဲ့ အရင်းနှီးဆုံး ဆက်သွယ်နေသည့် ခံစားချက်။

ဒါကို ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်ဟု ထင်သည်။ သို့သော်လည်း တာရာနဲ့ ယုဝတီတို့ အတွက်ကတော့ ယုဝတီရဲ့ ဗိုက်ထဲက ကလေးငယ်လေးသည် သူတို့နှစ်ယောက်ကို ထပ်တူညီမျှ ဖြစ်စေသည့် အဖြူရောင်နှောင်ကြိုးလေးပဲ ဖြစ်တော့သည်။

"မင်း ...ကိုယ့်ကိုယ်ကို ဆင်ခြင်ဖို့ နည်းနည်းလေးမှ မစဉ်းစားတော့ဘူးလား ... ဟင်"

တကယ်ပါပဲ။ ဦးရန်ပြေ ပြောသည့်စကားကို ယုက နားမလည်နိုင်လိုက်။ ယုဟာ သူ့ကိုယ်ဝန်ကို လွယ်ထားရသည့် မိခင်လောင်းတစ်ယောက် ဖြစ်နေတာအပြင် အလွန်ဆိုးဝါးလှသော ကင်ဆာရောဂါကြီးကိုလည်း ခံစားနေရသေးသော လူမမာ တစ်ယောက်လည်း ဖြစ်ပါသေးလျက် ဦးရန်ပြေဟာ သူ့အပေါ် နည်းနည်းလေးမှ မကြင်နာချေ။

သူက မကြင်နာပေမဲ့ မိဘတွေ စိတ်မကောင်းဖြစ်မှာ စိုးလို့ ယုက သူ့အိမ်မှာပဲ ဟန်မပျက် ဆက်နေခဲ့တာပါ။ ဒါဟာ သူ့သိက္ခာအတွက်ရော ယုရဲ့သိက္ခာအတွက်ပါ စောင့်စည်းအောင့် အည်းနေခဲ့တာ ဖြစ်သည်။





ဒါကို သူက ဘာတွေများ စွပ်စွပ်စွဲစွဲ ပြစ်တင်ပြောဆို ချင်နေပါသလဲ။

"ရှင် ... ဘာတွေပြောနေတာလဲ ဦးရန်၊ ယု နားမလည်ဘူး ..."

"အခုမှ ဟန်ဆောင်ကောင်းမနေစမ်းပါနဲ့ကွာ ... ဗိုက်ကြီး တပြိုပြို ဖြစ်နေတာတောင်မှ ဟိုကောင်နဲ့ တွဲခုတ်လို့မဆုံး ဖြစ်နေသေးတာကို ပြောတာ ..."

အို ... ပါးရိုက်ခံလိုက်ရတာထက် ဆိုးသော နာကျင်ခြင်းမျိုးဖြင့် ယုရဲ့ မျက်နှာမှာ နာကျင်သွားရသည်။ မျက်နှာတင် ဘယ်ကမလဲ။ နှလုံးသားက ပိုလို့တောင် နာသွားသေးတာ။

"ဟိုကောင် ... ဟိုကောင်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"မင်း သိပ်အထင်ကြီးလေးစားတဲ့ မဟာမေတ္တာရှင်ကြီးကို ပြောတာပေါ့ကွ"

ဘုရားရေ ...။ သူက ယုနဲ့ ကိုတာ့ကို စွပ်စွဲနေတာ ပါလား။

ကိုတာနဲ့ ယု အတူသွားလာနေကြပေမဲ့ သွားရသည့် ကိစ္စဟာ လမ်းဆုံးရောက်နေသော ဝေဒနာသည်တွေကို ကူညီစောင့်ရှောက်ဖို့သာ ဖြစ်ပေရာ ဖြူစင်သော အကြောင်းပြချက်ပဲ ဖြစ်သည်။ နောက်ပြီး ကိုတာဟာ မကြာသေးခင်ကမှ အချစ်ဆုံး

ဓနီးသည် ဆုံးရှုံးထားခဲ့သော မုဆိုးဖို၊ ယုကလည်း ကိုယ်ဝန်သည် ဒီနှစ်ယောက်ရဲ့ ပူးတွဲပတ်သက်မှုဟာ ဘယ်လိုမှ အပြစ်မြင်စရာမရှိဘူးလို့ ယုံကြည်စိတ်ချထားကြတာ။ ဦးရန်ပြေ စွပ်စွဲသလို မဟုတ်မဟုတ် အထင်ခံရလိမ့်မည်လို့များ ယောင်လို့တောင်မှ မတွေးမိကြ။

"ရှင် မဟုတ်တာတွေ မစွပ်စွဲနဲ့ ဦးရန်ပြေ၊ ကျွန်မ ဘာကိစ္စနဲ့ အပြင်ထွက်တယ်ဆိုတာ ရှင်လည်း အားလုံးသိတယ်"

"ဒီ အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တွေကို နွားမှပဲယုံမယ် … ငါ ဘာမှမပြောဘဲနေတာ မင်းကို ယုံလို့မမှတ်နဲ့၊ ပြောရလောက်အောင် စိတ်မပါသေးလို့ မပြောတာ … အခုတော့ ခင်းလုပ်ပုံက သိပ်လွန်လာပြီ … ဒီဗိုက်ကြီးတကားကားနဲ့ ဟိုကောင်နဲ့ တွဲသွားနေတော့ လူတွေကဘယ်လိုထင်ကြမလဲ၊ ပြောသာပြောရတာပါ၊ ဒီကိုယ်ဝန်က ငါ့ကိုယ်ဝန်မှ ဟုတ်ရဲ့လား ဆိုတာတောင် မသေချာတော့ဘူး … ဟိုကောင်က ဒီဗိုက်ကို ဖအေရင်းဖြစ်တဲ့ ငါ့ထက်တောင် ဂရုစိုက်သေးတာပဲ … လှေကားအဆင်းအတက်မှာ ချော်လဲမှာစိုးတာနဲ့ … အားဆေး ဝယ်တိုက်ရတာနဲ့၊ ချော်လဲမယ် အမြင့်မတက်နဲ့ … သိပ်လှုပ်လှုပ်ရှားရှား မနေနဲ့ ဆိုတာတွေက တဖွဖွ … ကလေးတိုးရဲ့လား ဆိုတာကလည်း ပါသေးတယ် အရှက်မရှိကွာ …"





"ဟင် … ရှင် … ရှင် … ဘာပြောလိုက်တယ်"

"ကြားတဲ့အတိုင်းပဲလေ … မင်းက သိပ်နားထောင်လို့ကောင်းနေပေမဲ့ ငါက နောက်တစ်ခွန်း ထပ်မပြောနိုင်တော့ဘူးကွ …"

"ရှင် မမိုက်ရိုင်းနဲ့ ဦးရန်ပြေ … ကျွန်မ ရှင့်လိုမဟုတ်ဘူး၊ ရှင့်အပေါ် ဘယ်တုန်းကမှ စိတ်နဲ့တောင် သစ္စာမပျက်ဖူးဘူး … မမှားယွင်းခဲ့ဖူးဘူး … ရှင်သာ ကျွန်မကို အကြိမ်ကြိမ် လိမ်တာ ကွယ်ရာမှာ ဖောက်ပြန်တာ … တကယ်ဆို ကျွန်မ ဒီရောဂါဖြစ်ရတာ ရှင့်ပယောဂ ကင်းရဲ့လား မသိဘူး"

"မြတ်စွာဘုရား … တယ်ကြီးကျယ်တဲ့ စွပ်စွဲမှုကြီးပါလား ခင်ဗျာ"

ဦးရန်ပြေက ပခုံးကို ဟန်ပါပါတွန့်လျက် ထိတ်လန့်သွားသည့်ပုံ လုပ်ပြနေသေးသည်။ သူ့ဟန်ပန်ဟာ ခန့်ညားထယ်ဝါဆဲပေမဲ့ မှန်းတီးစရာ ကောင်းလွန်းလှလေသည်။

"ဟုတ်တယ် … ကျွန်မမှာ ဒီရောဂါဖြစ်စေတဲ့ တခြားအကြောင်းအရင်း ဘာမှမရှိဘူး၊ ဖြစ်နိုင်တာတစ်ခုပဲ ရှိတယ်၊ ကျွန်မ နောက်ကျမှ သိခဲ့ရတဲ့ ရှင့်အရင် မိန်းမဟာ ဒီရောဂါကြောင့် ဆုံးရတာ … နောက်ပြီး ရှင်ဟာ ကျွန်မ

အပေါ် သစ္စာမစောင့်ဘူး ... ရှင်သိရဲ့လား၊ ဖောက်လွဲဖောက်ပြန်များတဲ့ ယောကျ်ားတွေရဲ့ ဇနီးတွေမှာ ဒီရောဂါရဖို့ အခွင့်အလမ်း ပိုများတယ်ရှင့်”

“အခြေအမြစ် မရှိတဲ့ စွပ်စွဲချက်တွေ လာပြောမနေနဲ့၊ ဒါက အေအိုင်ဒီအက်(စ်)လို ကူးစက်တတ်တဲ့ရောဂါလည်း မဟုတ်ဘူး ... မိန်းမရောဂါသက်သက် ... ယောကျ်ားတစ်ယောက်က တစ်ဆင့် ကူးတယ် ဆိုတာ မဖြစ်နိုင်ဘူး”

“ကူးစက်တယ်လို့ ကျွန်မပြောတာ မဟုတ်ဘူး ... အဲဒီလိုဖြစ်ခဲ့ရင် ရောဂါရနိုင်ချေများတယ်လို့ ပြောတာ ... ရှင့်ကို အတိအကျ စွပ်စွဲတာလည်း မဟုတ်ဘူး၊ ဒါမျိုးက အကြောင်းအရင်းကို တိတိကျကျရှာလို့မှ မရတာ ... တကယ်လို့ အတိအကျသာ ပြောနိုင်ရင် ရှင့်ကို တရားစွဲပြီးပြီ သိရဲ့လား”

“အောင်မယ်လေးဗျာ ... ကြောက်စရာကောင်းလှချည်လား၊ သူ့ရဲ့ သစ္စာဖောက်မှုကြီးကို ဖုံးကွယ်ရအောင် ကျုပ်ကိုများ တရားတောင် စွဲဦးမလို့တဲ့ ... တော်ပါပြီ ဒေါ်ယုဝတီ ... ခင်ဗျားဘာသာ ဟိုကောင်ကို ကိုးကွယ်ချင် ကိုးကွယ်ပါ၊ ဖောက်ပြန်ချင်လည်း ဖောက်ပြန်ပါ၊ အပြစ်မရှိတဲ့ ကိုယ့်ကိုတော့ လူဆိုးစာရင်းထဲ အတင်းမထည့်ပါနဲ့”





ယောကျ်ားတန်မဲ့ ဟန်ဆောင်ပန်ဆောင်ကလည်း များလှချည့်။ သူ့ပုံစံချိုးထားသည်က အလွန်သဘောထားပြည့်ဝပြီး သည်းခံခွင့်လွှတ်တတ်သည့် ယောကျ်ား၊ ဇနီးမယားက ဖောက်ပြန်တာကိုတောင် ကျေနပ်လက်ခံနိုင်သည့် ယောကျ်ားပုံစံမျိုး။

သူ့အကြောင်း သိနေသော ယုကတော့ အန့်တောင် အန်ချင်သည်။ အလကား အသက်ကြီးပြီး အချိန်မစီးသည့် ယောကျ်ား။ တစ်ကိုယ်ကောင်းသမား ...။

“ဒီကောင်ကို အစကတည်းက မင်းကြိုက်နေတယ်ဆိုတာ ငါသိတယ်၊ ငါ့ကို ငွေမက်လို့သာ ယူရတာ ... မင်း တကယ် လိုချင်တာက တာရာ ဆိုတဲ့ သူခိုးကြမ်းပိုးကောင်ပဲ ဟုတ်တယ် မဟုတ်လား”

“ဟုတ်တယ် ... ရှင်ပြောတာ မှန်တယ်၊ ကျွန်မ သူ့ကို အရင်ကတည်းကလည်း ချစ်တယ် ... အခုလည်း ချစ်တယ်၊ အပျိုဘဝတုန်းက ချစ်ခဲ့တာက သူ့ရုပ်ရည် ... သူ့ပုံစံကို စွဲလမ်းခဲ့တာ၊ အခုချစ်တာက သူ့ရဲ့ မြင့်မြတ်တဲ့ စိတ်ထားနဲ့ အချစ်ကြီးတဲ့ နှလုံးသားကို လေးစား အထင်ကြီးတာ၊ မကောင်းတဲ့ စိတ်၊ ညစ်နွမ်းတဲ့စိတ် မပါဘဲ သူ့ရဲ့ကောင်း တစ်ယောက်လို လေးစားတန်ဖိုးထားတာ”

"ဟား ... ဟား ... ပြောလည်း ပြောတတ်ပါ့ကွာ၊ မင်းအသိ ဟို စာရေးဆရာမကို အဲဒီစာလုံးလေးတွေ သွားပေးလိုက်ပါလား ... သူ့ဝတ္ထုတွေ ကမ္ဘာတောင် ကျော်သွားနိုင်တယ် ... မျောက်မထားချင်တဲ့ မိန်းမတွေအတွက် ကျမ်းကိုးကျမ်းကား ပြုနိုင်လို့လေ"

"ရှင် အောက်တန်းမကျနဲ့ ဦးရန်ပြေ ... ရှင်ဟာ လူကြီးလူကောင်းလို နေပေမဲ့ စိတ်ဓာတ်က အင်မတန် ယုတ်ညံ့တယ် ... ရှင့်လိုလူကို ယူမိတာ ကျွန်မ သိပ်နောင်တရတယ် သိလား ..."

"ငါကလည်း မင်းလို အရှက်မရှိတဲ့ မိန်းမမျိုးကို ယူမိတာ နောင်တရနေတာပါပဲကွ ... အေး ... ဒါပေမဲ့ မင်းကို ကာကွယ်ပေးလိမ့်မယ်လို့တော့ ဝမ်းသာအားရ မထင်နဲ့၊ ဟိုကောင် မုဆိုးဖို ဖြစ်သွားလို့ မင်းတို့ချင်း ပေါင်းဖို့ တစ်ဝက်နီးစပ်ပြီလို့လည်း မမျှော်လင့်နဲ့ ... မင်းကို ဘယ်တော့မှ ကွာမပေးဘူး ... ငါမသေမချင်း မင်း ဟိုကောင်နဲ့ လုံးဝ မပေါင်းစေရဘူး"

ဦးရန်ပြေက စိတ်တိုင်းကျ အော်ဟစ်ကာ ကမူးရှူးထိုး ကားမောင်းထွက်သွားတော့သည်။





အဲဒီနေ့ ဦးရန်ပြေ တစ်ယောက် လမ်းဘေးသစ်ပင်ကြီး တစ်ပင်ကို ကားနဲ့ တည့်တည့် ဝင်တိုက်မိကာ နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည် ဆိုသည့် သတင်းကို ယုဝတီက လက်ခံရရှိလိုက်သည်။

ဘယ်လောက် အံ့ဩစရာ ကောင်းလိုက်သလဲ။ ကိုယ့်ကိုယ်ကို သေလူအဖြစ် ကြိုသိပြီး သေဖို့အတွက် အားလုံး ပြင်ဆင်ပြီး ဖြစ်နေသော ယုက အသက်ရှင်နေသေးချိန်မှာ သူ့ကိုယ်သူ နှစ်ပေါင်းများစွာ အသက်ရှင်လိမ့်ဦးမည် အထင်နှင့် ဘာမှ ကြိုတင်ပြင်ဆင်မထားခဲ့သော ဦးရန်ပြေက လူ့လောကကြီးထဲက အရင် ထွက်သွားရပြီ။

တကယ်လို့ သူသေဆုံးချိန်မှာ ယု အပေါ် အထင်လွဲ မုန်းတီးစိတ်တွေနဲ့ပဲ ပြည့်နေခဲ့လျှင် သူ့နောက်သို့ ပါသွားမည့် အရာတွေဟာ အာဃာတနဲ့ အမုန်းဆိုသည့် အကုသိုလ်စိတ်တွေပဲ ဖြစ်နေတော့မည်။

ခွဲခန်းဝတ်စုံ အစိမ်းကို ဝတ်ဆင်လျက် လူနာတင်လှည်းပေါ်မှာ ပက်လက်လဲလျောင်းနေသည့် ယုဝတီရဲ့ ဘေးနားမှာ သူမရဲ့ မိဘတွေ ဝိုင်းဝိုင်းလည်နေကြတာမို့လို့ တာရာက ခပ်ဝေးဝေးကပဲ ထိုင်စောင့်နေလိုက်ပါသည်။

ထိုင်သာစောင့်နေရသော်လည်း စိတ်က ဂနာမငြိမ်။ တကယ့် ကလေးအဖေအစစ်တောင်မှပဲ သူ့လောက် စိတ်ပူနိုင်မှာ မဟုတ်ဘူးထင်သည်။

ဒီနေ့ ယုဝတီကို ဗိုက်ခွဲပြီး ကလေးကို ထုတ်ယူမှာလေ။ ယုဝတီရဲ့ ကိုယ်ဝန်က ဒီနေ့ဆို သုံးဆယ့်နှစ်ပတ် ပြည့်ပြီ။ တကယ့် ကိုယ်ဝန်ဆောင်ကာလ မစေ့သေးသော်လည်း ကလေး ဗိုက်ထဲမှာ ရှိနေသမျှ ကုသမှုလည်း ဘာတစ်ခုမှ ပေးလို့မရ။ သွေးလှည့်ပတ်မှု ပိုများတာကြောင့် ရောဂါပျံ့နှံ့နှုန်းလည်း ပိုများ





ပေရာ ကာယကံရှင်ရဲ့ ဆန္ဒကြောင့်သာ ဒီအတိုင်းထားရသော်လည်း အားလုံးက စိတ်ပူနေကြပြီ။

ကလေး ကိုယ်လက်အင်္ဂါစုံကာ အသက်ရှင်နိုင်သည့် အချိန်ရောက်တာနဲ့ တစ်ပြိုင်တည်း ဗိုက်ခွဲပြီး ကလေးကို မွေးဖို့ စီစဉ်ကြတာပင်။

ထိုအဖြစ်အပျက်မှာ တာရာက မဆီမဆိုင် ရင်အခုန်ဆုံးလူ ဖြစ်နေရပါသည်ဆိုလျှင် ဘယ်သူမှ နားလည်နိုင်မှာမဟုတ်။

သနားစရာ ကောင်းလိုက်တဲ့ ကလေးလေး။ သူကလေးဟာ လူ့လောကထဲ မရောက်ခင်ကတည်းက ဖခင်ကို ဆုံးရှုံးလိုက်ရပြီးပြီ။ သူမရဲ့ မိခင်ကလည်း မကြာခင် လူ့လောကထဲက ထွက်ခွာသွားရဖွယ်ရှိသော ဝေဒနာသည်။

တကယ်ပဲ ကလေးဟာ သောတရဲ့ ဝိညာဉ် ပြန်လည်ဝင်စားခဲ့တာဆိုလျှင်တော့ ကလေးငယ်ကို တာဝန်ရှိသူ တစ်ယောက်အနေနဲ့ တာရာက ဝိုင်းဝန်း စောင့်ရှောက်ပေးချင်ပါသည်။

(တကယ်လို့သာ ကလေးရဲ့ ဖခင်ဟာ သူ့ကလေးရဲ့ မိခင်ကို အထင်လွဲမှားစွာ သေဆုံးခဲ့ကြောင်း သိလိုက်လျှင်တော့ တာရာက အခုလို တွေးရဲတော့မှာ မဟုတ်ချေ။)

"သမီးရယ် ... ဟိုကောင်လေးက ဘာဖြစ်လို့ လာစောင့်နေရတာလဲ ... မောင်ရန်ပြေ ဆုံးတဲ့ ကိစ္စမှာ လူတွေက

တောင်ပြော မြောက်ပြော ပြောနေရတဲ့ကြားထဲ သမီးကလေးမွေးမှာကို သူက လာစောင့်နေတော့ ပိုပြီး လူပြောစရာ မဖြစ်ပေဘူးလား”

ယုဝတီရဲ့ အမေက တာရာ မကြားနိုင်လောက်အောင် အသံကိုနှိမ့်ပြီး သမီးဖြစ်သူကို ခပ်တိုးတိုး အပြစ်တင်နေသည်။

တာရာ ဘာ့ကြောင့် ရောက်လာရသည် ဆိုတာ သိနေသော ယုကတော့ တာရာ့ကို မနှင်လွှတ်ရက်ချေ။ ယုတို့ကြားထဲက သန့်ရှင်းဖြူစင်မှုကို ကိုယ့်ဘာသာ လိပ်ပြာလုံရင်ပြီးရောဟုပဲ ခံယူထားလိုက်ပါသည်။

“နေပါစေ မေမေ ... သူလည်း ဒီမှာ ရှိနေချင်ရှာမှာပေါ့”

“မေမေ နားမလည်ဘူး သမီး ... ငါ့သမီး မောင်ရန်ပြေ စွပ်စွဲသလိုတော့ မမိုက်ခဲ့ပါဘူးနော် ... ဒီကလေးက အဲဒီကောင်လေးနဲ့ ဘာမှမဆိုင်ဘူး မဟုတ်လား”

“ဆိုင်တယ် မေမေ ...”

“ဘာပြောတယ် ... သမီး ဘာပြောလိုက်တယ် ... မဟုတ်ဘူးလေ ... အဲဒီလို မဖြစ်ရဘူးလေ”

ကိုယ့်အခ်ိပ္ပာယ်နှင့်ကိုယ် ပြောလိုက်သည့် ယုဝတီရဲ့ စကားကို နားမလည်ရှာသော ယုဝတီရဲ့ မိခင်ကတော့ ဆွေ့ဆွေ့ခုန်အောင်ပင် တုန်လှုပ်ချောက်ချားနေရှာပြီ။





“တကယ်ပြောတာပါ ... သမီးလေးက ကိုတာနဲ့ ဆိုင်တယ် မေမေ ... ဘာဖြစ်လို့လဲဆိုတော့ ...”

“မယုဝတီ ခွဲခန်းဝင်လို့ရပြီ”

“ဟော ... အန်တီ၊ ယုကိုခေါ်နေပြီ၊ ကျွန်မ ခေါ်သွားလိုက်တော့မယ်နော်”

ယုကို စောင့်နေသည့် သူနာပြု ဆရာမလေးက ခွဲခန်းဝင်လို့ ရပါပြီဆိုသည့် ခေါ်သံကြားလိုက်တာနဲ့ တွန်းလှည်းကို တွန်းထုတ်သွားလိုက်တာမို့ ယုဝတီရဲ့ အမေခမျာ သူ့အသိချင်ဆုံး စကားတစ်ခွန်း ဆုံးအောင် မေးခွင့်မရလိုက်ရှာတော့ချေ။

ပုဂ္ဂလိက ဆေးရုံကြီးရဲ့ လူနာစောင့်ခန်းမကြီးဟာ မီးရောင်တွေ ထိန်ညီးကာ နေသာထိုင်သာ ရှိလှပါသည်။

နေသာထိုင်သာ မရှိတာက ယုဝတီရဲ့ မိသားစုတွေနဲ့ တာရာ သာလျှင် ဖြစ်သည်။

သူတို့သမီး ဗိုက်ခွဲတာကို တာရာက မဆီမဆိုင် ဝင်ပြီး စိတ်ပူနေတာမို့ ယုဝတီရဲ့ မိဘတွေက သိပ်ပြီး ကြည့်မရ ဖြစ်နေကြပုံပင်။ လူနာကိစ္စ အရေးကြီးနေတာမို့သာ ဒီကိစ္စကို အရေးလုပ် မပြောကြတော့တာ။

ကိုယ့်အပြုအမူဟာ သဘာဝမကျဘူး ဆိုတာကို တာရာကလည်း သဘောပေါက်ပါသည်။ သို့သော်လည်း ဘယ်လိုမှ မတတ်နိုင်။ သူကလည်း သူ့အကြောင်းနဲ့သူ စိတ်ပူနေမိတာပဲ လေ။





ပြောပြလျှင်တော့ သဘာဝမကျဘူး၊ မဖြစ်နိုင်ဘူး လို့ အားလုံးက ငြင်းကြမည်။ လူဝင်စားဆိုသည့် ကိစ္စမျိုးဟာ ကိုယ်တိုင် မကြုံဖူးသမျှ ဘယ်သူမှ ယုံကြည်လက်ခံကြသည့် ကိစ္စမျိုး မဟုတ်။

တာရာကိုယ်တိုင်ကလည်း လက်ခံယုံကြည်တာတော့ မဟုတ်ပါ။ မျက်စိရှေ့မှာ လူဝင်စားဆိုသည့် လူတွေကို တွေ့ဖူး သည့်တိုင် ယုံကြည်လောက်စရာ အထောက်အထားတွေ ပြသည့် တိုင် တိုက်ဆိုင်မှု သက်သက်လို့ ခပ်ပေါ့ပေါ့ပဲ ယူဆထားတတ် ခဲ့တာ။

အခုကိစ္စကတော့ ယုံကြည်ခြင်း မယုံခြင်းထက် ဖြစ်စေချင်သည့် ဆန္ဒက ပိုသည်။ သောတကို ဘယ်လိုပုံစံနဲ့ပဲ ဖြစ်ဖြစ် ကိုယ့်နံဘေးသို့ ပြန်ရောက်လာစေချင်သည့် ဆန္ဒတစ်ခု ကြောင့် ယုဝတီရဲ့ ဗိုက်ထဲက ကလေးဟာ သောတ ပြန်ဝင်စား တာ ဖြစ်မှာလို့ ဇွတ်မှိတ်ယုံကြည်နေမိခြင်းပင်။

ကလေးငယ်လေးမှာ သောတရဲ့ ဝိညာဉ် ပူးကပ်နေပြီ ဆိုမှတော့ ထိုကလေးကို တာရာက အရေးမထားဘဲ နေနိုင်ပါတော့ မလား။ ကိုယ်နဲ့မသက်ဆိုင်သလို နေနိုင်ပါတော့မလား။

ပြောရလျှင် မိခင်အရင်းဖြစ်သည့် ယုဝတီ ထက် တောင်မှ တာရာက ကလေးကို ပိုလိုချင်သေးသည်။ တခြားလူတွေ ထက် ဆိုလျှင်တော့ မပြောနဲ့တော့။

တမလွန် အမှောင်တိုက်ထဲကနေ သူရှိရာကို မဖြစ်ဖြစ်အောင် ပြန်လာမည့် ချစ်သူကို တာရာက မျှော်လင့်တကြီး ကြိုဆိုနေချင်ပါသည်။ တကယ်လို့များ မပြောကောင်း မဆိုကောင်း ကလေး တစ်ခုခုဖြစ်သွားလျှင် ဝမ်းအနည်းရဆုံးလူဟာ တာရာပဲ ဖြစ်လိမ့်မည်။

"ဟာ ..."

ခွဲခန်းတံခါးဖွင့်ပြီး ဝတ်စုံအစိမ်းနဲ့ဆရာမတစ်ယောက် ထွက်လာကာ ယုဝတီ အိမ်က ရှိသလားလို့ မေးလိုက်ချိန်မှာ အရင်ဆုံး အနားရောက်သွားမိသူဟာ တာရာပဲ ဖြစ်သည်။

"ရှင်က ယုဝတီနဲ့ ဘာတော်လဲ"

"မတော်ဘူး ... ဟို ... ဟို"

"အန်တီက သူ့အမေပါ"

ယုဝတီရဲ့ အမေကြီးက တာရာ့ကို တွန်းဖယ်လျက် ရှေ့သို့ ရောက်လာသည်။ သူနာပြုဆရာမကလည်း အရေးထဲ ဘာတွေ အူကြောင်ကြောင် လာလုပ်နေတာလဲဆိုသည့် အကြည့်မျိုးနဲ့ မျက်စောင်းထိုးကာ ကြည့်သွားသည်။

"လူနာရဲ့ အခြေအနေက သိပ်မကောင်းဘူး ... သွေးထွက်အရမ်းများပြီး လူနာ သွေးပေါင် တအားကျနေတယ် ... တကယ်လို့ တစ်ခုခုဆိုရင် လူကြီးအသက် ယူမလား ... ကလေးအသက် ယူမလားဆိုတာ လက်မှတ်ထိုးပေးဖို့ပါ"





"အို ... လူကြီးအသက် ယူမယ် ... ကျွန်မ သမီးလေး အသက်ရှင်ဖို့က အရေးကြီးတယ်"

တစ်စုံတစ်ခု ပြောဖို့ ပါးစပ်ဟလိုက်မိသော တာရာက ကိုယ့်ပါးစပ်ကိုယ် ပြန်ပိတ်လိုက်ရသည်။

ဟုတ်ပေသားပဲ။ ကိုယ်က ဒီနေရာမှာ ဘာမှမဆိုင်။ ဘာမှဝင်ပြီး ဆုံးဖြတ်ခွင့်မရှိ။ သူ့အမေကသာ ဆုံးဖြတ်ပိုင်သူပဲ။

သို့သော် တာရာ့ ရင်ထဲ နင့်သွားသည်။ ဒါဟာ ယုဝတီအပေါ် မတရားဘူးဆိုပေမဲ့ အခုမဟုတ်လည်း တစ်ချိန်ကျကင်ဆာရောဂါရဲ့ ဒုက္ခပေးမှုကို ခံရဦးမှာပဲဖြစ်သည့် ယုဝတီထက်စာလျှင် အနာရောဂါကင်းစွာ မွေးဖွားလာမည့် ကလေးငယ်ကလေးက ပိုပြီး တန်ဖိုးရှိသည်ဟု တွေးနေမိသည်။

"အန်တီ ... ယုကတော့ တဖွဖွ မှာသွားပါတယ်၊ သူနဲ့ ကလေးနဲ့ဆိုရင် ကလေးရဲ့ အသက်ကို ယူပါတဲ့"

ယုဝတီရဲ့ စပါယ်ရှယ်နာ့စ် ဆရာမလေးက ဝင်ပြောပေးသည်။ တာရာ့ ရင်ထဲ လှစ်ခနဲ ဝမ်းသာသွားသလို ရှိသော်လည်း ခဏသာ ခံပါသည်။ ယုဝတီရဲ့ အမေကြီးက ခါးခါးသီးသီးပင် ...

"ဟင့်အင်း ... မလိုချင်ဘူး၊ လူကြီးအသက်ပဲ အရေးကြီးတယ်"

ကလေးကို သနားမိပေမဲ့ စောစောလေးကတင် မှရေမရာ ဇဝေဇဝါဖြစ်ခဲ့ရသော ကလေးဟာ တာရာနဲ့ သက်ဆိုင်တယ်ဆိုတဲ့ စကားကြောင့် ယုဝတီအမေကြီးကလည်း ကလေးကို ရမယ်ဆိုရင်တောင် မလိုချင်တော့သလို ဖြစ်နေမိသည်။

"ဟုတ်ကဲ့ ... အဲဒီလိုဆိုရင့်တော့ ဒီမှာ လက်မှတ်ထိုးပါ အန်တီ"

ရွေးချယ်မှုက သေချာစွာ ပြီးဆုံးသွားခဲ့ပြီဆိုလျှင် တာရာက ကုလားထိုင်တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ် ပစ်ကျသွားခဲ့တော့သည်။





"ကိုတာ ယု တာဝန်ကျေပါတယ်နော်"

ဆရာမ ပွေ့ထားသော ကလေးငယ် နီတာရဲလေးကို လှမ်းကြည့်ရင်း ယုဝတီက ကြည်ကြည်နူးနူး ပြုံးကာ မေးလိုက်သည်။

"ကျွန်တော် အရမ်း ကျေးဇူးတင်ပါတယ် ယုရယ် ... ဘယ်လို စကားလုံးနဲ့ ပြောရမှန်း မသိလောက်အောင်ပါပဲ၊ ကျွန်တော့်အတွက် သောတာကို လူ့လောကထဲ ပြန်ခေါ်လာခဲ့ပေးလိုက်သလိုပါပဲ"

ဆရာဝန် ဆရာမတွေ နာရီပေါင်းများစွာ အသက်လု ကြိုးစားလိုက်ရပြီးလျှင် ကံကောင်းထောက်မစွာ ကလေးရော လူကြီးပါ အသက်ရှင်လာခဲ့လေသည်။

ကလေးရဲ့ အခြေအနေကတော့ ဘာမှ စိုးရိမ်စရာ မရှိတော့ပြီ။ ယုဝတီရဲ့ အခြေအနေကတော့ စိတ်မချရသေးချေ။ သွေးထွက်လွန်ထားတာတွေက သွေးပုလင်းတွေ တစ်လုံးပြီး တစ်လုံး ထည့်နေရသည့်တိုင် အားပြည့်မလာ။ သွေးတွေသွင်းလွန်းတာကြောင့် အဆုတ်က ဖောင်းပွလာပြီး သွေးတွေ တပွက်ပွက် ပြန်အန်ထွက်နေသည်။

ထိုအခြေအနေကနေ ပထမဆုံး သတိပြန်လည်လာချိန်မှာ ယုဝတီက တွေ့ချင်သူဟာ တာရာ ဖြစ်နေသောအခါ ယုဝတီရဲ့ မိသားစုတွေက ဘယ်လိုမှ မကျေနပ်နိုင်ကြချေ။ လူနာရဲ့ ဆန္ဒကို ဦးစားပေးလိုက်ရသော်လည်း အသည်းတယားယား ဖြစ်ကျန်ခဲ့ကြပုံပင်။

"သမီးလေးဟာ သောတရဲ့ ကိုယ်ပွားလေး ဖြစ်လာမှာပါ၊ သမီးကို စောင့်ရှောက်ပါနော်"

"သောတရဲ့ ကိုယ်ပွား မဟုတ်ရင်တောင် ကျွန်တော့် မိတ်ဆွေ … ကျွန်တော် လေးစားတဲ့ မိန်းမတစ်ယောက်ရဲ့ ကလေးကို ကျွန်တော် စောင့်ရှောက်မှာပါ … ဒါပေမဲ့ သောတရဲ့ ကိုယ်ပွားဖြစ်တဲ့အတွက် သမီးလေးဟာ ကျွန်တော့်ရဲ့ အသက်သွေးကြောပါ … ကျွန်တော့် အသက်ကို စောင့်ရှောက်တာထက် သမီးလေးကို ပိုပြီးအလေးထား စောင့်ရှောက်မှာပါ"





"ယု ထင်ပါတယ် … ယုတို့ရဲ့ သမီးလေးဟာ ယုတို့ ကြုံခဲ့ရတဲ့ ဒုက္ခတွေ သောကတွေ ကင်းဝေးမှာပါ … ဟုတ်တယ်နော်"

"အင်းပေါ့ … သူ့ကိုလေ ယုနဲ့ သောတရဲ့ စိတ်ဓာတ်ခွန်အားတွေ ရအောင် ကျွန်တော် ကြိုးစားမယ် သိလား … လူ့ဘဝရဲ့ အချိန်တွေကို တန်ဖိုးထားပြီး အကောင်းဆုံး အသုံးချနိုင်တဲ့ ကလေးတစ်ယောက် ဖြစ်လာအောင်ပေါ့"

"တစ်ခု လိုသေးတယ် ကိုတာရဲ့ … ကိုတာရဲ့ မြင့်မြတ်သန့်စင်တဲ့ မေတ္တာတရားမျိုး … ဖြူစင်တဲ့ စေတနာမျိုး ပိုင်ဆိုင်အောင်လည်း ပြုစုပေးဦးလေ"

စကားများများ ပြောလိုက်ရလို့ မောသွားပုံရသည့် ယုဝတီက လက်ကလေး အသာမြှောက်ပေးလိုက်သည်။ တာရာက ယုဝတီရဲ့ လက်ကလေးကို အားပေးသလို အသာအယာ ဆုပ်ကိုင်လိုက်ရင်း ဆရာမရင်ခွင်ထဲက သမီးလေးကို မျက်ရည်အဝေ့သားနဲ့ ငေးကြည့်နေလေသည်။

ဒီစာကို ရေးတဲ့အချိန်မှာ ကျွန်တော်ဟာ အင်မတန်ဝမ်းနည်းကြေကွဲနေရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ရဲ့ အချစ်ဆုံး ချစ်သူဟာ ကျွန်တော့်ကို ခွဲသွားခဲ့ပြီလေ ... ကျွန်တော် လေးစား တန်ဖိုးထားတဲ့ ကျွန်တော့်ကို နားလည်တဲ့ အကောင်းဆုံး မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ ယုဝတီဟာလည်း လူ့လောကထဲက နေ့လား ညလား ... တစ်ချိန်ချိန်မှာ ထွက်သွားတော့မှာမို့ပါ။

အားလုံးထဲမှာ တစ်ခုသော ဖြေသိမ့်စရာကတော့ သမီးလေးပဲပေါ့၊ သမီးလေးဟာ သောတရဲ့ ဝိညာဉ်နဲ့လူ ဖြစ်လာတာလို့ ကျွန်တော်ကတော့ ယုံတယ်။ ဒါကြောင့် သမီးလေးဟာ ကျွန်တော့်အသက် ဖြစ်သွားခဲ့ပြီ မမညို ...။

သမီးရှိတဲ့အတွက် ကျွန်တော့်ရဲ့ မနက်ဖြန်တွေဟာ ပြန်လည်ရှင်သန်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်။





တကယ်တော့ မနက်ဖြန် ဆိုတာလည်း လူတိုင်း ပိုင်ဆိုင်နိုင်ဖို့ မသေချာတဲ့ အရာပါပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် အသက်ရှင်နေသရွေ့တော့ သမီးလေးကို သူ့အမေနဲ့ သောတရဲ့ စိတ်ဓာတ်ခွန်အားတွေနဲ့ ဘဝကို တန်ဖိုးထားတတ်တဲ့ မိန်းကလေး တစ်ယောက်ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမှာပဲ။ ဒါဟာ ကျွန်တော့်ရဲ့ အနာဂတ်မျှော်လင့်ချက်ပေါ့ မမညို။

သောတ နေကောင်းတုန်းက ရေးထားတဲ့ စာတစ်စောင်ကို အိမ်ရှင်းရင်း သွားတွေ့တယ် ... ကျွန်တော်တို့ အဖြစ်အပျက်တွေကို မမညို ဝတ္ထုရေးနိုင်အောင် အကြမ်းရေးပေးထားတာတဲ့လေ ... မမညို ဖတ်နိုင်အောင် ဒီစာနဲ့အတူ ထည့်ပေးလိုက်ပါတယ်၊ ဖြစ်နိုင်ရင် သောတရဲ့ ဆန္ဒကို ဖြည့်ပေးပါလား မမညို။ ကျွန်တော် ကြိုပြီး ကျေးဇူးတင်ထားလိုက်မယ်နော်။

စာက ဆုံးသွားပြီ။ ညိုကတော့ စာရွက်ကလေးကို ကိုင်ကာ ငိုင်ငေးတွေးတောနေမိဆဲ။

ညို့ ညီမအရင်းလေးတွေလို သံယောဇဉ် တွယ်ခဲ့ရသော မိန်းကလေးတစ်ယောက်က ဆုံးသွားခဲ့ပြီ။ တစ်ယောက်ကတော့ ပြင်းထန်သော ဝေဒနာကို ရင်ဆိုင်တိုက်ခိုက်ရင်း မနက်ဖြန်ကို မရေရာစွာ မျှော်လင့်နေရပြီ။

တာရာကတော့ ကလေးငယ်လေး တစ်ယောက်ကို ချစ်သူဝိညာဉ်အဖြစ် အစားထိုးဖြေသိမ့်ကာ သူ့ရဲ့ မနက်ဖြန်များကို အလှအပဆုံး ပန်းချီကားတစ်ချပ်အဖြစ် စိတ်ကူးရေးခြယ်နေလိမ့်မည်။

ညိုကရော ... ကိုယ်ရဲ့ နောက်ဆုံးနေ့ကို ကြိုတင်သိမြင်ခွင့် မရှိသေးသည့် ... ညို မပိုင်ဆိုင်ရသေးသည့် မနက်ဖြန်တွေကို ဘယ်လို ကြိုဆိုဖြတ်သန်းရပါမလဲ။





တကယ်တော့ မနက်ဖြန်ဆိုတာ လူတိုင်း ပိုင်ဆိုင်ခွင့် ရချင်မှ ရနိုင်မည့် အရာမျိုးပဲ။

လူအတော်များများဟာ ကိုယ့်ကိုယ့်ကိုယ် မနက်ဖြန်ပေါင်းများစွာကို ပိုင်ဆိုင်နေလိမ့်မည် ဆိုသည့် ယုံကြည်ချက်နဲ့ အမှုမဲ့ အမှတ်မဲ့ နေလာခဲ့ကြသည်။ အဲဒါကြောင့်ပဲ အများစုဟာ မလုပ်သင့်တာကို လုပ်ခဲ့မိသည့် အမှားအယွင်းတွေ၊ လုပ်သင့်တာကို မလုပ်ဖြစ်လိုက်သည့် နောင်တတွေကို သေသည့်အထိ ပွေ့ပိုက်သွားကြရတာ။

ဘာပဲဖြစ်ဖြစ် အရေးအကြီးဆုံးကတော့ မသေချာမရေရာသေးသည့် မနက်ဖြန်အတွက် ကြိုတင်မျှော်လင့်ပြင်ဆင်နေချိန်မှာ အသေချာ ပိုင်နိုင်စွာ ဆုပ်ကိုင်ထားမိသည့် ဒီနေ့ကို အကောင်းဆုံး တန်ဖိုးအရှိဆုံး အသုံးချနိုင်ဖို့ပဲ ဖြစ်သည်။

အဲဒီလိုသာ အသုံးချနိုင်ခဲ့လျှင် မည်သူတစ်ဦး တစ်ယောက်ရဲ့ မနက်ဖြန်တိုင်းမဆို လှပနေလိမ့်မှာ သေချာလေသည်။


စေတနာစာပေ

ဤစာတ်လမ်း၏ အပြင်ဘက်တွင် တကယ်ရှိခဲ့ကြသော

မောင်လေး မောင်အောင်သူ၊

ညီမလေး ချိုညက်မြူ၊ မကေသီတို့အား

အမှတ်ရလျက် ...။

**ခင်ဦးခင်ခင်**

**(ဆေးတက္ကသိုလ်)**

4:00 PM (19.9.2002)

Thursday.

ရာပြည့်အထိမ်းအမှတ်

ဝဝတာနာတာဝပ

"ကိုတာရာ ... ရှင် ဘယ်တွေ လျှောက်သွားနေတာလဲ ဟင် ... အလုပ်ကလည်း ခွင့်ယူထားတယ်ဆို၊ အဲဒါများ သောတအနားမှာ မနေသေးဘူး"

ဆေးရုံဝင်ပေါက်ရှေ့မှာ လူချင်းဆုံမိလျှင် ယုဝတီက ဆီးပြီး အပြစ်တင်လိုက်ပါသည်။

အမှန်ကတော့ တာရာ့ကို အပြစ်တင်ချင်တာ မဟုတ်။ အိမ်မှာကတည်းက ပေါက်ကွဲခွင့် မရခဲ့သည့် ဒေါသတွေကို ဒီမှာ လာပြီး ဖောက်ခွဲပစ်တာ။

တစ်နေ့တခြား ပိုပိုမုန်းလာသော ယုရဲ့ယောကျ်ား ကြီးကို ဒီနေ့မှာတော့ အခါးသီးဆုံး အမုန်းဆုံးပင်။

ဦးရန်ပြေ့ မျက်နှာကို မကြည့်ချင်တော့လို့ ဆေးရုံကို ရောက်လာရတာဖြစ်သော ယုဝတီက တာရာ့ကို တွေ့တာနဲ့





သူလည်း ယောကျ်ားမျိုးနွယ်ဝင်ပဲ ဆိုသည့် အတွေးနဲ့ ဒေါသ ထွက်လာတာ။

တာရာကလည်း သောတ နားမှာ မနေလေသော အခါ ကိုယ်တိုင်ပဲ ပစ်ထားခံလိုက်ရသူလိုမျိုး ခါးခါးသီးသီး ခံစားမိတော့တာ။

"ယုဝတီရယ် ... ဒီအချိန်ကြီး သူ့ကို ထားခဲ့ချင်ပါ့မလား ဗျာ ... ခင်ဗျား သူငယ်ချင်းက ကျွန်တော့်ကို အတင်းခိုင်း နေတာ"

"ဘာခိုင်းတာလဲ"

"ဟုတ်တယ် ... သူ လုပ်နေတာတွေက ကျွန်တော့်အတွက် တော့ အဓိပ္ပာယ်မရှိဘူး၊ ဒါပေမဲ့ သူကျတော့လည်း သူ့ အဓိပ္ပာယ်နဲ့သူဗျ၊ ဘဝတူအချင်းချင်း စကားပြောနေရတာ ရိုင်းပင်းကူညီနေရတာကိုပဲ ကျေနပ်နေရှာတယ်လေ၊ အခု ဆိုရင် သူက ကျွန်တော်နဲ့တောင် သိပ်စကားမပြောချင် တော့ဘူး၊ ကျွန်တော်က လူကောင်း၊ သူက ရောဂါသည် ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ခံစားချက်ချင်း အမြင် ချင်း မတူဘူးလို့ ထင်နေပုံပဲ၊ သူ့ခုတင်နီးနားက ဘဝတူ ရောဂါသည်တွေနဲ့ စကားပြောနေရတာကိုပဲ ပိုကျေနပ် နေတဲ့ ပုံ ..."